www.burmeseclassic.com

# တကယ့်ဖြစ်ရပ် ရှုမဝ မဂ္ဂဇင်း

2014 MARCH





ကျောင်းဆိုနေလို့
ကျောင်းဆိုကျောက်ဆေးကောင်းကောင်း
သောက်ချင်ရင် .....

ရွှေမြန်မာ®
အမှတ်တံဆိပ်
SHWE MYANMAR

ကျောင်းဆိုးပျောက်ဆေးရည်ကိုသောက်ပါ။

-အမှတ်(၁၀၉)၊ ဗညားဒလလမ်း၊ (၁၂၄) လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09501007 4, 0973082461 , 09730824


www.burmeseclassic.com

www.burmeseclassic.com

# အယ်ဒီတာချုပ်၏ အမှာစကား

တကယ့်ဖြစ်ရပ်မှုခင်းဂျာနယ်သည် ပြည်သူလူထုအား မှုခင်းအသိပညာပေးမှုကို အထူးပြုရည်ရွယ်ခဲ့သည့်အပြင် မှုခင်းဖော်ထုတ်နေသော အမှုစစ်ရဲအရာရှိများအနေဖြင့် မှုခင်းဖော်ထုတ်ရာတွင် အတွေးအခေါ်နှင့် ဆက်စပ်၍ လက်တွေ့နယ်ပယ်၌ အသုံးချနိုင်စေရန် ရည်ရွယ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်း၏ အယ်ဒီတာအဖွဲ့တွင် ဘ၀ အတွေ့အကြုံများပြားသော နိုင်ငံ၀န်ထမ်းဟောင်း အငြိမ်းစားများ ပါဝင်သလို ပညာရေးနယ်ပယ်တွင် ကျောင်းသူ၊ ကျောင်းသားများနှင့် အမြဲထိတွေ့နေသည့် နာမည်ကြီးကျူရှင်ဆရာ၊ ပညာရှင်များလည်းပါဝင်ပါသည်။

နယ်ပယ်စုံမှ ပညာရှင်များ၏ စုပေါင်းအားထုတ်မှုဖြင့် ထုတ်ဝေသော တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် လူတိုင်း မှုခင်းအသိပညာတိုးပွားစေရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းတွင် ပူးပေါင်းပါဝင်စေရေး၊ အိမ်နီးချင်း စောင့်ရှောက်မှုစနစ်ဖြင့် မှုခင်းကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေး ဖော်ထုတ်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုဘက်မှ ပါဝင်တာဝန်ယူနိုင်ခွင့်ရှိသည်များကို သိရှိစေရန် ပညာပေးအစီအစဉ်ဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။

တကယ့်ဖြစ်ရပ်မှုခင်းမဂ္ဂဇင်းသည် ပြည်သူ့မေတ္တာကို ခံယူ၍ ပြည်သူ့လူထု၏လက်ခံအားပေးမှုဖြင့် ရှေ့ခရီးကို လျှောက်လှမ်းရန် ကြိုးပမ်းအား ထုတ်နေသည်ဖြစ်၍ မည်သူမဆိုလိုအပ်ချက်များကို အကြံပြုနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အယ်ဒီတာချုပ်

www.burmeseclassic.com

www.burmeseclassic.com
စာရေးဆရာ အောင်ကျော်ဇော စီစဉ်ထုတ်ဝေသည်။

တကယ့်ဖြစ်ရပ် ရှာဖွေ မဂ္ဂဇင်း

4 - MAR 2014

# 2014 MARCH

အတွဲ(၁)၊ အမှတ်(၆)

နာယက - လင်းထက်ကျော်
ညိုမင်းလှိုင်
အယ်ဒီတာချုပ် - အောင်ကျော်ဇော
ရဲအုပ်အောင်လွင်(ငြိမ်း)
ဒုအရာခံဗိုလ်(ငြိမ်း) တပ်မတော်(ကြည်း)
တာဝန်ခံအယ်ဒီတာ - ထက်ထက်ဦးဝေ
အယ်ဒီတာအဖွဲ့ - အေးအေးခိုင်၊ ဦးရဲလွင်(ရဲဘိုင်အို)
လက်ထောက်အယ်ဒီတာ - နေမျိုးအောင်

ထုတ်ဝေသူ
ဦးအောင်လွင်(ယာယီ/၂၀၈၃)
ပုံနှိပ်သူ
သိန်းသန်းဦးပုံနှိပ်တိုက်
ဒီဇိုင်းအပြင်အဆင်
Min Group
ကွန်ပျူတာစာစီ
နေမျိုးအောင်
ပန်းချီသရုပ်ဖော်
ပန်းချီမင်းထက်နိုင်၊ ရဲသူ(ရန်ကုန်တက္ကသိုလ်)



မျက်နှာဖုံးရှင် -သက်ဆုနဒီ
ဓာတ်ပုံ- မြည့်ချမ်း(PCP)

ဖြန့်ချိရေး - အမှတ်(၉၇)၊ မြေညီထပ်(ဝဲ)၃၉ လမ်း ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁ ၃၈၅၃၆၉၊ ၀၉ ၄၉၂၉၄၂၁၈

တန်ဖိုး - ၁၀၀၀၊ အုပ်ရေ - ၁၀၀၀

www.burmeseclassic.com

# CONTENTS

## MARCH 2013


**ကဗျာ**


စိုးကိုကို(လေးမျက်နှာ)၊ မြတ်နိုးဆု(တမာမြေ)၊
မိုးသောက်ကြယ်(မြို့သစ်)၊
ရဲဝဏ္ဏ(Sky Net)၊ ထက်ထက်၊
စောထွေးမြင့်(မော်လူး) ရွှေစောသက်(ရွှေဘို)၊
သိန်းနိုင်ဦး(ပဲခူး)

**ကာတွန်း**

သူရိန်၊ မောင်တင်ယု၊ ခွဲနေ၊ မုဒုံအိန်ဂျယ်၊
စိုးရဲထိုက်(ရွှေပြည်သာ)၊
ဟန်၊ ပေါက်ကျိုင်း၊ ရာဇာသာစည်

**ဘာသာပြန်**

လှမိုး(ပညာရေး)
တရားခွင်ရောက် ၇၂
ဖူကားသစ်ကုမ္ပဏီနှင့်
မက္ကရိကာသစ်ကုမ္ပဏီ
လှမ်းထက်
အခန်းအမှတ် ၄၀ ၁၃၆



www.burmeseclassic.com

www.burmeseclassic.com

## ဆောင်းပါး

ကြည်အိန္ဒိုဦး
နည်းလမ်းမမှန်သော ဦးစားပေးရယူသူများ ၂၉
ညွှန့်ဆင့်(ကြူးသော)
ရွှေပေဟာင်းယဉ်ကျေးမှုအမွေအနှစ်ရိုးတုတ်မှု ၂၇
မောင်ခင်ထွေး(ညောင်လေးပင်)
ဂန္ဓီရုပ်ပိတုန်း ၄၅

## တစ်မျက်နှာဝတ္ထု

အိမ့်(ရွှေစေး)
အားမရည်ချောက်ကိုရှင်း၍ ၃၁



## ရုပ်ရှင်မိတ်ဆက်

ဦးဝင်းမြိုင်(သရုပ်ဆောင်)
မေ့မရနိုင်အောင်မုန်း၍ ၁၁၅
မုန်းမရနိုင်အောင်ချစ်သည်

## တစ်ခန်းရပ်ဟာသ

ထက်ထက်(ဟာသ) ၁၂၂

## ပေဒင်

ဗေဒသုတေသီတစ်ဦး

## သတင်း

နိုင်ငံခြားသတင်း/ပြည်တွင်းသတင်း



www.burmeseclassic.com

www.burmeseclassic.com











## မှခင်းဝတ္ထုတို



| | | |
|---|---|---|
| ထက်ထက်ဦးဝေ | အချစ်၏စေရာ | ၃၂ |
| နွေအလွန် | သောကခြေရာ | ၅၀ |
| ရွှေဂိုတာမထီခင်အောင် | မူးယစ်ဆေးဝါးကိုကျော်နိုင်း၍ | ၆၇ |
| ခင်လုံမလေး(ဓာတု) | အတွဲ့အလှည့် | ၇၉ |
| မောင်သာမန်(ဇီကုန်း) | ကြမ္မာ၏သားကောင်များ | ၈၆ |
| သန့်မြင့်ဦး | အသစ်ဘယ်လောက်ကောင်းကောင်း | ၉၅ |
| ရဲလေး(ဝါးခယ်မ) | သဘာဝလွန် လျှို့ဝှက်ဆန်းကြယ်မှုခင်းဖြစ်ရပ် | ၁၀၀ |
| မျိုးမြင့်ကြိုင်(သင်) | နယ်ထိန်းကြီး | ၁၂၆ |
| နော်မွှေး | ရည်ရွယ်တာကဘုံနန်း ရောက်သွားတာက ငရဲခန်း | ၁၄၂ |
| ရှင်လွန်းမယ် | ရာဇဝင်တွင်တဲ့ သူကောင်းမျိုး | ၁၅၂ |
| အောင်ကျော်မြူး | မပြောချင်လို့ကြည့်နေတာ | ၁၆၁ |


www.burmeseclassic.com

www.burmeseclassic.com



# လက်တွဲဖော်



✦ အမှောင်ည
လမဖြာ ကြယ်မလက်တယ်
ကုန်းအတက်မှာမို့
သွားဖို့ရာ ခက်လှပေ။
✦ သို့လည်းလေ
အားတွေ လျှော့ပါဘူး
ခြောင့်ဆူးရယ် ဘယ်မထိ
ပိုးမွှားအန္တရာယ် ကြည့်စေဖို့
ဌာနေစခန်းကိုပဲ့
လမ်းပြကာ ကူညီပေးတဲ့
မီးအိမ်လေး ရှိနေ။
✦ ခရီးရှည် စမ်းတဝါးမှာ
အလင်းအားနဲ့ ကူညီရှာ
မညည်းညူပါ စဉ်လက်တွဲ။
✦ အမှောင်ထဲမှာ
သူသာ မရှိလျှင်ဖြင့်
လမ်းမမြင် ချောက်တွင်းကျနိုင်ရဲ့
ဒုက္ခပင်လယ် မဝေစေဖို့
ဖေးကူနေ သူ့ကျေးဇူးကို
အထူးတင်မြဲ။ ။

စိုးကိုကို (လေးမျက်နှာ)


www.burmeseclassic.com

www.burmeseclassic.com



# မခွဲအတူ

မျှော်လင့်တုန်းက အတူပဲလေ
နေပူမိုးရွာ မုန်တိုင်းလာလည်း
မခွဲမခွာ ရင်ဆိုင်ကာ
အကြင်နာနှလုံးသားနဲ့
အားပေးခဲ့ကြတယ်လေ။
ပျော်စဉ်ကလည်း တူအမြဲသာ
ရယ်ကာမောကာ ကျီစယ်ကာ
စကာ နောက်ကာ စိတ်ကောက်ကာနဲ့
မမေ့စရာ သည်ခရီး
ပြန်ပြီးတွေးကြည့်စမ်းပါလေ။
ကြေကွဲတော့မှ တစ်ယောက်တည်းလား
တွဲထားလက်များ အားနာဦးကွယ်
တို့နှလုံးသားတွေ အားငယ်လိမ့်မယ်
ချန်ထားလေနဲ့ ချစ်သူရယ်
နေရောင်ကွယ်ရင် လရောင်ရှိမယ်
လမှောင်သွားရင် ကြယ်များလင်းမယ်
ကြယ်တွေပျောက်ရင် ရောင်နီရောက်မယ်
ရဲရဲသာလျှောက် မောင့်ရဲ့နောက်မှာ
မခွဲမခွာ အမြဲသာ။ ။




မြတ်နိုးဆု (တမာမြေ)

www.burmeseclassic.com

www.burmeseclassic.com



## လင်းလက်ဆဲ ဖယောင်းတိုင်ရဲ့
## ဒိုင်ယာရီ



၍ လမိုက်တဲ့ည၊ တာဒင်္ဂမို့
ငါ့အလင်းတွေ၊ ဝင်းပစေလေ
တောင်းဆုချွေ။
၍ အကျည်းတန်ည၊ မလှပမှု
ငါ့အဆင်းကြောင့်၊ ညှို့ယူဖြောင့်စေ
ဆန္ဒတွေ။
၍ အသက်မဲ့ည၊ စိတ္တဇမှု
သောကထု၊ ချုပ်ပျောက်ပါစေ
မေတ္တာဝေ။
၍ ငါ့အလင်း၊ ငါ့အဆင်း၊ ငါ့အချင်းတွေကြောင့်
လောကမိုက်မှောင်၊ ဖြိုခွင်းနိုင်စေ
လင်းနိုင်စေ။
၍ သြော်.....
ကိုယ်တိုင်ကမှန်၊ လောင်ကျွမ်းခံ
မကျန်သူ့သွေး၊ စတေးခဲ့လေ
သူ့သက်သေ၊ ထာဝရပြဆိုနေ။ ။

မိုးသောက်ကြယ် (မြို့သစ်)

www.burmeseclassic.com

www.burmeseclassic.com



## သံဝေဂ



ချစ်ရင် ချစ်တယ်မှတ်
သွားရင် သွားတယ်မှတ်
အထပ်ထပ်စဉ်းစား
မရပ်မနားကိုယ်သွား
တရားမရခဲ့ပါ။

လွမ်းရင် လွမ်းတယ်မှတ်
နမ်းရင် နမ်းတယ်မှတ်
အထပ်ထပ်စဉ်းစား
မရပ်မနား ကိုယ့်နှလုံးသား
အနမ်းကိုလည်း မရ
ပန်းကိုလည်း မရ
အလွမ်းတွေသာရခဲ့။

အပြုံးတွေနဲ့ကြည့်
နှလုံးရေစက်မရှိ
မချိဝေဒနာ တစ်ပုံတစ်ပင်
အစုံအလင် မသိကြသော်လည်း
သံယောဇဉ်လက်ကျန်နည်းနည်းကို
နှလုံးသားနဲ့ ပတ်ကာထုပ်
အပူရုပ်နဲ့ ဟန်လုပ်ခဲ့ရပြီး
ရောင်းတာလည်းမဟုတ်
ပေါင်တာလည်းမဟုတ်ပါဘဲ
နှစ်နှစ်ကာကာ ပေးခဲ့မိတာတောင်
အတိုးတွေ ဆပ်နေရချိန်မှာ
အချိန်အခါကို တိမ်လွှာနဲ့ဖုံး
အပြုံးမရှိ အမုန်းမရှိ
တုံးတိတိ နှလုံးသားမှာ
ဆန်းပြားစွာ အတက်ပေါက်
မိန်းမတစ်ယောက် ရသွားသတဲ့။

အခုတော့.....
ရေကြည်ရာ မြက်နုရာရှာရင်း
သွေ့ဖည်ကာ သစ္စာတရားကို
မှားမှန်းသိရတဲ့အချိန်
အသွားတစ်လမ်း အပြန်တစ်လမ်း
စမ်းတဝါးဝါးနဲ့
ကြယ်တွေအစုစုကို မျက်နှာမူ
ရူဝံကြယ် ဘယ်နားရောက်
ခရီးတစ်ထောက်နားချိန်မှာ
မသောက်ခဲ့ရတဲ့ ရေကြည်တစ်ပေါက်
ကိုယ်တစ်ယောက်တည်း တမ်းတချိန်မှာ
နှလုံးသားနဲ့ သောက်ခဲ့ရပါပြီ။

အမှားနဲ့အမှန်ခွဲ
အသွားနဲ့အပြန်လွဲပေမယ့်
သဲထဲကို ရေကြည်တွေ မသွန်ပါရစေနဲ့
လွန်သမျှ အမိုက်အမဲဖြစ်သော်လည်း
ကွန်ချပိုက်ဆွဲသလို မဟုတ်ရပါဘဲ
ငါ သံဝေဂတွေသာ ရခဲ့တယ်။ ။

ရဲဝဏ္ဏ(Sky Net)

www.burmeseclassic.com


www.burmeseclassic.com



# ပိတောက်ဝံပုလွေ

■ ပင်မြင့်မှာပွင့်တဲ့ ပိတောက်.....
မျက်နှာများမယ်တဲ့
မြေနိမ့်ကြွေ ပန်းလေးမို့
မတရားပြောတယ်ထင်
ဘဝင်မကျတဲ့စိတ်က
အပြစ်ရယ် ဘယ်မမြင်။

■ ပိတောက်ဆိုတာ.....
သဇင်လို နန်းမဆန်
နှင်းဆီလို တစ်ပွင့်တည်းမပွင့်
စံပယ်လို မဖြူစင်
သနပ်ခါးပန်းလို လူတိုင်းမကြိုက်
ခရေလို သီကုံးလည်း မလှ။



■ သို့ပေမယ့်.....
ပန်းတကာကို မနာလို
အပြစ်ပြောတဲ့ သူ့လုပ်ရပ်
သူသာလျှင် အရေးပါဆုံး
ဘယ်ပန်းမျှ သူ့လောက် အရည်အချင်းမရှိတဲ့။


■ သူ့စိတ်ဓာတ်.....
သိလာတဲ့တစ်နေ့
လူတကာကို မြှူ
ချူချင်တဲ့ သူ့လုပ်ရပ်
သိုးယောင်ဆောင်တဲ့ ဝံပုလွေလို
သားကောင်ကို အလစ်ချောင်း
တပ်မက်သူကို အန္တရာယ်ပေး
စရိုက်ရယ် မူမမှန်
ခံရဖန်များတော့
သနားစရာ ဘယ်မမြင်
သွားပေရော့ လွင့်ရာဆီ။ ။

ထက်ထက်

www.burmeseclassic.com

www.burmeseclassic.com





စောထွေးမြင့် (မော်လူး)

✦ တစ်ခါက
အချစ်တွေဟာ
တိမ်လွှာများပမာ
လေထဲလွင့်ပါး
မသွားခဲ့။
✦ တစ်ခါက
အသင်္ချေမေတ္တာဟာ
မိုးရေစက်ပမာ
မြေလွှာများထဲ
စိမ့်ဝင်စီးဆင်းမသွားခဲ့။
✦ တစ်ခါက
ကြင်နာမြတ်နိုးခြင်းအသိနဲ့
တွယ်တာမိ သံယောဇဉ်ဆိုထား
အသွားလည်းရှိ
အပြန်လည်းရှိနဲ့
အိပ်မက်ပမာ
တိတ်တခိုးပျက်ပြယ်
မပျောက်သွားခဲ့။
✦ အချစ်ဟာ
တွယ်တာကြင်နာ
မေတ္တာများနဲ့ပေါင်းစပ်
ထပ်လောင်း၍
သောင်း၊ သိန်း၊ ကုဋေကုဋာ။
✦ အချစ်
မယိုင်မလဲ
ခိုင်မြဲတဲ့ တောင်ကြီးပမာ
ယခုဘဝ
နောင်းဘဝ ဆက်ဆက်တိုင်
ထာဝရမခွဲ
ယှဉ်ရာတွဲပြီး
ခိုင်မြဲလျက်ပါ
ချစ်သူရာ။ ။



www.burmeseclassic.com

www.burmeseclassic.com



# လူချမ်းသာ၊ စိတ်ဓာတ်သူဌေး

၌ ဆင်းရဲခြင်းမှ လွတ်ကင်းရအောင်
လုံ့လဆောင်နှင်း ကြိုးစားခြင်း
ချမ်းသာဖို့ဆို ပညာလို၏
ရသည့်အတတ် ရှာဖွေတတ်လျှင်
ဝင်ငွေရှင်၏။

၌ ဉာဏ်ကိုကွန့်မြူး အလုပ်ဦးသူ
မညည်းညူဘဲ ဖွဲနပဲနှင့်
အားဝင့်ရှာဖွေ လုပ်ကိုင်လေက
ဘဝလှ၏။

၌ မွဲတေခြင်းကြောင့် ကံမကောင်းခြင်း
ပျင်းရိခြင်းနှင့် သွေကွင်းဝီရိယ
လုံ့လမရှိ မိုက်မဲဘိ၏
အသိညှိုးနွမ်း လူ့ပေါက်ပန်းဖြစ်
မူးယစ်သောက်စား လောင်းကစားပျော်
မွဲဆေးဖော်သူ သင်လိုလူစား
ဘုရားမကယ် နတ်တို့ဖယ်၏
မရှိဆင်းရဲ လူငမွဲဖြစ်
လူညစ်လူရောင် လျှော်မပြောင်ချေ
တရားသံဝေ ရပါလေတော့
ပြောင်းပေါ့ချိန်မီ ပြည်သည်တည်။ ။



ရွှေစောသက် (ရွှေဘို)

www.burmeseclassic.com

www.burmeseclassic.com



# ရိုးသားမှုဂုဏ်




၄ လူ့ဓါတ်ဘဝ.....နှစ်သာရသည်
မနည်းစွာ.....မဟုတ်ပါတည့်။
၄ လူ့ဓါတ်ဘဝ.....နှစ်သာရသည်
လှပကျော့ရှင်း.....ရုပ်ဆင်းအင်္ဂါ
မဟုတ်ပါတည့်။
၄ လူ့ဓါတ်ဘဝ.....နှစ်သာရသည်
ပြည့်ဝပညာ.....မဟုတ်ပါတည့်။
၄ လူရယ်လို့ဖြစ်.....အနှစ်သာရ
ဘဝတန်ဖိုး.....အဖိုးနှင့်
ပြည့်ဝစေချင်.....နတ်လူခင်၏
ဖြူစင်စိတ်ဓာတ်.....မြင့်မြတ်နှလုံးသား
ရင်မှာထား.....
ကြိုးစားပြု ပုံပေါ်အောင်နေ။
ရိုးသားမှုဂုဏ် ဖော်ဆောင်စေ။ ။

သိန်းနိုင်ဦး (ပဲခူး)

(မြေးငယ် အားမာန်ဂုဏ်သို့...)

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon



www.burmeseclassic.com

www.burmeseclassic.com




# Cartoon




www.burmeseclassic.com

www.burmeseclassic.com

နည်းလမ်းမမှန်သော
ဦးစားပေးရယူလိုသူများကြောင့်
ယာဉ်လမ်းကြောင်းပိတ်ဆို့ခြင်းများ
အဓိက ဖြစ်ပွားရပါသည်။
ယာဉ်လမ်းကြောမှန်တွင်
အများနည်းတူဝင်ရောက်ပြီး
အစီအစဉ်တကျ
လမ်းကြောမှန်အတိုင်း
စည်းကမ်းရှိရှိ
မောင်းနှင်သွားကြရမည်သာ
ဖြစ်ပါသည် . . .

# ကြည်သိန်းဦး

## နည်းလမ်းမမှန်သော ဦးစားပေးရယူသူများ

မြန်မာနိုင်ငံတစ်ဝန်းတွင် ၂၀၁၃ ခုနှစ်တစ်နှစ်အတွင်း ယာဉ်တိုက်မှု ၁၁၃၃၈မှု ဖြစ်ပွားကာ လူ ၂၉၄၃ ဦး သေဆုံးခဲ့ကြောင်း၊ အဆိုပါယာဉ်တိုက်မှုအနက် ဆိုင်ကယ် မတော်တဆမှု ၂၉၀၀ ကျော် ဖြစ်ပွားခဲ့ပြီး လူ ၁၃၀၀ ကျော် သေဆုံးခဲ့ကြောင်း လေ့လာသိရှိရသည်။

အဆိုပါ ကိန်းဂဏန်းအရ ယာဉ်တိုက်မှုအမျိုးမျိုး၏ အမှု ၁၀ မှုတွင် လူ ၂ ဦးကျော် သေဆုံးခဲ့ကြောင်း၊ မော်တော်ယာဉ်မတော်တဆမှုသက်သက် ၁၀ မှုတွင် လူ ၂ ဦးခန့် သေဆုံးခဲ့ကြောင်း၊ ဆိုင်ကယ်မတော်တဆ ၁၀ မှုတွင် လူ ၄ ဦးကျော် သေဆုံးခဲ့ကြောင်း တွေ့ရှိရသည်။ ဆိုင်ကယ်မတော်တဆမှုကြောင့် သေဆုံးရခြင်းသည် မော်တော်ယာဉ် မတော်တဆမှုကြောင့် သေဆုံးရခြင်းထက် နှစ်ဆမြင့်မားပါသည်။ မော်တော်ဆိုင်ကယ် မတော်တဆမှုများမှာ ဆိုင်ကယ်အသုံးပြုမှုများသော နယ်များတွင်သာမက ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်ပြင်ပမြို့နယ်များတွင်လည်း ဖြစ်ပွားကြောင်း သိရှိရသည်။

ယာဉ်တိုက်မှု ဖြစ်ပွားရသည့် အဓိကအချက်များမှာ ယာဉ်ကိုကျွမ်းကျင်စွာ မောင်းနှင်နိုင်မှုမရှိဘဲ၊ သို့မဟုတ် ယာဉ်မောင်းနှင်ခွင့်လိုင်စင်မရှိဘဲ မောင်းနှင်ခြင်း၊ ယာဉ်

www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိဘဲ မဆင်မခြင် မောင်းနှင်ခြင်း၊ ယာဉ်၏စက်ပိုင်းဆိုင်ရာချွတ်ယွင်းမှုကို စစ်ဆေးရန်အားနည်းခြင်းနှင့် ပြင်ဆင်ရန် ပျက်ကွက်ခြင်း၊ ယာဉ်မောင်းနှင်သူများ အရက်အပါအဝင် မူးယစ်ဆေးဝါး သောက်စားမောင်းနှင်ခြင်းနှင့် ယာဉ်မောင်းနှင်သူ ယာဉ်မောင်းစဉ် အိပ်ငိုက်ခြင်းတို့ဖြစ်ပါသည်။

ယာဉ်ကို ကျွမ်းကျင်စွာ မောင်းနှင်နိုင်မှုမရှိဘဲ၊သို့မဟုတ် ယာဉ်မောင်းနှင်ခွင့်လိုင်စင်မရှိဘဲ မောင်းနှင်ခြင်းဆိုရာတွင် အသက် ၁၈ နှစ် မပြည့်သေးသူများက မောင်းနှင်ခြင်းအပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်နိုင်ကြောင်း အထောက်အထားဖြစ်သည့် ယာဉ်မောင်းနှင်ခွင့်လိုင်စင်မရှိဘဲ မောင်းနှင်ခြင်းတို့ဖြစ်ပါသည်။ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်ကို ဘီးလိမ့်သွားအောင် မောင်းနိုင်ရုံမျှဖြင့် ယာဉ်မောင်းတတ်ပြီဟု ယူဆကာ မောင်းနှင်ခြင်းသည် မိမိအသက်အန္တရာယ်ကိုဖိတ်ခေါ်နေခြင်းပင်ဖြစ်သည်။ ယာဉ်မောင်းလိုင်စင် ရရှိသည်ဆိုရာတွင်လည်း မော်တော်ဆိုင်ကယ်၊ ကိုယ်ပိုင်ယာဉ်၊ အခြားစက်တပ်ယာဉ်၊ အငှားကုန်တင်ယာဉ်၊ အငှားဘတ်စ်ကားယာဉ် စသည်ဖြင့် လိုင်စင်အမျိုးအစား ခွဲခြားထားပါသည်။ ရရှိထားသည့် ယာဉ်မောင်းနှင်ခွင့်လိုင်စင်နှင့်အညီ မောင်းနှင်ရန်လည်း လိုအပ်ပါသည်။

ယာဉ်မောင်းလိုင်စင် ရရှိထားပြီးသူသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အပြည့်အဝ သိရှိနားလည်ပြီဟု သတ်မှတ်ထားပြီးဖြစ်ပါသည်။ မိမိယာဉ်ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ရန် အသိနှင့်သတိ ရှိရပါမည်။ အခြားယာဉ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်နေမှုကို အလေးထား ဦးစားပေးကာ မောင်းနှင်ရပါမည်။ ဦးစားပေးရမည့်လမ်း၊ ဦးစားပေးရမည့် ယာဉ်ကြော စသည်တို့ကို သိရှိလိုက်နာ မောင်းနှင်ရပါမည်။ ယာဉ်မောင်းလိုင်စင် ရရှိပြီးဖြစ်သော်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိဘဲ မဆင်မခြင်မောင်းနှင်ခြင်းကြောင့် ဖြစ်ပွားရသည့် ယာဉ်တိုက်မှုများကို နေ့စဉ်တွေ့မြင်ကြားသိနေရပါသည်။

ယာဉ်၏စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကို စစ်ဆေးရန်အားနည်းခြင်းနှင့် ပြင်ဆင်ရန် ပျက်ကွက်ခြင်းဟုဆိုရာတွင် မိမိသုံးစွဲမည့်အချိန်၊ ခရီးအကွာအဝေးအပေါ်မူတည်ပြီး ယာဉ်ကြံ့ခိုင်မှု ရှိ၊ မရှိ စက်ပိုင်းဆိုင်ရာကို အလေးထား စစ်ဆေးရပါမည်။ စစ်ဆေးတွေ့ရှိသည့် ချွတ်ယွင်းချက်များကို ပြင်ဆင်ပြီးမှသာလျှင် မောင်းနှင်သင့်ပါသည်။ ထိုသို့ စစ်ဆေးပြင်ဆင်ခြင်း မရှိသည့်အတွက် ဘရိတ်ပေါက်ခြင်း၊ ကားတာယာပွင့်ထွက်ခြင်း စသည့် မတော်တဆမှုများကြောင့် အသက်ဆုံးရှုံးရသည့် သာဓကများစွာရှိပါသည်။ ယာဉ်မောင်းသူ မည်မျှပင် ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်နိုင်သည်ဆိုစေကာမူ ယာဉ်၏စက်အစိတ်အပိုင်းတစ်ခုခု ချွတ်ယွင်းသွားပါက ယာဉ်ကို မည်သို့မျှ ထိန်းသိမ်းမောင်းနှင်နိုင်စွမ်း ရှိတော့မည်မဟုတ်တော့ပေ။

ယာဉ်မောင်းနှင်သူသည် ယာဉ်မောင်းချိန်တွင် အိပ်ရေးမဝဘဲ အိပ်ငိုက်နေခြင်း၊ အရက်သေစာအပါအဝင် မူးယစ်ဆေးဝါး သောက်စားထားခြင်းများကြောင့် ယာဉ်ကိုထိန်းသိမ်းမောင်းနှင်နိုင်စွမ်း မရှိတော့ဘဲ ယာဉ်မတော်တဆမှုများ ဖြစ်ပွားရပါသည်။

အရှိန်ဖြင့် မောင်းနှင်ချိန်တွင် ကားတာယာပွင့်ထွက်ခြင်း၊ ဘရိတ်ပေါက်ခြင်း၊ ယာဉ်မောင်း အိပ်ငိုက်ခြင်းများကြောင့် ဖြစ်ပွားသည့် မတော်တဆမှုများတွင် မိသားစုအလိုက် သေဆုံးသွားရသည်အထိ ဆိုးဝါးသည့် သာဓကများစွာရှိပါသည်။ သို့ဖြစ်ရာ ယာဉ်မောင်းလိုင်စင်ရထားပြီးသည့်တိုင် ယာဉ်မမောင်းနှင်မီ ယာဉ်ကြံ့ခိုင်မှုကို စစ်ဆေးခြင်း၊ လိုအပ်ပါက ပြင်ဆင်ခြင်း၊ ယာဉ်မောင်းမည့်အချိန်မတိုင်မီနှင့် ယာဉ်မောင်းချိန်တစ်လျှောက်လုံး အရက်အပါအဝင် မူးယစ်ဆေးဝါးသောက်သုံးမှုမပြုခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့နှင့်အညီ မောင်းနှင်ခြင်းတို့ကို ယာဉ်မောင်းသူတိုင်း လိုက်နာရန် အထူးလိုအပ်ပါသည်။

ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းမှာပင် ဘရိတ်ပေါက်ပြီး ကားလေးငါးစီး ဆက်တိုက် တိုက်မိခြင်းများ မကြာခဏ ကြားသိရပါသည်။ ၂၀၁၃ ခုနှ

www.burmeseclassic.com



နှစ်ကုန်ခါနီးတွင် မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းမှတ်တိုင်အနီး၌ ခရီးသည်တင်လိုင်းကားကြီးတစ်စီး ဘရိတ်ပေါက်ပြီး လမ်းဘေးမှ လမ်းလျှောက်သွားသူများအား နောက်မှဝင်တိုက်သဖြင့် လူ ၃ ဦး သေဆုံးခဲ့ပါသည်။ သေဆုံးသူများအနက် ၂ ဦးမှာ အရွယ်မရောက်သေးသူ ညီအစ်မအရင်းဖြစ်ပြီး ၎င်းတို့၏မိခင်မှာ အသက်မဆုံးရှုံးသော်လည်း သမီးဖြစ်သူများ၏ ဖြစ်အင်ကို ကိုယ်တိုင် မျက်ဝါးထင်ထင် မြင်ခဲ့ရသည့်အတွက် ယခုထိ စိတ်ဝေဒနာခံစားနေရကြောင်း ရင်နင့်ဖွယ် ကြားသိရပါသည်။

ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်းတွင် နေ့စဉ်လိုလို ယာဉ်မတော်တဆမှုများ ဖြစ်ပွားနေပါသည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့၏မှတ်တမ်းတွင် စာရင်းမဝင်ဘဲ အချင်းချင်း ပြေလည်အောင် ညှိနှိုင်းဖြေရှင်းသွားကြသည့် မတော်တဆမှုများလည်း နေ့စဉ်နီးပါးရှိနေပါသည်။ ယာဉ်မောင်းသူများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်ရန် ပျက်ကွက်မှုကြောင့်သာမက ခြေကျင်လမ်းလျှောက်သူ၊ လမ်းဖြတ်ကူးသူများကလည်း လမ်းစည်းကမ်းလိုက်နာရန် ပျက်ကွက်မှုများကြောင့် ဖြစ်ပွားရကြောင်း တွေ့ရှိရပါသည်။

သာဓကအားဖြင့် တင်ပြရလျှင် ရုံးဖွင့်ရက်တိုင်း အလုပ်ချိန်အမီ အလုပ်ဝင်ကြရမည့် ဝန်ထမ်းများအပါအဝင် ယာဉ်စီးနင်းမှု ထူထပ်ချိန် (Rush Hour)တွင် လေးထောင့်ကန်ကားလမ်းအတိုင်း မြို့တွင်းသို့သွားရာတွင် ငမိုးရိပ်ချောင်းကူးတံတားနှင့် မီးရထားလမ်း ခုံးကျော်တံတားအကြား၌ မော်တော်ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီး၊ ခြေကျင်လမ်းလျှောက်သူ၊ လမ်းဖြတ်ကူးသူတို့ အထူထပ်ဆုံးအချိန်ဖြစ်ပါသည်။ ကားလမ်းမတစ်ခြမ်းစီတွင် ယာဉ်လမ်းကြော နှစ်ကြောစီသာရှိပါသည်။ ၎င်းယာဉ်လမ်းကြောပေါ်တွင် စက်ဘီးစီးသူများမှာ ယာဘက်ယာဉ်ကြောမှ ရှေ့နောက်သာမက အချို့မှာ ရင်ပေါင်တန်းပြီး စီးနင်းသွားကြပါသည်။ ထို့မျှမက လမ်းလယ်မျဉ်းသေအတွင်းမှ စက်ဘီးအချို့ စီးနင်းသလို ယာဉ်ကြောအတိုင်း မောင်းနှင်နေသည့် ကားများအကြားမှ ကျော်ဖြတ်သွားလာနေကြသည်လည်းရှိပါသည်။ ရံဖန်ရံခါ ဆိုင်ကယ်များကိုပင် တွေ့ရပြန်ပါသည်။

ခုံးကျော်ဘံတားအနီးတွင် အမှတ် ၃၉ ခရီးသည်တင်လိုင်းကားကြီးဂိတ်ရှိသည့်အတွက် မြို့တွင်းသို့သွားမည့် ဂိတ်ထွက်လိုင်းကားများ ယာဉ်ကြောပေါ်တွင် ကားခေါင်းတည်ထားသလို မြို့တွင်းမှပြန်လာသည့် ဂိတ်ဝင်မည့် လိုင်းကားများကလည်း လမ်းတစ်ဖက်ခြမ်းမှ သူ့ထက်ငါ ကားခေါင်းတည်ထားတတ်ကြပါသည်။ ပို၍ဆိုးသည်မှာ မြို့တွင်းသို့သွားမည့် အခြားယာဉ်လိုင်းများမှ ခရီးသည်တင် လိုင်းကားကြီးများ၊ ဒိုင်နာကားများ၊ အငှားကားငယ်များသည် ဆန့်ကျင်ဘက် တစ်ဖက်ယာဉ်ကြောအတွင်း ယာဉ်ကြောပြောင်းပြန်ဝင်ရောက်ကာ မောင်းနှင်ကြခြင်းကြောင့် ယာဉ်လမ်းကြောင်းမှာ တော်တော်နှင့် မရှင်းနိုင်တော့ပါ။ ထိုယာဉ်ကြောပြောင်းပြန်ဝင်ရောက် မောင်းနှင်သည့်ကားများက ယာဉ်ကြောအမှန်ပေါ်သို့ ရောက်ရှိရေးအတွက် လက်ညှိုးထောင်ကာ ဦးစားပေးရယူမှု တောင်းသည့်အတွက် လမ်းမှန်ပေါ်မှ ကားများမှာ အားနာပါးနာ ပေးလိုက်ကြရသည်။ သို့ဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှု မကြာသင့်ဘဲကြာ၊ အချိန်မကုန်သင့်ဘဲကုန် ဖြစ်ကြရတော့သည်။

ထို့နောက် မြို့တွင်းသို့ ဆက်ထွက်လျှင် ခုံးကျော်တံတားအဆင်း သဃ်န်းကျွန်း စံပြဈေးအနီး လမ်းသုံးခွဆုံ မီးပွိုင့်အလွန်တွင် ယာဉ်ကြောပိတ်ဆို့ ကြုံရပြန်ပါ

---

ယာဉ်လမ်းကြောမှန်တွင်
အများနည်းတူဝင်ရောက်ပြီး
အစီအစဉ်တကျ လမ်းကြောမှန်အတိုင်း
စည်းကမ်းရှိရှိမောင်းနှင်သွားကြရမည်သာ
ဖြစ်ပါသည်။ ယခုလို အမှားကို အမှန်သဖွယ်
လက်ခံကျင့်သုံးခြင်းသည်
စည်းကမ်းလိုက်နာရန် ပြောင်ပြောင်တင်းတင်း
ဖောက်ဖျက်ခြင်းဖြစ်ပါသည် ...

www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ခါတစ်ရံ မီးပွိုင့်အလယ်တွင်ပင် ကားများ ပိတ်နေတတ်ပါသည်။ ယာဉ်ကြောပြောင်းပြန် ဖြတ်ဝင်သည့်ယာဉ်များ မရှိတော့ပါ။ လမ်းလယ်တွင် တန်းစီချထားသော ကွန်ကရစ်ဘလောက်တုံးများကြောင့်ဖြစ်ပါသည်။

ရင်းလေးထောင့်ကန်လမ်းတွင် လမ်းတစ်ခြမ်းစီ၌ ယာဉ်ကြောသုံးကြောရှိသော်လည်း ယာဘက်အစွန်ယာဉ်ကြောတွင် ဈေးရောင်းသူ၊ ဈေးဝယ်သူ၊ ဆိုက်ကား၊ စက်ဘီးတို့နှင့် ရှုပ်နေသဖြင့် ယာဉ်များသုံး၍မရပေ။ အလယ်ယာဉ်ကြောနှင့် အတွင်းယာဉ်ကြောကိုသာ သုံးရပါသည်။ အတွင်းယာဉ်ကြောကို တည့်တည့်သွားမည့် ကားများ အသုံးပြုသော်လည်း ခရီးသည်တင် လိုင်းကားကြီးများ အလယ်ယာဉ်ကြောမှပိတ်ပြီး ခရီးသည်အတင်အချလုပ်ခြင်း၊ အချို့ ခရီးသည်တင်လိုင်းကားများမှာ အတွင်းယာဉ်ကြောပေါ်သို့ ကားခေါင်းတည့်ကာရပ်ထားခြင်းများကြောင့် ယာဉ်ကြောပိတ်သွားပါသည်။ကားခေါင်းတည့်ထားသည့် လိုင်းကားကြီးများ၊ ခရီးသည်တင် ဒိုင်နာများက လက်ညှိုးထောင်၍ ဦးစားပေးရယူမှုတောင်းသည့်အတွက် ကားသေးလေးများမှာ အားမတန်မာန်လျှော့ကာ အလျှော့ပေးကြရသည်။

ထို့ပြင် လူကူးမျဉ်းကျားမဟုတ်သည့်နေရာများမှ လမ်းဖြတ်ကူးသူများ၊ ကားကြိုကားကြားမှ ဖြတ်ထွက်လာသော ဆိုက်ကားနှင့် စက်ဘီးများကို လွတ်အောင်ရှောင်တိမ်းမောင်းနှင်နေရသည့် ဒုက္ခမှာ နေ့စဉ်ကြုံတွေ့နေရမြဲဖြစ်သည်။ မော်တော်ယာဉ်များနည်းတူ ဆိုက်ကားများကလည်း လက်ညှိုးထောင်ပြီး လမ်းတောင်းကြပါသေးသည်။ တစ်ခါတစ်ရံ အလယ်ယာဉ်ကြောမှ ခရီးသည်တင် ဒိုင်နာယာဉ်များ လမ်းတစ်ဖက်ခြမ်းသို့ လက်ညှိုးထောင်ချိုးကွေ့မှုအား ယာဉ်ကြောမှမောင်းနှင်နေသည့် ယာဉ်ငယ်များက စိတ်ရှည်သည်းခံ စောင့်ဆိုင်းရပြန်ပါသည်။

ယာဉ်မောင်းနှင်သူများ လိုက်နာရမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ခြေကျင်လမ်းလျှောက်သူများ လိုက်နာရမည့် လမ်းစည်းကမ်း၊ ဆိုက်ကားအပါအဝင် အနေးယာဉ်များ လိုက်နာရမည့် လမ်းစည်းကမ်း၊ ကားလမ်းမများတွင် ယာဉ်ကြောများ သတ်မှတ်ရေးဆွဲမှု၊ လမ်းဘေးဈေးရောင်းသူများ လိုက်နာရမည့်စည်းကမ်းများ စသည်ဖြင့် သတ်မှတ်ပေးထားပါသော်လည်း လက်ညှိုးထောင်ကာ ဦးစားပေးရယူမှု တောင်းခံသည့် မော်တော်ယာဉ်၊ အနေးယာဉ်များကို စည်းကမ်းနှင့်အညီ ယာဉ်ကြောအမှန်အတိုင်း မောင်းနှင်သည့်ယာဉ်များက ဦးစားပေးနေရခြင်းသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ညီညွတ်မှုမရှိသည်ကို ဂရုပြုသင့်ပါသည်။

ထိုသို့ နည်းလမ်းမမှန်သော ဦးစားပေးရယူလိုသူများကြောင့် ယာဉ်လမ်းကြောင်းပိတ်ဆို့ခြင်းများ အဓိကဖြစ်ပွားရပါသည်။ ယာဉ်လမ်းကြောမှန်တွင် အများနည်းတူဝင်ရောက်ပြီး အစီအစဉ်တကျ လမ်းကြောမှန်အတိုင်း စည်းကမ်းရှိရှိ မောင်းနှင်သွားကြရမည်သာဖြစ်ပါသည်။ ယခုလို အမှားကို အမှန်သဖွယ် လက်ခံကျင့်သုံးခြင်းသည် စည်းကမ်းလိုက်နာရန် ပြောင်ပြောင်တင်းတင်း ဖောက်ဖျက်ခြင်းဖြစ်ပါသည်။ ထိုသို့မောင်းနှင်မှုကြောင့် ယာဉ်ကြောပိတ်ဆို့ခြင်း၊ ခရီးသည်များ အချိန်ပိုမိုကြန့်ကြာခြင်း၊ ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းများ ကြုံကြရပါသည်။

သို့ဖြစ်ရာ မိမိတင်ဆောင်ထားသည့် ခရီးသွားပြည်သူများကို ခုတုံးလုပ်ကာ မမှန်သည့်ယာဉ်ကြောမှအတင်းဝင်ရောက်ပြီး လက်ညှိုးထောင်၍ မမှန်ကန်သောနည်းလမ်းဖြင့် ဦးစားပေးတောင်းခံရယူသူများကိုယ်တိုင် ပင်ကိုအသိစိတ်ဓာတ်၊ ကိုယ်ချင်းစာတရား၊ စည်းကမ်းလိုက်နာ ရှိသေမှုတို့ဖြင့် ပြုပြင်ဆောင်ရွက်သင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

ကြည်သိန်းဦး

www.burmeseclassic.com

www.burmeseclassic.com









ညွန့်ဟံ (ကြူတော)

# ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ခိုးထုတ်မှု

မကြာမီက နိုင်ငံရပ်ခြားသတင်းနှစ်ပုဒ် ထူးခြားစွာဖြင့် သတင်းစာတစ်စောင်တွင် ဖတ်လိုက်ရသည်။ မလေးရှားနိုင်ငံထုတ် The Star သတင်းစာမှဖြစ်၏။ သတင်းတစ်ပုဒ်မှာ အိန္ဒိယနိုင်ငံက ရှေးဟောင်းရုပ်တုများ၊ အမေရိကန်ပြည်ထောင်စုသို့ ခိုးထုတ်ခြင်းသတင်းဖြစ်သည်။ မှောင်ခိုသမားများက တန်ဖိုးမဖြတ်နိုင်သည့် ရုပ်တုများ ခိုးထုတ်ခဲ့ရာတွင် အဆင့်ဆင့် လက်ပြောင်းခဲ့ခြင်းဖြစ်၏။ နှမ်းဖတ်ကျောက်ဖြင့် ပြုလုပ်ထားသည့် ရုပ်ကုများ ဖြစ်ပြီး စုစုပေါင်းသုံးခုဖြစ်သည်။ အဆိုပါ ပန်းပုလက်ရာများမှာ အေဒီ ၁၁ မှ ၁၂ ရာစုခန့်က လက်ရာဖြစ် ပေရာ လွန်ခဲ့သည့်နှစ်ကိုးရာခန့်ကဟု ခန့်မှန်းရပေသည်။ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းခန့်ရှိပြီး အရောင်းအဝယ်ဖြစ်တော့မည့် အခြေအနေတွင် အာဏာပိုင်များက ဖမ်းဆီးခဲ့မိခြင်းဖြစ်သည်။ သို့ဖြင့် နှစ်နိုင်ငံသဘောတူညီချက်အရ အမေရိကန်ပြည်ထောင်စုမှ အိန္ဒိယနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံသည် ယဉ်ကျေးမှုထွန်းကားရာ၌ သက်တမ်းအရှည်အကြာဖြစ်ခဲ့ပြီး ပန်းပုပညာရှင်များ၏လက်ရာ၊ ရှေးဟောင်းအနုပညာလက်ရာများ စုံလင်သည်။ သက်တမ်းရင့်သော ပစ္စည်းများလည်း ကြွယ်ဝသည်။ တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များကို မသမာသူများက မှောင်ခိုလက်လွှဲ သယ်ယူရောင်းချမှုတွေ အကြိမ်ကြိမ်ကြုံရပြီး အရေးယူခဲ့ရသည်။

နောက်ထပ်သတင်းတစ်ပုဒ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ရှေးဟောင်းယဉ်ကျေးမှုလက်ရာတစ်ခု တွေ့ရှိခြင်းဖြစ်၏။ ထူထည်ကြီးမားပေသည်။ နိုင်ငံ၏အလယ်ပိုင်း၊ ရှန်ဇီပြည်နယ်မှ ပိုလန်းရေအိုင်ကြီး၏ ရေအောက်တွင်တွေ့ရသော ပစ္စည်းဖြစ်သည်။ ပိုလန်းရေအိုင်ကြီးသည် တရုတ်နိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အကြီးဆုံးရေအိုင်ကြီးဖြစ်သည်။ တစ်ချိန်က စတုရန်းဧရိယာ ၄၅၀၀ ခန့်ရှိသည်ဆို၏။ ယခုအခါတွင် ရာသီဥတုဒဏ်နှင့် သဘာဝဘေးဆိုးကျိုးဒဏ် ခံစားနေရသည်။

မိုးရွာသွန်းမှုနည်းပါးခြင်းနှင့် Three Gorges Dam တည်ဆောက်ခြင်းတို့ကြောင့် ရေအိုင်ကြီးမှာ တိမ်ကောလာသည်။ စတုရန်းဧရိယာ ၁၅၀၀ မီတာခန့်သာရှိတော့သည်ဟု သိရသည်။ သဘာဝဘေးဒဏ်နှင့် လူသားတို့၏ ပယောဂကြောင့် ဒေသပတ်ဝန်းကျင်ရှိ ရေနေသတ္တဝါများ ပါးလျားလာသကဲ့သို့ ကျက်စားမှုနည်းပါးသည်။ ထို့ပြင် ရေအိုင်ကြီးကို အမှီပြု၍ နေထိုင်စားသောက်ကြသော လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ကို ထိခိုက်စေခဲ့သည်။ မကြာမီကမှ ရှေးဟောင်းသုတေသနပညာရှင်များက ရေအိုင်၏အောက်တွင်ရှိနေသော ကျောက်ဖြင့်ပြုလုပ်ထားသည့် တံတားကြီးတစ်ခုကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။ မင် (Ming)မင်းဆက်လက်ထက်က သဲကျောက်ဖြင့် ပြုလုပ်ထားသည်။ အရှည်မီတာ ၂၀၃၀ ဖြစ်သည်။ လွန်ခဲ့သည့် နှစ် ၄၀၀ ခန့်ကဟု ခန့်မှန်းရပေသည်။ ရေအောက်ယဉ်ကျေးမှုသယံဇာတဖြစ်ရာ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းခွင့်ရသည်။ ထူးခြားသည့် ရှေးဟောင်းလက်ရာဖြစ်၏။ ရှေးဟောင်းယဉ်ကျေးမှုသက်တမ်းကြာ ကြွယ်ဝမှုများသော နိုင်ငံ၏ ဖော်ထုတ်

**အနုပညာယဉ်ကျေးမှုပစ္စည်းများသည် ဘာသာရေး၊ လူမှုရေး အသုံးအဆောင်ပစ္စည်းများဖြစ်ကြပြီး တန်ဖိုး မဖြတ်နိုင်ပေ။ သို့သော် တစ်ချိန်က ရှေးဟောင်းပစ္စည်းများ ခိုးထုတ်မှု၊ ရောင်းဝယ်မှု၊ သယ်ဆောင်မှုက နည်းမျိုးစုံဖြစ်၏ . . .**

မှုဖြစ်သည်။

နိုင်ငံတစ်ခုသည် သမိုင်းနှင့်ယဉ်ကျေးမှု ဆက်စပ်ပေသည်။ သမိုင်းမပါသော ယဉ်ကျေးမှုသည် အမြစ်မရှိသော သစ်ပင်နှင့်တူသကဲ့သို့ ယဉ်ကျေးမှုမပါသော သမိုင်းသည် အကိုက်အခက်၊ အသီးအရွက်မရှိသော သစ်ပင်နှင့်တူသည်ဟု ပညာရှင်တို့က ဆိုပါသည်။ ထို့ကြောင့် ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများကို ထိန်းသိမ်းအပ်၏။ မည်သည့်အကြောင်းနှင့်မျှ ပြည်ပသို့ မရောက်ရှိအောင် ကြိုးပမ်းရန် အရေးကြီးပေသည်။ သို့တိုင်အောင် မသမာသူများ၊ စီးပွားရေးသမားများ၊ ငွေရလျှင် ပြီးရောဆိုသည့် ဝိသမလောဘသမားများကြောင့် ဆုံးရှုံးရသည်များရှိ၏။

အီရတ်နိုင်ငံ၏စစ်ပွဲတွင် ဘောဂီလုံခေတ် ရှေးဟောင်းယဉ်ကျေးမှုများ ပြည်ပသို့ရောက်ခဲ့၏။ အာဖဂန်နစ္စတန်နိုင်ငံတွင် မငြိမ်မသက်မှုကြောင့် ရှေးဟောင်းပစ္စည်းများ လွင့်ပါးခဲ့ရသည်။ ကာလအရှည်အကြာ ယဉ်ကျေးမှုထွန်းကားပေသော အီဂျစ်နိုင်ငံ၏ လက်ရာများ ပြည်ပခရီးနှင်ခဲ့သည်။ စိုးရိမ်ရမှုတွေ ဒုနှင့်ဒေးဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တစ်ခါက ဟာသလိုလို သတင်းတစ်ခု ဖတ်ရှုလိုက်ရသည်။ အီတလီနိုင်ငံတွင် ရှေးဟောင်းပြတိုက်ကြီးရှိပေရာ ပြတိုက်မှူးကြီးက မနက်မိုးလင်းရင် ပြတိုက်ကြီး ရှိမှရှိသေးရဲ့လားဆိုသည့် သံသယဖြင့် နေ့စဉ်ကြည့်ရှုရသည်ဆို၏။

မဖြစ်နိုင်သော်လည်း ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများကို တန်ဖိုးထားခြင်း၊ မြတ်နိုးခြင်း၊ ထိန်းသိမ်းလိုစိတ်ရှိခြင်းစိတ်ဓာတ်များ ပေါ်လွင်ပေ၏။ စိုးရိမ်သောကလွန်ခေတ်ဖြစ်ပါ၏။

နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေလက်ရာများကို ထိန်းသိမ်းသည့်ကြားက ပျောက်ဆုံးကြသည်။ ပြည်ပသို့ တစ်နည်းနည်းဖြင့် ရောက်သွားကြသည်။ မြန်မာနိုင်ငံ၌လည်း မကင်း။ လွန်ခဲ့သည့် ဆယ်စုနှစ် လေးခုခန့်ကဖြစ်၏။ သူငယ်တော် အရုပ်အပါအဝင် ရုပ်တုလေးခု ပျောက်ဆုံးခဲ့၏။ ပုဂံခေတ်လက်ရာဖြစ်သည်။ ယင်းရုပ်တုများ အမေရိကန်ပြည်ထောင်စုသို့ ရောက်သွားပေသည်။ နောက်ဆုံးလက်ဝယ်ရရှိသော ပိုင်ရှင်က မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ယင်းသတင်းကို ထိုစဉ်က ခမ်းခမ်းနားနားဖြင့် စာနယ်ဇင်းများတွင် ဖော်ပြကြသည်။ ပြတိုက်အတွင်းက ရှေးဟောင်းလက်ရာများသည် သမိုင်းနှင့်ယဉ်ကျေးမှုများဖြစ်ကြပေသည်။ မထိန်းသိမ်းနိုင်ပါက အမျိုးသားရေးဂုဏ်သိက္ခာ ညှိုးနွမ်းဖွယ်ဖြစ်ရပေသည်။

အနုပညာယဉ်ကျေးမှုပစ္စည်းများသည် ဘာသာရေး၊ လူမှုရေး အသုံးအဆောင်ပစ္စည်းများဖြစ်ကြပြီး တန်ဖိုးမဖြတ်နိုင်ပေ။ သို့သော် တစ်ချိန်က ရှေးဟောင်းပစ္စည်းများ ခိုးထုတ်မှု၊ ရောင်းဝယ်မှု၊ သယ်ဆောင်မှုက နည်းမျိုးစုံဖြစ်၏။ အိမ်နီးချင်းနိုင်ငံကတစ်ဆင့် ပျံ့နှံ့သွားသည်။ ဝေးကွာခဲ့သည်။ လတ်တလော စီးပွားရေးအဆင်ပြေမှုကို အကြောင်းပြု ခိုးထုတ်ရာတွင် နည်းမျိုးစုံဖြစ်၏။ မသင့်မတင့်သော နည်းလမ်းများက ရှက်ဖွယ်ကောင်းပေသည်။

ကာလအတန်ကြာက သတင်းတစ်ပုဒ်က စက်ဆုပ်ဖွယ်ဖြစ်ရလေသည်။ ရေကြောင်းခရီးဖြင့် မော်တော်စီးကာ ဆင်းတုတစ်ဆူ ခိုးထုတ်၏။ သက်ဆိုင်ရာက သတင်းအရ ရှာဖွေ၏။ ထိုအခါ ခိုးထုတ်သူအမျိုးသမီးက မတ်ရပ်ဆင်းတုတော်ကို စောင်ဖြင့်ဖုံးအုပ်ကာ ခင်ပွန်းအား နင်းပေးဟန်ဆောင်၏။ သို့ရာတွင် သက်ဆိုင်ရာက အရေးယူနိုင်ခဲ့၏။ မသမာမှုနည်းလမ်းတွေက စုံ လင်ပေသည်။

ယုံကြည်မှုနှင့် သဒ္ဓါတရားအရ ဘုရားကျောင်းကန်များတွင် ရုပ်တု၊ ဆင်းတု ဌာပနာအမျိုးမျိုး ပေည်ထားကိုးကွယ်ကြသည်။ အစောင့်အရှောက်ကင်းလေ့ရှိ၏။ အခွင့်ကောင်းယူသူ၊ လတ်တလောအကျိုးစီးပွား ရှေးရှု


www.burmeseclassic.com

www.burmeseclassic.com


သူများက ခိုးဝှက်ကြသည်။ ပျောက်ဆုံးကြောင်း တိုင်ကြားကြ၊ အရေးယူကြရသည်။ တစ်ခါတစ်ရံ ထူးဆန်းမှုတွေ ကြုံရသည်။ ဗုဒ္ဓ၏တန်ခိုးတော်နှင့် လှူဒါန်းသူတို့၏ ကျိန်စာများကြောင့်လားမသိ။ ခိုးယူသူတို့ မအောင်မြင်ကြသည့်အပြင် အရေးယူခံကြရသည်။ အထက်မြန်မာပြည်မှ စေတီတစ်ဆူမှ ဌာပနာဖောက်သူများလက် ဝယ်ရရှိပါလျက် ဘုရားဝန်းကျင်မှ မခွာနိုင်ဘဲ တဝဲလည်လည် ဖြစ်ကြသဖြင့် ပြန်ထားကြရသည်လည်းရှိ၏။ အရေးယူမှုခံကြရသည်။

စာရေးသူတို့ရွာတွင် နှစ်ရာကျော်သက်တမ်းရှိသော သိမ်တော်ကြီးရှိ၏။ ကျွန်တော်တို့ငယ်စဉ်က သိမ်တော်အတွင်း၌ သပ္ပာယ်လှသော ရဟန္တာရုပ်တုတစ်ဆူရှိ၏။ လက်ရာမြောက်လှသော အနုပညာပစ္စည်းဖြစ်၏။ နောင်တွင် ခိုးဝှက်ခြင်းခံရ၏။ မည်သူမည်ဝါ၏ လက်ချက်မှန်းမသိ။ ရိုးသားလှသော ရွာသားများ တန်ဖိုးထားသော လက်ရာ ဆုံးရှုံးရသဖြင့် ယူကျုံးမရ ကြေကွဲကြရသည်။

ဗုဒ္ဓ၏တန်ခိုးတော်နှင့်
လှူဒါန်းသူတို့၏
ကျိန်စာများကြောင့်လားမသိ။
ခိုးယူသူတို့ မအောင်မြင်ကြသည့်အပြင်
အရေးယူခံကြရသည်။ အထက်မြန်မာပြည်မှ
စေတီတစ်ဆူမှ ဌာပနာဖောက်သူများ
လက်ဝယ်ရရှိပါလျက်
ဘုရားဝန်းကျင်မှ မခွာနိုင်ဘဲ
တဝဲလည်လည် ဖြစ်ကြသဖြင့်
ပြန်ထားကြရသည်လည်းရှိ၏။

ထိုအချိန်က ရှေးဟောင်းပစ္စည်း ဝယ်ယူသူတို့သည်ကျေးရွာအရောက် ကွင်းဆင်းကြသည်။ ဒေသခံများ၏အကူအညီယူကြသည်။ သူတို့၏အတတ်ပညာက ချီးကျူးစရာပင်ဖြစ်သည်။ လေ့လာမှုအားကောင်း၏။ ရှေးဟောင်းအိမ်ကြီးများက မည်သူ၏အိမ်တွင် မည်သည့်ပစ္စည်းရှိသည်ကိုသိကာ ဈေးကောင်းပေး၍ ဝယ်ကြသည်။ စီးပွားရေးအဆင်မပြေမှုနှင့် ကြုံသူတို့ ရောင်းချကြသည်။ ကျေးလက်များတွင် ယွန်းထည်ပစ္စည်းများ၊ ကြေးအိုး၊ ကြေးခွက်၊ ကွမ်းအစ်များက ရှေးကျပေရာ ယခုသော် ရှားပါးသွား၏။ ရှေးဟောင်းသံကွင်းသွပ်ကြီးတွေကိုပင် မတွေ့ရတော့။

တစ်ခါက ခေတ်ပညာတတ် အမျိုးသမီးတစ်ဦးနှင့် စကားစမြည်ပြောဖြစ်၏။ အိမ်နီးချင်းနိုင်ငံ၏ ရှေးဟောင်းမြို့တော်သို့ ရောက်ခဲ့သူဖြစ်၏။ အဆိုပါမြို့၏ဈေးအတွင်း မြန်မာ့ယဉ်ကျေးမှု အနုပညာလက်ရာ ရုပ်တု၊ ဆင်းတုမှ အစပြု၍ အသုံးအဆောင်များစွာကို ရင်နင့်ဖွယ်ရာ တွေ့ရသည်ဆို၏။ နည်းမျိုးစုံခိုးထုတ်မှုရလဒ်ဖြစ်လေသည်။

လွန်ခဲ့သည့် ဆယ်နှစ်ခန့်ကဖြစ်၏။ အမေရိကန်ပြည်ထောင်စု၊ ဆန်ဖရန်စစ္စကိုရှိ တက္ကသိုလ်တစ်ခုသို့ သွားရောက်လေ့လာခဲ့သော မြန်မာပညာရှင်တစ်ဦးနှင့် တွေ့သည်။ သူလေ့လာခိုက်တွင် ပြင်သစ်ပါမောက္ခတစ်ဦးက မြန်မာတို့၏ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဥရမင်းနတ်အကြောင်းများ ရှင်းပြလျက်ရှိသည်။ ရုပ်တုများကိုညွှန်းဆိုရှင်းပြရာ၌ မြန်မာပြည်က ရှေးဟောင်းရုပ်တုချည်းဖြစ်လေသည်။ တစ်နည်းနည်းဖြင့် ရောက်ရှိသွားဟန်တူပေသည်။

မြန်မာ့အမြုတေ ယဉ်ကျေးမှုအစုဝင် ရှေးဟောင်းလက်ရာများကား ဇာတိဂုဏ်အဖြစ် စောင့်ရှောက်ရမည်သာဖြစ်လေသည်။ လတ်တလော အကျိုးစီးပွားကြောင့် မှောင်ခိုသယ်ယူရောင်းဝယ်မှုကို ဥပဒေက ခွင့်မပြု။ တစ်ဦးချင်း အသိစိတ်ဖြင့် အလေးထားရမည့် ကေန်ုပ်ရေးဖြစ်လေသည်။

ညွန့်ဟုံ (ကြူတော)

www.burmeseclassic.com



# အိမ့်(ရှုပဗေဒ)

## အားနည်းချက်ကိုနင်း၍



ဒေါ်မာလာ ဈေးဝယ်ထွက်တိုင်း တစ်ခုမဟုတ်တစ်ခု ပြဿနာတွေ့ရ၏။ အိမ်မှထွက်သည်နှင့် သမီးက သတိပေးသည်။

"မေမေနော် ဈေးဝယ်တာ ပစ္စည်းလက်ထဲရောက်မှ ငွေကိုပေးဦး၊ ပစ္စည်းမရောက်ခင် ငွေသွားမပေးနဲ့နော်၊ တော်ကြာ အငြင်းခံနေရဦးမယ်"

"အေးပါကွယ်၊ အခုတော့ မေမေသိပါပြီအေ"

ဒေါ်မာလာမှာ ထုံဆေးကြောင့်လားမသိပါ။ မေ့လျော့တတ်သည်။ ပစ္စည်းအထားမှားသည်က မကြာခဏပင်။ ဗီရိုသော့ဆိုလျှင် ပျောက်မည်စိုး၍ လက်ထဲဆုပ်ကိုင်ထားမှ မည်သည့်နေရာတွင် ချခဲ့မှန်း မမှတ်မိတော့ပါ။ တစ်ခါတစ်ရံတွင် အမှိုက်ပုံးထဲ ပစ်ထည့်တတ်၏။

သမီးဖြစ်သူက ဈေးမသွားခင်မှာ သတိပေးရခြင်းသည် ဈေးဝယ်ထွက်တိုင်း ဈေးရောင်းသူနှင့် ပြဿနာဖြစ်လာတတ်၍ဖြစ်သည်။ ပစ္စည်းဝယ်ပြီး ငွေမပေးရသေးဟုဆိုကာအငြင်းအခုံဖြစ်ကြ၏။ ဒေါ်မာလာလည်း ရှက်ရှက်နှင့် ငွေထပ်ပေးလိုက်ရ၏။ သည်တော့ ပစ္စည်းတန်ဖိုးကနှစ်ဆဖြစ်သွားတော့သည်။ ကိုယ်က ပေးမိလား၊ မပေးမိလားမသိပေ၊ မှတ်မိသည်က လက်ထဲတွင် ပေးရန်ထုတ်ထားသည့်ငွေမှာ မရှိတော့ပါ။ အိတ်ထဲမှ ထုတ်ယူ၍ငွေရှင်းပေးခဲ့ရ၏။

+++

ဈေးထဲရောက်သည်နှင့် အသားငါးရောင်းချရာဆိုင်သို့ ဦးဆုံး သွားလိုက်တော့သည်။ ပုစွန်ရောင်းသူက ဝယ်နေကျဖောက်သည်ကိုသိ၏။

"လာလေ တို့အစ်မ၊ ပုစွန်တုပ်တွေ လှလိုက်သမှ စင်းနေတာပဲ၊ လတ်သလားမေးနဲ့၊ တော်ကြာနေ ကုန်တော့မှာ"

"ဘယ်ဈေးလဲကွယ်"

"အစိတ်သား ၄၅၀၀ လေ"

"တစ်ပိဿာဆို ၁၈၀၀၀ ဈေးပေါ့၊ မလျှော့ဘူးလား။ ၁၆၀၀၀ ပဲထားလိုက်လေ"

"၁၇၀၀၀ နဲ့ အရင်းအတိုင်းသာ ယူပါတော့ တို့အစ်မရယ်၊ ဖောက်သည်မို့ ပေးတာနော်"

ဈေးသည်က ပြောလည်းပြော၊ ချိန်လည်းချိန်နှင့် ဒေါ်မာလာက ကမန်းကတန်းပြောရတော့၏။

"ပုစွန်ပျော့တွေ မထည့်နဲ့နော်၊ မာတာပဲပေး"

"စိတ်ချပါ တို့အစ်မရာ၊ ပြောရမယ့်လူမဟုတ်ပါဘူး၊ ကဲ...ကြည့် တစ်ပိဿာနော်၊ ရော့.....အဆစ်တစ်ကောင် ထပ်ထည့်ပေးလိုက်မယ်၊ ဒီဈေးသည်က တိုတတ်တာမဟုတ်ဘူး၊ ဝဝကြီးသာ စားတော့"

"နှစ်ထပ်ထုပ်ပေးနော်၊ အရည်တွေကျမှာစိုးလို့ကွယ်"

ဒေါ်မာလာကာသမီးမှာသည့်အတိုင်းပင် ပုစွန်တုပ်အထုပ် လက်ထဲရောက်မှ ငွေရှင်းပေးလိုက်၏။ တစ်သောင်းတန်တစ်ရွက်၊ ငါးထောင်တန်တစ်ရွက်နှင့် တစ်ထောင်တန်နှစ်ရွက်တို့ဖြစ်သည်။ ခြင်းထဲသို့ ပုစွန်ထုပ်ထည့်ပြီးသည်နှင့် တစ်ဖက်ဘေးဆိုင်မှ ငါးနုသန်းငါးအားဝယ်ရန် ဈေးမေးလိုက်ပြန်၏။

"အစိတ်သား ၂၀၀၀ ပဲ ပေးပါရှင်၊ ဒါပဲရှိတော့လို့ပါ၊ အကုန်ယူသွားပါလား၊ လျှော့ပေးလိုက်ပါ့မယ်"

"ချိန်လိုက်ကွယ်၊ အစိတ်သား ကျော်ရုံပဲရှိမှာပါ"

ဒေါ်မာလာက ဝယ်နေကျဖြစ်၍ သိနေ၏။ ဟင်းစားဝယ်ရသည်မှာ ခေါင်းစားစရာပါ။ မနက်စာအတွက်၊ ညစာအတွက် စီစဉ်ရ၏။ အသားငါးနှင့် မပြီးသေးပေ။ ချဉ်ရည်ဟင်းနှင့် အရည်သောက်အတွက် ဝယ်ရပါဦးမည်။

"ဒီမှာနော် အစ်မကြီး၊ သုံးဆယ့်ငါးကျပ်သားဖိုးပဲပေးတော့၊ ငါးကျပ်သား အလေး ထပ်မထည့်တော့ဘူးနော်၊ ၂၈၀၀ ပဲ ကျတာပါ"

"ကဲ.....ရော့ကွယ် ၃၀၀၀၊ ပေး... ငါးထုပ်"

ငါးသည်က ငွေကျပ်နှစ်ရာ ပြန်အမ်းလိုက်စဉ် တစ်ဖက်ရှိ ပုစွန်သည်က.....

"တို့အစ်မပုစွန်ဖိုး မပေးရသေးဘူးနော်"

"ဟယ်.....စောစောကပဲ ပေးလိုက်ပြီးပြီလေ၊ ပေးပြီးလို့ ဒီဘက်က ငါးကိုဝယ်တာပါကွယ်"

"ဟင့်အင်း၊ လုံးဝ မပေးရသေးပါဘူးရှင်၊ စောစောကပေးလိုက်တာ ဝယ်သူတစ်ယောက်ပါ၊ တို့အစ်မက အမြဲတမ်း ဒီလိုပဲ ငြင်းတာပဲနော်"

"သေသေချာချာ ပေးလိုက်တာပါကွယ်၊ ငါ့ညီမ အမှတ်မှားသွားတာလား၊ စဉ်းစားပါဦးနော်၊ အစ်မပေးလိုက်တာ တစ်သောင်းတန်တစ်ရွက်၊ ငါးထောင်တန်တစ်ရွက်၊ တစ်ထောင်တန် နှစ်ရွက်လေ"

"လုံးဝမရှိပါဘူး၊ ဒီပိုက်ဆံခွက်ထဲကိုကြည့်၊ ငါးရာတန်နဲ့ တစ်ထောင်တန်တွေချည်းပဲ၊ ရှင် မလိမ်နဲ့၊ ပေး..အခုပေး"

ပုစွန်သည်က သက်သက်မဲ့ လိမ်ညာနေမှန်း ဒေါ်မာလာ သိသွား၏။ သူမက မေ့တတ်၍ သေသေချာချာ မှတ်ထားသူပါ။ သည်တော့ အရင်လို အရှုံးမပေးလိုတော့ပေ။ ဈေးသည်က ဒေါ်မာလာ၏ အားနည်းချက်ကိုသိ၍ တမင်ပင် လိုချင်စိတ်နှင့် ငြင်းနေခြင်းဖြစ်သည်။

"ဒီမှာရှင့် ရှင်မပေးရင် တိုင်လိုက်မှာနော်"

ဒေါ်မာလာလည်း လူပုံအလယ်တွင် အရှက်ခွဲခံရမှ မထူးတော့ပေ။ တိုင်သည့်နေရာသို့ လိုက်ရှင်းရုံသာရှိတော့၏။ ကိုယ့်ဂုဏ်သိက္ခာအတွက် ဖြေရှင်းရပေမည်။ မရိုးသားသော ပုစွန်သည်အား ညှာတာနေစရာ မလိုတော့ပေ။

"တိုင်လေ၊ လာ..သွားမယ်၊ ငါက မေ့တတ်မှန်းသိနေတော့ ရလေ လောဘတက်လေပေါ့၊ လိုက်ရှင်းမယ်၊ ဘယ်သူ အရှက်ကွဲမလဲဆိုတာ သိကြသေးတာပေါ့"


နောက်ဆုံးတော့ ပုစွန်သည်၏ စရိုက်နှင့် အကျင့်ကို တစ်ဈေးလုံးကသိကြသည်။ ဈေးသာယာရေးမှ တာဝန်ရှိသူများကြောင့် ပုစွန်သည်လည်း သူ့မရိုးသားမှုကို ထုတ်ဖော်ဝန်ခံရသလို ဘေးမှ ငါးနုသန်းသည်၏ မျက်မြင်သက်သေထွက်ဆိုပေးမှုကြောင့် ဒေါ်မာလာတစ်ယောက် သက်ပြင်းချနိုင်တော့သည်။

"ဟင်း.....ဒီပုစွန်တောင် [illegible]ချင်စိတ် မရှိတော့ဘူး"

အိမ့်(ရှုပဗေဒ)

www.burmeseclassic.com

www.burmeseclassic.com



# ထက်ထက်ဦးဝေ

## အချစ်ဇါ်စေရာ

ပန်းချီ မင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



''ဝုန်းခနဲ''ပြုတ်ကျလာသည့် အသံကြောင့် ဝရန်တာရှေ့သို့ မေနှင်းပြေးထွက်ကြည့်လိုက်၏။ တိုက်အောက်တွင် လူအများ တဖြည်းဖြည်းနှင့်စုရုံးရောက်ရှိလာကြသည်။ မေနှင်းလည်း လူအများကြည့်ရှုရာသို့ ငုံ့ကြည့်လိုက်စဉ်.....

''ဟယ်.....တိုက်ပေါ်က လူတစ်ယောက် ပြုတ်ကျလာပါလား၊ မေမေရေ.....ထွက်ကြည့်ပါဦး''

မေနှင်းထံမှ အာမေဋိတ်သံကြောင့် ဒေါ်ခင်ဝေလည်း အလုပ်လုပ်နေရာမှ ပြေးထလာ၏။

''ဘယ်အထပ်ကကျတာလဲ မသိဘူးနော်၊ မေနှင်းတို့တိုက်ကပဲ မေမေ''

''ဟဲ့.....သမီးရဲ့ အပေါ်ဆုံးထပ်က မိန်းကလေးပဲ၊ ကြည့်ပါဦး၊ ရှစ်လွှာကကျရင်အသက်မှရှိပါတော့မလားကွယ်''

မေနှင်းတို့သားအမိလည်း ပထမထပ်မှနေ၍ ကြည့်နေကြရ၏။ ဒေါ်ခင်ဝေက အောက်တွင်ရှိသော အသိတစ်ယောက်အား သေချာစေရန် လှမ်းမေးလိုက်သည်။

''အပေါ်ဆုံးထပ်က အစ်မပါ အန်တီ၊ အသက်ရှင်နေသေးတယ်၊ သက်ဆိုင်ရာကို အကြောင်းကြားကြဟေ့''

အသိက အပေါ်ကိုမော့ကြည့်၍ လှမ်းပြောပြီးမှ သက်ဆိုင်ရာအား အကြောင်းကြားရန် စီစဉ်နေ၏။ လမ်းထဲမှ လူငယ်အချို့က ယောက် ယက်ခတ်ကုန်ကြသည်။

''အပေါ်ထပ်မှာ ဘယ်သူရှိသေးလဲ တက်ကြည့်လေ၊ သူ့အိမ်သားတွေမှ သိကြရဲ့လား''

''ဗျို့.....ရှစ်လွှာကလူတွေ ဘယ်သူမှ မရှိကြဘူးလား၊ ဆင်းလာကြပါဦး''

အောက်မှ တကြော်ကြော်ခေါ်သံကြားမှ ဝရန်တာဆီသို့ ငုံ့ကြည့်လာသည်ကို တွေ့ရ၏။

''ဆင်းလာခဲ့လေဗျာ၊ ဒီမှာ သေလုမြောပါး ဖြစ်နေပြီ၊ မြန်မြန်လာဗျ''

အမျိုးသားတစ်ဦးက ပြောပြီး သိပ်မကြာခင်တွင် အပေါ်ထပ်မှ ပြေးဆင်းလာသည့် ခြေသံကိုကြားရ၏။ မေနှင်းတို့လည်း သိလိုစိတ်ဖြင့် ဆက်ကြည့်နေကြသည်။ ထိုအမျိုးသားက ပြုတ်ကျသူအား ရင်ခွင်ထဲ ဆွဲယူပွေ့ပြီး ငိုနေတော့၏။ ခဏအကြာတွင် သူ့လက်ပေါ်မှာပင် အသက်ပျောက်သွားရှာသည်။ ကြည့်နေသူအပေါင်းလည်း စိတ်မကောင်းစရာမြင်ကွင်းကြောင့် မျက် နှာမကောင်းကြချေ။

''အဲဒါ သူ့ယောကျ်ားလား သမီး''

''ဟုတ်တယ် မေမေ၊ နိုင်ငံခြားကပြန်လာတာ မကြာသေးဘူး၊ အစက အဲဒီအစ်မကို အပျိုကြီးလို့ထင်နေတာ၊ ကလေးမှမရှိဘဲလေ၊ အဲဒီအိမ်မှာ အဒေါ်ကြီးတစ်ယောက်လည်း ရှိသေးတယ်၊ ဘာတော်လဲတော့ မသိဘူး''

''ဘာကြောင့်များလဲမသိဘူးနော်၊ အသက်တစ်ချောင်းကို လွယ်လိုက်တာ၊ ဘယ်လိုပဲဖြစ်ဖြစ် စိတ်ကူးနဲ့တောင် ခုန်မချရဲပါဘူးကွယ်''

ခဏအကြာတွင် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်တာဝန်ရှိသူများ ရောက်လာကြ၏။ အလောင်းအား စစ်ဆေးပြီး မှတ်တမ်းဓာတ်ပုံများ

www.burmeseclassic.com



ရိုက်၍ ရဲလုပ်ငန်းများ ပြီးဆုံးသည့်အထိ လုပ်ဆောင်ကြ၏။ ပြီးနောက် သေဆုံးသူအမျိုးသမီး၏ခင်ပွန်းအား မေးမြန်းစစ်ဆေးကာ ရဲစခန်းသို့ခေါ်ဆောင်သွားသည်။ အလောင်းကိုလည်း ရဲဆေးစာဖြင့် ဆေးရုံသို့ပို့ဆောင်လိုက်ကြ၏။

"ဟင်း.....သဘာဝရတရားဟာ တယ်မြန်ပါလားနော်၊ ကျန်းကျန်းမာမာနဲ့တွေ့ရလည်း သေနေ့စေ့ရင်သေရတာပဲ၊ မနက်ကတောင် ဈေးဝယ်လာတာကို တံခါးဖွင့်တုန်းက မြင်လိုက်ရသေးတာပဲလေ"

"ဟုတ်တယ် မေမေ၊ သမီးနဲ့ မနေ့ကညနေ လမ်းထိပ်မှာ ဆုံခဲ့ကြရသေးတာပဲ၊ ဆံပင်ရှည်လေးနဲ့ အသားက ဖွေးအုနေတာပဲ"

"ယောကျ်ားက နိုင်ငံခြားမှာ အလုပ်လုပ်ပြီး ငွေပို့တော့ အေးအေးဆေးဆေး နေရတာကိုး၊ ဒီတော့ အပူအပင်မရှိဘူးပေါ့"

မေနှင်းမျက်ဝန်းထဲတွင် သေဆုံးသွားသူ အမျိုးသမီး၏ မျက်နှာလေးအား မြင်ယောင်နေဆဲပါ။ အသက်က အစိတ်ကျော်၊ သုံးဆယ်ဝန်းကျင်သာ ရှိပါလိမ့်မည်။ သမင်မွေးရောင် ဆံပင်ရှည်လေးနှင့် ချစ်စရာကောင်းသူပင်။ သူမအမျိုးသားအား တစ်ခါသာ မြင်ဘူးလိုက်၏။ တုတ်တုတ်ခိုင်ခိုင်၊ ဂင်တိုတိုအပြင် အသားကညိုပြီးကတုံးဆံပင်နှင့်ဖြစ်၏။ အလွန်ပင် မလိုက်ဖက်သည့်စုံတွဲဟု မြင်မိသည်။တိုင်းတစ်ပါးတွင် မည်မျှပင်ပန်းလာသည်မသိပါ။ ရောက်စက အသားမှာ မည်းနက်နေ၏။ စောစောက တွေ့လိုက်ရချိန်က အသားလတ်လာသည်ကိုတွေ့မြင်ရသေး၏။

"သူ့ယောကျ်ားများ အစ်မကို သံသယစိတ်နဲ့ သတ်လိုက်တာများလား"

"ပေါက်ကရအေး၊ ကဲ...အထဲဝင်တော့၊ ရပ်နေတာ ကြာလှပြီ"

သားအမိနှစ်ဦးလည်း စိတ်မကောင်းခြင်းများစွာဖြင့် အိမ်ထဲပြန်ဝင်လာကြတော့သည်။

꧁ ꧁ ꧁



မေနှင်းအဖြစ်က သေဆုံးသူအမျိုးသမီးအား သနားစိတ်ဝင်မိ၏။ စားလည်းဒီစိတ်၊ အိပ်လည်းဒီအတွေးများ ဝင်လာပြီး မည်သည့်အတွက်ကြောင့် သေဆုံးရသည်ကို သိချင်နေသည်။

"မေနှင်းရေ.....မေနှင်း"

"ဟင်.....ဝါဝါပါလား၊ လာလေ၊ ဝင်ခဲ့လေဟာ"

တစ်လမ်းတည်းမှ သူငယ်ချင်း ဝါဝါလွင်ဖြစ်နေ၏။ သူ့လက်ထဲတွင် သတင်းစာနှင့် ဂျာနယ်ကိုကိုင်လာသည်။

"ရှင်သိချင်တဲ့သတင်း ပါလာပြီ၊ ရော့.....ဖတ်ကြည့်"

မေနှင်းလည်း ဝမ်းသာသွားပြီး ချက်ချင်းပင် ရှာဖွေဖတ်ကြည့်လိုက်၏။ ဒေါ်ခင်ဝေလည်း အိမ်ရှေ့ခန်းသို့ ရောက်လာသည်။ မေနှင်းသည် သေမှုသေခင်းသတင်းကို ဖတ်ပြီးနောက်.....

"သူ့ကိုယ်သူ သတ်သေတာတဲ့၊ ဟုတ်ပါ့မလားဟယ်၊ ရှစ်ထပ်တိုက်ပေါ်က ခုန်ချလောက်တဲ့အထိ သတ္တိရှိပါ့မလား၊ ကာယကံရှင်က သေသွားတော့ ဘယ်သူ့သွားမေးလို့ရပါ့မလဲ"

"ဘယ်လိုအကြောင်းတဲ့လဲ သမီးရယ်"

"နေ့လယ်က လင်မယားစကားများကြပြီးတော့မှ ဖြစ်တာတဲ့၊ မပွင့်ဖတ်လွှာက စိတ်မြန်တာတဲ့တယ်၊ သူမ အလိုမကျရင် ပစ္စည်းတွေကို ပစ်ပေါက်ရိုက်ခွဲပစ်တာတဲ့၊ မလွှင့်ပစ်ရသေးတဲ့ ဖန်ကွဲ၊ ပုလင်း

www.burmeseclassic.com


ကွဲနဲ့ ပန်းကန်ကွဲတွေတောင် သူ့ယောကျ်ားက သက်သေအဖြစ် ထုတ်ပြခဲ့သေးတယ်၊ ပုံတောင်ပါလာတယ်လေ''

တစ်ဖက်သတ်ရေးသားချက်အပေါ် မေနှင်းက ဘဝင်မကျမိပေ။ ဖတ်မိသူများက ရိုးရိုးတန်းတန်းသာ မြင်ပြီး ခုန်ချသတ်သေခြင်းဟုသာ ထင်ပေမည်။ ထိုသို့ထင်အောင်လည်း အိမ်သားများပြောစကားအရ သတင်းသမားများက ရေးသားကြမှာပါ။ မေနှင်းက ရဲစစ်ချက်ကို သိချင်နေ၏။

''ဒီသတင်းကို မယုံဘူး ဝါဝါ၊ အဖြစ်မှန်ကို ရဲစစ်ချက်က ဖော်ထုတ်ပေးလိမ့်မယ်၊ သူ့အိမ်က အမျိုးသမီးကြီးက ဟိုလူ့အဒေါ်တဲ့၊ ဒီတော့ ဘာပဲပြောပြော သူ့တူဘက်ကပဲ လိုက်ကာပြောပေးနေမှာပေါ့''

''သမီးရယ် အကောင်းဘက်ကနေမြင်ပြီး တွေးပေးပါဦးလား၊ ကိုယ့်စိတ်အထင်နဲ့ စွပ်စွဲမနေပါနဲ့ကွယ်''

''ဒီမှာ ဖတ်ကြည့်ဦးလေ မေမေ၊ ဖြစ်ရတဲ့ကိစ္စကလည်း မပွင့်ဖတ်လှာကိုယ်တိုင်က ဖောက်ပြန်တာလို့ ယောကျ်ားက တိုးတိုးတိတ်တိတ်ပြောပြီး သတိပေးတာကို မကျေနပ်လို့ဆိုပြီး ခုန်ချတာနေမှာပါတဲ့၊ သေဆုံးသူရဲ့ ဂုဏ်သိက္ခာမှ မထောက်ပြောရက်လိုက်တာနော်''

ဒေါ်ခင်ဝေက သမီးဖြစ်သူ၏ မခံမရပ်နိုင် ဖြစ်နေပုံကြောင့် ပင့်သက်မောကို ချလိုက်ရတော့၏။ မေနှင်းက ပွင့်ပွင့်လင်းလင်းပြောတတ်သည်။ လူတစ်ယောက်ကိုကြည့်ရုံနှင့် ထိုသူ၏ အမူအကျင့်ကအစ သိမြင်တတ်သည့်ဉာဉ်မျိုးရှိနေ၏။ မေနှင်း တွေးထင်သမျှက မှန်နေတတ်၍ ဒေါ်ခင်ဝေမှာ ရှေ့ဆက် စောင့်ကြည့်ရုံသာ ရှိတော့သည်။

''သူတို့ထွက်ဆိုချက်ကိုဖတ်ပြီးရင် အင်း.....အစ်မဘက်က ဆွေမျိုးအသိုင်းအဝိုင်းရဲ့ ဂယက်တော့ ရိုက်ခတ်လာဦးမှာပဲ၊ မယုံရင်စောင့်သာကြည့်နေကြ''

''သေသူလည်း သေပြီပဲကွယ်၊ အမှုက ပိတ်သိမ်းသွားတာ မဟုတ်လား သမီးတို့ရဲ့''

''ဘယ်သိမ်းပါ့မလဲ မေမေ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေရင်တောင် ဥပဒေက ခွင့်ပြုတာမဟုတ်ဘူး၊ အပြစ်ကျခံရဦးမှာပဲ''

''ဟုတ်တယ် ဒေါ်လေးရေ၊ ဝါတို့အသိလည်း အဲဒီလိုဖြစ်လို့ ဥပဒေအရ အပြစ်ချမှတ်ခြင်းကို ခံရတာပဲ၊ သူကတော့ တကယ် ကိုယ့်ကိုယ်ကိုယ် သတ်သေတာပါ ဒေါ်လေးရာ''

''ဥပဒေသတ်မှတ်ထားရတာလည်း တချို့က လုပ်ကြံခံရပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေသယောင်မျိုး ဖန်တီးတတ်ကြတာလည်းရှိတယ်၊ ရဲကစစ်ဆေးမှ ပေါ်တာပါ။ အဲဒီလိုမျိုး လုပ်ကြံခံရရင် ဥပဒေက အမှန်တရားကို ဖော်ထုတ်ပေးတော့ မနစ်နာဘူးပေါ့ မေမေရယ်''

ဒေါ်ခင်ဝေလည်း မေနှင်းနှင့် ဝါဝါတို့ ပြောပြမှ ဥပဒေနှင့်ပတ်

“

မပွင့်ဖတ်လှာကိုယ်တိုင်က ဖောက်ပြန်တာလို့ ယောကျ်ားက တိုးတိုးတိတ်တိတ်ပြောပြီး သတိပေးတာကို မကျေနပ်လို့ဆိုပြီး ခုန်ချတာနေမှာပါတဲ့၊ သေဆုံးသူရဲ့ ဂုဏ်သိက္ခာမှမထောက် ပြောရက်လိုက်တာ

”

www.burmeseclassic.com

www.burmeseclassic.com

သက်၍ ရှင်းရှင်းလင်းလင်းသိသွားရတော့သည်။ သည်တော့ ပွင့်ဖတ်လွှာ၏အဖြစ်မှန်ကို အမှန်တရားအတိုင်း ပေါ်ပါစေလို့သာ ဆုခြွေမိ၏။

§ § §

"အန်တီက မပွင့်ဖတ်လွှာရဲ့ အဒေါ်လားဟင်"

"ဟုတ်တယ်လေ တူမရဲ့၊ တူမ လေး ဆုံးသွားတာ သမီးတို့လည်း သိမှာပါ၊ လင်မယားတွေ စကားများရင်း ဖြစ်ကြတာလေ၊ ပွင့်လေး က သိပ်စိတ်ကြီးတာကွဲ့၊ ဒါဆိုဒါပဲ၊ အဲဒါကို ထွဋ်ထွဋ်က မိန်းမ စိတ်ချမ်းသာအောင် လုပ်ပေးတာချည်းပါပဲ၊ လင်ကောင်းတစ်ယောက်ပါကွယ်၊ သူ့မိန်းမအပေါ်လည်း သိပ်ချစ်ရှာတာပါ"

သူ့တူဘက်က ကိုယ်ရည်သွေးနေပြန်သည်။ မေနှင်းက မေးသာမေးနေရ၏။ စိတ်ထဲတွင် မကျေမနပ်ဖြစ်နေ၏။

"မပွင့်ဖတ်လွှာရဲ့ မိဘတွေရော ရှိသေးလားဟင်"

"မရှိတော့ဘူးကွဲ့၊ သူ့အစ်ကိုတစ်ယောက်တော့ရှိတယ်၊ အမေရိကားမှာလို့ ပြောတာပဲ၊ အဆက်အသွယ်လုပ်ဖို့ အန်တီက သူ့လိပ်စာမှမရှိတာဘဲ တူမရယ်၊ ပွင့်လေးသတင်းကိုကြားရင် ရောက်လာမှာပါ"

မေနှင်းက မြန်မြန်သိပြီး ရောက်လာပါစေဟုသာ ဆုတောင်းလိုက်ချင်၏။ တစ်ဖက်သတ်အမှားများအတွက် အမှန်ကိုဖွင့်ဟသူပေါ်လာဖို့ လိုနေသည်။



"အန်တီတို့လည်း ဒီအခန်းကို ပြန်ရောင်းပြီး တခြားမှာနေဖို့ စီစဉ်ထားကြတယ်၊ ဝယ်သူရှိရင် ပြောလိုက်ကြပါကွယ်၊ ပွဲစားမလိုပါဘူး၊ ထွဋ်ထွဋ်က သူ့မိန်းမ နေခဲ့တဲ့နေရာလေးကို နှမြောနေပေမယ့် သတိရနေရင် စိတ်ထွေဖြစ်မယ်လေ၊ အဲဒါကြောင့်မို့ တိုက်ခန်းကိုပြန်ရောင်းမှာပါကွယ်"

"ဟုတ်ကဲ့ အန်တီ၊ ဝယ်သူရှိရင် စပ်လိုက်ပါ့မယ်ရှင်"

"တူမအတွက် ပွဲခပေးမှာပါကွယ်၊ မုန့်ဖိုးပေါ့၊ ပွဲစားနဲ့ မအပ်ချင်တာက ကိုယ့်အခန်းက လူသေခဲ့တဲ့ တိုက်ခန်းဆိုတော့ ပွဲစားက သူ့ပွဲခကိုများများပေးမှ အရောင်းထွက်မှာလေ၊ ဒါမှမဟုတ်ရင် ရောင်းလို့ရတော့မှာမဟုတ်ဘူး"

သည်လိုတော့လည်း သူတို့သိပါလားဟု မေနှင်းက တွေးရင်းပြုံးမိ၏။

"အန်တီတို့အမှုက ပြီးပြီလားဟင်"

"ပြီးပြီလေ၊ ပြီးပြီပေါ့၊ တရားခံက သူ့ကိုယ်သူ သတ်သေသွားမှ အမှုက ပိတ်သွားပြီလေ၊ တူမက ဘာကြားလို့လဲ"

သူမက မေနှင်းကို ကြားလိုစိတ်ဖြင့် ပြန်မေးနေရာ မေနှင်းလည်း အမြင်ကတ်ကတ်ဖြင့် ပြောချလိုက်၏။

"လူသတ်မှုတဲ့"

"ဟင်.....မဟုတ်ပါဘူးကွယ်၊ ပွင့်လေးက သူ့ဘာသာ ခုန်ချတာပါ၊ မထူးတော့ပါဘူး အမှန်အတိုင်းပဲ ပြောတော့မယ်၊ အဲဒီနေ့လယ်က ပွင့်လေးရဲ့ ငယ်ချစ်ဦးက ဖုန်းဆက်ခေါ်တာကို ထွဋ်ထွဋ်က သိသွားတယ်၊ ဒီတော့ ယောက်ျားမရှိချိန်

www.burmeseclassic.com



မှာ သူတို့ရဲ့ဆက်ဆံရေးကိုမသိကြ တော့ဘူးပေါ့၊ ဒါနဲ့ပဲ စကားတွေများ ကြတယ်လေ၊ တူမပဲ စဉ်းစားကြည့် ပေါ့ကွယ်၊ ယောကျ်ားက ပင်ပင်ပန်း ပန်း ရှာဖွေထားတာ၊ လင်ငယ်နဲ့သူ က သုံးဖြုန်းနေတော့ ဘယ်သူက ကျေနပ်ကြမှာလဲ၊ အန်တီလည်း မကျေနပ်ဘူးပေါ့၊ ဒါပေမဲ့ သူတို့ လင်မယားကြားမှာ ကတုံးကတိုက် မလုပ်ခဲ့ပါဘူး၊ ပွင့်လေး ဘယ်သွား တယ်၊ ဘယ်လာတယ်ဆိုတာလည်း အန်တီ မစပ်စုဘူး၊ မိန်းကလေး တစ်ယောက်တည်း ကျန်ခဲ့တော့ သူ့မိန်းမကို စိတ်မချလို့ဆိုပြီး အကူ အညီတောင်းလို့သာ ကူညီတာပဲရှိ ပါတယ်၊ အန်တီ့မှာလည်း သား သမီးတွေက ကျွေးမွေးထားနိုင်ပါ တယ်ကွယ်''

စကားရှည်ကြီးကိုပြောလိုက် ရင်း မောသွားပုံရ၏။ ခဏနားပြီးမှ ဆက်ပြောပြပြန်သည်။

''ဒါကြောင့်မို့ သားသမီးတွေ က ပြောတာပါ၊ သူများနဲ့အတူနေ ရင် ကိုယ်မြှောက်ပေးလို့ ရန်ဖြစ်ကြ တာလို့ပဲ ထင်နေမှာတဲ့၊ ကိုယ်က လည်း ကိုယ့်တူလေးမျက်နှာရှိလို့ နေပေးနေရတာပါကွယ်၊ ပြန်ချင်နေ ပါပြီ''

''ဒါဆို အန်တီက ပြန်လို့ရပြီ ပေါ့နော်''

''အမယ်လေးလေး.....ထွန်း ထွန်းက အန်တီ့ကို သိပ်ချစ်တာကွဲ့၊ အန်တီ့အစ်မက မဆုံးခင်မှာ သူ့ သားကိုအပ်သွားတာလေ၊ ထွန်းထွန်း ကို အန်တီပဲထိန်းခဲ့ရတာ တူမရဲ့''

ပြောရင်းနှင့် စကားများက သက်သေပြလာ၏။ သူ့တူသေရင် သူပါလိုက်သေပါမည်လားဟု မေး လိုက်ချင်၏။ မည်သို့ပဲပြောပြော အနေအစားချောင်သည့်အတွက် မည်သည့်နေရာသို့သွားပါစေ လိုက် ပါမည့် အဘွားကြီးပင်။

''ဩော်.....သွားတော့မယ် တူမရေ့၊ ဟင်းချက်ရဦးမယ်ကွယ်''

''ဟုတ်ကဲ့ အန်တီ''

အပေါ်ထပ်သို့ လှေကားထစ် များအတိုင်း တလှုပ်လှုပ်တက်သွား သော အန်တီကြီးကို မေနှင်းက ရပ် ကြည့်ကျန်ရစ်ခဲ့၏။

§ § §

''ညီမက ဒေါ်လေးပြောတဲ့ မိန်းကလေးထင်တယ်''

''ရှင်.....ဘယ်က ဒေါ်လေး လဲရှင့်''

လှေကားထစ်တွင် အဆင်း၌ လှေကားပေါ်တက်လာသော အမျိုး သားက သူမအား နှုတ်ဆက်လာ ၏။ သေသေချာချာကြည့်လိုက်မှ မပွင့်ဖတ်လွှာ၏ခင်ပွန်းဖြစ်မှန်းသိ၍ အားနာသွားရသည်။

''အစ်ကိုက ရစ်လွှာကပါ၊ ဆုံး သွားသူရဲ့ခင်ပွန်းလေ''

''ဟုတ်ကဲ့ရှင့်၊ မေနှင်း မှတ်မိ ပါပြီ''

''ဩော်....ညီမကို တစ်ခုမေး ချင်လို့ပါ၊ အစ်ကို့ဇနီးဆုံးတာကို လူ သတ်မှုလို့ ပြောနေကြတယ်ဆို''

''ဟုတ်ပါတယ်၊ အန်တီပြော ပြလို့ မေနှင်းလည်း ရှင်းရှင်းလင်း လင်းသိသွားပါပြီရှင်၊ ပတ်ဝန်းကျင် က ဒီလိုပဲ ပြောနေကြမှာပါပဲ၊ နောက်တော့ အလိုလို ရပ်သွားပါ လိမ့်မယ်''

''ဒါပေါ့ကွယ်၊ ခုချိန်မှာတော့ သံသယမျက်လုံးတွေနဲ့ ကြည့်ကြမှာ ပါပဲ၊ အဲဒီကြည့်တဲ့ဒဏ်တော့ ခံနိုင် ရမှာပေါ့ကွယ်''

မြနှင်းလည်း နှုတ်ဆက်ပြီး နောက်ဖယ်ရီအမီပြေးရတော့သည်။ ဒါတောင် ထိုလူက စကားရှည်ချင် ပုံပါ။

''ဟင်း.....အလိုက်လည်းမသိ ဘူး၊ စကားစဖြတ်နေလည်း ဆက် ချင်သေးတယ်၊ နောင်ဆိုရှောင်မှပဲ၊ ကြည့်ရတာမိန်းမသာသေတယ်၊ ဒီ လူ့မျက်လုံးတွေက ရိုးသားမှုမရှိဘူး၊ ဒီလိုယောကျ်ားမျိုးက ဇနီးအပေါ် သစ္စာရှိပါ့မလား၊ သူလည်း အဝေး မှာ နေချင်သလိုနေ၊ ဖြစ်ချင်သလို ဖြစ်နေမှာပဲ''

မေနှင်းက လူတစ်ယောက်နှင့် စကားပြောကြည့်လိုက်သည်နှင့် ထို လူ၏စိတ်ဓာတ်ကို အလိုလိုသိနေ ၏။ ဤသည်မှာ မေနှင်း၏ မွေးရာ ပါ လူကဲခတ်ပညာဟုဆိုက မှား ပေ။ ဝါဝါလွင်နှင့်တွေ့ချိန်တွင် ပြောပြမိသည်။

''သူကရှင့်ကို သိချင်နေတာ၊ ရှင်ပြောလိုက်တဲ့စကားကို စုံစမ်း တာပဲဖြစ်မှာပါ၊ သူတို့များ သတ် လိုက်တာလားမသိဘူး၊ သတိထော့ ထားနော်၊ တော်ကြာ ရှင့်ကိုပါ ရန်မူနေဦးမယ်''

www.burmeseclassic.com

www.burmeseclassic.com

“ဥပဒေမဲ့တိုင်းပြည်မှမဟုတ်တာ ဝါဝါရယ်၊ မကြောက်ပါဘူးတို့ စိတ်မကောင်းဖြစ်တာက မပွင့်ဖတ်လွှာဟာတကယ်လုပ်ကြံခံရတာဖြစ်ရင် အဲဒီလူသတ်သမားကို ဖော်ထုတ်နိုင်ဖို့ ကူညီချင်တယ်”

“ရှင်က ဘယ်လိုကူညီနိုင်မှာလဲ”

“သူတို့နဲ့ နီးရာအခန်းတို့၊ မျက်နှာချင်းဆိုင်ရှိတဲ့ တိုက်ခန်းတွေထဲက တစ်ယောက်ယောက်တော့ တွေ့ချင်တွေ့ကြမှာကွ”

“ရဲတွေက စစ်ချက်ယူပြီး စုံစမ်းပြီးကြပြီကွာ၊ မရှိလို့နေမှာပေါ့”

မေနှင်းက ဖွဲမလျှော့ချင်ပေ။ အမှုမှန်ပေါ်ပေါက်ရာတွင်တာဝန်သိပြည်သူ၏အားလည်းလိုအပ်၏။ မပွင့်ဖတ်လွှာ သေဆုံးမှုတွင်လည်း တစ်စုံတစ်ဦးသာ တွေ့ခဲ့ပါက ဖော်ထုတ်နိုင်မည်မှာ ကေန်မလွဲပင်။

“ခက်တာက မြို့ပေါ်ကလူတွေ အများစုဟာ ကူညီချင်စိတ်နည်းတတ်ကြတယ် ဝါဝါ၊ လှေကားပေါ်တက်ပြီး ကိုယ့်တိုက်ခန်းထဲကို ရောက်တာနဲ့ အပြင်လောကနဲ့ အဆက်အသွယ်ပြတ်ရောပဲ၊ ဒီတော့ ကူညီခွင့်မရလောက်အောင် မသိတာလည်းပါတယ်၊ ဥပမာကွာ တိုက်လှေကားမှာ လုယက်မှုဖြစ်ရင်တောင် အကူအညီတောင်းချိန်မရကြဘူး၊ တံခါးတွေသော့ခတ်ပိတ်ထားတော့ ကူညီဖို့အခွင့်အရေးမရှိဘူးပေါ့”

“အဲဒီအစ်မဘက်က အမျိုးတွေလည်း ရောက်မလာကြဘူးနော်”

“အစ်ကိုတစ်ယောက်ပဲရှိတာတဲ့၊ သူလည်း အမေရိကားမှာနေတော့အကြောင်းကြားမှာမဟုတ်ဘူး”

“အေးဟယ်၊ ရင်နာစရာပ`နော်”

မေနှင်းက မြန်မာပြည်တွင်ရှိနေလျှင် ပြေးပြောပြလိုက်ချင်ပါ၏။ ပြီးတော့လည်း မေနှင်းက ထောက်လှမ်းစုံစမ်းရာတွင် ဝါသနာပါသူပါ။ အထူးသဖြင့် အမှုအခင်းတစ်ခုခုဖြစ်လျှင် ရှေ့ဆုံးက ရောက်သွားတတ်သေး၏။

“ရှင်အလုပ်လုပ်တာ ရဲတပ်ဖွဲ့ထဲဝင်ဖို့ကောင်းတယ်၊ အမျိုးသမီးအကြမ်းဖက်နှိမ်နင်းရေး ရဲမပေါ့နော်”

“မေမေကမှ ခွင့်မပြုတာကွာ၊ ဒီတော့ သူတို့ခွင့်ပြုတဲ့အလုပ်ပဲလုပ်ရတော့တာပေါ့”

မေနှင်းအစ်ကိုက နယ်တွင်တာဝန်ကျနေသော ရဲအုပ်တစ်ယောက်ပါ။ ဒေါ်ခင်ဝေက သားနှင့်အဝေးမှာနေရသည့်အတွက် သမီးဖြစ်သူအား အဝေးသို့ အလုပ်သွားမလုပ်စေလိုပေ။ မိန်းကလေးဖြစ်သည့်အတွက် ပို၍စိတ်မချဖြစ်ရသည်။

§ § §

“အစ်မ.....အစ်မက ကျွန်တော်တို့ရှေ့ကတိုက်မှာနေတာနော်”

ရုတ်တရက် မည်သူမှန်းမသိပေ။ ထိုကောင်လေးကိုလည်း မေနှင်းကမသိ။ သူကတော့ မေနှင်းကို သိနေ၏။ ကောင်လေးမှာ အသက် ၁၅ နှစ်ခန့်သာရှိပေမည်။ ကျောင်းသားအရွယ်လေးပါ။ အိမ်နီးနားချင်းဖြစ်သည့်အတွက် မေနှင်းက စကားပြောလိုက်၏။

“ကျွန်တော်က ရှစ်လွှာကပါ အစ်မ”

---

**တရားဥပဒေကိုချစ်ရင် တရားတဲ့ဘက်က နေလိုက်ပါရမှာပေါ့ ဗညားရယ်၊**

**ဥပဒေဟာ အမှန်တရားကိုဖော်ထုတ်ပေးပြီး**

**ဒုစရိုက်သမားကို ပြစ်ဒဏ်ချမှတ်ဖို့ ပြဋ္ဌာန်းထားတာလေ၊**

**မကောင်းမှုကို ဖော်ထုတ်နိုင်ရမှာပေါ့ ...**

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ မင်းကိုကြည့်ရတာ တစ်ခုခုပြောချင်နေသလိုပဲ၊ အစ်မကို ဘာပြောချင်လို့လဲကွ"

"ဟိုလေ ဒီကိစ္စက နှုတ်လုံမှ ဖြစ်တာအစ်မရဲ့၊ အပြင်မှာပြောလို့လည်း မဖြစ်ဘူး"

"ဗုဒ္ဓေါ.....မင်းက အပြင်မှာ မပြောလို့ ဘယ်မှာပြောချင်လို့လဲ ကောင်လေးရဲ့"

မေနှင်းစကားကြောင့် ကောင်လေးက ရှက်သွေးဖြာသည့်မျက်နှာဖြင့် သူစကားပြောလောသွားမှန်း သိသွား၏။ သည်တော့ ကမန်းကတန်း ရှင်းပြသည်။

"အစ်မ ကျွန်တော့်ကို ယုံကြည်ပါ၊ ကျွန်တော်ပြောချင်တယ်ဆိုတာထက် ကျွန်တော်ပြတာကို ကြည့်လိုက်ရင် အစ်မက ပိုပြီးတော့ သဘောပေါက်သွားမှာပါဗျာ"

"အလို...ရှင်းမှပိုရှုပ်သွားပြီ ကောင်လေးရာ၊ နေပါဦး၊ မင်းကိစ္စက ဥပဒေနဲ့မလွတ်လို့လား"

"မဟုတ်ဘူး အစ်မ၊ လာ... ကျွန်တော်ပြမယ်၊ ခဏလေးနော်၊ ဖုန်းထုတ်လိုက်ဦးမယ်"

ကောင်လေးက သူ့လက်ကိုင်ဖုန်းကိုထုတ်ယူ၍ ဗီဒီယိုဓာတ်ပုံကို ပြလိုက်၏။ လက်ကိုင်ဖုန်းထဲမှဓာတ်ပုံများကို တွေ့သည့်နောက်.....

"ဟင်....ဒါ....ဒါ တို့တိုက်ရဲ့ ရှစ်လွှာက ပြုတ်ကျသေတဲ့ ဓာတ်ပုံတွေပဲ၊ ဟာ...ဟုတ်ပြီ၊ အစ်မ ထင်တဲ့အတိုင်းပဲ၊ ဟိုလူ ယုတ်မာတာပဲ"

"ဟုတ်တယ် အစ်မ၊ အဲဒီအချိန်က ကျွန်တော် ဝရန်တာမှာရှိနေတယ်၊ သူတို့အိမ်ထဲမှာ ပြောဆိုသံ၊ ငိုသံ၊ ပစ်ပေါက်သံတွေကြားရလို့ ထွက်ကြည့်တာပဲ၊ မျက်နှာချင်းဆိုင်တိုက်ဖြစ်တဲ့အပြင် အလွှာချင်းကလည်း တူနေတော့ ကျွန်တော်တို့အပေါ်မှာ အခန်းမရှိတော့ဘူးလေ၊ ဒီတော့ မြင်နေ၊ တွေ့နေရတာပေါ့ဗျာ"

မေနှင်းက ကောင်လေးကို ကျေးဇူးတင်သွားမိသည်။ သူမမျှော် လင့်သည့် သဲလွန်စက ခိုင်မာသော သက်မဲ့သက်သေများ ဖြစ်နေသည့် အတွက် ထိုဗီဒီယို Fileလေးပျောက် ပျက်သွားမည်ကို စိုးရိမ်နေရ၏။

"ကောင်လေး...လာ၊ တို့တွေ သက်ဆိုင်ရာကို သတင်းသွားပေးရမယ်"

"ကျွန်တော် ကြောက်တယ် အစ်မ"

"လာပါကွာ၊ မင်းကိုတောင် ဂုဏ်ပြုကြဦးမှာပါ၊ ဒီကိစ္စက လူသတ်မှုဖြစ်မယ်မှန်း အစ်မ အစကတည်းက သိနေတာကွ၊ မင်းကို ကျေးဇူးသိပ်တင်တယ်"

ကောင်လေးက ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်နေသည့်အတွက် မေနှင်းက အားပေးလိုက်ရသည်။ သူတို့နှစ်ဦးသည် တက္ကစီတစ်စီးကို ငှား၍ --မြို့နယ်ရှိ --မြို့မရဲစခန်းသို့ ထွက်သွားလိုက်ကြတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မင်းနာမည် ဘယ်သူလဲ ကောင်လေး"

"ဗညားဦးပါ အစ်မ၊ အစ်မက ရော"

"တို့က မေနှင်းသက်ကိုတဲ့၊ ကဲ.....တို့မောင်နမရဲ့ တာဝန်သိတတ်မှုကို အားလုံးက လက်ကမ်းကြိုဆိုကြမှာပါကွာ၊ ဒါနဲ့ မင်း ဖုန်းနဲ့ ဗီဒီယိုရိုက်နေတာကို ဘယ်သူမှ မသိကြဘူးလား"

"အိမ်ကိုတော့ မပြောရဲလို့ မပြောပြဘူး၊ ဒါပေမဲ့ သူငယ်ချင်းတွေကို သွားပြတော့ သူတို့က မင်းသူများတွေကို သွားမပြနဲ့တဲ့၊ မင်းပါ အမှုပတ်နေလိမ့်မယ်တဲ့၊ သေတဲ့သူလည်း သေပြီပဲ၊ ကျန်သူက သူ့ယောက်ျားပဲဆိုတော့ သနားပါတယ်လို့ ပြောတယ် အစ်မ"

"မင်းသနားရမှာက လုပ်ကြံခံရတဲ့ မပွင့်ဖတ်လွှာကိုပဲကွ၊ တရားဥပဒေကိုချစ်ရင် တရားတဲ့ဘက်က နေ လိုက်ပါရမှာပေါ့ ဗညားရယ်၊ ဥပဒေဟာအမှန်တရားကိုဖော်ထုတ်ပေးပြီး ဒုစရိုက်သမားကို ပြစ်ဒဏ်ချမှတ်ဖို့ ပြဋ္ဌာန်းထားတာလေ၊ မကောင်းမှုကို ဖော်ထုတ်နိုင်ရမှာပေါ့ကွာ"

"ဟုတ်ကဲ့ပါ အစ်မ၊ ကျွန်တော် သဘောပေါက်ပါပြီဗျာ၊ ဟိုအစ်ကိုကြီးကို ကျွန်တော်လေ့လာနေတာပါ၊ မနေ့ညက အမျိုးသမီးခပ်ဟော့ဟော့တစ်ယောက်နဲ့တွေ့ခဲ့တယ်၊ တော်တော်လေးရင်းနှီးပုံပါပဲ"

"အိမ်ထဲမှာတွေ့တာလား၊ အပြင်မှာလား"



ဗညားဦးက သူတွေ့ခဲ့သမျှကို မေနှင်းသီရိန် ပြောပြနေ၏။

"ရက်လည်နေ့က တစ်ခါ၊ မနေ့က အပြင်မှာတစ်ခါပါ၊ သူတို့ အိမ်က အဒေါ်ကြီးနဲ့ပါ အဆင်ပြေပုံပါပဲ"

"လူသတ်မှုဖြစ်နေတာ သူတို့မှာ လျှို့ဝှက်ချက်ရှိမှာပေါ့ကွာ၊ ရဲက စစ်ဆေးရင် အမှန်ပေါ်မှာပဲ၊ ဒီလူက မင်းသားရုပ်တပ်ထားတဲ့ ဘီလူးပဲ ဗညား"

"အစ်မကိုလည်း ကျွန်တော် ကျေးဇူးတင်ပါတယ်၊ အစ်မပြောပြလို့ ကျွန်တော် သတ္တိရှိလာရတာပါဗျာ၊ အစ်မကိုသာ ဖွင့်မပြောမိရင် သေသွားတဲ့အစ်မကြီးအတွက် တစ်သက်လုံး စိတ်မကောင်းဖြစ်နေမှာပဲ"

စကားတပြောပြောနှင့်ရဲစခန်း

သေဆုံးသူရဲ့
သူငယ်ချင်းတွေ
ပြောစကားက
သေဆုံးသူဟာ
စိတ်ညစ်တိုင်း
သူတို့ဆီရောက်လာပြီး
ရင်ဖွင့်တာတဲ့၊
အိမ်ထောင်ရေးဒုက္ခကို
ခါးသီးစွာ
ခံစားနေရသူတဲ့ . . .

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ.....ပွင့်လေးကသူ့ကိုယ်သူ သတ်သေတာမဟုတ်ဘူးလား"

"ဆေးစစ်ချက်အရကျွန်တော်တို့က တရားခံကို စုံစမ်းနေတာပါ၊ ကိုယ့်ဘက်က သက်သေခိုင်လုံအောင် ဖော်ထုတ်ရမှာမဟုတ်လား ဗျာ"

စန်းမှူး၏စကားကြောင့် သက်ပြင်းတစ်ချက်ကို တိတ်တဆိတ် ခိုးချလိုက်ရ၏။ တရားခံကို မိထားပြီဟုဆို၍ တုန်လှုပ်သွားသည်။ ထွဋ်ခေါင်ဝေယံဦးက စန်းမှူးပြောလာမည့်စကားအား စောင့်စားနေမိ၏။

"ခင်ဗျားပြောသလို သေဆုံးသူမှာ သူ့ငယ်ချစ်ဦးရှိတယ်ဆိုလို့ သေဆုံးသူနဲ့ပတ်သက်သူတွေကို စုံစမ်းကြည့်တော့ မိန်းကလေးသူငယ်ချင်းတွေပဲ ရှိပါတယ်ဗျာ၊ ခင်ဗျားပြောသလို ဖုန်းနဲ့ချိန်းတာမျိုးလည်း မတွေ့ရပါဘူးဗျာ"

"အဲဒါဆို သူနဲ့ဖောက်ပြန်သူများ ဖြစ်မလားဗျာ"

"ဟာ...သိပ်ဖြစ်နိုင်တာပေါ့"

စန်းမှူးက ထိုစကားပြောလိုက်သည်နှင့် ထွဋ်ခေါင်ဝေယံဦး၏ မျက်နှာမှာ ပြုံးရွှင်သွားတော့သည်။

"ဒေါ်လေးပြောတာ မှန်တယ်ဗျ၊ ပွင့်လေးက တစ်ခါတလေ ပြင်ဆင်ပြီးထွက်သွားတာ မှောင်မှပြန်လာတာတဲ့၊ ပြီးတော့ သူ့ကိုကားတစ်စီးက အမြဲလိုက်ပို့တာတဲ့"

"တက္ကစီနဲ့လာတာရောမဖြစ်နိုင်ဘူးလားဗျာ၊ ခင်ဗျားရဲ့အဒေါ်စကားကို ခင်ဗျားက ယုံကြည်တာပဲလား၊ သေဆုံးသူရဲ့သူငယ်ချင်းတွေပြောစကားက သေဆုံးသူဟာ စိတ်ညစ်တိုင်း သူတို့ဆီရောက်လာပြီး ရင်ဖွင့်တာတဲ့၊ အိမ်ထောင်ရေးဒုက္ခကို ခါးသီးစွာ ခံစားနေရသူတဲ့၊ ခင်ဗျားကရော ဒီကိုပြန်လာတာ ရှင်းရှင်းလင်းလင်းရှိရဲ့လား"

"ဗျာ.....ဆရာတို့က ဘာကိုပြောတာလဲဟင်၊ ကျွန်တော် နားမလည်ဘူး"

တကယ်မသိတာလား၊ မသိချင်ယောင်ဆောင်တာလားဟု စန်းမှူးက မေးလိုက်ချင်၏။

"ခင်ဗျားကမြန်မာပြည်ကိုပြန်လာတော့ ဟိုမှာအိမ်ထောင်ကျခဲ့တဲ့ နွယ်နီလိုင်နဲ့အတူတူပြန်လာတာဆို၊ အဲဒီကိစ္စနဲ့ ခင်ဗျားတို့ စကားများရန်ဖြစ်ကြတာမဟုတ်လား"

"ဗျာ.....ဆရာတို့က ဘယ်လိုလုပ် သိကြတာလဲဗျာ"

"သေဆုံးသူ ရင်ဖွင့်ခဲ့တဲ့ သူ့သူငယ်ချင်းတစ်ယောက် ပြောပြတာရယ်၊ ပတ်ဝန်းကျင်က ကြားရတဲ့ စကားတွေရယ်ပေါ့ဗျာ၊ ဟုတ်၊ မဟုတ်သာဖြေပါ"

"ဟုတ်ပါတယ် ဆရာ၊ ဒါလည်း သူက စာနာစိတ်မရှိတာပါ"

"ဩော်.....ခင်ဗျားက ဟိုမှာနေချင်သလို နေခဲ့ပြီး မိန်းမဆီကို ရောက်တာတောင် မပြတ်ဘဲ ပြန်ဆက်နေတာ ခင်ဗျားလုပ်ရပ်ကို ဘယ်မိန်းမက ခွင့်လွှတ်မှာလဲ၊ စဉ်းစားဦးလေ"

ထွဋ်ခေါင်ဝေယံဦးက စကားသံတိတ်သွားတော့သည်။ စန်းမှူးရှေ့သို့ ရောက်လာကြသည်။ မေနှင်းက ကြောက်မည်စိုး၍ ဗညားဦး၏လက်ကို ဆွဲကိုင်ခေါ်လာကာ စခန်းရှေ့တွင်ရှိသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား စခန်းမှူးနှင့်တွေ့လိုကြောင်း ခွင့်တောင်းလိုက်၏။ ခဏအကြာတွင်.....

"ညီမ စခန်းမှူးကဝင်ခဲ့ပါတဲ့"

"ဟုတ်ကဲ့ရှင့်၊ လာ...ဗညား"

ဇ ဇ ဇ



www.burmeseclassic.com

က သူ့တပ်ဖွဲ့ဝင်တစ်ဦးအား မျက်ရိပ်ပြလိုက်သည်နှင့်.....

''ကဲ.....ဗီဒီယိုမှာ ပေါ်လာတဲ့ ဓာတ်ပုံတွေကို ကြည့်ပါဦး၊ အဲဒါ ဘယ်သူတွေဖြစ်နိုင်မလဲ၊ ပြောပါဦးဗျာ''

ဓာတ်ပုံမှပေါ်လာသော မြင်ကွင်းက ထွဋ်ခေါင်ဝေယံဦးအတွက် ဖွင့်ပြောစရာမလိုသော ဖြစ်ရပ်မှန်များ ဖြစ်နေ၏။

''ဟင်..ဒါ...ဒါ ဘယ်လိုရိုက်တာလဲ၊ ဘယ်သူရိုက်ထားတာလဲ ဟင်''

သွေးရူးသွေးတန်းနှင့် မျက်စိမျက်နှာ ပျက်နေတော့သည်။ သူ့လုပ်ရပ်အား မည်သူမျှမသိနိုင်ဟု ထင်ထားသမျှ ယခုတော့ ဘူးပေါ်သလို ပေါ်ချေပြီ။



''ကြည့်ပါဦးဗျာ၊ မိန်းမကို ရိုက်နှက်ထိုးကြိတ်ထားပြီးမှ ဝရန်တာကိုဆွဲခေါ်ပြီး တွန်းချတာ ဘယ်လောက်များ လူမဆန်တဲ့ယောကျ်ားလဲဗျာ၊ ခင်ဗျားကိုယ်ခင်ဗျား ယုတ်မာတဲ့ယောကျ်ားဆိုတာ ဝန်ခံပြီလား''

ခေါင်းငုံ့ပြီးမဖြေပါ။ သူ့စိတ်ထဲတွင် ထိုဗီဒီယိုမှတ်တမ်းအား မည်သည့်အခန်းက ခိုးရိုက်ထားသည်ကို တွေးနေမိပုံရ၏။

''ဆက်ပြောလိုက်ဦးမယ်၊ ခင်ဗျားနဲ့ နွယ်နီလှိုင်တို့ အတူနေနိုင်ဖို့အတွက် ပွင့်ဖတ်လွှာကို တိုက်ပေါ်က တွန်းချသတ်လိုက်တာပဲ၊ ဒါကို ဥပဒေကို မျက်ကွယ်ပြုပြီး သေဆုံးသူရဲ့သိက္ခာကို ချနိုင်သေးတယ်နော်''

''ကျွန်တော် မှားခဲ့ပါတယ် ဆရာ''

စခန်းမှူးက ပြုံးလိုက်၏။ တရားခံထံမှ ဖြောင့်ချက်က အထူးမေးစရာပင် မလိုတော့ပေ။

''ပြီးတော့ ခင်ဗျားသိအောင် ပြောလိုက်ဦးမယ်၊ ပွင့်ဖတ်လွှာရဲ့ အစ်ကိုက သူ့ညီမ သေဆုံးမှုဟာ ဘယ်နည်းနဲ့မှသူ့ကိုယ်သူသတ်သေတာ မဖြစ်နိုင်ဘူးဆိုပြီး သေမှုသေခင်းကို ပြန်စစ်ဆေးဖို့ အကြောင်းကြားစာ ပို့ထားသေးတယ်၊ အဲဒါကြောင့်မို့ ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေက လူတစ်ဦးအတွက် မနစ်နာစေအောင် အမှုကို ပြန်လှန်စစ်ဆေးတာပဲ၊ ကံတရားက ကျုပ်တို့ကို ကူညီတယ်၊ ဒီတော့ ခင်ဗျားရဲ့

လုပ်ရပ်က လူသတ်မှုဆိုတာ ပြေးမလွတ်တော့ဘူးပေါ့''

ထွဋ်ခေါင်ဝေယံဦးမှာသူ့အမှားအတွက် ပေးဆပ်ရပေတော့မည်။ နွယ်နီလှိုင်နှင့်အတူနေခွင့်သည် သူ့အဖို့ ဝေးရပေဦးမည်။ သူပြန်လွတ်လာလျှင်ရော နွယ်နီလှိုင်က သူ့အား ပြန်လက်ခံနိုင်ပါမည်လား။ လုံးဝဖြစ်နိုင်မည်မဟုတ်ပါ။

''နွယ်နီက ပွင့်လေးမရှိမှ ကျွန်တော့်ကိုယူမယ်ဆိုလို့ပါ ဆရာရယ်''

သူ့အား မည်သူမျှ သနားကြမည်မဟုတ်တော့ပေ။ စက်ဆုပ်ရွံရှာသော မျက်ဝန်းများဖြင့်သာ ကြည့်နေကြ၏။

❀ ❀ ❀

''မေမေရေ တိုက်ပေါ်ကခုန်ချခဲ့တဲ့အစ်မက အသတ်ခံရတာတဲ့၊ ဒီ ဂျာနယ်မှာ ဝရန်တာက တွန်းချခဲ့တဲ့ ဓာတ်ပုံတွေတောင်ပါတယ်''

''ဟုတ်လား သမီး၊ ပြစမ်းပါဦး၊ ဟယ်.....ဟုတ်ပါရဲ့၊ ရက်ရက်စက်စက်နော်''

''အဲဒါ သူ့ယောကျ်ားကိုယ်တိုင်က သတ်တာတဲ့ မေမေ၊ နောက်မိန်းမ ယူချင်လို့သတ်တာတဲ့''

''ကျွတ်....ကျွတ်....ကျွတ်၊ ယုတ်မာလိုက်တာနော်၊ မိန်းမက အိုနာကျိုးကန်းဆိုရင် ထားပါတော့၊ ဒီလောက် ချောချောလှလှနဲ့ ချစ်စရာကောင်းတဲ့ မိန်းလေးကိုသတ်

www.burmeseclassic.com

www.burmeseclassic.com


ရက်တဲ့ လင်သားဟာ ဘယ်လို ယောကျ်ားမျိုးပါလိမ့်နော်''

မေနှင်းက သူထင်ထားသည့် အတိုင်းဖြစ်နေ၍ ဒေါ်ခင်ဝေကို ပြောပြလိုက်၏။

''သမီးပြောတာ မှန်တယ် မဟုတ်လား မေမေ''

''အေးပါကွယ်၊ အစက မေမေက ဘယ်ထင်ရက်ပါ့မလဲ သမီးရယ်၊ ဩော်.....လောကကြီးက ကြောက်စရာကောင်းပါလား၊ သံယောဇဉ်ဆိုတာ တဖြည်းဖြည်းနဲ့ ပျောက်ကွယ်ကုန်တော့မှာလား၊ မေတ္တာပါတဲ့ အိမ်ထောင်ရေး၊ အချစ်နဲ့တည်ဆောက်တဲ့ အိမ်ထောင်ရေး၊ နှလုံးသားနဲ့ တည်ဆောက်တဲ့ အိမ်ထောင်ရေးမျိုးတွေ လျော့ပါးလာကုန်ကြပြီကွယ်၊ သူတို့က အိမ်ထောင်ရေးကို လွယ်လွယ် သဘောထားတတ်ကြပါလားနော်''

''ဟုတ်တယ် မေမေ၊ အခုခေတ်မှာ အများစုက ငွေနဲ့တည်ဆောက်တဲ့ မေတ္တာပဲရှိတော့တယ်၊ ကိုယ့်ဘဝကိုလည်း တန်ဖိုးမထားကြတော့ဘူး၊ လွယ်လွယ်ယူပြီး မြန်မြန်ကွဲသွားကြတာပဲ၊ တချို့တော့ မေတ္တာပါတဲ့ အိမ်ထောင်ရေးနဲ့တည်ဆောက်တဲ့သူတွေ ရှိကြပါတယ်လေ''

''သမီးလည်း အိမ်ထောင်ပြုရင် စဉ်းစားနော်၊ သေသွားတဲ့ မိန်းကလေးရဲ့ယောကျ်ားမျိုး မဖြစ်စေနဲ့နော်''

''မေနှင်းက ယူကိုမယူတာ၊ ကိုယ့်ပတ်ဝန်းကျင်ကိုကြည့်ပြီးစိတ်ညစ်လို့ပါ မေမေ''

ဒေါ်ခင်ဝေက သမီးဖြစ်သူကို ပြုံးကြည့်၍ ကျေနပ်သွား၏။ တကယ်လည်း မေနှင်းက အိမ်ထောင်ပြုချင်စိတ် မရှိပေ။ လောကကြီးတွင် ဟန်ဆောင်မျက်နှာဖုံးတပ်ထားသော ယောကျ်ားများ ရှိတတ်ကြ၏။ ပွင့်ဖတ်လွှာ၏ အဖြစ်လေးက မေနှင်းအတွက် ပညာပေးလိုက်သလို ရှောင်ကြဉ်ရမည့်အသိ ရသွားခဲ့သည်။

လေးစားစွာဖြင့်
ထက်ထက်ဦးဝေ


# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**
ခရသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်
- တိုက်(၂)၊အခန်း(၀၁၁)၊၄-လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၂၀၀၄၉၁၊
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၄၁၂၃၈၊


www.burmeseclassic.com

www.burmeseclassic.com



# မောင်မောင်လွင် (ညောင်လေးပင်)

# ဂမ္ဘီရပိတုန်း

www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတည်းဟူသော အနန္တောအနန္တငါးပါးအား ဦးထိပ်ထားလျက်.....

လွန်ခဲ့သော ၁၆ နှစ်ခန့်က ကျွန်တော် ဝန်ထမ်းဘဝတွင် တစ်နေ့၌ ၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ၊ အုပ်ရာပြည့်အထူးထုတ် နက္ခတရောင်ခြည်မဂ္ဂဇင်းမှ စာရေးဆရာ သီဟဗလ ရေးသားသော "စိန်ခေါ်လျှင် တိမ်ပေါ်အထိလိုက်မည့် ပိတုန်း"ဆောင်းပါးကို ဖတ်ရှုခဲ့ရသည်။

ဤတွင် ဆောင်းပါး၏ အရေးကြီးသောအပိုင်းအား အကြမ်းဖျင်းမျှ ဖော်ပြလိုက်ပါသည်။ အိမ်ခြံလေးထောင့်တွင် ကြက်သွန်ပင်စိုက်က အိမ်သို့သူခိုးမဝင်နိုင်ဟုဆို၍ တချို့က ကြက်သွန်ပင်မှာ ရာသီပင်ဖြစ်သဖြင့် တာရှည်မခံဟုဆိုကာ ကသစ်ပင်ကို စိုက်ထားတတ်သည်။

တနင်္လာနှင့် သောကြာဟူသော ကြက်သွန်၊ကသစ်တို့မှ သောကြာနှင့် တနင်္လာတည်းဟူသော "သူခိုး"၏ ကက်ကင်းဓာတ်ကျခြင်းကြောင့် အကာအကွယ်ပေးနိုင်ကြသည်ဟုဆို၏။

ငွေကြေးချမ်းသာသူများက ဓားပြတိုက်မခံရအောင် ဓားပြဟူသော စနေ+ကြာသပတေးတို့၏ ကက်ကင်းဓာတ်ဖြစ်သည့် ပြဒါး (ကြာသပတေး+စနေ)ကို ပုလင်းတွင်ထည့်ပြီး အိမ်၏ခြံလေးထောင့်၌ မြှုပ်ထားလေ့ရှိကြ၏။

ပြဒါးက ရိုးရိုးကာကွယ်ပေးသော်လည်း "ပိတုန်းက ဖိုက်တာလေဗျာ၊ သူကတော့ မွေ့ပွေးလိုကောင်၊ လာမထိနဲ့၊ ရန်သူနဲ့တိုက်ခိုက်မှုဟာ ပြင်းထန်ရင် ပြင်းထန်သလောက် သူ့ရဲ့တုံ့ပြန်မှုကလည်း ကြောက်စရာကောင်းတယ်"ဟူ၍ ဆရာကြီး ဦးလှော်ပြောပြသော သူ့ကိုယ်တွေ့အဖြစ်အပျက်များထဲမှ နမူနာတစ်ခုမှာ...

ရောင်စုံသူပုန်များ ကြီးစိုးသောကာလတွင် ရောင်စုံသောင်းကျန်းသူများ (ယခင်ကာလမှ အခြေအနေများဖြစ်ပါသည်။) ကြီးစိုးသောဒေသမှ လက်ပံကုန်း ရွာနေ ဦးသာညိုမှာ အခြားငွေကြေးချမ်းသာသူတို့ မြို့ကြီးပြကြီးသို့ ပြောင်းသွားသော်လည်း ၎င်းက မိမိနေခဲ့သောနေရာကို မခွဲနိုင်ဘဲ နေခဲ့ရာ တစ်နေ့၌ ဦးသာညိုတစ်ယောက်တည်းရှိခိုက် ဓားပြ စိုးကြီးအဖွဲ့ရောက်လာသည်။ ဦးသာညိုက ကြောက်ရွံ့ခြင်းမရှိ။ ရှိသမျှ ရွှေ၊ ငွေ အားလုံးထုတ်ပေး၏။

---

**ရေးရေးတုန်းက**
**မြန်မာဘုရင်တွေ**
**ပလ္လင်တော်ရှစ်ခန်းကို**
**သူ့အစီအရင်နဲ့သူ စီရင်ပြီး**
**စနစ်တကျအသုံးချခဲ့ရာမှာ**
**ပိတုန်းရုပ်ခံတဲ့**
**ဘမယာသနပလ္လင်လည်း**
**ပလ္လင်တော်ရှစ်ခန်းမှာ**
**တစ်ခုပါခဲ့တာပေါ့ ...**

www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန် လူအင်အားပိုမိုများသည့် အကြမ်းဖက်သောင်းကျန်းသူ နီတွတ်တို့အဖွဲ့ ရောက်လာကာ နှစ်ဖွဲ့ စကားများပြီးပစ်ခတ်ကြရာ သေကျေဒဏ်ရာရကြသည်။ လက်လွတ်ထွက်ပြေးသူများကို ကျေးရွာပြည်သူ့စစ်အဖွဲ့က ဝိုင်းဝန်းဖမ်းဆီးလိုက်ကြသည်။ အိမ်ခြံထဲတွင်တော့ အလောင်းများ၊ ဒဏ်ရာရသူများဖြင့်မြင်မကောင်းအောင် သွေးရောင်လွှမ်းသွား၏။ ဦးသာညိုတစ်ယောက် ဘေးမသီ၊ ရန်မခ၊ ပစ္စည်းမဆုံးရှုံးဘဲ ခေါင်းမာမာနှင့် နေရဲသည်မှာ သူဆောင်ထားသော ပိတုန်းလေးကိုတွေ့မှ ''ဩော်.....ဒါကြောင့်ကိုး''ဟု သိကြရတော့သည်။

''ဒီလိုဆို ဒီကောင်ကလေးက မားပြချည်းမဟုတ်ဘူး၊ အကြမ်းဖက်သောင်းကျန်းသူရန်ကိုလည်း ကြောက်စရာမလိုဘူးပေါ့၊ ဟုတ်လား ဆရာကြီး''

ထိုသို့မေးမြန်းရာ.....

''ကျုပ်ပြောပြီးပါပကော၊ ကိုယ့်ကိုရန်ပြုလာမယ့်သူ မှန်သမျှကို ဘာကောင်မှ ချမ်းသာမပေးဘူး၊ မြင်နိုင်တဲ့ ရန်သူကို မဆိုထားနဲ့၊ မမြင်နိုင်တဲ့ စုန်းတိုက်၊ နတ်တိုက်၊ ပယောဂတိုက် အားလုံးကိုတောင် အပြတ်နှိမ်နင်းပစ်တာဗျ၊ ဒီတော့ ဘာရန်ကိုမှ မှုစရာမလိုဘူး''

ထိုသို့ ဆရာကြီး ဦးလှော်ကပြောရင်း လက်တွေ့ စမ်းသပ်ချင်ရင် စမ်းသပ်ကြည့်ဟုပြောကာ စာရေးသူကို ပေးလိုက်၏။

ဆရာကြီးပေးလိုက်သော အဆောင်ရုပ်ကလေးကို ယူခဲ့သော်လည်း ဘုရားကျောင်းဆောင်အောက်တွင်ထားပြီး သတိမရဘဲ မေ့မေ့ပျောက်ပျောက်နေခဲ့သည်။ဤတွင် စာရေးသူ၏အမျိုးသမီးနှင့် အခြားမိသားစု စကားများ၊ ရန်ဖြစ်ကြသည်။ ကျွန်ုပ်၏ဇနီးက မေတ္တာသမားတစ်ဦးဖြစ်၍ အာဃာတမထားသော်လည်း တစ်ဖက်က မိမိတို့၏ အသက်အန္တရာယ်ပြုဖို့ မြင်သာသည့်၊ မမြင်သာသည့် နည်းပေါင်းစုံဖြင့် လုပ်သည်ကို စာရေးသူတို့က မသိသော်လည်း ရွှေပိတုန်းကသိပြီး တုံ့ပြန်ရာ တစ်ဖက်မိသားစု ဆွေမျိုးစုအတွင်း၌ ဝမ်းနည်းကြေကွဲစရာ၊ ထိတ်လန့်စရာများ တစ်ခုပြီးတစ်ခု ဖြစ်ပွားခဲ့ရာ ၎င်းတို့မိသားစုထဲမှ စိတ်ကောင်းစေတနာကောင်းရှိသူများက စာရေးသူတို့ကို လာရောက်ဝန်ချတောင်းပန်ကာ ကန်တော့ခဲ့ကြကြောင်း ကျွန်တော် ဖတ်ရှုခဲ့ရပါသည်။

မိမိဇနီးမှ တူသားကဲ့သို့ချစ်ခင်သော မင်းအောင်နိုင် (စား/ဖျော်)ကို ခဏငှားပေးလိုက်သည်တွင် တိုင်းရင်းသား မွန်လူမျိုးဖြစ်၍ မြန်မာ့ရိုးရာလက်ဝှေ့ကို ဝါသနာပါသည်။ တစ်ကြိမ်မျှ ကြိုးဝိုင်းထဲတွင် မဝင်ဖူးပါဘဲလျက် ပိတုန်းရုပ်ဆောင်ပြီး လှိုင်နယ်မြေ အားကစားရုံကြီးထဲ အကြီးတန်း၌ လက်ဝှေ့ဝင်ထိုးသည်။ ချန်ပီယံဆုကြီးကို ပထမအချီတွင် အလဲထိုးအနိုင်ယူခဲ့၏။ ပိတုန်း အစွမ်းကြောင့်ဟုဆိုသည်။

သူ၏သူငယ်ချင်းအမှုတွင်လည်း မရိုးမသား စီရင်ချက်ချသဖြင့် ဤပိတုန်းလေးကို အသုံးပြုကာ ထုချေရှင်းလင်းသည်တွင် အနိုင်ရခဲ့ကြောင်း မင်းအောင်နိုင်က စာရေးသူကို ပြောပြခဲ့သည်။ ဆရာကြီး ဦးလှော်အား ပိတုန်းရုပ်ပြန်ပေးစဉ် အကြောင်းစုံကို ပြောပြသည့်အခါ ဆရာကြီးက.....

''ရှေးရှေးတုန်းက မြန်မာဘုရင်တွေ ပလ္လင်တော်ရှစ်ခန်းကို သူ့အစီအရင်နဲ့သူ စီရင်ပြီး စနစ်တကျအသုံးချခဲ့ရာမှာ ပိတုန်းရုပ်ခံတဲ့ ဘမယာသနပလ္လင်လည်း ပလ္လင်တော်ရှစ်ခန်းမှာ တစ်ခုပါခဲ့တာပေါ့ဗျာ၊ ဘယ်ပလ္လင်တွေဟာ ဘာသားနဲ့ထုတယ်၊ ဘာအရုပ်ခံတယ်၊ ဘယ်လိုအစီအရင်တွေလုပ်ထားပြီး ဘယ်လိုကိစ္စတွေမှာအသုံးပြုတယ်ဆိုတဲ့ မှတ်တမ်းမှတ်ရာတွေရှိတယ်၊ ဒါပေမဲ့ ပိတုန်းရုပ်ခံတဲ့ဘမယာသနပလ္လင်အကြောင်းပဲပြောမယ်''

ထိုသို့ဆိုကာ ရှေးလောကီ ဝိဇ္ဇာပညာရှင်များမှ ရေ မြေသနင်း ပြည့်ရှင်မင်းများအား အတိုက်အခိုက်ကိစ္စများ၌ အောင်မြင်စေရန် ရည်သန်၍ ပိတုန်းရုပ်ခံသော ဘမယာသနပလ္လင်ကို စီရင်ခဲ့ခြင်းဖြစ်ကြောင်း၊ စစ်ထွက်ရန် အမိန့်တော်ပြန်သည့် အခမ်းအနားများကို ဘမယာသနပလ္လင်ထားရှိရာ၌ ကျင်းပပြီး ယင်းပလ္လင်တော်ပေါ်မှ အမိန့်ထုတ်ပြန်ခြင်းဖြစ်ကြောင်း၊ သို့ဖြင့် အတိုက်အခိုက်ကိစ္စတွင် ရဲစွမ်းသတ္တိနှင့် ဖွဲလုံ့လကြီးလှသော ပိတုန်းစစ်သည်များသည်လည်း တပ်မတော်ရှေ့တန်းမှ လျှို့ဝှက်ပါသွားကြောင်းများကို ဆရာကြီးက မိန့်ကြားပါသည်။

''ဟုတ်ကဲ့၊ ဒီပိတုန်းအရုပ်အဆောင်လေး စီရင်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ကို ပြောပြပေးပါဦး ဆရာကြီး''ဟုမေးသော်.....

''ပိတောက်၊ ပဒေါင်း၊ ပိတုန်း၊ ပြဒါး၊ ပဒိုင်း ပြီး တော့ ပဋ္ဌာန်းပေါ့ဗျာ၊ ပဋ္ဌာန်း ၂၄ ပစ္စည်းနဲ့ ၁၀၈အုပ် စုတ်ပြီး အသက်သွင်းတယ်၊ ဘေးအန္တရာယ်အသွယ်သွယ်ကို စောင့်ရှောက်ပါလို့ဆိုပြီး ဆောင်တော့တာပဲ၊ ကျုပ်ကတော့ (ဝိ၊ တာ၊ နေ၊ ဒေ၊ ဓိ၊ မာ၊ ယာ၊ သ၊ မာ)ဆိုတဲ့ တန်ပြန်ဂါထာကို တစ်ထောင်ပြည့်အောင် ထပ် စုတ်လိုက်သေးတယ်၊ အကြောင်းပေါ်လာရင် အမိန့်ပေးပြီးခိုင်းတာပဲ၊ ကိုယ့်ဘက်က အမှန်ဖြစ်ဖို့လို တယ်၊ ကိုယ်ကမှန်ပါလျက် မတရားလုပ်လာလို့ကတော့ ဒီကောင်မျိုးက စိန်ခေါ်ရင် တိမ်ပေါ်အထိ လိုက်မယ့် အကောင်မျိုးဗျ၊ ကိုယ်က မမှန်လို့ကတော့ ဘာမှဖြစ်လာမှာမဟုတ်ဘူး''

ဤဆောင်းပါးကို ဖတ်ပြီးနောက် ပိတုန်းနှင့်ပတ်သက်၍ အထက်မြန်မာပြည်ဘုရားတချို့ ပြိုပျက်ရာ၌ သံပိတုန်းတွေ့လာခဲ့သည့် အကြောင်းအရာများ၊ အခြား ပိတုန်းနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ရာများကိုလည်း မဂ္ဂဇင်း၊ ဂျာနယ်အချို့တွင် ဖတ်ရှုခဲ့ရပါသည်။ သို့ရာတွင် မိမိနှင့်မဆိုင်သည့် ကိစ္စသဖွယ်ဖြစ်သဖြင့် မေ့မေ့ပျောက်ပျောက် နေခဲ့ပါ၏။

ဤတွင် ကျွန်တော်တို့မိသားစုအကြောင်းကို အနည်းငယ် ရေးသားလိုပါသည်။ ကျွန်တော်၏ မိဘနှစ်ပါးမှာ ဦးမြမောင်+ဒေါ်အေးရှင်ဖြစ်၍ ညောင်လေးပင်မြို့နယ်၊ မုက္ခမူရွာတွင် နေထိုင်ပါသည်။ ကျွန်တော်တို့ ညီအစ်ကိုမောင်နှမ ခြောက်ယောက်ရှိပါသည်။ လေးဦးမှာ ဝန်ထမ်းများဖြစ်သည်။ မိဘနှစ်ပါးအား အလွန်ချစ်ခင်လျက် ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများမှာ စည်းလုံးပြီး ချစ်ချစ်ခင်ခင် ရှိကြပါသည်။

ဖခင်ကြီးနှင့် မိခင်ကြီးမှာ ရတနာသုံးပါးကို ရှိသေကိုင်းရှိုင်းသူများဖြစ်သည်။ တရားစာများကိုရွတ်ခြင်း၊ တရားအားထုတ်ခြင်း၊ ပုတီးစိပ်ခြင်းအမှုကို နေ့တိုင်းပြုသည့်အပြင် အလှူအတန်းကို ဝါသနာထုံလျက် ညောင်လေးပင်မြို့၌ နှစ်စဉ်ကျင်းပသည့် တောရကြီးကျောင်း၏ ဝိနည်းစာပြန်ပွဲအတွက် အလှူခံမဏ္ဍပ်သို့ ပထမဦးဆုံး အလှူရှင်အဖြစ် နှစ်စဉ်လှူဒါန်းခဲ့ပါသည်။ မိခင်ကြီး သေဆုံးခါနီး ဆယ်ငါးရက်အလိုဌပင် ကထိန်သင်္ကန်း ကပ်လှူသွားခဲ့ပါသည်။

နေ့စဉ် အိမ်သို့ ရဟန်းငါးပါးဆွမ်းခံကြွလျက် ရွှေစေတီဆရာတော်အား ဆွမ်းအုပ်ပေးပို့လှူဒါန်းပေးပါသည်။ အိမ်တွင် ထူးခြားချက်မှာ ဘုရားရှင်အတွက် ရွေးချယ်ထားသည့် သောက်တော်ရေအိုး၊ သံဃာသောက်တော်ရေအိုးကို သီးသန့်ပူဇော်ထားပေးကာ လူအများ သောက်ရေကို တစ်အိုးသတ်သတ်ထားပေးသည်။

ကျွန်တော်တို့ ညီအစ်ကိုမောင်နှမများက နှစ်စဉ်ပင် အမေ့မွေးနေ့ကို အမေ့အိမ်၌ နှစ်ပေါင်းများစွာ ကျင်းပပေးခဲ့ပါသည်။ မွေးနေ့တိုင်း ဝန်ထမ်းများဖြစ်သော်လည်း ရောက်ရာအရပ်မှ ခွင့်ဖြင့်ပြန်လာပါသည်။ အနန္တောအနန္တငါးပါးအား ရိုကျိုးကိုင်းရှိုင်းသော မိသားစုများဖြစ်သော်လည်း တစ်မိပေါက် တစ်ယောက်ထွန်း ဆိုသကဲ့သို့ အားလုံးထဲမှ ကျွန်တော်မှာ မုဆိုးအလုပ်ကို အင်မတန်ဝါသနာထုံခဲ့သည်။ မိဘနှစ်ပါးနှင့် နီးစပ်သည့်အခါတိုင်း ပြောဆိုဆုံးမသော်လည်း ဝေးရာနေရာ၌ တာဝန်ကျခိုက် မိမိနှင့် ဝါသနာတူသူများနှင့်လည်းကောင်း၊ မိမိကိုယ်တိုင်ကလည်းကောင်း စိတ်ပါလက်ပါဖြစ်သဖြင့် မုဆိုးအလုပ်ကို ''မယားသာ စွန့်ချင်စွန့်မည်၊ ဝါသနာကို မစွန့်နိုင်''ဖြစ်နေပါသည်။

တစ်နေ့ မိခင်ကြီး၏မွေးနေ့ကို သွားခဲ့သည်။ မွေးနေ့ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြီးနောက် မိခင်ကြီးက ခေါင်းရင်းအိမ်ခန်းတွင်းသို့ ခေါ်သွားပါသည်။ (ဤ အချိန်တွင် ကျွန်တော်၏ဖခင်ကြီးမှာ အသက် ၈၈ နှစ် ဖြင့် ၂၉-၁၂-၂၀၀၀ ပြည့်နှစ်တွင် ကွယ်လွန်သွားခဲ့ပြီး ဖြစ်ပါသည်။) ဖခင်ကြီး၏ သေတ္တာကိုဖွင့်၍ ဘူးလေး တစ်ဘူးကို ယူလိုက်သည်။ ဘူးထဲမှ ဆွတ်ဆွတ်ဖြူသော ဂွမ်းပုံပေါ်တွင်ရှိနေသည့် ပိတုန်း(အဖို+အမ)လေးနှစ် ကောင်ကို ပြပါသည်။ ကျွန်တော်က အလွန်သေးငယ် လှပြီး ပန်းပုထုရန် မလွယ်သော ပိတုန်းနှစ်ကောင်ကို ကြည့်ကာ.....

''ဒီပိတုန်းလေးတွေကို ဘယ်ကရတာလဲ အမေ'' ဟု မေးလိုက်သည်။

''သားအဖေ အသက် ၈၀ အရွယ်က အိမ်ရှေ့မှာ

www.burmeseclassic.com



ထိုင်ပြီး ရေနွေးကြမ်းသောက်နေတုန်း ညာလက်ထောက် လိုက်တဲ့နေရာက လက်ဖဝါးမှာကပ်ပြီး ပါလာတာကွဲ့၊ ပထမရတဲ့ပိတုန်းက ဒီပိတုန်းမလေးပဲ သား''

အမေက ကြည့်ရုံဖြင့် သိနိုင်သော ပိတုန်းမရုပ် ကလေးကို ကျွန်တော့်အားပြပါသည်။ ဦးခေါင်းပိုင်း၊ ကိုယ်ပိုင်း၊ ခြေလက်မှအစ ထုဆစ်ထားသည်မှာ အလွန် လက်ရာမြောက်၏။

''ထူးခြားလှချည်လား အမေရယ်''

''ထူးခြားဆို သားအဖေရဲ့ သီလ၊ သမာဓိဂုဏ် တွေကြောင့် အလိုလိုရောက်လာတာ၊ ဒီပိတုန်းလေးကို လည်း ကြည့်ဦး၊ နောက် ခြောက်လအကြာမှာ အထီး



ကျောက်မှဖြစ်တဲ့စိန်ဟာ
မိမိမှီခိုရာဖြစ်တဲ့
ကျောက်ကိုပဲ
ထွင်းဖောက်ဖျက်ဆီးသလို
မိမိပြုသော၊
မိမိ၌ဖြစ်သော၊
မိမိကြောင့်ဖြစ်သော
မကောင်းမှုဟာ
ထိုလူမိုက်ကိုပဲ
ဖျက်ဆီးတတ်သည်ဟူသော•••

www.burmeseclassic.com

www.burmeseclassic.com



လေးက သားအဖေရဲ့ လက်ဖဝါးမှာကပ်ပြီး ထပ်ရောက်လာတာလေ၊ ဘယ်လောက်ထူးဆန်းသလဲ''

ဟုတ်ပါသည်။ ပိတုန်းအထီးလေးမှာ ကိုယ်ကျပုံ၊ တောင်ပံအနေအထား ပိတုန်းမလေးနှင့်မတူ။ မျက်လုံးနှင့် မှင်ကြိုးမှအစ လက်ရာမှာ ဆိုဖွယ်ရာမရှိ ပြည့်စုံ၏။ (ပညာရှင်များကို ပြောရန်မဝံ့သော်လည်း အရုပ်ကိုကြည့်ပြီး သာမန်ထုဆစ်၍ ရနိုင်မည်မဟုတ်ကြောင်း သိသာနိုင်ပါသည်။)

''အမေ ဒီပိတုန်းလေးတွေကို ဘာလုပ်ဖို့လဲ''

ကျွန်တော်က မေးသည့်အခါ.....

''သား မုဆိုးမလုပ်တော့ဘူးဆိုရင် အမေပေးမယ်၊ ဘုရားမှာတော့ ငါ့သားလေး ထိခိုက်မှာစိုးလို့ သစ္စာမပြုနိုင်းတော့ဘူး။ အမေ့သားပေးတဲ့ ကတိကိုယုံတယ်၊ ဘယ့်နယ်လဲ သား''

ကျွန်တော်သည် အငယ်ဆုံးသားဖြစ်၏။ မိဘနှစ်ပါးက မကောင်းမှုအကုသိုလ်ကိုမကြိုက်။ ကုသိုလ်နှင့်မွေ့လျော်သည်။ အမေ့ကိုတွေ့တိုင်း မုဆိုးမလုပ်လျှင် ရွှေယူလိုက ရွှေပေးမည်၊ ငွေယူလိုက ငွေပေးမည်ဟု ပြော၏။ ကိုယ့်ကိုကယ်၍ ကယ်မှန်းမသိ။ ရွှေ ငွေမယူဘဲ ဝါသနာနှင့်ပင် ပျော်မွေ့နေသည်။ ယခု ကျွန်တော့်ဖခင်ကြီး၏ သီလတန်ခိုးဖြင့်ရသည့် အမွေခံပစ္စည်း။

''ဟုတ်ကဲ့ပါ အမေ၊ သားမလုပ်တော့ပါဘူး''

ဤသို့ဖြင့် ပိတုန်းလေးနှစ်ကောင်ကို အမေ့ထံမှ ကျွန်တော် လက်ခံရရှိခဲ့၏။ မိခင်ကြီးမှာ ကျွန်တော့်အား ကောင်းသောစောင့်ရှောက်ခြင်းဖြင့် ဂမ္ဘီရပစ္စည်းဖြစ်သော ပိတုန်းအမွေကိုပေးခဲ့ကာ နှစ်အတန်ကြာ (၂၇-၁၁-၂၀၀၆)ခုနှစ်၊ အသက် (၉၃)နှစ်တွင် သူတော်ကောင်းတို့၏ သေဆုံးခြင်းဖြင့် ကောင်းရာဘဝသို့ ပြောင်းသွားခဲ့၏။

ကျွန်တော်မှာ အငြိမ်းစားတစ်ဦးဖြစ်၍ အသက် (၆၀) ပြည့်ခဲ့ပြီ။ ကျွန်တော့်တွင် လူမှုရေးနယ်ပယ်၌ ကောင်း ဆိုးနှစ်တန်ကို အမြဲတမ်း ကြုံကြိုက်ခဲ့ရသည်။ ကိုယ်ကောင်းခေါင်းမရွေ့ဟူသော ခံယူချက်ဖြင့် မိမိဘက်က အမှန်ကိုသာ ရွေးချယ်၍ နေထိုင်လုပ်ကိုင်ခဲ့သည်။ အမှန်ဆိုရာ၌ မိမိမခံနိုင်သောအရာကို ကိုယ်ချင်းစာနာစိတ်ထားလျက် သူတစ်ပါး ထိခိုက်နစ်နာအောင် မပြုလုပ်ခြင်းကို ဆိုလိုပါသည်။ သို့သော် လူတို့၏ ဓမ္မတာအတိုင်း စော်ကားခြင်း၊ မြေလှုခြင်း၊ အခြားမဖော်ပြလိုသော အကြောင်းများလည်း ကြုံတွေ့ရ၏။ ဤသည့်အခါ၌ ဆရာသီဟဗလ ရေးသားထားသကဲ့သို့ ဤဂမ္ဘီရပိတုန်းလေးနှစ်ကောင်က ကူညီသည်ဟု ယူဆသည်မှာ မိမိဘက်က မှန်၍နိုင်သည်ချည်းဖြစ်သည်။ တစ်ဖက်က ပြင်းထန်လျှင် ပြင်းထန်သလောက် တုံ့ပြန်တတ်သည်ကို ကျွန်တော် အလေးအနက်ယုံကြည်သည်။ တချို့မှာ စီးပွားရေး ချွတ်ခြုံကျပြီး ဘဝပျက်ရသည်အထိ မြင်ရသောအခါ၌ စိတ်ထဲမကောင်းဖြစ်ရပြန်ပါသည်။ သို့သော် မတတ်နိုင်။

ဤအခါ၌ ကျောက်မှဖြစ်တဲ့စိန်ဟာ မိမိမှီရာဖြစ်တဲ့ ကျောက်ကိုပဲထွင်းဖောက်ဖျက်ဆီးသလို မိမိပြုသော၊ မိမိ၌ဖြစ်သော၊ မိမိကြောင့်ဖြစ်သော မကောင်းမှုဟာ ထို လူမိုက်ကိုပဲ ဖျက်ဆီးတတ်သည်ဟူသော မြတ်ဗုဒ္ဓ၏ ဓမ္မတရားနှင့်အညီ မကောင်းသောအမှုကြောင့် မကောင်းဒဏ်ခံစားရသောသူများအားကြည့်၍ မိမိကိုယ်ကို တရားဖြင့် ဖြေသိမ့်လိုက်ပါသည်။

ဤတွင် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနှင့် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတည်းဟူသော အနန္တော အနန္တငါးပါးကို အစဉ်အားထား ယုံကြည်ပါသည်။


ဆန်းကြယ်လှသော အလွန်သေးငယ်သည့် ရွှေပိတုန်းနှစ်ကောင်မှာ မိဘနှစ်ပါး၏ ဒါန၊ သီလ၊ ဘာဝနာ၊ သီလ၊ သမာဓိအား အမြဲမပြတ် ထုံမွမ်းနေသည့် မေတ္တာဘာဝနာတို့ကြောင့် မိမိတို့နေအိမ်သို့ အလိုအလျောက်ရောက်လာသည်ဟုလည်း အလေးအနက်ခံယူပါသည်။ အလွန်စွမ်းသည့် ''ဂမ္ဘီရ''ပိတုန်းအဖြစ်လည်း မှတ်ယူပါ၏။

သို့ဖြစ်၍ အများသူငါ လေ့လာနိုင်ပြီး မြတ်ဗုဒ္ဓ၏ သာသနာကို အလေးထားရည်ရွယ်၍ ဖော်ပြရေးသားခြင်း ဖြစ်ပါသည်။

**မောင်မောင်လွင် (ညောင်လေးပင်)**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



''အမေ သား အလုပ်လုပ်ချင်တယ်၊ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးလိုတယ်တဲ့၊ အမေ တစ်ယောက်တည်း ရုန်းနေရတာ မကြည့်ရက်ဘူး''

''ကျောင်းတစ်ဖက်နဲ့လေ၊ ဘယ်လိုလုပ်ပြီး အလုပ်လုပ်လို့ရမှာလဲ''

''ကျောင်းမတက်တော့ဘူး ဗျာ''

''မလုပ်ပါနဲ့ သားရယ်၊ အမေ့ကိုအပြစ်ပြောစရာ ဖြစ်လာမှာပေါ့''

စိုးနေခွေးက မိခင်ဖြစ်သူ ပင်ပန်းနေသည်ကို မကြည့်ရက်ပေ။ ကလေးသုံးယောက်နှင့် ရပ်ကွက်ထဲတွင် တစ်အိမ်တက်ဆင်းအလုပ်လုပ်နေရ၏။ အမေ့လက်တွင် ပဲကြီးရေစိမ်ထားသလို တွန့်နေပေပြီ။ အေးသည့်ဒဏ်က ညတိုင်းတွင် ဆေးလူးပေးနေရသည်။ တစ်ခါတစ်ခါတွင် နေမကောင်းသည့်ကြားမှ လာခေါ်လျှင် အဝတ်လိုက်လျှော်ပေးရ၏။

အစ်မ ဝတ်ရည်နွေးက ရှစ်တန်းသို့ ရောက်နေပြီဖြစ်၏။ အမေနှင့် လိုက်ပါကူညီနိုင်သော်လည်း အမေက မခေါ်ပေ။ အရွယ်ရောက်လာပြီဖြစ်သော သမီးကြီးအား အပင်ပန်းမခံစေချင်ပါ။ မိခင်စိတ်ဖြင့် သူမသာလျှင် ပင်ပန်းခံချင်သည့် မိခင်ကောင်းတစ်ယောက်ပင်။ အငယ်ကောင် မျိုးနေခွေးက သုံးတန်းသို့ ရောက်ရှိနေပြီဖြစ်သည်။ သို့ပေမယ့် ကလေးပီပီ ကစားလိုက်၊ စားလိုက်နှင့် ဘဝကို နားမလည်သေးပေ။ ဝတ်ရည်နွေးနှင့် အတူတူပင်။

ဝတ်ရည်နွေးက မိဘဆင်းရဲသည်ကိုရှက်၏။ အပေါင်းအသင်းများနှင့် စားစွားသွားသွား နေတတ်သည်။ အမေ့အား မညှာတာတတ်ပေ။ ငွေတောင်းစရာရှိလျှင် မျက်ရည်ခံထိုးပြီး တောင်း၏။ သည်တော့ သမီးမိန်းကလေးအား အများကြားတွင် မျက်နှာငယ်မည်စိုး၍ မဖြစ် ဖြစ်အောင် ရှာဖွေပေးရတတ်၏။

''အစ်မဝတ်ရည်လည်းအသုံးမကျဘူး၊ ပညာတော်တာလည်း မဟုတ်ဘူး၊ လတိုင်းစာမေးပွဲကျနေတဲ့ဥစ္စာ၊ ကျောင်းထွက်ပြီး အလုပ်လုပ်ပါလား၊ အိမ်ကိုပြန်မကြည့်ဘူး၊ သူ့လုဖို့ပဲသိတယ်''

''သားရယ် မင်းအစ်မက မိန်းကလေးလေ၊ သူက သားတို့အဖေ ရှိကတည်းက အလိုလိုက်ထားလို့ ဆိုးနွဲ့နေကျဆိုတော့ အကျင့်ပါနေပြီပေါ့''

''အမေတို့က အဲဒါခက်တာပဲဗျာ၊ အစ်မဝတ်ရည်က ဘာမဆိုတောင်းရင် လုပ်ပေးနေကျ၊ အလိုလိုက်နေကျ၊ မိဘအပေါ် နားလည်ဦးမှပေါ့၊ ကိုယ့်အောက်က အငယ်တွေကို ပြန်မကြည့်ဘူး၊ တစ်ကိုယ်ကောင်းဆန်တဲ့ အတ္တသမားပဲ''

ဟင်းချက်လျှင်လည်း ဝေပုံကျ ဟင်းဖယ်ထားလျှင် ဝတ်ရည်နွေးက ကြီးသောဟင်းဖတ်ကို ယူသည့်အပြင် အငယ်တွေ၏ဟင်းဖတ်အား ဖဲ့စားနေကျပါ။ မိန်းကလေးက သူ တစ်ယောက်တည်းသာ မွေးထားသည့်အတွက် အဝတ်အစားအမျိုးမျိုးတွေ့လျှင် အားကျစိတ်ဖြင့် ပူဆာတတ်သေး၏။ သည်တော့ အမေက ဈေးသွားလျှင် လမ်းတွင် ပေါပေါရောင်းချတတ်သည့် အဝတ်အစားလေးများအား သမီးအတွက် ဝယ်ယူလာပေး၏။

''မနေ့က အမေဝယ်ပေးတဲ့ အင်္ကျီကို ပြောလိုက်တာများနှစ်ပြား မတန်တော့ဘူး၊ သူ့ကို ဒါမျိုးဆင်ယင်တာများ သွားလေသူ အဖေသာတွေ့ရင် ရင်ကျိုးမှာပဲတဲ့၊ သူက ဒီလိုလမ်းဘေးထည်နဲ့မှတန်သလားတဲ့၊ သူ့ကိုယ်သူ ပိုက်ဆံရှိတဲ့ သူငယ်ချင်းတွေနဲ့ပေါင်းပြီး ဘဝင်က မြင့်လိုက်သေး၊ ကျွန်တော်သာ အကြီးဆိုရင် ထကန်မိမှာပဲ''

ပြောနေရင်းနှင့် စိုးနေခွေးက ဒေါသဖြစ်လာ၏။ မနွဲ့တင်သည် သားလိမ္မာလေးအား အကုသိုလ်စိတ် မဖြစ်စေရန် တားဆီးသည်။

''တစ်နေ့တော့ ဝတ်ရည်သိ

လာမှာပေါ့ ကိုစိုးရယ်၊ ပြီးတော့ သူ့ကိုအပြင်ထွက်ပြီး အလုပ်မလုပ်ခိုင်းတာလည်း ပျက်စီးမှာစိုးလို့ပဲ သား၊ ဒီအရွယ်ဆိုတာ လှည့်ဖြားသူနောက်ကို လိုက်ပါသွားတတ်တယ်၊ သားကြားရဲ့မဟုတ်လား၊ ဒေါ်ပုတင်ရဲ့မြေးလေးလေ၊ လူကုန်ကူးသူတွေရဲ့ခေါ်ရာနောက်ကို လိုက်သွားလို့ ဒုက္ခ ဖြစ်ပါရော့လား''

''ဟုတ်တယ် အမေ၊ အခုလည်း အစ်မဝတ်ရည် ပေါင်းနေတဲ့ သူငယ်ချင်းကို သား သဘောမကျဘူး၊ နန်းထိုက်လေ၊ အမေသိတယ်မဟုတ်လား၊ ခပ်ရှုပ်ရှုပ်ပဲ''

မန္တဲ့တင်မှာ ပင့်သက်မောကို ချလိုက်မိတော့၏။ ထိုမိန်းကလေးအား ကြည့်ပေါင်းရန် ဝတ်ရည်နွေးကို အကြိမ်ကြိမ် ပြောခဲ့ဘူးပါ၏။ သို့ ပေမယ့် သမီးလို ဆင်းဆင်းရဲရဲ မိန်းကလေးမျိုး၌ အပေါင်းအသင်းရှားတတ်သည်။ ရှောင်ကြဉ်တတ်ကြသည်။ ထို့ကြောင့်လည်း မျက်နှာမွဲမိန်းကလေးအတွက် ခံစားချက်များ ရှိနေတတ်၏။ ထိုအကြောင်းများကို သားဖြစ်သူအား မပြောပြတော့ပါ။

''အမေဘယ်လိုတားတား သားတော့ လုပ်မှာပဲဗျာ၊ အမေရှာတာလည်း လောက်တောမဟုတ်ဘူး၊ သားရဲ့ဝင်ငွေလေးရရင် အမေသက်သာတာပေါ့နော်၊ ခွင့်ပြုပါအမေရာ၊ လက်ဖက်ရည်ဆိုင်ကဦးလေးကြီးက သားကိုသဘောကျတယ်၊ မင်း လာလုပ်ပါလားတဲ့၊ အလုပ်ရှင်ကခေါ်မှတော့ သားဘက်က ငြင်းလို့မကောင်းဘူး၊ တော်ကြာအကြောင်းမြန်မြန်မပြန်ရင် တခြားလူ ဝင်သွားဦးမယ်''

''ဘယ်လောက်ရမှာလဲကွယ်''

''တစ်လကို သုံးသောင်းပေးမယ်တဲ့၊ ကြိုးစားရင် တဖြည်းဖြည်းတိုးပေးမယ်တဲ့ အမေ၊ ထမင်းလည်း ညမနက်စာ ကျွေးမယ်တဲ့၊ သားက အိပ်ချိန်ပဲ အိမ်ပြန်အိပ်ရမှာပေါ့ဗျာ''

မန္တဲ့တင်က စဉ်းစားလိုက်၏။ သူမတွင် ပုံမှန်ဝင်ငွေမရှိပေ။ တစ်နေ့ကို တစ်ထောင်ရသည့်နေ့ရှိသလို သုံးထောင်ရသည့်နေ့မျိုးလည်းရှိသည်။ အဝတ်လျှော်၊ မီးပူတိုက်နှင့် အိမ်ပြန်လာလျှင် အိမ်ရှင်များပေးလိုက်သည့် ဟင်းကျန်လေးများကြောင့် အသက်ရှင်နေရခြင်းဖြစ်သည်။ စွန့်လိုက်သည့် အဝတ်အစားများကိုသာ ခါးပေါ်တင်နေရသည်။ ဝတ်ရည်နွေးက ကြီးကျယ်၏။ ပေးလိုက်သည့် အဝတ်အစားများက မည်မျှပင် ကောင်းနေပါစေ သူမက မဝတ်ပေ။ အဖိုးတန်မှသာ ယူဝတ်တတ်၏။

''ကဲ.....ပြောမရရင်လည်း သားသဘောပဲကွယ်၊ အမေ့သားက လိမ္မာတော့ ချစ်ကြမှာပါ''

''ဒါဆို သား သွားပြောလိုက်တော့မယ်နော် အမေ''

မန္တဲ့တင်က ခေါင်းလေးညိတ်ပြလိုက်ရ၏။ စိုးနေဒွေးမှာ ဝမ်းသာအားရဖြင့် အိမ်ပေါ်မှ အပြေးအလွှားဆင်းပြေးသွားသည်။ ထိုမြင်ကွင်းလေးကိုကြည့်ပြီး မန္တဲ့တင်မှာ မျက်ရည်ကျမိ၏။ ရင်နာနာဖြင့် ခွင့်ပြုလိုက်ရခြင်းအား သားကြီးက မသိရှာပေ။ သူ့ရင်ထဲတွင် သွားလေသူခင်ပွန်းသည်ကိုသာ တမ်းတလိုက်မိတော့သည်။

+ + +

မန္တဲ့တင် အသက် (၂၀)တွင် အိမ်ထောင်ကျခဲ့၏။ မိဘများက သဘောမတူသဖြင့် ပြန်မကြည့်တော့ပေ။ အိမ်ကိုရှောင်းချပြီး အဝေးသို့ ပြောင်းသွားကြသည်။ ကိုအောင်ဒွေးက တစ်ခုလပ်တစ်ဦးဖြစ်၏။ အိမ်ထောင်ကွဲပြီး သားသမီးမရှိပေ။ မန္တဲ့တင်မှာ မိသားစုတွင် အထွေးဆုံးသမီးဖြစ်သည်။ မိဘများမှာ အချစ်ကြီး၍ အမျက်ကြီးဆိုသလို မန္တဲ့တင်အား အမွေပြတ်စွန့်လွှတ်လိုက်၏။ ကိုအောင်ဒွေးက ဆိုက်ကားနင်းသူပါ။ နွဲ့တင်အား ဆိုက်ကားဖြင့် ကျူရှင်အပို့အကြိုလုပ်ရင်း ငြိသွားကြခြင်းဖြစ်သည်။ နွဲ့တင်မှာ ဆယ်တန်းကို အပြင်ဖြေဘဝနှင့်ပင် မဖြေလိုက်ရတော့ပေ။ ကိုအောင်ဒွေးနောက်သို့ ခိုးရာလိုက်ခဲ့ရ၏။

ကိုအောင်ဒွေးက မိခင်အိုကြီးနှင့် နေထိုင်သူဖြစ်ရာ နွဲ့တင်ရောက်လာသည့်နောက် ယောက္ခမကလည်း ချွေးမလေးကို ချစ်၏။ ကိုအောင်ဒွေးဆိုလျှင် နွဲ့တင်အ မျက်စိအောက်က အပျောက်ခံ ပြန် လာသည်နှင့် မေးနေတော့ သည်လိုနှင့် ကလေးသုံးယောက် ရခဲ့၏။ ယောက္ခမကြီးကပါ မြေး

www.burmeseclassic.com

အားဝိုင်းထိန်းပေး၏။ သည့်အတွက် နွဲ့တင်ကံကောင်းခဲ့ရသည်။ သို့ပေမယ့် ကိုအောင်ဒွေးတစ်ယောက် ဆိုက် ကားနှင့်ကားတို့ တိုက်မိရာမှ ပွဲချင်း ပြီး သေဆုံးသွားရ၏။

နွဲ့တင်တစ်ဦးတည်း ရုန်းကန်ရှာဖွေနေချိန်တွင် ယောက္ခမကြီးက ကလေးများကိုကြည့်ရှုစောင့်ရှောက်ပေးခဲ့သည်။ သို့သော် ယောက္ခမကြီးမှာ သားမရှိတော့သည့်နောက် မြို့တွင် ကြာကြာနေလိုဟန်မတူပေ။ သူ့ရွာသို့ ပြန်သွားတော့၏။

"ဩော်.....အမေလည်း ရွာမှာ နေမှကောင်းပါရဲ့လား၊ အမျိုးတွေနဲ့နေရတော့ အားငယ်နေရှာမှာပဲ၊ ငါကလည်း မထောက်ပံ့နိုင်၊ သနားပါတယ်"

နွဲ့တင်က ယောက္ခမအပေါ် သတိရနေတတ်သည်။ မြေးများကြီးပြင်းမှသာ ရွာသို့ပြန်သွားခဲ့၏။



သားနှင့်ပတ်သက်သမျှ အကုန်ထားသွားကာ ချွေးမအား ပေးသွား၏။ တကယ့်မေတ္တာတရားနှင့် ပြည့်ဝသည့် ယောက္ခမပင်။

"အမေက နွဲ့တင်နဲ့ဆွေဖြတ်၊ မျိုးဖြတ် တကယ်ဖြတ်သွားခဲ့တယ်၊ သူ့သားမရှိတော့လို့ သံယောဇဉ်ပြတ်နိုင်ပေမယ့် နွဲ့တင်ကတော့ အမေ့ကို ကျေးဇူးရှင် မိဘတစ်ယောက်အနေနဲ့ ညအိပ်ရာဝင်တိုင်း ရှိခိုးကန်တော့အိပ်ပါတယ် အမေရယ်"

မနွဲ့တင်ဘက်မှ မိဘများမှာလည်း အဆက်အသွယ် လုံးဝမလုပ်ကြတော့ပေ။ ဥပေက္ခာပြုသွားခဲ့ကြသည်။ ဤသည်ကိုကြည့်၍ နွဲ့တင်မှာ ကိုယ့်သားသမီးလေးများအား သူမကဲ့သို့ မိဘစွန့်ပစ်ခံဘဝမျိုး မဖြစ်စေချင်ပေ။

"ဩော်.....သားသမီး သုံးယောက်ထဲမှာ ကိုစိုးက မိဘကို သိတတ်တယ်၊ ညှာတာတတ်တယ်၊ မျိုးလေးက ငယ်သေးတော့ မသိသေးဘူး၊ ဝတ်ရည်တစ်ယောက်ကိုပဲ စိုးရိမ်မိတယ်၊ ဟင်း....."

မနွဲ့တင်မှာ သက်ပြင်းချ၍မဆုံး ခင်ဝတ်ရည်နွေးတစ်ယောက် ကျောင်းမှပြန်လာ၏။

"အမေ.....အမေ သမီးဗိုက်ဆာတယ်၊ ဘာဟင်းချက်လဲဟင်"

"ဟဲ့.....ဗိုက်ဆာလည်း သွားစားချေတော့အေ၊ ညည်းဟာလေ အမြဲတမ်း ဦးဦးဖျားဖျား စားတတ်တယ်၊ ညည်းတော့ခက်မယ်နော်"

ဝတ်ရည်နွေးက အဝတ်အစားပင် မလဲနိုင်ပေ။ မီးဖိုထဲဝင်ကာ ဇလုံ ကြီးနှင့် ပြန်ထွက်လာ၏။ ပါးစပ်မှ လည်း ပလုတ်ပလောင်းနှင့်.....

"အမေ့ငါးပိရည်တွေ ကုန်ပြီ၊ ဟောသလို.....ဟောသလို ငရုတ်သီးမှုန့် အလျော်ထောင်းလေးထည့်ပြီး ကြက်သွန်ဖြူကိုကိုက်စား၊ ကန်စွန်းရွက်ကြော်နဲ့ ငါးခြောက်ကြော်လေးထည့်လိုက်တော့ကောင်းလိုက်တာ အမေရယ်၊ ငရုတ်သီးခြောက်အပွလေးနဲ့ဆို အားပါး...ကောင်းမှကောင်း"

"အေး.....ကောင်းမနေနဲ့၊ မောင်လေးတွေဖို့ ဖယ်ထားဦး၊ ငါးပိရည်မရှိတော့ ဘေးအိမ်က သွားတောင်းရဦးမယ်အေ"

ဝတ်ရည်နွေးကဘာမျှမသိပါ။ ကလေးစိတ်က မပျောက်သေးသည့်အပြင် မိဘအား မည်သို့ကူညီရမည်ကို တွေးမိမည်မဟုတ်ပေ။

"ကိုစိုးတော့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ အလုပ်လုပ်မယ်တဲ့၊ သွားလေရဲ့အေ"

"လုပ်ပေ့စေပေါ့၊ သူက ယောကျာ်းလေးလေ၊ ပညာမတတ်လည်း အရေးမကြီးဘူး၊ သမီးက မိန်းကလေး အမေ၊ ပညာတတ်မှ အလုပ်လုပ်လို့ရမှာပါ"

ဝတ်ရည်နွေးကိုကြည့်ကာ မနွဲ့တင် စိတ်ပျက်သွားတော့၏။ သားကြီးအကြောင်းကို ပြောပြရုံရှိသေး သူက သူ့ဘက်ကာ၍ပြောနေတော့သည်။ မိဘအပေါ် ပြန်မကြည့်သူပင်။

www.burmeseclassic.com

"မျိုးလေးပါ ကြီးရင် အလုပ်လုပ်နိုင်းတော့ အမေ၊ ဒါမှ အိမ်အတွက်လည်းအဆင်ပြေ၊ အမေလည်း နားရမှာ"

"ညည်းကိုတော့ အံ့ဩပါရဲ့ မိဝတ်ရည်ရယ်၊ မောင်တွေကိုနိုင်းစားဦးမယ်ပေါ့၊ ဒီလောက်တောင် မောင်နှမအပေါ် အကြီးဖြစ်ပြီး အနစ် နာခံလိုက်တာအေ၊ အံ့ပါရဲ့"

"အံ့မနေနဲ့ အမေရေ၊ ဒီအရွယ်နဲ့ အလုပ်ထွက်လုပ်ရင် အိမ်ဖော်ပဲရမှာပေါ့၊ အပြင်ထွက်လုပ်ဦးတော့ ငွေရလွယ်တဲ့အလုပ်မျိုးလုပ်မိမှ အမေ့သမီး ဘဝပျက်မှာနော်"

"အေးပါအေ၊ ခြိမ်းခြောက်ပါ၊ ညည်း ပညာတတ်၊ ဘွဲ့ရတော့မှ လင်မယူသွားပါနဲ့နော်၊ ကျုပ်တို့သားအမိတွေ ရင်ကွဲနာကျ ကျန်ခဲ့ပါ့မယ်အေ"

ဝတ်ရည်နွေးက ကျေနပ်စွာ ပြုံးရယ်နေတော့သည်။ မန္တဲ့တင်က တစ်ခုတော့ ချီးကျူးမိ၏။ မိန်းမငယ်များ ပျက်စီးသည့်လမ်းကြောင်းကို ဝတ်ရည်နွေးက နားလည်နေသည်။ မိခင်တစ်ယောက်ဖြစ်သည့် မန္တဲ့တင်က မသိခဲ့ပေ။ သည်တော့ ကြုံဆုံတုန်း ဆုံးမမိသည်။

"သမီးလည်းအပေါင်းအသင်း ကြည့်ပေါင်းပါအေ၊အခုပေါင်းနေတဲ့ နန်းထိုက်ကို အမေ သိပ်သဘောမကျဘူးနော်၊ ဒီကောင်မလေးရဲ့ အစ်မတွေက မိန်းမလည်၊ မိန်းမရှုပ်တွေအေ့"

"နန်းထိုက်က သဘောကောင်းပါတယ် အမေရယ်၊ သူ့အစ်မတွေနဲ့လည်း မတည့်ပါဘူး၊ သူက သမီးကိုသိပ်ခင်တာ အမေ"

"ကြည့်ပေါင်းပေါ့ကွယ်၊ ရည်းစားတော့ မထားနဲ့အေ၊ အမေခွင့်မပြုဘူး"

"ဟုတ်ကဲ့ပါရှင်၊ အားပါးပါး.. စပ်လိုက်တာ အမေရာ"

ပြောရင်းနှင့် စပ်လာ၍ ရေအိုးစင်ရှိရာသို့ အပြေးအလွှားသွားလေတော့သည်။ ဝတ်ရည်နွေး၏ ဖြစ်ပျက်ပုံကိုကြည့်ကာ မန္တဲ့တင်က သက်ပြင်းရှည်ကို ချလိုက်မိတော့သည်။

+++

မန္တဲ့တင်က စိုးနေဒွေး၏ပညာရေးအတွက် စိတ်မကောင်းဖြစ်ရသော်လည်း သားကြီးဝင်ငွေကြောင့် အနည်းငယ် အသက်ရှူချောင်သွားရသည်။ ငွေပိုလေးများကို စုဘူးလေးထဲထည့်၍ ဘုရားစင်ထဲတွင် ထည့်စုထားလိုက်၏။

"အမေ.....ဒါက သားကိုပေးသွားတဲ့ ငွေငါးရာ"

"ဟဲ့.....ဘယ်သူတွေက ပေးတာလဲ သားရဲ့"

"ဆိုင်ကိုလာစားကြတဲ့သူတွေပေါ့၊ သူတို့က ငွေကျန်ဆို သားကို ပေးသွားတာ အမေ"

"ကိုယ်ကမတောင်းရဘူးနော် သား"

"ဟုတ်ကဲ့ပါ အမေ"

"စေတနာနဲ့ပေးတဲ့ငွေသာ တန်ဖိုးရှိတာကွဲ့၊ တောင်းဆိုတာ၊ အခွင့်အရေးတောင်းတာတွေက တန်ဖိုးမဲ့တဲ့ စေတနာတွေပဲ၊ စေတနာမရှိဘဲ ရတဲ့ငွေက အဖတ်မတင်တတ်ဘူး"

စိုးနေဒွေးက လိမ္မာသည့်သားတစ်ယောက်ပါ။ အိမ်ရောက်သည်နှင့် သူလုပ်စရာရှိသည်ကို ဘေးဖယ်ထားပြီး အိမ်သန့်ရှင်းရေးအရင်လုပ်၏။ ဆေးစရာပန်းကန်များအား ယူကာ ဆေးကြောတတ်၏။ ထိုအချိန်မျိုးတွင် ဝတ်ရည်နွေးမှာ ခြင်ထောင်ထဲတွင် တခေါခေါနှင့် အိပ်မောကျနေပေပြီ။ မန္တဲ့တင်သာ သားကြီးကိုကြည့်ပြီး မျက်ရည်ဝဲနေရ၏။

မနက်လင်းချိန်တွင်တော့ စိုးနေဒွေးက အိမ်တွင်မရှိတော့ပေ။ လက်ဖက်ရည်ဆိုင်သို့ ရောက်သွားပြီဖြစ်၏။ သို့ပေမယ့် သူ့အိပ်ရာလိပ်လေးအား သပ်သပ်ရပ်ရပ်ခေါက်၍ သိမ်းဆည်းသွားတတ်၏။

"ဩော်..ကိုစိုး...ကိုစိုး၊ သားဟာ မင်းအဖေအတိုင်းပါပဲလား၊ အမေ့အပေါ်စာနာတတ်တဲ့ကလေး၊ ငါ့သားလေး ကျန်းမာပါစေ၊ ချမ်းချမ်းသာသာနေနိုင်တဲ့ဘဝမျိုးကို ဘဝဆက်တိုင်း ပိုင်ဆိုင်နိုင်ပါစေကွယ်"

စိုးနေဒွေးက ထမင်းအိုးတည်သွားခဲ့သည့်အပြင်ဘုရားဆွမ်းတော်ပါ ကပ်သွားခဲ့သေး၏။ သည်တော့ မန္တဲ့တင်လည်း ကိုယ်လက်သန့်စင်ပြီးသည်နှင့် ဘုရားဝတ်ပြုနိုင်တော့သည်။

"ဟင်း.....အမေတော့ ခက်

www.burmeseclassic.com

www.burmeseclassic.com




ပြီ၊ ကျောင်းသွားခါနီးဆို ဘယ်တော့မှ အဆင်သင့်မဖြစ်သေးဘူး၊ သူ့ကြောင့် ကျောင်းနောက်ကျတော့မှာပဲ''

ဝတ်ရည်နွေး၏ ညည်းတွားသံက ဘုရားဝတ်ပြုရာတွင် အနှောင့်အယှက်ဖြစ်စေရသည်။

''အင်း...ပုတီးစိပ်ရတာတောင် မဖြောင့်တော့ဘူး၊ ဒီကောင်မလေးတော့ ခက်တော့တာပဲနော်''

ဘုရားစင်ရှေ့မှ မြန်မြန်ထကာ သူတို့စားသောက်ဖို့ကိုစီစဉ်ပေးရ၏။ အငယ်လေးကို မုန့်ဟင်းခါးပြေးဝယ်ခိုင်းပြီး သားအမိသုံးယောက်က စားခဲ့ကြရသည်။ သို့ပေမယ့်မနွဲ့တင်က တစ်လုတ်တစ်ဆုပ်ပါ။ စားသောက်ပြီးမှပင် ကျောင်းသွားရန်ပြင်ဆင်ပြီး မောင်နှမနှစ်ယောက် ထွက်သွားနိုင်ကြတော့သည်။

''အမေ.....ဒီနေ့ ကျောင်းစာအုပ် ဝယ်စရာရှိတယ်၊ အထူးထုတ်ဝယ်ပေးနော် အမေ''

''ဘယ်လောက်လဲ သမီး''

''သုံးထောင်ပါ၊ သချ်ာတွေကို ကြည့်ရတယ် အမေ၊ ဆရာကရှင်းပြတာ နားမလည်ဘူး၊ ဒါကြောင့် သမီးက သချ်ာညံ့တာပါ''

''ဆရာကိုချည်း အပြစ်မပြောနဲ့လေ၊ သမီးလည်း စာထဲစိတ်ဝင်စားမှ ရမှာပေါ့၊ ဆရာတွေကိုမစော်ကားနဲ့၊ စော်ကားရင် ပညာမတတ်ဘူးကွဲ့၊ ကဲ.....ရော့...ရော့၊ ကိုစိုးကို မပြောနဲ့ဦး''

ဝတ်ရည်နွေးကငွေသုံးထောင်ယူပြီး ဝမ်းသာအားရ ပြေးဆင်းသွားတော့၏။ သားသမီးအတွက် ဖြည့်ဆည်းပေးခဲ့ရသည့်အတွက် စိတ်ချမ်းသာမှု ဖြစ်ရသော်လည်း စု ဘူးထဲမှငွေကို ပြန်ထုတ်ရန် ယူလိုက် စဉ်တွင်တော့.....

''ဟင်.....စုဘူးထဲမှာ ဘာမှ မရှိတော့ပါလား၊ ဒုက္ခပါပဲ''

ငွေရှစ်ထောင်ခန့်ရှိသည့်စုဘူးမှာ တစ်ပြားမှမကျန်တော့ပေ။ မနွဲ့တင်တစ်ယောက် မျက်လုံးပြူးသွားတော့၏။ ကိုစိုးရလာသော အပိုငွေလေးများဖြစ်နေ၍ ပိုစိတ်မကောင်းဖြစ်ရသည်။

''မနေ့ညက စုဘူးကို ကိုင်ကြည့်နေတာ ဝတ်ရည်ပဲ၊ ငါ့ကိုတွေ့မှပြန်ချလိုက်တယ်၊ မေးကြည့်တော့ ဘုရားသောက်တော်ရေကပ်မလို့တဲ့၊ ဒီကောင်မလေးက အခုလို အလိုက်တသိ လုပ်ပေးတာမျိုးမှမရှိဘဲ၊ အင်း.....သူပဲဖြစ်ရမယ်၊ ဒီတော့ ကျောင်းကိုလိုက်သွားပြီး သူ့လွယ်အိတ်ထဲရှာရင် တွေ့နိုင်တယ်၊ ဒီလိုမှမလုပ်ရင် ငါ့သမီး စာရိတ္တ ပျက်သွားလိမ့်မယ်''

မနွဲ့တင်လည်း ဝတ်ရည်နွေးအနောက်သို့ ခပ်သွက်သွက်လိုက်သွားရတော့သည်။ ကျောင်းသို့မည်သည့်လမ်းက သွားမည်မသိပါ။ မနွဲ့ တင် လျှောက်ရာလမ်းတွင် ဝတ် ရည်နွေးအား မတွေ့ရပေ။ သည် တော့ ကျောင်းရှေ့ဂိတ်ဝတွင် သွား စောင့်ကြည့်နေမိ၏။

''ဝတ်ရည်နွေးအမေလားဟင်''

ဂိတ်ဝမှ ဆရာမတစ်ဦးက မနွဲ့တင်အား မေးလာ၏။ ဝတ်ရည်နွေး၏ အတန်းပိုင်ဟု တပ်အပ် သိမိသည်။

''ဟုတ်ကဲ့ပါ ဆရာမ၊ သမီးအလာကို စောင့်ကြည့်နေတာပါ''

''ဝင်သွားတာ မတွေ့သေးပါဘူးရှင်၊ ကလေးကို စာကျက်ခိုင်းဦးနော်၊ ဘာသာစုံကျနေတယ်''

''ဟုတ်ကဲ့ရှင့်၊ အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ် ဆရာမရယ်''

ဒေါသစိတ်ဖြစ်မိ၏။မေးကြည့်စဉ်က ဘာသာစုံအောင်သည်ဟု ပြောခဲ့သည်။ အခုမှ ဆရာမ၏ စကားကို ကြားရသည့်နောက် ဝတ်ရည်နွေး၏ လိမ်ညာမှုကို သိသွားရတော့၏။

''ဟော.....ဟိုမှာ ရှင်သွေး လာနေပြီ''

မနွဲ့တင်မှာ ဝတ်ရည်နွေး

အလာကို လှမ်းကြည့်ရင်း စိတ်ဆိုး မာန်ဆိုး ဖြစ်နေ၏။ ဝတ်ရည်နွေးက မသိသေးပေ။ သူငယ်ချင်းနှစ်ဦးနှင့် ရယ်မောလျှောက်လာသည်။ ဘေး တွင်လည်း ကောင်လေးတစ်ဦးရှိနေ ၏။ ကျောင်းရှေ့သို့ရောက်သည်နှင့် မိခင်ဖြစ်သူနှင့် ဆရာမတို့ကိုတွေ့ရ ၍ ထိတ်လန့်တုန်လှုပ်သွားတော့ သည်။

''ဟင်....အမေ၊ သမီးဆီဘာ လာလုပ်တာလဲ''

''ပေးစမ်း.....ဒီလွယ်အိတ်၊ ဝတ်ရည်နွေး.....ကိုယ့်အပြစ်ကို ကိုယ်သိတယ်နော်''

ရုတ်တရက် လွယ်အိတ်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်။ လွယ် အိတ်ထဲမှ စာအုပ်များအား တစ် အုပ်ချင်းထုတ်စစ်လိုက်သည့်နောက် စာအုပ်အဖုံးကြားထဲတွင် ညှပ်ထား သော ငွေစက္ကူများကို တွေ့ရတော့ ၏။ ပေးသည့်ငွေ သုံးထောင်ထက် ပိုသော ငွေတစ်သောင်းကျော်ကို တွေ့ရသည်။

''ပေးစမ်း ဒီငွေတွေ၊ ညည်း ဘာစာအုပ်မှလည်း မဝယ်ရဘူး၊ ပြန် လာမှတွေ့မယ်''

ဆရာမနှင့် တခြားကျောင်း သား၊ကျောင်းသူများရှေ့တွင်ဖြစ်နေ ၍ အရှက်မကွဲစေချင်ပါ။ ဒေါသကို ချုပ်ထိန်းပြီး မနွဲ့တင်က.....

''ဆရာမ ပြန်ခွင့်ပြုပါရှင်၊ ဆရာမကို အပ်ပါတယ်၊ မလိမ္မာ တာရှိရင် ဆုံးမပါနော်''

မျက်ရည်ဖြိုင်ဖြိုင်ကျကာ မနွဲ့ တင် ပြန်လာရသည်။ ဝတ်ရည်နွေး အကြောင်းအား သိရသည့်နောက် သောကဖြစ်ရပြန်၏။

+++

''ဒီကောင်မလေး ကျောင်းက ပြန်မလာသေးပါလား၊နောက်ကျနေ ပြီပဲ''

ကျောင်းပြန်ချိန်ကျော်လွန်လာ ပြန်တော့ စိတ်ပူသွားရသည်။မနက် က ကြုံးဝါးခဲ့ခြင်းကြောင့် ကြောက် လန့်ပြီးများ အိမ်ပြန်မလာရင်ဖြင့်...

''ဟင်း.....စိတ်ညစ်ရပါလား နော်၊ သမီးတစ်ကောင် နွားတစ် ထောင်ဆိုတာ သိပ်မှန်ပါလား''

သားငယ်မျိုးလေးပင် ကျောင်း ဝတ်စုံ ချွတ်လဲပြီး သူငယ်ချင်းများ နှင့် ကစားနေပေပြီ။ ဝတ်ရည်နွေး က ပြန်မလာသေးပေ။ သည်တော့ သမီးလာမည့်လမ်းလေးအား မျှော် ငေး၍ လည်တဆန့်ဆန့် ဖြစ်နေရ သည်။

''မဖြစ်သေးပါဘူးလေ၊ ကျောင်းကိုလိုက်ဦးမှပဲ''

စိတ်ထဲတွင် ဒုက္ခပေးသည့် သားသမီးဟု တွေးလိုက်မိ၏။

ကျောင်းသို့ရောက်သည့်နောက် ဆရာမများအား ပြောပြရတော့ သည်။ အတန်းပိုင်ဆရာမလည်း စိတ်ပူသွားပြီး ဝတ်ရည်နွေး၏ သူ ငယ်ချင်းများထံသို့ မေးမြန်းရတော့ ၏။

''သူနဲ့ အနီးဆုံးတွဲနေတာ နန်း ထိုက်ပဲရှိတယ်၊ ပြန်သွားပြီတဲ့၊ အိမ် ကိုပြန်ကြည့်ပါဦးရှင်''

''ဟုတ်ကဲ့ ဆရာမ၊ ကျွန်မ သွားကြည့်လိုက်ပါ့မယ်''

''ရှင့်အိမ်မှာ ဖုန်းရှိရင် ကျွန်မ ဖုန်းကို ဆက်ပေးနော်၊ တွေ့၊မတွေ့ အကြောင်းပြန်ပေးပါရှင်''

''ဟုတ်ကဲ့ရှင့်''

ဆရာမ၏ ဖုန်းနံပါတ်ပါသော လိပ်စာကတ်လေးကိုယူ၍ မနွဲ့တင် တစ်ယောက် အိမ်သို့ပြေးရပြန်၏။ လမ်းတွင်တွေ့သမျှ အသိများကို လည်း ဝတ်ရည်နွေးအား တွေ့မိကြ သလားဟု မေးလာခဲ့ရသည်။ အိမ် ရှေ့သို့ ရောက်ချိန်တွင် အိမ်ထဲသို့ မျက်စိတောင်းမှောက် ရှာဖွေကြည့် လိုက်၏။ ဖိနပ်ချွတ်တွင် ဝတ်ရည် နွေး၏ ဖိနပ်ကိုတွေ့ရမှ မနွဲ့တင် လည်း ပင့်သက်မောကို ချနိုင်တော့ သည်။ အိမ်ပေါ်သို့ ဒေါနှင့်မောနှင့် တက်ကာ.....

''ဝတ်ရည်နွေး ညည်း ဘာ အချိုးချိုးတာလဲဟင်၊ အမေစိတ်ပူ နေမယ်ဆိုတာညည်းမသိဘူးလား''

''သမီး ဘာလုပ်လို့လဲ၊ အိမ် ကိုပြန်လာတာပဲဟာ''

ဘုရားစင်ရှေ့တွင် ဝမ်းလျား မှောက်လျက်နှင့် မနွဲ့တင်ရှိရာသို့ ခေါင်းလေးငဲ့ကာ လှည့်ဖြေ၏။ မိဘ အား ရိုသေသမှုမရှိပေ၊ ပို၍ဒေါသ ဖြစ်လာရသည်။

''ထစမ်း.....၊ ညည်းစုဘူးထဲ ကငွေတွေကို ခိုးသွားတာမဟုတ် လား၊ မှန်မှန်ပြောနော်၊ ညည်းလက် ထဲမှာရှိတဲ့ငွေနဲ့ ပျောက်တဲ့ငွေက ကွက်တိပဲ''

''အဲဒါမှ အမေရာ၊ကျောင်း

www.burmeseclassic.com

www.burmeseclassic.com


အထိလိုက်လာပြီး အရှက်ခွဲတယ်၊ ဆရာမပါ သိသွားတော့ အတန်းထဲမှာ ဘယ်လိုမျက်နှာမျိုးနဲ့ သမီးနေရပါ့မလဲ၊ ပြီးတော့ သူငယ်ချင်းတွေလည်း သိကုန်ပြီ၊ အီး...ဟီး...ဟီး သမီးရှက်တယ် အမေ၊ ကျောင်းမနေချင်တော့ဘူး၊ အီး.....ဟီး''

မန္တွဲ့တင် စိတ်မကောင်းဖြစ်သွားရသည်။ သူ့အနေနှင့် သမီးဖြစ်သူ နောင်မလုပ်ရဲရန် ရည်ရွယ်ခြင်းသက်သက်ပါ။ သားအမိနှစ်ယောက်တည်းသာသိမည်ပဲထင်၏။ ယခုတော့ ဝတ်ရည်၏ အတန်းပိုင်ဆရာမနှင့် သူငယ်ချင်းများပါ သိသွားရာ ဝတ်ရည်နွေးပြောသလိုပင် သိက္ခာချသလို ဖြစ်နေ၏။ ပြီးနောက် မကောင်းမှုတစ်ခုက သွားလေရာတွင် သူမနောက်သို့ အရိပ်ပမာလိုက်ပါနေပေမည်။ မန္တွဲ့တင်က မှားသွားမှန်း သိလိုက်၏။

''မနက်က အမေလိုက်လာပြီးတော့ ကျောင်းမှာ ပိုက်ဆံပျောက်တယ်၊ အားလုံးရဲ့မျက်လုံးတွေက သမီးဆီမှာပဲ၊ သမီး ဘယ်လိုဖြေရှင်းနိုင်ပါ့မလဲ အမေ၊ အမေ သမီးအပေါ် သိပ်ရက်စက်တယ်၊ သမီးရဲ့သိက္ခာတွေ အဖတ်ဆယ်မရလောက်အောင် အမေပြုမူရက်တယ်၊ သမီးကို အမေ မငဲ့ညှာဘူး''

မန္တွဲ့တင်လည်း ဝတ်ရည်နွေးအပေါ် သနားသွားရ၏။ ငွေပျောက်သည့်ကိစ္စမှာ ခွင့်လွှတ်နိုင်သော်လည်း သမီး၏စာရိတ္တ ပျက်ယွင်းသွားမည့်အတွက် အချိန်မီ ထိန်းသိမ်းလိုက်ခြင်းပါ။ ထိုအကြောင်းကို သမီးဖြစ်သူအား ပြောမပြချင်တော့ပေ။

''ကဲ.....အမေတောင်းပန်ပါတယ်ကွယ်၊ ငိုမနေနဲ့တော့၊ သမီးရဲ့ဆရာမလည်း သမီးအတွက်စိတ်ပူနေတယ်၊ ဖုန်းအိမ်မှာ ဖုန်းသွားဆက်လိုက်ဦး၊ သူ့တပည့်အိမ်မှာ ရှိ၊ မရှိ သိချင်လို့တဲ့၊ သမီးအသံကိုကြားရရင် စိတ်အေးသွားမှာပါကွယ်၊ ရော့.....ဖုန်းဖိုး''

ဝတ်ရည်နွေးမှာ ဖုန်းဖိုးငွေကို ကောက်ယူ၍ ထွက်သွား၏။ သည်တော့မှ မန္တွဲ့တင်လည်း စိတ်အေးသွားတော့သည်။

''အမေ့ကို နားလည်ပါ သမီးရယ်၊ ဘယ်မိဘပဲဖြစ်ဖြစ် ကိုယ့်သားသမီးကို အစိုးရိမ်ကြီးကြသူတွေချည်းပါပဲ၊ နောင်မလုပ်ရင် အမေကျေနပ် ပါပြီကွယ်''

တကယ်လည်း ဝတ်ရည်နွေးက မှတ်သွားပုံရ၏။ လုံးဝ ငွေကိုခိုးယူခြင်းမရှိတော့ပါ။ မန္တွဲ့တင်ထံမှလည်း မည်သည့်အကြောင်းပြချက်နှင့်မျှ ငွေတောင်းခံခြင်းမရှိတော့ဘဲ မုန့်ဖိုးသာ ယူသွား၏။ အထူးထုတ်စာအုပ်ဖိုးကအစ ပေးသည့်ငွေကို မယူဘဲ စာအုပ်ကိုလည်း မဝယ်တော့ချေ။ မိဘအပေါ် မာနထားသည့် ဝတ်ရည်နွေးပါ။

+++

''အမေ အစ်မဝတ်ရည်က ကိုး တန်းတက်တော့မှာဆိုတော့ ပညာသင်စရိတ်ကပိုကုန်လာမှာပဲ''

စိုးနေဒွေးက စိတ်ပူနေ၏။ မန္တွဲ့တင်ကိုယ်တိုင်လည်း တစ်အိမ်တက်ဆင်းအဝတ်လိုက်မလျှော်တော့ဘဲ တစ်အိမ်တည်းမှာပဲ လခဖြင့် အိမ်အကူဝင်လုပ်ခဲ့သည်။ မနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ထိုအိမ်တွင် အလုပ်သွားလုပ်ရ၏။ သည်တော့ အရင်ထက်စာလျှင် သက်သာသည်ဟု ဆိုရပေမည်။

''အမေ့ဝင်ငွေနဲ့ သားရဲ့ဝင်ငွေပေါင်းရင် အစ်မကိုတော့ ကျူရှင်ထားနိုင်မှာပါနော်၊ ဘာပဲဖြစ်ဖြစ် အမေရာ အစ်မသာ တစ်နှစ်တစ်တန်းအောင်ပြီး တက္ကသိုလ်တက်ရရင် ကျွန်တော်ကျေနပ်ပါတယ်''

''သားသဘောပဲကွယ်၊ အမေတော့ ငါ့သားပင်ပန်းမှာပဲ စိုးရိမ်တယ်''

''ငွေလိုရင် သားရဲ့အလုပ်ရှင်ဆီမှာ ချေးလို့ရတယ် အမေ၊ ကျွန်တော်ပဲ မချေးတာပါ''

''ချေးတယ်ဆိုတာ ပြန်ဆပ်ရတာပဲကွယ်၊ အကြွေးမရှိတာ စိတ်ချမ်းသာတယ် သားရဲ့''

''ဟုတ်တယ်နော်၊ ဒါကြောင့်လည်း အလုပ်ရှင်က သားကို လစာတိုးပေးတာပဲ၊ သားကို အလုပ်ရှင်က ယုံကြည်တယ်၊ သဘောလည်း ကျတယ် အမေ''

''အဲဒါ ဘုရားဂုဏ်ကျေးဇူးကြောင့်ပေါ့ကွယ်၊ အမေ့သား ဆက်ကြိုးစားကွယ်၊ တစ်ချိန်မှာ ကျေးဇူးရှင်အပေါ် မပြစ်မှားရင် ဘဝကောင်းစားမှာပဲ၊ ကိုယ့်အလုပ်ရှင်အပေါ် သစ္စာမဖောက်ရဲ့ ကျေးဇူး

မကောင်းနဲ့ လောဘမဖက်နဲ့နော်"

"ဟုတ်ကဲ့ပါ အမေ"

စိုးနေခွေးကိုကြည့်ပြီး မနွဲ့တင် စိတ်ချမ်းသာမိ၏။ သားသမီးဟူသည် ကိုယ်ပိုင်အသိရှိလျှင် မိဘက အထူးတလည် ဆုံးမနေစရာမလိုပေ။ ကိုယ်ပိုင်အသိမရှိလျှင်လည်း မည်မျှပင် ဆုံးမစေကာမူ လိုက်နာမည်မဟုတ်ပေ။

"မင်းအစ်မဆန္ဒကို မေးကြည့်ပါဦးကွယ်"

ဝတ်ရည်နွေးကိုမေးရာတွင်...

"ထားရင်တော့တက်မှာပဲပေါ့၊ ပြီးမှ ငွေကုန်ကြေးကျများတယ်လို့ မပြောနဲ့နော်"

ဘုဆတ်ဆတ်ပြန်ဖြေ၏။စိုးနေခွေးထံမှ တင်းခနဲဖြစ်သွားသည့် မျက်နှာကြောင့် မနွဲ့တင်က ဝင်ထိန်း လိုက်ရသည်။

"တက်မယ်ဆို ပြီးပြီကွယ်၊ ကဲ.....သွား.....သွား"

"အမေတို့များ အကြီးထက် အငယ်ကိုဦးစားပေးလွန်းတယ်နော်၊ သမီးလည်း အမေမွေးခဲ့တာပါပဲနော်"

"အစ်မဝတ်ရည်၊ နင်ဘာစကားပြောတာလဲ"

"အမှန်ကို ပြောနေတာ ကိုစိုး၊ ငါက နင့်ထက်အကြီးလေ၊ ဘာမဆို ငါနဲ့တိုင်ပင်ရမှာပဲပေါ့၊ မဟုတ်ဘူး လား"

"တော်စမ်း ဝတ်ရည်၊ အမေပြောတာကို နားထောင်စမ်း။ သွား.. နောက်ဖေးမှာ စားစရာရှိတာ သွားစား"

စိုးနေခွေးက တစ်ချက်ပြုံးကာ ပြောလိုက်၏။

"ဒီမှာ အစ်မဝတ်ရည်၊ နင်က အိမ်စရိတ် ဘယ်နှပြားရှာနိုင်လို့လဲ၊ မိဘဆီက လက်ဖြန့်တောင်းနေတဲ့ သမီးလေ"

ထိုစကားဖြင့် စိုးနေခွေးကအိမ်ရှေ့ရှိ ရေကပြင်သို့ ရေချိုးရန်ဆင်းသွားလိုက်သည်။ ဝတ်ရည်နွေးဆွေ့ဆွေ့ခုန် ကျန်ရစ်ခဲ့မည်ကိုသိနေ၏။ သူ့မှာ အစ်မအတွက်၊ မိသားစုအတွက် ပညာရေးပင် ဆက်မသင်နိုင်ဘဲ ပခုံးထမ်းတာဝန်ကို ဆက်ထမ်းခဲ့ရသည်။စေတနာကိုစေတနာမှန်း မသိသူပင်။ အငယ်လေးပင် သူမထက် ပိုသိတတ်၏။ မိဘကို ဦးချပြီးမှ ကြီးသူစားပြီးမှ စားတတ်သည်။

တစ်နေ့က အစ်ကိုဖြစ်သူကို တိုင်ပင်၏။ ကျောင်းပိတ်ရက်တွင် သူ့သူငယ်ချင်းခြံမှစံပယ်ပန်းများကို ယူပြီး လိုက်ရောင်းချင်သည်ဟုပြောပြသည်။

"မင်းက ဘယ်မှာရောင်းမှာလဲ မျိုးလေးရဲ့"

"ဈေးနဲ့ ကားလမ်းမ မီးပွိုင့်မှာပေါ့၊ လမ်းလျှောက်ရင်းလည်း လိုက်ရောင်းမယ် ကိုစိုး"

"ကားလမ်းပေါ်တော့ မသွားနဲ့ကွာ၊ အဖေက ကားလမ်းမပေါ်မှာ ဆုံးခဲ့တာလေ၊ အဲဒီလမ်းမကြီးကို တွေ့တိုင်း အဖေ့ကို သတိရမိတယ်၊ အမေ့ကို တိုင်ပင်ကြည့်မယ်ကွာ"

"အမေက ခွင့်ပြုမှာမဟုတ်ဘူး ကိုစိုး၊ ဖြစ်နိုင်ရင် ကိုစိုးနဲ့အတူ လက်ဖက်ရည်ဆိုင်မှာ လုပ်ချင်တာပါ"

"ငါ့ညီ ပညာကို ဆက်သင်ပါကွာ၊ မင်းက ငယ်ပါသေးတယ်"

"ကိုစိုးကို သနားလို့ပါ၊ စံပယ်ပန်းရောင်းတာ တစ်နေ့ သုံးထောင်လောက်မြတ်တာတဲ့၊ အရင်းလည်း မစိုက်ရဘူး၊ သွားနိုင်၊ လျှောက်နိုင်၊ ရောင်းနိုင်ရင် ပိုမြတ်တာတဲ့ ကိုစိုးရဲ့"

"ကျောင်းတက်ရင် မရောင်းရ တော့ဘူးနော်"

"အင်းပါ ကိုစိုးရဲ့"

စိုးနေခွေးက မနွဲ့တင်ကို ပြောပြလိုက်သည်။ ပထမတော့ စိတ်မချ၍ သဘောမတူချင်သော်လည်း မျိုးလေး၏ဆန္ဒကြောင့်ခွင့်ပြုလိုက်ရ၏။ သည်တော့ ရလာသည့်ငွေကြေးလေးများအား မနွဲ့တင်ကစုဆောင်းထားပေးသည်။ သားနှစ်ဦးအတွက် စိတ်ချမ်းမြေ့နေသော်လည်း သမီးအတွက် စိတ်ပူရ၏။

ကျောင်းပိတ်ချိန်တွင် ကျူရှင်ကြိုတက်လိုက်၊ အိမ်တွင်အိပ်လိုက်၊ သူငယ်ချင်းအိမ်သွားလိုက်နှင့် အိမ်တွင် အချိန်ပြည့်မနေပေ။ မနွဲ့တင်က မနက်ခင်းသွား၊ ညနေ ၆ နာရီမှ အိမ်ပြန်လာရ၏။ သည်တော့ အိမ်တွင်လည်း တစ်ယောက်တည်း ရှိနေမည့် ဝတ်ရည်နွေးအား စိတ်မချပြန်ပေ။

"စံပယ်ခြံမှာချည်းပဲ အလုပ်လုပ်မနေပါနဲ့ မျိုးလေးရယ်၊ သားက စံပယ်ပန်း မနက်နဲ့ည ရောင်းနေတာပဲကွယ်"

www.burmeseclassic.com



"နေ့လယ်မှာ စံပယ်ခူးပေးလိုက်၊ ဝင်သီလိုက်နဲ့ဆိုတော့ ဝင်ငွေပိုရတာပေါ့ အမေရာ၊ သားမပင်ပန်းပါဘူး၊ ကျောင်းမတက်ခင်လေးမှာ အလုပ်လုပ်ရတာလေ"

"အိမ်မှာ မင်းအစ်မတစ်ယောက်တည်း ရှိတာသားလေးရဲ့၊ မင်းအစ်ကိုကြီးလည်း ဆိုင်မှာ တစ်နေ့လုံးနေရတာကွယ်"

မျိုးနေဒွေးက ကလေးပီပီတစ်ဖွတ်ထိုးလုပ်တတ်၏။ အားရက်တွင် အချိန်ကို အကျိုးရှိစေချင်သည့် အတွေးလေးအား မနွဲ့တင်က ရိုက်မချိုးရက်ပါ။ မတ်၊ ဧပြီ၊ မေတွင် စံပယ်လှိုင်လှိုင် ထွက်ချိန်ဖြစ်သဖြင့် အိမ်တွင်လည်း စံပယ်ကုံးများဖြင့် တစ်အိမ်လုံး မွှေးကြိုင်နေတော့၏။

+++

"ကိုစိုး.....ကိုစိုး၊ မျိုးလေးကို ကားတိုက်ခံရလို့၊ မြန်မြန်လာပါဦးဗျာ"

"ဟင်.....ဟုတ်လား"

နံနက်ခင်းအချိန်တွင် လက်ဖက်ရည်ဆိုင်မှာလည်းလူကျနေ၏။ နံပြားကူရိုက်ပေးရင်းအလုပ်ရှင်အား ပြော၍ လာခေါ်သော ကောင်လေးနှင့်အတူ ကားတိုက်သည့်နေရာသို့ အပြေးအလွှား သွားလိုက်ရသည်။

"မျိုးလေးက ဘယ်နေရာမှာ အတိုက်ခံရတာလဲကွာ"

"မီးပွိုင့်လမ်းဆုံမှာ ကိုစိုး၊ ကားတွေကို စံပယ်ပန်းလိုက်ချိတ်ရောင်းနေတုန်း ကွေ့ကားက ဝင်တိုက်သွားတာ"

"ဘာဖြစ်သွားသေးလဲ"

"မသိဘူးဗျ၊ သွေးတွေတော့ ရွှဲနေတာပဲ၊ လူကကားအောက်မှာ"

ဒိန်းခနဲဖြစ်သွားလောက်အောင် မျိုးလေးက တစ်ဖက်ကားအောက်သို့ ရောက်နေပြီး ယာဉ်ထိန်းရဲတွေလည်း ရောက်နေကြ၏။ မျိုးလေးအား ဆွဲထုတ်လိုက်သည့်နောက်...

"ဟာ ဦးခေါင်းက ပြားနေပြီပဲ၊ သနားပါတယ်ကွာ"

"လက်ထဲမှာ စံပယ်ပန်းတွေ ဆုပ်ကိုင်ထားတယ်၊ ပန်းသည်လေးနဲ့ တူပါတယ်ကွာ"

စိုးနေဒွေးတစ်ယောက် မျက်လုံးများ ပြာဝေသွားတော့၏။ အဖြစ်ဆိုးလွန်းလှသော ညီလေးအား ဆွဲယူပွေ့ဖက်လိုက်သည်။

"ဟော့ကောင်..သေနေပြီကွ"

"ကျွန်တော့်ညီလေးပါဗျာ၊ အိမ်စရိတ်ရအောင်ပန်းလိုက်ရောင်းရင်း ဒုက္ခဖြစ်ရတာပါ၊ မျိုးလေး.....အီး.....ဟီး.....ဟီး၊ အမေ့ကိုဘယ်လိုပြောရမလဲကွာ"

"ဟော့...အလောင်းကို ဆေးရုံသာ သယ်သွားကြကွာ"

"ခဏလေးနေပါဦးဗျာ၊ ညီလေးနဲ့ နောက်ဆုံးတွေ့ချိန်လေးမှာ အားရပါးရဖက်ထားပါရစေ ဦးလေးတို့ရယ်"

ရပ်ကွက်ထဲမှ အမျိုးသားကြီးတစ်ယောက်က.....

"ပေးလိုက်ပါတော့ကွာ၊ မင်းညီက မြင်မကောင်းတော့ဘူးလေ၊ အင်း...မနွဲ့တင်တော့ စိတ်သောကရောက်ရဦးမှာပါလား"

မျိုးနေဒွေးအလောင်းအား ဆေးရုံသို့ သယ်ဆောင်သွားပြီးနောက် တိုက်လိုက်သော ကားပိုင်ရှင်အား ခေါ်ဆောင်သွား၏။ သူ့ဘေးမှ အမျိုးသမီးက ညှိုးငယ်သောမျက်နှာဖြင့်.....

"သားလေး မင်းတို့ ဘယ်မှာနေလဲဟင်၊ မင်းတို့အိမ်ကို အန်တီလိုက်ခဲ့ပါရစေကွယ်"

"လာ.....လာ ငါ့နမ၊ အစ်ကိုကြီးလိုက်ပြပါ့မယ်၊ ဟေ့ကောင် ကိုစိုး၊ ဒီအန်တီကို အိမ်ခေါ်သွားလေ၊ မင်းအမေနဲ့တွေ့ပေးပြီး ညှိနှိုင်းကြတာပေါ့"

နားလည်သော အမျိုးသားကြီးက ဦးဆောင်၍ အိမ်သို့ခေါ်ဆောင်သွား၏။ စိုးနေဒွေးလည်း မျက်ရည်စက်လက်ဖြင့် အိမ်သို့ပြန်ခဲ့သည်။ မနွဲ့တင်မှာထိုသတင်းကိုကြားသည်နှင့် တက်မတတ် ချက်မတတ်ပင်။

"သူ့သားလည်း သူ့အဖေလို ကားလမ်းပေါ်မှာပဲ အသက်ပျောက်ရပါလား၊ အမယ်လေး ဒုက္ခတော့ ဖြစ်ပါပြီရှင်"

"ဟဲ့.....မနွဲ့တင် တက်သွားပြီ၊ ခြေမ,ချိုးဟေ့"

အားလုံးက ဝိုင်းဝန်းပြုစုမှ မနွဲ့တင်လည်း သတိပြန်လည်ရလာတော့သည်။ လိုက်ပါလာသော အမျိုးသမီးလည်း ယောက်ျားအတွက် စိုးရိမ်စိတ်အပြင် အတိုက်ခံရသည့် ကလေးအတွက်ပါ စိတ်မကောင်းဖြစ်နေရ၏။ သည့်တော့ ပြစ်ဒဏ်လျော့ပေါ့ရေးအတွက် မျိုး

www.burmeseclassic.com

www.burmeseclassic.com

နေဒွေး၏ နာရေးကိစ္စ အဝဝအား စိတ်ချမ်းသာစေရန် လုပ်ဆောင်ပေးခဲ့သည်။

+++

တိုက်သွားသည့်ကားပိုင်ရှင်က မန္တဲ့တင် ကျေနပ်သည်အထိ လျော်ကြေးပေးခဲ့သည်။ သားတစ်ယောက်လုံး ဆုံးရှုံးခံရပြီးမှ မန္တဲ့တင်က ထိုငွေကို မလိုချင်ပေ။ သည်တော့ နာရေးကိစ္စအဝဝပြီးဆုံးသည်နှင့် ပိုသည့်ငွေအား ဘုရားတွင်သွားလှူလိုက်၏။

"သားတို့အဖေတုန်းကလည်း ဒီလိုပဲကွယ်၊ အမေ အကုန်လှူပစ်လိုက်တယ်၊ ဒါမှ နောင်ဘဝမှာ ဒီလိုအဖြစ်ဆိုးမျိုး မကြုံတွေ့ရတော့ဘူးပေါ့ကွယ်"

"အမေကလည်းလေ ကိုယ့်မှာ ပြေလည်တာလည်းမဟုတ်ဘူး၊တစ်ခုခုလုပ်ဖို့ အရင်းအနှီးရတာပေါ့"

"တိတ်စမ်း ဝတ်ရည်၊ ညည်းဟာ မိသားစုအပေါ်တော်တော်ရက်စက်တဲ့ မိန်းကလေးပါလား၊ ညည်းမောင်လေးက ဘယ်လောက်သနားဖို့ကောင်းသလဲ၊ အရွယ်နဲ့မမျှအောင် သိတတ်တယ်"

"ဒါဆို သမီးလည်းစံပယ်ပန်းလိုက်ရောင်းမယ်လေ"

ဝတ်ရည်နွေးက အရွဲ့တိုက်ပြောလိုက်ရာ မန္တဲ့တင်မှာ ဒေါသဖြစ်ဖြစ်နှင့် ထအော်လိုက်တော့၏။

"တိတ်စမ်း.....ငါ့ကို အရွဲ့မတိုက်နဲ့နော်၊ ညည်းကို အလုပ်လုပ်ခိုင်းလို့ကတော့ ငါအရှက်ကွဲမှာ သေချာတယ်"

ဝတ်ရည်နွေးမှာ အသံမထွက်တော့ချေ။ အထူးသဖြင့် သူ့အကျင့်စရိုက်ကို သိထားသည့်အတွက် မန္တဲ့တင်အား အတွန့်မတက်ရဲတော့ပေ။ စိုးနေဒွေးမှာဖြင့် စိတ်မကောင်းဖြစ်လွန်း၍ အပြင်သို့ထွက်လာသော် လည်းမျိုးလေးဆော့ကစားနေသည့် ပုံရိပ်လေးများကို မြင်ယောင်ပြီး မျက်ရည်ဝဲနေမိ၏။ အစက ခွင့်မပြုခဲ့လျှင် အကောင်းသားဟုတွေးမိပြီး နောင်တရမဆုံးတော့ပေ။

သည်လိုနှင့် မျိုးလေးတစ်ယောက် ခွဲခွာသွားခဲ့သည်မှာ တစ်လပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ကျောင်းတက်ချိန်တိုင်း အဖြူအစိမ်းဝတ်သော ကလေးများအား တွေ့ရလျှင် မျိုးနေဒွေးကို သတိရနေမိသည်။ တမ်းတမိသည်။ စိတ်မကောင်းဖြစ်မိသည်။ သေသောသူကြာလျှင်မေ့ဆိုသော်လည်း မေ့မရနိုင်ပေ။ မန္တဲ့တင်ကိုယ်တိုင်လည်း စိတ်မကောင်းဖြစ်လွန်းသဖြင့် ပိန်ကျသွား၏။ သို့ပေမယ့် နားချိန်မရပေ။

"ဝတ်ရည်ကို ကျူရှင်မတက်ခိုင်းရရင် ကောင်းမလား သား"

"အမေ့သမီးအကြောင်းလည်း သိသားနဲ့၊ စာ ရ မရတော့ မသိဘူး၊ ကျူရှင်ချိန်က မှန်နေတာပဲ"

"ဒီကောင်မလေးက ကျူရှင်မှ မှန်မှန်တက်ရဲ့လား သားရယ်၊ အမေ သူ့ကိုမယုံဘူး၊ လိုက်ကြည့်ဖို့လည်း မအားဘူး၊ အမေပြန်တာနဲ့ သူ့ကျူရှင်လွှတ်ချိန်က တိုက်နေတယ်၊ မင်းလည်း ဆိုင်ကနေသွားကြည့်ဖို့ကမကောင်းဘူး"

အခုတလောတွင် ဝတ်ရည်နွေးက ဝဖြိုးလာ၏။ အိပ်လိုက်၊ စားလိုက်နှင့် စာကျက်သံမကြားရပေ။ သို့သော် ကျူရှင်တော့မှန်၏။

"နန်းထိုက်နဲ့ ဆက်ပေါင်းနေတာလေ၊ ဟိုကကျွေးမွေးပေးကမ်းတာတွေယူလိုက်၊ စားသောက်လိုက်နဲ့ သူ့ဝမ်းသူကျောင်းနေတာကွဲ့"

"အဲဒီအစ်မဟာလေ ဆင်းရဲသားမာန မရှိဘူး အမေ၊ အမေ့သမီးတော့ မလွယ်ဘူးနော်၊ သိပ်လည်းလွှတ်မထားနဲ့၊ ပျက်စီးသွားဦးမယ်"

"အေးပါကွယ်၊ အမေလည်း သူ့အခြေအနေကို အကဲခတ်နေတာပါပဲ"

တစ်နေ့ ကျူရှင်အသွားတွင် မန္တဲ့တင် အလုပ်လုပ်သည့်အိမ်သို့ ရောက်လာ၏။

"အမေ သမီး ဒီနေ့ ကျူရှင်မှာ အချိန်ပိုသင်မှာနော်၊ နောက်ကျမယ်၊ အဲဒါလာပြောတာပါ"

"အေး...အေး၊ ပြီးတာနဲ့ပြန်လာနော်၊ ဘယ်မှလျှောက်ဝင်မနေနဲ့"

"ဟုတ်ကဲ့ပါ၊ ရှစ်နာရီမထိုးခင်ပြန်လာမှာပါ"

ဝတ်ရည်နွေးက မိခင်ထံ အကြောင်းကြားပေ၏။ သည်လို ပြောဆိုသွားလျှင် တော်ပါသေး သည်။ သိပ်စိတ်မချသဖြင့် တ

သမ်းတည်းရှိ ကျူရှင်အတူတက်သူ မာလေးကို မေးရသည်။

"ဟုတ်တယ် ဒေါ်လေး၊ ဒီနေ့ ဆရာနောက်ကျမှာမို့ပါ"

"အေးကွယ်၊ ဝတ်ရည်ကိုလည်း ကြည့်ပေးပါ သမီးရယ်၊ ဒီကလေးက မာလေးတို့လိုမဟုတ်ဘူး၊ ဆိုးတယ်"

"သူပေါင်းနေတဲ့ သူလည်း ကြည့်ဦးလေ ဒေါ်လေးရဲ့၊ ဒေါ်လေးသမီးက သမီးတို့နဲ့အတူတူထိုင်တာ မဟုတ်ဘူး"

ဝတ်ရည်နွေးအကြောင်းက ကြားလိုက်တိုင်း စိတ်ချမ်းသာစရာ မရှိပေ။ သားသမီးမကောင်းတော့လည်း မနွဲ့တင်မှာ မျက်နှာငယ်ခဲ့ရ၏။ ကျောင်းဖွင့်ချိန်က တစ်လပင် မပြည့်သေးပေ။ ဆရာမ,ခေါ်၍ ကျောင်းသို့ငါးကြိမ်ရောက်ခဲ့ရသည်။ ဝတ်ရည်နွေး၏အနာဂတ်ကမည်သို့မျှ အားရဖွယ်မရှိပါ။ သည်အတိုင်းဆိုလျှင် ရှေ့နှစ် အလုပ်လုပ်ခိုင်းတော့မည်ဟု တွေးထားလိုက်၏။ ကိုးတန်းအောင်လျှင်တော့ ကျောင်းဆက်ထားပါမည်။

+++

ဝတ်ရည်နွေး ဒုက္ခပေးလိုက်ပုံက မနွဲ့တင်မှာ ၆ နာရီထိုးသည်နှင့် အိမ်ရှင်ကိုပြောကာ ကျူရှင်သို့သွားစောင့်နေလိုက်သည်။

"တော်ပါသေးရဲ့၊ ကျူရှင်တက်နေလို့ပေါ့၊ ပြီးမှ စောင့်ခေါ်ရမယ်"

ကျူရှင်ရှေ့ရှိ ပလက်ဖောင်းပေါ်တွင် ထိုင်ချလိုက်၏။ ဝတ်ရည်နွေးကြောင့် အိမ်ပြန်ပြီး ထမင်းဟင်းချက်ချိန် နောက်ကျရပေတော့မည်။ ဟိုငေးသည်ငေးဖြင့် နာရီဝက်ခန့်အကြာတွင် ကျူရှင်ကြိုသူများ တဖွဲဖွဲရောက်လာကြသည်။ ကျူရှင်ဆရာက အာပေါင်အာရင်းသန်သန်ဖြင့် စာကိုမှတ်မိစေရန် သူပါရော၍ ရွတ်ဆိုနေ၏။

"ဒီဆရာက မဆိုးဘူး၊ အသင်အပြကောင်းတယ်၊ စာကို မှတ်မိအောင် လေ့ကျင့်ပေးတယ်၊ ဒီတော့အောင်ချက်ကောင်းတာပေါ့ဗျာ"

"ဟုတ်တယ်၊ ကျွန်တော့်သားအတွက် အခုမှပဲစိတ်ချမ်းသာတော့တယ်ဗျာ"

မိဘနှစ်ဦး၏ ရင်တွင်းစကားများကြောင့် မနွဲ့တင်လည်း ဝတ်ရည်နွေးကို သူတို့သားသမီးများကဲ့သို့ ဖြစ်စေချင်၏။ ဆယ်မိနစ်ခန့်အကြာတွင် ကျူရှင်လွှတ်သွား၏။ လာကြိုသူများက သူတို့၏ကလေးများအား ခေါ်ယူရန် စောင့်နေကြရာ မနွဲ့တင်လည်း ဝတ်ရည်နွေးအလာကို မျှော်ကြည့်နေသည်။

"ဟင်.....ဒေါ်လေး၊ ဝတ်ရည်နွေးကို လာကြိုတာလား"

"အေးကွယ်၊ထွက်မလာသေးဘူးလား"

"ဝတ်ရည်နွေး ကျူရှင်မတက်ဘူး ဒေါ်လေး၊ သူ့အဖော်တွေလည်း မတွေ့ဘူး"

"ဘာ.....ဘယ်လို ကျူရှင်မတက်ဘူး ဟုတ်လား"

"ဟုတ်တယ် ဒေါ်လေး၊ မာလေးတောင် ဒေါ်လေးဆီကို ဝင်ပြောဦးမလို့ပဲ၊ လွှတ်မထားနဲ့နော် ဒေါ်လေး၊ သူနဲ့တွဲနေသူတွေက ကာရိုက်တာမကောင်းဘူး"

မနွဲ့တင်မှာ သမီးပျောက်အား မည်သည့်နေရာတွင် လိုက်ရှာရမှန်း မသိတော့ပေ။ ကျူရှင်မတက်ဘဲ အပေါင်းအသင်းများနှင့် ရုပ်ရှင်ပဲ သွားကြည့်နေသလား၊ ဘယ်နေရာများ သွားနေမည်လဲမသိပေ။

"ကိုစိုးကို ပြောရအောင်လည်း ကိုစိုးက လမ်းထိပ်ဆိုင်မှာမဟုတ်တော့ဘူး၊ တခြားရပ်ကွက်က လက်ဖက်ရည်ဆိုင်မှာ ရောက်နေပြီ၊ ဒုက္ခ ပါပဲနော်"

အလုပ်ရှင်က ဆိုင်ခွဲဖွင့်သဖြင့် စိုးနေဒွေးက ဆိုင်သစ်တွင် သွားရောက်လုပ်ကိုင်ရသည်။ အလုပ်ရှင်၏ သစ္စာအရှိဆုံး ဝန်ထမ်းတစ်ဦးပါ။ ပြီးတော့လည်းအိမ်သို့ပြန်မလာနိုင်သည်မှာ တစ်ပတ်ရှိနေပြီဖြစ်၏။ မနွဲ့တင်၏လက်ထဲတွင်လည်းအသုံးစရိတ်က ပြတ်နေပေပြီ။ သားအမိနှစ်ဦးတည်းသာရှိသဖြင့် ချွေတာစားနေရသည်။ သားအားပြောပြပြန်လျှင်လည်း စိတ်မကောင်းဖြစ်မည်ကို စိုးမိ၏။

"သားလေးက သိတတ်ပါတယ်၊ သူလည်း ငွေလာပေးဖို့ အချိန်မရလို့ပဲဖြစ်မှာပါ၊ ဟင်း..... ကျူရှင်တက်မှ တောင်းလိုက်တဲ့ငွေက ခဏခဏပဲ၊ မိဝတ်ရည်.....ဒီဝတ်ရည်၊ ညည်းအတွက် ငါမောပါပါရဲ့အေ"

www.burmeseclassic.com

မန္တဲ့တင်လည်း ရှာမတွေ့သည့်အဆုံး အိမ်သို့ပြန်လာရတော့၏။ ကျူရှင်မတက်ဘဲ ကျောင်းပြေးခြင်းအား လုံးဝခွင့်မလွှတ်နိုင်ပါ။ သူ့အားမသိချင်ယောင်ဆောင်နေလျှင် သူ့ဘဝ ရေစုန်မျောရပေတော့မည်။ မီးဖိုထဲမဝင်နိုင်သေးဘဲ အိမ်ဝတွင် ငုတ်တုတ်ထိုင်စောင့်နေမိ၏။

"ကြည့်စမ်း၊ ၈ နာရီထိုးတော့မယ်၊ ပြန်လာဖို့ကောင်းပြီပေါ့၊ ဒီတစ်ခါတော့ ညည်းကိုရိုက်မှပဲဖြစ်တော့မယ်၊ ဟိုတစ်ခါအရှက်ခွဲသလို မျိုးလုပ်မှ သူကရတာ၊ ဒါကြောင့်လည်း ခိုးယူတတ်တဲ့အကျင့်တော့ ပျောက်သွားတာပဲ"

ဝတ်ရည်နွေးက ပိုက်ဆံမခိုးတော့သော်လည်း တစ်ခုပြီးတစ်ခု လိမ်ညာတောင်းနေတတ်၏။ သည်တော့ ငွေရနေခြင်းသာဖြစ်ပါမည်။ လွန်ခဲ့သည့် သုံးလေးရက်ကတော့ မန္တဲ့တင်က ငွေကုန်များသည့်အတွက် ဝတ်ရည်နွေးတောင်းသလောက် မပေးတော့ချေ။ မိဘထံမှ ယူရအောင်လည်း မန္တဲ့တင်တွင် ငွေပြတ်နေ၏။

"မနက်ဖြန်မှ အိမ်ရှင်ဆီက ငွေတစ်ထောင်ချေးဦးမှပဲ၊ ဒီညကိုစိုးပြန်လာရင် သိပ်ကောင်းမှာပဲ"

အိမ်ပေါက်ဝတွင် သမီးမိုက်ကို ထိုင်စောင့်နေရင်း မှေးခနဲဖြစ်သွားတော့သည်။

+++

"အမေ.....အမေ၊ ထပါဦးဗျ"

တုန်ယင်သောခေါ်သံကြောင့် မှေးခနဲအိပ်ပျော်နေရာမှ လန့်နိုးသွား၏။ မျက်စိဖွင့်ကြည့်လိုက်ရာ စိုးနေဒွေးကို တွေ့ရသည်။ မန္တဲ့တင် ဝမ်းသာသွား၏။

"သားရယ် အခုမှပဲ ပြန်လာရ သလား၊ မင်းကို အမေ မျှော်နေ တာကွဲ့"

စိုးနေဒွေး၏မျက်နှာတွင် ဖောချွေးများပြန်နေတော့သည်။မျက်လုံးမှာလည်း ကယောက်ကယက်နှင့် ဂနာမငြိမ်ပေ။ တစ်ခုခုအားကြောက် လန့်လာပုံပင်။

"ဟဲ့.....သား၊ မင်းဘာဖြစ်လာသလဲ၊ ပြောစမ်းပါဦး"

"အမေ.....သားလေ...သား"

"ဘာဖြစ်လို့လဲ သား၊ အမေ့ကိုပြောလေ"

"သား လူသတ်လာတယ် အမေ"

"ဟင်....."

မန္တဲ့တင်တစ်ယောက်မျက်လုံးပြူးသွားတော့၏။ သား၏စကားက သူမအဖို့ မယုံနိုင်စရာပင်။

"သားကို ကယ်ပါဦး အမေရယ်"

နောင်တစိတ်ဖြင့် မိခင်ဖြစ်သူထံ အကူအညီတောင်းခံနေတော့သည်။ စိုးနေဒွေး၏ပါးနှစ်ဖက်ပေါ်မှ စီးကျလာသော မျက်ရည်များကို ကြည့်၍ မန္တဲ့တင်တစ်ယောက် အားအင်ကုန်ခန်းသွားမတတ်ပင်။

တကယ်မဖြစ်ပါစေနှင့်ဟု ဆုတောင်းချင်သော်လည်း ဆုတောင်းပြည့်မည်မဟုတ်တော့ပါ။

"မင်း ဘယ်သူ့ကိုသတ်လာတာလဲ သား၊ ပြောစမ်းပါဦးကွာ"

"အမေ ဆိုင်သစ်က လက်ဖက်ရည်ဆိုင်ကို ပါဆယ်လာမှာလို့ သားကိုယ်တိုင် သွားပို့ပေးလိုက်ပါတယ်၊ အဲဒီမှာ ဘယ်သူ့ကိုတွေ့ရတယ်ထင်သလဲ အမေ"

"သားပြောပြမှ အမေသိမှာပေါ့ကွယ်"

"လုံးဝထင်မထားဘူး အမေရာ၊ အီး.....ဟီး.....ဟီး"

စိုးနေဒွေးက ပြောရင်းနှင့် အ[illegible] လှိုက်သည်းလှိုက် ငိုနေတော့၏။ မန္တဲ့တင်လည်း စိုးစိတ်များဖြင့်နား[illegible] ထောင်နေရသည်။

"လာ....သား၊ အိမ်ပေါ်တက်ရအောင်၊ အိမ်ပေါ်ရောက်မှ ပြောပြ[illegible] တော့ကွယ်"

သားအမိနှစ်ဦးမှာ အိမ်ပေါ်သို့ အလျှင်အမြန်တက်လိုက်ကြပြီး မန္တဲ့တင်က တံခါးချက်ကိုပိတ်လိုက်၏။

+++

"ဟင်...အိမ်တံခါးကြီးလည်း ဖွင့်လို့၊ အိမ်ထဲမှာ ဘယ်သူမှ မရှိ[illegible] ကြဘူးလား"

စိုးနေဒွေးက လက်ဖက်ရည်[illegible] ငါးခွက်ကိုစတီးလ်ဗန်းဖြင့်ထည့်ကာ ပါဆယ်လာပို့သည်။ အိမ်ထဲတွင်လူ[illegible] ရိပ်လူခြည် မတွေ့ပေ။ ဒီအတိုင်း[illegible] ထားခဲ့ပြန်လျှင်လည်း မဖြစ်ပါ[illegible] အိမ်များတွင် လူများလည်းမရှိကြ[illegible] ပေ။ ဝါးရုံများကချုံ[illegible]ပေါက်ရောက်[illegible] နေကြသည်။ [illegible]ည်တော့.....

www.burmeseclassic.com



"အိမ်ရှင်တို့.....အိမ်ရှင်တို့"

"ဟော့.....အပြင်မှာချထားခဲ့ကွ၊ အရေးထဲ သူကတစ်မျောင့်၊ ပြီးရင် တံခါးစေ့ထားလိုက်"

အိပ်ခန်းထဲမှအသံဖြစ်၏။အိမ်ထဲတွင် ဘာများအရေးတကြီးလုပ်နေသည်မသိပေ။မိန်းမအသံတစ်သံပါ ကြားရသည်။ အသံက ညည်းညူသံမျိုးပါ။ စိုးနေဒွေးလည်း သိချင်စိတ်ဖြစ်လာ၏။ အချိန်ခဏစောင့်ကြည့်မိရာ သူပြန်သွားပြီအထင်ဖြင့် အသံကကျယ်လာ၏။

"အော်မနေနဲ့၊ နင့်ကို ငွေပေးထားတာ၊ ငါခိုင်းတာသာလုပ်"

စိုးနေဒွေး သဘောပေါက်သွား၏။ သူသိရသလောက် ဆိုင်ကကောင်လေးများ ပြောစကားအရ ထိုအိမ်သည် မကောင်းသည့်အိမ်ဟု ပြောသံကြားခဲ့ရသည်။ မည်သည့်အရာမကောင်းမှန်း မသိခဲ့ပေ။ အခုတော့မှ စိုးနေဒွေး နားလည်သွား၏။

"ကျွန်မ ပြန်မယ်၊ ၈ နာရီထိုးနေပြီ၊အိမ်ကမျှော်နေတော့မယ်"

"ဟဲ့.....ကောင်မ၊ နင့်ကိုငွေပေးထားတာနော်၊ ဆွဲစိပစ်လိုက်မယ်၊ ငါ့ကို ဘာကောင်အောက်မေ့နေသလဲ၊ အခုနေ ရဲစခန်းကိုလှမ်းတိုင်လိုက်ရင် နင် သောက်ရှက်ကွဲမှာပဲ"

"ဦးလေးကြီးက မတရားလုပ်နေတာကိုး"

"ဟဲ့.....ငါငွေပေးထားတာလေ၊ ငွေယူရင်တော့ နင်အနာခံရမှာပဲ"

အိပ်ခန်းထဲတွင် အခြေအနေက မကောင်းပေ။ တဖြည်းဖြည်းနှင့်တင်းမာလာ၏။ ဖြောင်းခနဲ ပါးရိုက်သံ၊ လက်သီးနှင့်ထိုးသံတို့ကမကြားဝံ့ပေ။ မိန်းကလေးက ငိုနေ၏။

"အမေရေ.....သမီးကိုကယ်ပါဦး၊ အီး.....ဟီး.....ဟီး"

ထိုအသံက စိုးနေဒွေးနားထဲတွင် ယဉ်ပါးနေသလိုပါ။ အိပ်ခန်းထဲမှ ပါးရိုက်သံနှင့် ဆွဲလွဲသံများက မတရားနှိပ်စက်နေမှန်း သိသာနေ၏။ ထိုကဲ့သို့ ပြုမူနေခြင်းအားလက်ပိုက်ကြည့်မနေနိုင်ပေ။ သူတို့ဘာသာ မည်သည့်မကောင်းမှုမျိုးကိုပြုလုပ်နေပါစေ အန္တရာယ်နှင့် ကြုံတွေ့လျှင် ကူညီရပေမည်။ ထိုမိန်းကလေးဘဝက သူကယ်တင်မှပင်ဖြစ်ပေတော့မည်။ သည်တော့ အပေါက်ဝတွင် ထောင်ထားသည့်ထင်းခွဲဓားမကို ကောက်ယူကာ အိပ်ခန်းဝသို့ ရောက်သွား၏။ အထဲမှ တံခါးအား ခြေဖြင့်ဆောင့်ကန်လိုက်ရာ မခိုင့်တခိုင်တံခါးမှာ ကျိုးပဲ့ပွင့်ထွက်သွားသည်။

"အခု ခင်ဗျားကြီး ရပ်လိုက်စမ်း၊ ကောင်မလေးကိုလွှတ်လိုက်"

"ဟင်.....ကိုစိုး"

မိန်းကလေးက စောင်ကိုဆွဲယူခြုံလိုက်မှ စိုးနေဒွေးလည်း ဝတ်ရည်နွေးမှန်း သိသွားရ၏။ သည်တော့ အစ်မဖြစ်နေသည့်အပြင် မြင်ကွင်းက မည်သို့မျှ စိတ်မချမ်းသာစရာဖြစ်နေ၏။

"အောင်မာ.....မင်းက လက်တောက်လောက်လေးနဲ့ ငါ့ကိုများ အမိန့်လာပေးနေသေးတယ်"

အမျိုးသားကြီးက စိုးနေဒွေးရှိရာသို့ မရှက်မကြောက်လျှောက်လာရာ ဝတ်ရည်နွေးက ခြေထိုးခံလိုက်၍ ဟပ်ထိုးလဲကျသွား၏။ အငိုက်မိသွားသည့်အတွက် ဝတ်ရည်နွေးက သူ့အဝတ်အစားများအား ကောက်ယူ၍ စောင်ကိုပတ်ကာ ထွက်ပြေးရန်ပြင်စဉ်.....

"ကောင်မ....."

ပါးကို ဖြန်းခနဲရိုက်လိုက်ရာ ဝတ်ရည်နွေးမှာ ခွေခနဲ လဲကျသွား၏။ အမျိုးသားကြီး၏ဒေါသက ဝတ်ရည်နွေးထံ ကျရောက်သွားစဉ် စိုးနေဒွေးက ဓားမနှင့် ခေါင်းအားရိုက်ချလိုက်တော့သည်။

"အား....."

အသံနက်ကြီးနှင့်အတူ အမျိုးသားကြီး၏ခေါင်းမှာ ကွဲသွားပြီးသွေးများကျလာ၏။မျက်နှာတစ်ပြင်လုံး ခြင်းခြင်းနီသွားသည်။ ခဏချင်းပင် လဲကျသွား၏။ မောင်နှမနှစ်ယောက်က အံ့သြထိတ်လန့်ဟန်နှင့် ကြည့်ပြီးနောက်.....

"လာ.....ပြေးကြမယ် ကိုစိုး"

"နင်က ဘယ်ကိုပြေးမှာလဲ အစ်မ"

"ခြေဦးတည့်ရာလေဟာ"

"ပြေးလို့မလွတ်ဘူးနော်၊ ငါ အဖမ်းခံလိုက်မယ်"

ဝတ်ရည်နွေးက မောင်ဖြစ်သူအား နှမြောတသဝမ်းနည်းစိတ်ဖြင့် ကြည့်ရင်း တစ်စုံတစ်ရာကို တွေးတောလိုက်၏။

"ကိုစိုး နင်ပဲ အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



မပျက် ပြန်သွားပါဟယ်၊ ငါက သူနဲ့နေတာ စစ်လိုက်ရင် ပေါ်မှာပဲ၊ ဒီလူကြီးက နန်းထိုက်ရဲ့ဦးလေးဝမ်းကွဲပါ၊ ငါ ငွေလိုလို့ ကြံရာမရတဲ့အဆုံး အခုလိုလုပ်လိုက်မိတာပဲ”

“နင် သိပ်မိုက်တယ် အစ်မ၊ အမေသိရင် ဘယ်လောက်ရင်နာလိုက်မလဲဟင်၊ အမေဟာ နင့်အပေါ် မခိုင်းရက်တဲ့ မိဘပါဟာ”

ဝတ်ရည်နွေးမှာ ပူနွေးသော မျက်ရည်များဖြင့်.....

“အမေပေးလိုက်တဲ့ ကျူရှင်လခက ပျောက်သွားတယ် ကိုစိုး၊ ဒီတော့ ကျူရှင်မသွားရဲတော့ဘူး၊ ဒါပေမဲ့ အမေမသိအောင် ကျူရှင်သွားတဲ့ပုံမျိုးလုပ်ပြီး ငါက မကောင်းမှုနဲ့ ငွေရှာခဲ့မိတယ်၊ ဒီတော့ ကျူရှင်ပြန်တက်နိုင်ပေမယ့် ငါ့ရဲ့အရိပ်ဆိုးက ပျောက်မသွားဘူး၊နန်းထိုက်က သူ့အစ်မတွေလည်း ဒီလိုပဲလုပ်စားကြတာပဲတဲ့၊ သူ့ဆီက ပေးတဲ့နည်းအတိုင်း ငါလေ.....ငါ.....ငါ”

စိုးနေဒွေးမှာ ယူကျုံးမရဖြစ်သွားတော့၏။ မိသားစုတာဝန်ကို ထမ်းရွက်နေသော်လည်း မိသားစု၏လိုအပ်ချက် လစ်ဟာသွားသည်ကို သူက မတွေးမိပေ။ မိဘအား ငွေရှာပေးနိုင်လျှင် ပြီးပြီဟု သူက သဘောထားခဲ့၏။

“ငါ့ကိုပြောပါတော့လားအစ်မ ဝတ်ရည်ရာ၊ နင့်ရဲ့လိုအပ်ချက်ကို ငါဖြည့်ပေးမှာပေါ့၊ ဒီလိုလုပ်လိုက်တာ နင့်ဘဝလေး ဘယ်လောက်နစ်နာသလဲ”

“တို့ဘဝတွေ ဘာကြောင့် သောကဒုက္ခတွေ များကြရတာလဲ ကိုစိုးရယ်၊ အမေ့ကိုကြည့်ပြီး ငါသနားတယ်၊ ဒါကြောင့်လည်းအမေ့ကို ဒုက္ခတွေ မပေးချင်လို့ ကြံမိကြံရာ ငါကြံလိုက်တာပဲ၊ ငါ့မှာအပြစ်ရှိသလား ကိုစိုး၊ ဟင်...ပြောပါဦး”

ထိုအချိန်တွင် အိမ်ရှေ့မှအသံများ ကြားသည့်အတွက် စိုးနေဒွေးမှာ ထိတ်လန့်တုန်လှုပ်သွား၏။

“အစ်မ နင်လည်းပြေးလေဟာ၊ ငါပဲအဖမ်းခံမှာပါ၊ဘာကြောင့်လဲဆိုတော့ နင်က သိက္ခာကျနိုင်တယ်၊ ဒါကြောင့်မို့ ဘယ်သူမှမသိအောင် နင်ပြေးတော့ဟာ၊ ဟော...လာကုန်ကြပြီ”

မောင်နှမနှစ်ယောက်လည်း ပြတင်းပေါက်မှ ခုန်ချကာထွက်ပြေးသွားကြတော့သည်။ တစ်ယောက်တစ်နေရာစီ ဖြစ်နေ၏။

+++

“ဟင်.....ဒါဆို ဝတ်ရည်က ဘယ်မှာလဲ သား”

“ကျွန်တော် မသိဘူး အမေ၊ ကျွန်တော်နဲ့ လူချင်းကွဲသွားတာပဲ”

မနွဲ့တင်တစ်ယောက် ပဋ္ဌာမြေလူးဖြစ်သွားတော့သည်။ ခေတ်သစ်မပဋ္ဌာဟုဆိုလျှင် မမှားပေ။ ကလေးတစ်ယောက်ကရေနစ်၊ နောက်တစ်ယောက်ကို စွန်ချီသွားသည့်အဖြစ်မျိုးပင်။ မျက်ရည်ဖြိုင်ဖြိုင်ကျရင်း သားဖြစ်သူကို ဖက်ထားမိ၏။

“သား.....အမေ ဘယ်လိုနေခဲ့ရမလဲကွယ်၊ ငါ့သားမရှိတော့ရင် အမေတို့ ဒုက္ခရောက်ပြီကွဲ့”

“အမေ သားလွတ်လာရင်ပြန်အလုပ်အကျွေးပြုမှာပါ အမေရယ်၊ အခုလိုဖြစ်ရတာလည်း ကိုယ့်အစ်မမှန်း မသိဘဲနဲ့ တစ်ဖက်သား ဒုက္ခရောက်နေတာကို ဝင်ကယ်ခဲ့မိတာကြောင့်ပါ၊ ကျွန်တော့်မှာ လူမှုရေးအသိစိတ်ဓာတ်ရှိလို့ပဲပေါ့ အမေ၊ ပြစ်ဒဏ်လျှော့ပေါ့မှာပါဗျာ”

“သား ကိုစိုး၊ မင်းဘာကြောင့်များ မိသားစုရဲ့ ဓားစာခံဖြစ်ရတာလဲကွယ်၊ အမေ့သားလေးကိုသနားလိုက်တာနော်”

သားအမိနှစ်ဦးမှာဖက်ငိုနေကြတော့သည်။

“ကျွန်တော် ရဲစခန်းမှာအဖမ်းခံလိုက်မယ် အမေ”

မနွဲ့တင်မှာ သားကိုဝမ်းပန်းတနည်းကြည့်နေချိန်တွင်.....

“ဗျို့.....မနွဲ့တင်၊ မနွဲ့တင်၊ မြန်မြန်ထွက်လာဦး”

အိမ်ရှေ့ဆီမှ ဓာတ်မီးတဝင်းဝင်းနှင့် လူတစ်စုကို တွေ့မြင်ရသည့်နောက် သားအမိနှစ်ဦးမှာ တုန်လှုပ်သွားကြတော့သည်။

“ဟော.....သား၊ မင်းကိုဖမ်းကြတော့မယ်၊ အထဲဝင်ပြီး ပုန်းနေကွယ်”

“ကျွန်တော် အဖမ်းခံလိုက်မယ် အမေ၊ မပုန်းဘူး”

“မနွဲ့တင် ထွက်လာပါဦးဗျ၊ ခင်ဗျားသမီး ရပ်ကွက်ကရေကန်ထဲခုန်ချလို့ သေသွားပြီ”

“ရှင်.....အောင်မယ်လေးလေး...ဒုက္ခတွေဖြစ်ကုန်ပါပြီရှင်”

www.burmeseclassic.com

www.burmeseclassic.com



သားအမိနှစ်ဦးမှာ အိမ်ထဲမှ ပြေးထွက်လာကြပြီး သတင်းလာပေးသူများနှင့်အတူ ဝတ်ရည်နွေး၏ အလောင်းအား လိုက်ကြည့်ကြ၏။

''ရေထဲကို တရွေ့ရွေ့ဆင်းသွားတာတဲ့၊ ကင်းသမားတွေကမြင်လို့ အော်တာ မရဘူး၊ ကြည့်ရတာ စိတ်ညစ်ပြီး သူ့ကိုယ်သူ သေကြောင်းကြံစည်သွားတာနေမှာဗျ၊ ဒီမိန်းကလေး တော်တော်မိုက်တာပဲ''

''သမီး....ဝတ်ရည်၊ ဖြစ်မှဖြစ်ရလေအေ၊ အမေ ဘယ်လိုဖြေသိမ့်နိုင်ပါတော့မလဲကွယ်''

''အစ်မဝတ်ရည်...အီး.....ဟီး.....ဟီး၊ အဲဒီလို ဘာလို့လုပ်ရတာလဲဗျာ၊ ကျွန်တော့်စကားကိုနားမထောင်ဘူး၊ အခုတော့ အမေတစ်ယောက်တည်း ကျန်ခဲ့ရတော့မယ်ဗျ၊ အစ်မ.....ကျွန်တော်မေးနေတယ်လေ''

လွန်ခဲ့သည့် တစ်နာရီခန့်ကမှ မောင်နှမနှစ်ယောက်က စကားများပြောကာ လမ်းခွဲခဲ့ကြ၏။ သည်လိုကြံစည်မည်ဟု စိုးနေဒွေးက လုံးဝထင်မထားပေ။ တကယ်တော့ ဝတ်ရည်နွေးသည်သူ့ဘဝအရှက်တရားကို အသက်နှင့်လဲသွားခဲ့ခြင်းဖြစ်သည်။

''အလောင်းကို လာစစ်ကြပြီဟေ့၊ ဘေးဖယ်ကြ''

ရဲတပ်ဖွဲ့ဝင်များရောက်လာကြပြီး ရဲလုပ်ငန်းအတိုင်း ဆောင်ရွက်ကြသည်။ ရဲလုပ်ငန်းပြီးဆုံးသည်အထိ ဆောင်ရွက်ပြီးမှ

''အလောင်းကို ဆေးရုံပို့လိုက်တော့ဟေ့''

ရဲတပ်ဖွဲ့ဝင်များက မန္တဲ့တင်ကိုမေးမြန်းကြစဉ် စိုးနေဒွေးက သူ၏အဖြစ်မှန်အား ဝန်ခံရင်း ရဲတပ်ဖွဲ့ဝင်များထံ အဖမ်းခံလိုက်တော့၏။

''မင်းကို ကျေးဇူးတင်တယ်ကိုယ့်ညီ၊ ဒါပေမဲ့ မင်းက ကလေးအရွယ်ဖြစ်လို့ကလေးသူငယ်တရားရုံးပဲ ပို့ရမှာပါ၊ မင်းသတ်လိုက်တဲ့သူက ခုချိန်ထိ သတင်းမကြားသေးပါဘူးကွာ''

သို့ပေမယ့် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးရာတွင် အမျိုးသားကြီးမှာ သွေးထွက်လွန်ပြီး သေဆုံးခဲ့ပြီဖြစ်သည်။

အလောင်းအား ထားရစ်ခဲ့ကြပြီး ပြဿနာမဖြစ်ချင်၍ အကြောင်းမကြားခြင်းသာဖြစ်ပေမည်။

+++

''ဩော်...လာကြတော့လည်း တစ်ယောက်ပြီးတစ်ယောက် လူ့ဘဝထဲကို ဝင်လာကြပါလား၊ ထွက် သွားကြပြန်တော့လည်း နှုတ်မဆက် ဘဲနဲ့ ပါတ်တိတ်လေး သွားကြတယ်နော်၊ ကိုကိုးတစ်ယောက်ပဲ ငါ့ကို ခဏတာခွဲပြီးမှ ပြန်လာမှာပါလား''

အရင်က မိသားစုများနှင့် ဆူဆူညံညံအိမ်လေးမှာ အခုတော့ဖြင့် တိတ်ဆိတ်ငြိမ်သက်သွားတော့၏။

တစ်ချိန်က သောကဒုက္ခ ပူပန်စိတ်များသည် အခုတော့ အေးငြိမ်းခဲ့ချေပြီ။ သားသမီးများနှင့် ပျော်ရွှင်ခဲ့သည့်အတိတ်က ခုတော့ဖြင့် အရိပ်ထင်ကျန်ရစ်ခဲ့ပြီဖြစ်သည်။

မနက်ပိုင်း တရားထိုင်၊ နေ့လယ်တွင် ကိုယ့်ဝမ်းရေးအတွက် အလုပ်လုပ်ရင်း ဘဝကို ပျင်းရိစွာဖြတ်ကျော်နေရတော့သည်။ သို့ပေမယ့် မန္တဲ့တင်တွင် တရားအသိရှိပါ၏။ သူ့ဘဝသို့ ပြန်မလာနိုင်သော သားသမီးများအား သတိရခြင်းထက် သူတို့အတွက် ကောင်းမှုကုသိုလ်လုပ်ပေးပြီး အမျှဝေပေး၏။

''ဩော်.....သွားလေသူတွေကတော့ မသိပေမယ့် ကျန်ရစ်ခဲ့သူရဲ့ရင်ထဲမှာ မချိအောင်ခံစားခဲ့ရပါလား၊ နောင်ဘဝတိုင်းမှာ ဒီလိုအဖြစ်မျိုးတွေ မကြုံတွေ့ရပါစေနဲ့လို့ အမေ ဆုတောင်းပေးပါတယ်ကွယ်''

တောရှုမြင့်

နွေအလွမ်း



www.burmeseclassic.com


# ဆရာမ ဒေါ်အေးမြတ်ချို B.A (MS)

## (အမျိုးသမီးသီးသန့်) လက္ခဏာဗေဒင် ယတြာအစီအရင်

- ◆ မိမိနောက်ကွယ် ချစ်သူ၊ ခင်ပွန်း ရှုပ်ထွေးခြင်း အမြန်ဆုံးကင်းရှင်းဖို့။
- ◆ သားနှင့်သမီး အချစ်ရေးစိတ်မဝင်စား၊ အပေါင်းအသင်းမမှားဘဲ ပညာကြိုးစားဖို့။
- ◆ အိမ်ထောင်ရေးဒုက္ခ၊ သောကမှ အမြန်စိတ်ချမ်းသာရဖို့။
- ◆ မိမိအိမ်ထောင်ရေး၊ အချစ်ရေးတွင် ဝင်ရောက်နှောင့်ယှက်နေသူရန်မှ ကင်းဝေးဖို့။
- ◆ ချစ်ခင်နှစ်သက်သူနှင့် အတူနေထိုင်ရဖို့။
- ◆ သားသမီး လိမ္မာယဉ်ကျေးပြီး ဆရာ၊ မိဘ ပြောဆိုစကား နားထောင်ဖို့။

**အမှတ် (၈၄၃)၊ (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ မြောက်ဒဂုံ။**
**ဖုန်း-၀၉-၄၉၃၃ ၉၈၅၄၊ ၀၉-၅၀၆ ၂၈၄၃**



# ခရသင်း၊ သမင်ဖြူ


ခရသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**
မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊
ဂနိုရီးယား၊ ဆစ်ပလစ်၊ ရှန်ကရိုက်၊ ရေယုန်၊ ရိဖြူ-ရိနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နင်းခူ-ညှင်း၊
ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀၂၅၄၃၆၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၁၀၀၆၅၇၄

www.burmeseclassic.com





# ရွှေဘိုဘာမတီခင်အောင် မုးယစ်ဆေးဝါးကို ကျောခိုင်း၍

ပန်းချီ မင်းထက်နိုင်

www.burmeseclassic.com

www.burmeseclassic.com

ထို့ထက်ဆိုးသည့် ပြစ်မှုကတော့ မူးယစ်ဆေးဝါး။

မိုက်ကယ်စပင့်သည် မူးယစ်ဆေးဝါး သောက်ကြူးနေသည်ကို ရဲတပ်ဖွဲ့ကတွေ့သဖြင့် ထောင်ကျခဲ့ရသည်။ မူးယစ်သောက်ကြူး၍ သူ့ခန္ဓာကိုယ်သည် ပိန်လှီဖျော့တော့သွားသည့်အပြင် ခွန်အားလုံးဝမရှိဖြစ်ကာ အချုပ်ခန်းထဲတွင် မေ့မြော

---

**လူ့လောကကြီးမှာ မင်းမိဘ၊ ဆွေမျိုး၊ မောင်နှမတစ်တွေနဲ့ ဆက်လက်ပြီး ပျော်ပျော်ပါးပါး၊ တူတူညီညီ နေချင်သေးရင်တော့ မူးယစ်ဆေးဝါးကို လှည့်မကြည့်နဲ့၊ အားကစားဘက်ကိုသာ အားသွန်ခွန်စိုက်လုပ် ...**

◇

အမေရိကန်ပြည်ထောင်စု၊ စိန့်လူးဝစ်မြို့တွင် လမ်းပေါ်က လူမိုက်လူရမ်းကားအဖြစ် နာမည်ကျော်ခဲ့သည့် မိုက်ကယ်စပင့်။

မူးယစ်ဆေးဝါး သောက်ကြူးခဲ့မှုကြောင့် ဘဝပျက်ခဲ့သည့် မိုက်ကယ်စပင့်။

ကမ္ဘာ့အိုလံပစ်ရွှေတံဆိပ်ရ လိုက်ဟဲဗီးဝိတ် လက်ဝှေ့ချန်ပီယံ မိုက်ကယ်စပင့်။

ကမ္ဘာ့ကြေးတန်းစား ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ မိုက်ကယ်စပင့်။

ကမ္ဘာ့ကြေးတန်းစား ကမ္ဘာ့ဟဲဗီးဝိတ်သရဖူပိုင်ရှင် မိုက်ကယ်စပင့်။

ယနေ့ မြန်မာငွေကျပ် သိန်း ၁၀၀၀ ကျော်ကျော် စိုးပိုင်နေပြီဖြစ်သော မိုက်ကယ်စပင့်။

စိန့်လူးဝစ်မြို့တွင်ရှိ ရဲတပ်ဖွဲ့၌ ဆိုးသွမ်းမိုက်မဲကာ မကောင်းမှုဒုစရိုက်များကို နေ့ညမဟူ ကျူးလွန်နေလေသည့်စာရင်းသည်ရှိ၏။ ထိုဆိုးသွမ်းလူငယ်လူမိုက် အယောက် ၁၀၀ တွင် နံပါတ် ၉ နေရာမှာ မိုက်ကယ်စပင့်ဟူသောနာမည်ကို တွေ့နိုင်သည်။ မိုက်ကယ်စပင့်သည် မျက်နှာမည်း ကပ္ပလီတစ်ယောက်ဖြစ်၏။

စိန့်လူးဝစ်မြို့ရှိဘရုတ်ကလင်း လမ်းမကြီးပေါ်တွင် နေ့ခင်းကြောင်တောင် လူတစ်စုနှင့် လုယက်မှုကျူးလွန်ရာ၌ ခေါင်းဆောင်ခဲ့သူမှာ မိုက်ကယ်စပင့်ဖြစ်သလို အုပ်စုချင်းချိန်း၍ ရိုက်ပွဲကြီးတစ်ရပ် ဖန်တီးသူမှာလည်း မိုက်ကယ်စပင့်ပင်တည်း။

www.burmeseclassic.com


www.burmeseclassic.com



နေခဲ့သည်။ နှာခေါင်း၊ ပါးစပ်၊ နားတို့မှ သွေးစိမ်းရှင်ရှင်များ ယိုစီးကျခဲ့ရသည်။ ငါးရက်တိုင်တိုင် သတိမေ့မြောနေခဲ့ရပြီး အရေးပေါ်ဆေးရုံသို့ တင်ပို့လိုက်ရသည်။ ဆေးရုံမှာ ၁၄ ရက်ကြာ ဆေးကုသခံရပြီးနောက် မူးယစ်ဆေးဝါးစွဲမှု ပြတ်စေရန်အလို့ငှာ မူးယစ်ဆေးဝါးဖြတ်သည့် ဆေးရုံကြီးသို့ တင်ပို့ရပြန်သည်။

"မင်း ဒီဆေးရုံကိုသာရောက်မလာရင် မင်းရဲ့ အရိုးနဲ့အသား တခြားစီဖြစ်နေပြီ၊ ခု မင်းကို တို့ဆရာဝန်ကြီးတွေက မူးယစ်ဆေးဝါး ပြတ်အောင် ကုသပေးနေကြပြီ၊ ပျောက်သင့်သလောက် ပျောက်ပြီ၊ အဲ.....လုံးဝပြတ်အောင်လည်း ကုပေးဦးမှာ၊ အေး....မင်းသတိပြုရမယ့်အချက်ကတော့ တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ မင်း ထောင်ကလွတ်လို့ မြို့ထဲပြန်အရောက်မှာ မင်းရဲ့ အပေါင်းအသင်းတွေက မဲဆွယ်ကြလို့ မူးယစ်ဆေးဝါးကို ထပ်မံသုံးစွဲခဲ့ရင် မင်း မြန်မြန်သေမှာ သေချာတယ်၊ ဘာဖြစ်လို့လဲသိလား၊ မင်းရဲ့ကိုယ်ခန္ဓာထဲမှာ ဖွဲ့စည်းထားတဲ့ သွေးဥ(Cells)တွေ ပျက်စီးစပြုကုန်ပြီကွ၊ ဒီတော့ လူ့လောကကြီးမှာ မင်းမိဘ၊ ဆွေမျိုး၊ မောင်နှမတစ်တွေနဲ့ ဆက်လက်ပြီး ပျော်ပျော်ပါးပါး၊ တူတူညီညီ နေချင်သေးရင်တော့ မူးယစ်ဆေးဝါးကို လှည့်မကြည့်နဲ့၊ အားကစားဘက်ကိုသာ အားသွန်ခွန်စိုက်လုပ်၊ မင်းရဲ့အစ်ကိုလို လက်ဝှေ့ချန်ပီယံဖြစ်အောင် ကြိုး စားပေါ့ကွာ၊ မင်းတို့အမျိုးက လက် ဝှေ့အထိုးတော်တဲ့အမျိုးပဲ"

မူးယစ်ဆေးဝါးကုသသည့် အထူးကုဆေးရုံကြီးမှ ဒေါက်တာ ပီတာဝဲလ် (Dr.Peter Wells)က မိုက်ကယ်စပင့်ကို စိတ်ရှည်လက်ရှည် ဆုံးမ၏။



၁၉၇၃ ခုနှစ်၊ မေလအတွင်းတွင် မိုက်ကယ်စပင့်သည် ထောင်မှလွတ်၏။ အစ်ကိုက.....

"ညီလေး၊ အစ်ကိုလို လက်ဝှေ့ကျင့်ပါ၊ တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ ကမ္ဘာ့ချန်ပီယံဖြစ်ရမယ်လို့ ရည်ရွယ်ချက်မြင့်မြင့်ထားစမ်းပါ၊ တို့ငွေများများရနိုင်တဲ့အလုပ်က လက်ဝှေ့သတ်ခြင်းအလုပ်ပဲ၊ မင်းရဲ့လက်ဝှေ့ထိုးပေါက်က တကယ်မြန်တာပဲ၊ မင်းတစ်ဦးတည်းနဲ့ သတ်ဖက်လေးယောက်စလုံး တုံးခနဲ မှေ့လဲကျအောင် ထိုးနိုင်တာ တော်ရုံအရည်အချင်းနဲ့ မရဘူးကွ၊ ဒီတော့ မင်းသာလက်ဝှေ့ထိုးရင် ချန်ပီယံဖြစ်မှာပဲ၊ ပိုက်ဆံမရတဲ့ လမ်းပေါ်က လက်သီးပွဲတွေ ထိုးနေမယ့်အစား ပိုက်ဆံများများရပြီး ကမ္ဘာကျော်မယ့် လက်ဝှေ့ပြိုင်ပွဲကို ထိုးပြိုင်တော့မပေါ့ကွ၊ ကဲ.....ဘယ့်နှယ်လဲ"

"စိန်လိုက်၊ အစ်ကိုနဲ့အတူ လက်ဝှေ့ကျင့်ပါတော့မယ်၊ တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ ကျွန်တော် ကမ္ဘာ့ချန်ပီယံ ဖြစ်ကိုဖြစ်စေရမယ်ဗျာ"

+++

www.burmeseclassic.com



**မွန်ထရီယယ်ကမ္ဘာ့အိုလံပစ် ချန်ပီယံဘဝ**

၁၉၇၆ ခုနှစ်က ကနေဒါနိုင်ငံ၊ မွန်ထရီယယ် ကမ္ဘာ့အိုလံပစ်အား ကစားမျိုးပေါင်းစုံ ပြိုင်ပွဲကြီးဝယ် လက်ဝှေ့ဗိုလ်လုပွဲ၌ အမေရိကန် ပြည်ထောင်စုကို ကိုယ်စားပြုလျက် မိုက်ကယ်စပင့်သည် လိုက်ဟဲဗီး ဝိတ် (၁၇၈ ပေါင်)တန်းမှ ပါဝင် ယှဉ်ပြိုင်ရသည်။ သူနှင့်ယှဉ်ပြိုင်ရသူ ပါစီဝိဗ်(ပိုလန်)နှင့် ရုဖတ်ရစ်စတီးဗ် (ဆိုဗီယက်၊ ယခုရုရှား)တို့အား လွယ်လင့်တကူ အနိုင်ယူလိုက်ပြီး သူ့နိုင်ငံအတွက် ရွှေတံဆိပ်ဆုကြီး ကို ရယူဆွတ်ခူးပေးလိုက်တော့ သည်။

မိုက်ကယ်စပင့်သည် စိန့်လူး ဝစ်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး နောက် ကမ္ဘာ့ကြေးစားလက်ဝှေ့ လောကသို့ ခြေစုံပစ်၍ ဝင်လိုက် တော့သည်။

+++

**ကမ္ဘာ့ကြေးတန်းစား လိုက် ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာခြင်း**

မိုက်ကယ်စပင့်၏ အစ်ကို အရင်းမှာ လီယိုစပင့်ဖြစ်၏။ သူတို့ ညီအစ်ကိုနှစ်ယောက်သည် လက် ဝှေ့ကျင့်ရာတွင် အတူတကွ အစဉ် အမြဲလေ့ကျင့်၏။ သူ့အစ်ကိုထက် ပင် လျှင်မြန်ဖျတ်လတ်သေးသည်။ ထိုးကွက်လည်းစေ့သည်။

လီယိုစပင့်သည် ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ဝယ် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ မိုဟာမက် အလီ၏ သရဖူကို လုယူနိုင်ကာ ကမ္ဘာ့ချန်ပီယံတစ်ယောက် ဖြစ်လာ သည်တွင် တစ်ချိန်က မူးယစ်ဆေး ဝါးသုံးစွဲခဲ့သူ မိုက်ကယ်စပင့်သည် များစွာအားကျလာတော့၏။

ထို့ကြောင့် လက်ဝှေ့လေ့ကျင့် မှုကို တစ်သမတ်တည်း ဇောက်ချ ၍ ကြိုးစားလေတော့သည်။

သူ၏ အားကြိုးမာန်တက် ကြိုးပမ်းချက်ကြောင့် ၁၉၈၁ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်က ကမ္ဘာ့လက် ဝှေ့အဖွဲ့ချုပ်မှ အသိအမှတ်ပြုထား ခြင်းခံရသည့် ကမ္ဘာ့လိုက်ဟဲဗီးဝိတ် ချန်ပီယံ "မူစဖာဟမ်းရှီး"နှင့် ထိုး သတ်ယှဉ်ပြိုင်ရာ မူစဖာဟမ်းရှီးအား သုံးချီတည်းနှင့် နောက်ကောက် (Knockout)ဖြင့် အနိုင်ယူလိုက်ပြီး ကမ္ဘာ့ကြေးစား လိုက်ဟဲဗီးဝိတ် သရဖူကြီးကို လုယူနိုင်ခဲ့သည်။

+++

**ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီ ယံ သရဖူကို လုယူပြန်ခြင်း**

မိုက်ကယ်စပင့်သည် ကမ္ဘာ့ လိုက်ဟဲဗီးဝိတ်သရဖူ လုယူသည်ကို အားမရနိုင်သေးဘဲ ကမ္ဘာ့ဟဲဗီးဝိတ် တန်းသို့ တစ်ဆင့်တက်ကာ ကမ္ဘာ့ ဟဲဗီးဝိတ်ချန်ပီယံ နာမည်ကျော် ပြိုင်ဘက်ကင်း လာရီဟုမ်းကို တက် ရောက်၍ စိန်ခေါ်ပြန်သည်။

၁၉၈၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်ညတွင် အမေရိကန်ပြည် ထောင်စု၊ နီဗားဒါးပြည်နယ်၊လက်စ် ဗီးဂက်စ်မြို့၌ လာရီဟုမ်းနှင့် မိုက် ကယ်စပင့်တို့ သရဖူလုကြလေရာ ၁၅ ချီအပြီးဝယ် မိုက်ကယ်စပင့်က အမှတ်ဖြင့် အပြတ်အသတ်အနိုင်ရ ၍ လာရီဟုမ်း စိုးပိုင်ထားသော သရဖူကြီးကို လုယူလိုက်တော့၏။

ထိုရောအခါ တစ်ချိန်က လမ်း ပေါ်မှလူ၊ မူးယစ်ဆေးဝါးစွဲ၍ ထောင် ကျခဲ့ရလေသော မိုက်ကယ်စပင့် သည် ယခုအခါ ကမ္ဘာ့လိုက်ဟဲဗီး ဝိတ်နှင့် ဟဲဗီးဝိတ် ဝိတ်တန်းနှစ် တန်းမှ သရဖူနှစ်ခုကို စိုးပိုင်နေလေ ပြီဖြစ်သော လျှမ်းလျှမ်းတောက် နာ မည်ကြီး လက်သီးကျော်တစ်ဦးဖြစ် နေလေပြီတည်း။

+++

**သိန်း ၁၀၀၀ လက်ဝယ် ဆောင်နိုင်သည့် စပင့်**

တစ်ချိန်က လမ်းပေါ်မှ လု ယက်မှု၊ ခိုးမှုဖြင့်လည်းကောင်း၊ မူး ယစ်ဆေးဝါးသုံးစွဲမှုဖြင့်လည်းကောင်း ထောင်အလီလီကျခဲ့ရသော မိုက် ကယ်စပင့်သည် ယခုအခါ လက်ဝှေ့ တစ်ပွဲထိုးလျှင်ပင် မြန်မာငွေကျပ် သိန်း ၁၀၀၀ ရနေသည့် ထိပ်တန်း အဆင့်သို့ ရောက်သွားရချေလေပြီ

+++

**မူးယစ်ဆေးဝါးဖြတ်ဆေး ကြီးသို့ အလှူပြုခြင်း**

မူးယစ်ဆေးဝါးသုံးစွဲခဲ့စဉ်က ဖိစီးစီး ကုသပေးသည်မကအသ

www.burmeseclassic.com

www.burmeseclassic.com



တွင် စွဲငြိလေသည်အထိ ဆုံးမ သြဝါဒပေးခဲ့သည့် ဒေါက်တာပီတာ ဝဲလ်(Dr.Peter Wells)အား ကျေးဇူး တင်လှ၍ မိုက်ကယ်စပင့်နှင့် မိဘ မောင်နှမတစ်စုသည် ဒေါက်တာ ပီ တာဝဲလ်ရှိရာ မူးယစ်ဆေးဝါးကုသ ပေးရာ ဆေးရုံကြီးသို့ ကိုယ်ပိုင်ကား နှင့် သွားရောက်ကာ ဒေါက်တာ အား ငွေတစ်သိန်းကန်တော့၏။ ထို မူးယစ်ဆေးဝါးကုသပေးသည့် ဆေး ရုံကြီးသို့ ငွေကျပ် သိန်း ၁၀၀ လှူ ဒါန်းခဲ့သည်။

''မင်းရဲ့ကိုယ်ခန္ဓာထဲမှာရှိတဲ့ ဖွဲ့စည်းထားတဲ့ သွေးဥတွေ ပျက်စီး ကုန်ပြီကွ၊ ဒီတော့ လူ့လောကကြီး မှာ မင်းမိဘဆွေမျိုးဉာတိတွေနဲ့ ဆက်လက်ပြီး ပျော်ပျော်ပါးပါးနေ ချင်သေးရင်တော့ မူးယစ်ဆေးဝါး ဘက် မလှည့်နဲ့၊ အားကစားဘက်



**ယောက်ျားကောင်း၊ ယောက်ျားမြတ်ဆိုတာ မကောင်းတဲ့ အရာတွေကို ရဲရဲကြီး ရှောင်ကွင်းနိုင်တဲ့ ခိုင်မာတဲ့အသည်း ရှိရတယ်**

...

မှာ အားသွန်ခွန်စိုက်လုပ်၊ မင်းရဲ့ အစ်ကိုလို လက်ဝှေ့ချန်ပီယံဖြစ် အောင် ကြိုးစားပေါ့ကွ၊ မင်းတို့ အမျိုးက လက်ဝှေ့ထိုးတဲ့အမျိုးပဲလို့ ဒေါက်တာက ကျွန်တော်ဆေးရုံ တက်စဉ်က ဆုံးမခဲ့ပါတယ် ခင်ဗျာ၊ အဲဒီဒေါက်တာရဲ့ ဆုံးမစကားလေးတွေကို ကျွန်တော် နှစ်သက် လွန်းလို့ ကျွန်တော့် အသည်းထဲမှာ စွဲမြဲ စွာ မြှုပ်နှံလို့ထားခဲ့ပါ တယ် ဒေါက်တာ၊ ကျွန်တော် မူးယစ် ဆေးဝါးဘက်ကို မ လိုက်ဘဲ အားကစား ဘက်ကို ဒေါက်တာ ဆုံးမသလိုလိုက်လို့ ခု ကျွန်တော်ဟာ ကမ္ဘာ့ လက်ဝှေ့ချန်ပီယံ ဖြစ်ရပါပြီ ခင်ဗျာ''

မိုက်ကယ်စပင့်က ရှိသေစွာ ပြောပြလိုက်သည်။

''အေး.....အေး၊ အဲဒါဟာ ယောက်ျားကောင်း၊ ယောက်ျားမြတ် တွေရဲ့ ဆုံးဖြတ်ချက်ပဲကွဲ့၊ ယောက်ျားကောင်း၊ ယောက်ျားမြတ် ဆိုတာ မကောင်းတဲ့အရာတွေကို ရဲရဲကြီးရှောင်ကွင်းနိုင်တဲ့ ခိုင်မာ တဲ့အသည်းရှိရတယ်၊ ကောင်းတဲ့ ကိစ္စရပ်တွေကိုလည်း ထိရောက် အောင်မြင်စွာလုပ်ဆောင်နိုင်တဲ့ စိတ်ဓာတ်မျိုး ရှိရသကွဲ့၊ အေး.. တစ်ချက်တော့ သတိပေးလိုက်မယ်၊ တကယ်အောင်မြင်ကျော်ကြားလာ တဲ့သူတွေဟာ မိမိကိုယ်မိမိ ဆက် လက်ပြီး အောင်မြင်မှုကို မထိန်းဘဲ ငွေကြောင့်၊ မာန်မာနကြောင့်၊ စာရိတ္တကြောင့် ပြိုကျပျက်စီး ဆုံးရှုံး တတ်ကြတယ်၊ အဲဒါကိုတော့ မောင်ရင်လေး ကြပ်ကြပ်သတိပြု''

ဒေါက်တာပီတာဝဲလ်က ဆုံးမ၏။

တကယ်တော့ မိုက်ကယ်စပင့် သည် မူးယစ်ဆေးဝါးကိုဆက်လက် ၍ သောက်ကြူးနေမည်ဆိုပါက အသက်သေကျေပျက်စီးမှုဖြင့် နိဂုံး ချုပ်မည်မှာအမှန်။

ယခုသော် မိမိစိတ်ကို မိမိ နိုင် နိုင်နင်းနင်းပိုင်းဖြတ်၍ မူးယစ်ဆေး ဝါးကို ကျောခိုင်းလျက် လက်ဝှေ့ အားကစားလောကကို ခြေစုံပစ်၍ ဝင်လိုက်မှုကြောင့်ဘဝတိုးတက်လာ ရချေသတည်း။

ရွှေဘိုဘာမင်းအောင်


www.burmeseclassic.com

www.burmeseclassic.com



# လှမိုး (ပညာရေး)

## တရားခွင်ရောက် ဖူကားသစ်ကုမ္ပဏီနှင့် မက္ကရီကာသစ်ကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ရက်ပေါင်း ၂၀ ခန့်အကြာ၊ တိတိကျကျ ရေးသားရမည်ဆိုလျှင် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့စွဲဖြင့် လွတ်လပ်သော မြန်မာနိုင်ငံအစိုးရက ထုတ်ပြန်သော အမိန့်ကြော်ငြာစာကို ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မြန်မာနိုင်ငံမှ ထုတ်ဝေသော မြန်မာ့အလင်းသတင်းစာ၊ ဟံသာဝတီသတင်းစာနှင့် အခြားသတင်းစာများတွင်လည်းကောင်း၊ အင်္ဂလိပ်ဘာသာ၊ ဟိန္ဒူဘာသာဖြင့် ထုတ်ဝေသော သတင်းစာများ၏ မျက်နှာဖုံးတွင်လည်းကောင်း လွတ်လပ်ပြီးစ မြန်မာနိုင်ငံအစိုးရက ထုတ်ပြန်ကြေညာသည့် သတင်းကို စာလုံးမည်းကြီးများဖြင့် ဖော်ပြထားသည်ကို ကျွန်တော်တို့ ဖတ်ရှုခဲ့ကြရသည်။

ထိုသတင်းအရ မြန်မာနိုင်ငံတော်ရှိ သစ်တောများ၏ သုံးပုံတစ်ပုံဖြစ်သော ပဲခူးခရိုင်၊ ပဲခူးရိုးမရှိ ကျွန်းတောများကို မကြာမီအတွင်း ပြည်သူပိုင်သိမ်းယူမည်ဖြစ်သည်ဟု သက်ဆိုင်ရာ သစ်ကုမ္ပဏီများသို့အကြောင်းကြားခဲ့သည်။ လွတ်လပ်ပြီးစ မြန်မာနိုင်ငံအစိုးရ၏ ကြော်ငြာဖြစ်သဖြင့် ထိုသတင်းမှာ မြန်မာလူထုအဖို့ အားတက်ဖွယ်ရာ၊ စိတ်ဝင်စားဖွယ်ရာ သတင်းဖြစ်ခဲ့၏။ ထိုကြေညာချက်အရဆိုရလျှင် မြန်မာအစိုးရအနေဖြင့် ကျွန်းသစ်ထုတ်လုပ်ရေးလုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခဲ့သည်သာမက ထိုလုပ်ငန်းနှင့် ဆက်နွှယ်သော သစ်များ၊ သစ်ကုမ္ပဏီများမှပိုင်သော ဆင်များ၊ အဆောက်အအုံများ၊ သစ်စက်များပါ သိမ်းယူမည်ဟုဆိုရာ မြန်မာနိုင်ငံသမိုင်းတွင် ဤကဲ့သို့ သစ်ထုတ်လုပ်ရောင်းချရေးကို ပြည်သူပိုင်ပြုလုပ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ကျွန်တော်မှတ်မိသလောက် ထိုကာလက ထုတ်ဝေသော ဂျာနယ်ကျော်နှင့် ဒီးဒုတ်ဂျာနယ်များကလည်း ဤကဲ့သို့ သစ်လုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခြင်းကို ထောက်ခံရေးသား၍ လွတ်လပ်စ မြန်မာနိုင်ငံအစိုးရအား ချီးမွမ်းထောက်ခံခဲ့ကြသည်။ သတင်းစာကြီးများ၏ခေါင်းကြီးပိုင်းများ၊ အယ်ဒီတာ့အာဘော်အခန်းများကလည်း တစ်ခဲနက် ထောက်ခံရေးသားခဲ့ကြ၏။

ထိုစဉ်က ကျွန်တော်သည် အကြိုတက္ကသိုလ်ဝင်တန်းကျောင်းသားတစ်ယောက်ဖြစ်ပါသည်။ လူလူသူသူဖြစ်သဖြင့် မိမိနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးကို စိတ်ဝင်စားစပြုပြီဖြစ်ရကား ထိုသတင်းကို ဖတ်ရှုရသောအခါ နိုင်ငံအတွက် အားတက်မိခဲ့သည်။ ထိုကာလက ဖတ်ရှုခဲ့ရသော ဆောင်းပါးများ၊ သတင်းစာများ၏ ခေါင်းကြီးပိုင်းများနှင့် အယ်ဒီတာ့အာဘော်များအရ ဆိုရလျှင် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ စစ်အုပ်ချုပ်ရေးအစိုးရ (ကက်စ်ဘီအစိုးရ)ကို ဖျက်သိမ်းခဲ့ပြီးနောက် ဘုရင်ခံအား ပြန်လည်အပ်နှင်းသည့်အခါ ဘုရင်ခံသည် 'Govenor's Executive Council' ဘုရင်ခံ၏ အမှုဆောင်ကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပါဝင်ခဲ့ပါသည်။ ထိုအဖွဲ့သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်နှင့် ကျွန်းသစ်လုပ်ငန်းကို ပြည်သူပိုင်သိမ်းယူမည်ဟု ဆုံးဖြတ်ထားခဲ့ကြသည်ဟု သိရ၏။ ထို့ကြောင့်ပင် လွတ်လပ်ရေးရသည်နှင့် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ပဲခူးရိုးမရှိ သစ်တောများ၊ သစ်လုပ်ငန်းများကို ပြည်သူပိုင်သိမ်းယူရန် ကြေညာချက်ထုတ်ခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤအမိန့်နှင့်အတူ သစ်တောများ ပြည်သူပိုင်သိမ်းယူသည့် ကြေညာချက်နှင့်အတူ သစ်တောများအား ပြည်သူပိုင်သိမ်းယူရေး ကော်မတီတစ်ရပ်ကိုလည်း ဖွဲ့စည်းခဲ့သည်။ (ထိုကော်မတီတွင် ပါဝင်သည့် ပုဂ္ဂိုလ်များ၏ အမည်များကိုမူ ကောင်းစွာမမှတ်မိတော့။)

ထိုကော်မတီ၏ တာဝန်မှာ ထိုကာလက သစ်ကုမ္ပဏီကြီးများထံမှ သစ်တောများနှင့် သက်ဆိုင်ရာ သက်ရှိ၊ သက်မဲ့ပစ္စည်းများကို စနစ်တကျ လွှဲပြောင်းယူရန်နှင့် သိမ်းယူသောပစ္စည်းများအတွက် တန်ဖိုးဖြတ်၍ သိမ်းယူရန်ဖြစ်ပြီး သင့်တင့်လျောက်ပတ်သော လျော်ကြေးငွေကို ပေးအပ်ရမည်ဖြစ်၏။

ထို့ပြင် အမှုထမ်းများကို လွှဲပြောင်းယူပြီး ကျွန်းသစ်ထုတ်လုပ်ရေး၊ ကျွန်းသစ်ခွဲစိတ်ရောင်းချရေးများကိုလည်း အရှိန်အဟုန်မပျက်စေရန် စီမံဆောင်ရွက်ရမည်ဖြစ်၏။ ကျွန်တော် မှတ်မိသလောက် ထိုစဉ်က ဗြိတိသျှအရာရှိကြီးများနှင့် အိန္ဒိယသစ်တောဝန်ထမ်းများအား အငြိမ်းစားယူစေခဲ့သည်။ အချို့ကိုသာ ဆက်လက်အမှုထမ်းရန် ရွေးချယ်ခန့်ထားခဲ့၏။ ကော်မတီအား ထိုစဉ်ကာလက ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ခုံရုံးတော်က သတ်မှတ်ထားသည့်မူအတိုင်း လက်ခံကျင့်သုံးစေခဲ့၏။ ထိုမူအရ နိုင်ငံခြားသားပိုင်လုပ်ငန်းများကို ပြည်သူပိုင်ပြုလုပ်ရာတွင် ပြည်သူ့အကျိုးအတွက် ဖြစ်စေရမည့်အပြင် လျော်ကြေးပေးရမည်ဖြစ်၏။ လျော်ကြေးပေးရာတွင် နိုင်ငံခြားသားပိုင်ဟူ၍ ခွဲခြားခြင်း မပြုရဟုဆိုသည်။

အမှန်အားဖြင့် ကျွန်းသစ်သည် ကမ္ဘာ့သမိုင်းတွင် ထူးထူးခြားခြား မျက်နှာပန်းလှခဲ့သော သစ်ဖြစ်သည်။ ရှေးပဝေသဏီကမူ ဥရောပနိုင်ငံအများသည် သင်္ဘောတည်ဆောက်ရာတွင် Oak ခေါ် ဝက်သစ်ချသားဖြင့် သာ တည်ဆောက်ခဲ့ကြသည်။ သို့သော် အာရပ်လူမျိုး ကုန်သည်များ၊ ပေါ်တူဂီလူမျိုးကုန်သည်များနှင့် စွန့်စားသွားလာသူများသည် မြန်မာနိုင်ငံ၏ကျွန်းသစ်သည် လှေ၊ သင်္ဘောများတည်ဆောက်ရာတွင် အထူးခိုင်ခံ့၍ Oak ခေါ် ဝက်သစ်ချထက် ကောင်းမွန်သည်ကို တွေ့ကြရမှ သင်္ဘောများတည်ဆောက်နိုင်ခြင်းမပြုမီ လှေများကို ကျွန်းသစ်ဖြင့်သာ တည်ဆောက်ကြသည်။


သမိုင်းမှတ်တမ်းများအရ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ဆိပ်ကမ်းတွင် လှေ၊ သင်္ဘောများကို ခရစ်နှစ် ၁၇၅၂ ခုနှစ်ခန့်ကပင် တည်ဆောက်ခဲ့သည်ဟုဆိုသည်။ ထိုစဉ်ကမူ ကျွန်းသစ်သည် ရှင်ဘုရင်ပိုင်သည့် အစဉ်အလာ

**နေမဝင်သော အင်ပါယာကြီးကို**
**တည်ထောင်ထားသော ဗြိတိသျှနယ်ချဲ့သမားအဖို့**
**အင်အားတောင့်တင်းသော**
**ရေတပ်မတော်ကြီးကို တည်ထောင်ရမည်ဖြစ်ရာ**
**ကျွန်းသစ်ထွက်သည့် မြန်မာနိုင်ငံကို**
**မျက်စိကျသည်မှာ ဘာဆန်းသလဲဟု**
**ဆိုရမည်ဖြစ်၏ ...**



www.burmeseclassic.com





ရှိခဲ့၏။ အလောင်းမင်းတရားကြီး၏ အမိန့်ပြန်တမ်းများတွင် ကျွန်းသစ်အား အရေးတယူ တန်ဖိုးထားပုံများ တွေ့ရှိသည်ဟုဆိုရာ ထိုစဉ်က မြန်မာဘုရင်နှင့်မှူးတော်မတ်တော်များသည် စီးပွားရေးအမြင်ရှိသည်ဟု ဆိုရမည်ဖြစ်၏။ မြန်မာဘုရင်များ၏ လက်ထက်တော်ကြီးများတွင် ထုတ်ယူသော ကျွန်းသစ်များကို တော်တံဆိပ်ရိုက်နှိပ်ထားသည်ဟုလည်း သိရ၏။

ရေတပ်သင်္ဘောများ အပြိုင်အဆိုင် တည်ဆောက်ကြသော ကိုလိုနီနယ်ချဲ့သမားများအားလုံးသည် မျက်နှာပန်းလှသော ကျွန်းသစ်ကို အလိုရှိကြသည်။ အထူးသဖြင့် နေမဝင်သော အင်ပါယာကြီးကို တည်ထောင်ထားသော ဗြိတိသျှနယ်ချဲ့သမားအဖို့ အင်အားတောင့်တင်းသော ရေတပ်မတော်ကြီးကို တည်ထောင်ရမည်ဖြစ်ရာ ကျွန်းသစ်ထွက်သည့် မြန်မာနိုင်ငံကို မျက်စိကျသည်မှာ ဘာဆန်းသလဲဟု ဆိုရမည်ဖြစ်၏။

ကျွန်းပင်သည် သဘာဝအားဖြင့် အိန္ဒိယနိုင်ငံ(ယခုမွန်ဘိုင်း)ပြည်နယ်၊ အနောက်ဘက်မှစ၍ မြောက်ဘက်သို့လားသော် ဟိမဝန္တာတောင်ခြေအထိ၊ တောင်ဘက်တွင် အိန္ဒိယကျွန်းဆွယ်အဆုံး၊ အရှေ့ဘက်တွင် မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ နယ်စပ်အထိ ပျံ့နှံ့ပေါက်ရောက်သည်။ မြန်မာနိုင်ငံသည် ကျွန်းပင်ပေါက်ရာ နယ်များ၏ အလယ်ဗဟိုတွင် တည်ရှိနေသောကြောင့် အကောင်းဆုံးနှင့် အကြီးမားဆုံးကျွန်းပင်များပေါက်သည်။ မှတ်တမ်းအရ ပေ ၁၆၀ ခန့်မြင့်၍ လုံးပတ် ၁၀ ပေအထိရှိသော ကျွန်းပင်များပေါက်သည်။ သို့သော် နှစ်ပေါင်း ၁၀၀ ကျော် ကျွန်းသစ်များ ထုတ်ခဲ့ကြပြီးဖြစ်ရာ ဤမျှလောက်ကြီးသော ကျွန်းပင်ကြီးများ မကျန်ရစ်တော့ဟု သိရ၏။

မှန်ပါသည်။ ကျွန်ုပ်တော်တို့မြန်မာနိုင်ငံသည် ရေမြေသဘာဝအရ ကျွန်းသစ်ကောင်းပေါက်ရောက်သောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကျွန်းသစ်၏ကျော်ကြားခြင်း၊ ဈေးကွက်၌ တန်ဖိုးရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံသမိုင်းအား အတိုင်းအတာတစ်ခုထိ သက်ရောက်မှုရှိခဲ့သည်။ ခရစ်နှစ် ၁၈၂၄ ခုနှစ်တွင် ဗြိတိသျှ–မြန်မာ ပထမစစ်ပွဲဖြစ်ပွားခဲ့ရာ မြန်မာတို့ ရှုံးနိမ့်ခဲ့ရ၏။ ယင်းသို့ဖြင့် စစ်ရှုံးစာချုပ်ဖြစ်သော ရန္တပိုစာချုပ်အရ ရခိုင်ကမ်းမြောင်ဒေသ (ယခု ရခိုင်ပြည်နယ်)နှင့် တနင်္သာရီကမ်းမြောင်ဒေသများအား မြန်မာတို့က ဗြိတိသျှတို့အား ပေးခဲ့ရသည်။ ဤတွင် ဗြိတိသျှကုန်သည်အများသည် မော်လမြိုင်သို့ ရောက်ရှိလာခဲ့ကြပြီး မြန်မာ့ကျွန်းတောကြီးများကို အသေးစိတ် စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ကြ၏။ မြန်မာ့ကျွန်းတောကြီးများအတွင်း ဆင်များနှင့် ဝင်ထွက်သွားလာကြပြီး သစ်များကို ရေတွက်သတ်မှတ်ကြသည်။ စီးပွားရေးအမြင်ရှိသော အင်္ဂလိပ်ကုန်သည်များသည် မော်လမြိုင်အနီး ကျွန်းတောများမှ ကျွန်းသစ် မည်ရွေ့မည်မျှ ထုတ်နိုင်သည်ဟု ခန့်မှန်းနိုင်သည်။ ထိုစဉ်က ဗြိတိသျှသစ်ကုန်သည်တစ်ဦး၏ ခန့်မှန်းချက်အရ ကိုက် ၈၀ ကျယ်၍ နှစ်မိုင်ရှည်သော ကျွန်းတောအတွင်း ပျမ်းမျှထုတ်လုပ်နိုင်သည့် ကျွန်းပင် ၂၅၀ ရှိသည်ဟုသိရသဖြင့် ဗြိတိသျှသစ်ထုတ်လုပ်ရေးကုမ္ပဏီများအဖို့ မျက်စိကျလောက်သော ကျွန်းတောများဖြစ်၏။

ခရစ်နှစ် ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ပွားခဲ့ပြန်သည်။ ထိုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့မှာပင် ပဲခူးတိုင်း(ယခုပဲခူးတိုင်းဒေသကြီး) အပါအဝင် အောက်မြန်မာနိုင်ငံအား ဗြိတိသျှတို့ကသိမ်းယူခဲ့၏။


ခရစ်နှစ် ၁၇၅၅ ခုနှစ်တွင် မြန်မာဘုရင်အလောင်းဘုရား တည်ထောင်ခဲ့သော ရန်ကုန်မြို့ဆိပ်ကမ်းမှ ကျွန်းသစ်များကို နိုင်ငံခြားသို့တင်ပို့ခဲ့သည်မှာ အောက်မြန်မာနိုင်ငံအား ဗြိတိသျှတို့ သိမ်းပိုက်ခဲ့သည့်အခါ နှစ်ပေါင်း ၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။ ဗြိတိသျှကုန်သည်များ[illegible] ရန်ကုန်ဆိပ်ကမ်းမှတင်ပို့သည့် ကုန်များတွင် ကျွန်းသစ်သည် တန်ဖိုးအများဆုံးရှိသည်ကို သိထားခဲ့[illegible] သစ်

www.burmeseclassic.com

www.burmeseclassic.com

ကုမ္ပဏီများသည် ဗြိတိသျှပိုင် အောက်မြန်မာနိုင်ငံသို့ အလုအယက် ရောက်ရှိလာခဲ့ကြသည်။ သူ့ထက်ငါကျွန်း သစ်ထုတ်လုပ်ရေးရရှိရန် နည်းလမ်းအမျိုးမျိုးနှင့် ကြိုးစားခဲ့ကြသည်။ သစ်ထုတ်လုပ်ရာတွင် စည်းကမ်းမဲ့စွာ ထုတ်လုပ်ခဲ့သည်။ ဤတွင် ဗြိတိသျှအစိုးရသည် သစ်တောပညာရှင်များကို ခေါ်ယူ၍ အောက်မြန်မာနိုင်ငံနှင့် မော်လမြိုင်ခရိုင်ရှိ သစ်တောများကို စနစ်တကျထိန်းသိမ်းရန် စီမံလာခဲ့၏။ ပဲခူးရိုးမတောများအား မော်လမြိုင်ကျွန်းတောများကဲ့ သို့ မပြုန်းတီးရန် စီမံလာခဲ့သည်။

၁၈၈၅ ခုနှစ်တွင်မှ အထက်မြန်မာနိုင်ငံအား ဗြိတိသျှ နယ်ချဲ့သမားက ဆက်လက်တိုက်ခိုက်သိမ်းပိုက်ပြီး ခရစ်နှစ် ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ဗြိတိသျှဘုရင်မကြီး၏ နေမဝင်သော အင်ပါယာ၏ တစ်စိတ်တစ်ဒေသဖြစ်သည်ဟု ကြေညာသည်။ ထိုစဉ်ကာလက အထက်မြန်မာနိုင်ငံတွင်ရှိသော သစ်တောများတွင် ကျွန်းပင်ကြီးများသာမက အခြားတန်ဖိုးကြီးသော သစ်ပင်များလည်း ပေါများလှသည်။ သို့ဖြစ်ရာ သစ်ထုတ်လုပ်ရေး ကုမ္ပဏီကြီးများကလည်း လွတ်လွတ်လပ်လပ် သစ်ထုတ်ခွင့်ပြုရန် ကြိုးစားခဲ့ကြပြန်သည်။ ဗြိတိသျှအာဏာပိုင်များကမူ စနစ်တကျ သိပ္ပံနည်းကျ သစ်တောများကို ပြုစုပျိုးထောင်ရန် စီမံလာခဲ့ပြီး ကျွန်းသစ်တောကြိုးဝိုင်းများကိုလည်း သတ်မှတ်လာခဲ့၏။ သို့သော်နှစ် စဉ်နှစ်တိုင်း ကျွန်းထုတ်လုပ်မှုတန်ချိန်မှာ တိုးတက်လာ ခဲ့သည်။ မှတ်တမ်းများအရ ၁၉၁၉ ခုနှစ်မှ ၁၉၂၄ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံမှ သစ် ထုတ်လုပ်မှုတန်ချိန်မှာ သုံးသိန်းကျော်မှ ငါးသိန်းကျော်အထိ ရှိခဲ့၏။ ဤကဲ့သို့ပ သစ်ထုတ်တန်ချိန် အဆမတန် တိုးတက်လာရခြင်းမှာ ပထမကမ္ဘာစစ်ကြီးအပြီးတွင် စစ်ဒဏ်ခံခဲ့ရသော နိုင်ငံများက ပြန်လည်ထူထောင်ရေးအတွက် ကျွန်းသစ်အား ပိုမိုအလိုရှိသောကြောင့်ဖြစ်၏။




မှန်ပါသည်။ ထိုကာလက နိုင်ငံခြားငွေရရှိရန်မှာ ယခုခေတ်ကဲ့သို့ အခက်အခဲမရှိ။ ဘဏ်တိုက်ကြီးများတွင် မိမိတို့လိုသော ဒေါ်လာ၊ ပေါင်စတာလင် စသည် တို့ကို အကန့်အသတ်မရှိ ဝယ်ယူရရှိနိုင်သည်။ ယခုခေတ်ကဲ့သို့ သွင်းကုန်လိုင်စင် လျှောက်ထားရန်မလို။ အတိုင်းအဆမရှိ တင်သွင်းနိုင်၍ လွတ်လပ်စွာ ကုန်သွယ်နိုင်သဖြင့် သစ်ထုတ်လုပ်ရေးကုမ္ပဏီများအဖို့ စီးပွားပိုမို အမြတ်အစွန်းရကြသည်။အထက်ဖော်ပြပါ ကာလက မြန်မာနိုင်ငံမှ သစ်ထုတ်လုပ်သော အရပ်အခေါ် ကြီးငါးကြီးဟုခေါ်သော ဗြိတိသျှကျွန်းသစ်ကုမ္ပဏီများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ဘုံဘေဘားမား သစ်ကုမ္ပဏီ
(၂) ဖူကားသစ်ကုမ္ပဏီ
(၃) စတီးလ်ဘရားသား သစ်ကုမ္ပဏီ
(၄) မက္ကရီကာ သစ်ကုမ္ပဏီနှင့်
(၅) တီဒီဖင်းလေ သစ်ကုမ္ပဏီများ ဖြစ်ကြသည်။

ထိုကုမ္ပဏီကြီးများသည် မြန်မာနိုင်ငံမှ ထုတ်ယူ

www.burmeseclassic.com

www.burmeseclassic.com


**နာမည်ကျော် ဘုံဘေဘားမားသစ်ကုမ္ပဏီသည် အထက်ဖော်ပြပါ ကြီးငါးကြီး သစ်ကုမ္ပဏီများထက် ထုတ်လုပ်သော သစ်ထုတ်တန်ချိန်၏ ထက်ဝက်ကျော်ထုတ်ခဲ့သည်ဟု ...**

သော ကျွန်းသစ်စုစုပေါင်းတန်ချိန်၏ လေးပုံသုံးပုံကို သက်ဝါးကြီးအုပ်ထားခဲ့၏။ နာမည်ကျော် ဘုံဘေဘားမား သစ်ကုမ္ပဏီသည် အထက်ဖော်ပြပါ ကြီးငါးကြီး သစ်ကုမ္ပဏီများထက် ထုတ်လုပ်သော သစ်ထုတ်တန်ချိန်၏ ထက်ဝက်ကျော် ထုတ်ခဲ့သည်ဟု သိရသည်။

အခြားကုမ္ပဏီများသည် ဘုံဘေဘားမား၏ သစ်ထုတ်မှုကို အမြဲတစေ စောင့်ကြည့်ကြရ၏။ ထိုစဉ်က ကျွန်းတောများကို တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ အထူးသဖြင့် အထက်ဖော်ပြပါ ကြီးငါးကြီး ကျွန်းသစ်ကုမ္ပဏီများအနက် ဘုံဘေဘားမား သစ်ကုမ္ပဏီက အများဆုံး လုပ်ပိုင်ခွင့်ရသည်။ ဤကျွန်းသစ်လုပ်ငန်းတွင် နှစ်ရှည်နှစ်တို့ စာချုပ်များနှင့် လုပ်ကိုင်ကြရသည်။ တိုင်းရင်းသား အရင်းရှင်အချို့ကလည်း ကျွန်းသစ်လုပ်ငန်းတွင် ဆိုးဖောက်ဝင်ရောက်လာခဲ့သည်ဟု သိရ၏။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသည့် ၁၉၃၉ ခုနှစ်နှင့် ၁၉၄၁ ခုနှစ်များအထိ မြန်မာနိုင်ငံ၏ ကျွန်းသစ်ထုတ်လုပ်မှုလုပ်ငန်းသည် သက်ဆိုးရှည်ခဲ့၏။

ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၍ စစ်အုပ်ချုပ်ရေးအစိုးရကို ဖျက်သိမ်းခဲ့ပြီး ဘုရင်ခံ၏ အမှုဆောင်ကော်မတီ ပေါ်ထွက်လာသည်ကစ၍ သစ်ထုတ်လုပ်ရေးကို ပြည်သူပိုင်သိမ်းရန် စီစဉ်ခဲ့ပြီး လွတ်လပ်ရေးရပြီး ရက်ပေါင်း ၂၀ ကျော်အကြာတွင် သစ်လုပ်ငန်းများကို သစ်လုပ်ငန်းအဖွဲ့က ကြွေးမြီများပါမကျန် လက်ခံယူခဲ့ရ၏။

သစ်ကုမ္ပဏီများကလည်း အမိန့်အတိုင်း သစ်လုပ်ငန်းအဖွဲ့သို့ လွှဲပြောင်းပေးခဲ့၏။ သစ်လုပ်ငန်းအဖွဲ့သည် အခြားလွှဲပြောင်းပေးသည့်ကိစ္စတွင် သဘောတူညီမှုရရှိခဲ့သော်လည်း လျော်ကြေးငွေတောင်းသည့်တန်ဖိုးမှာ အဆမတန် များခဲ့သဖြင့် သဘောကွဲလွဲခဲ့၏။ ဤတွင် ဖူကားသစ်ကုမ္ပဏီနှင့် မက္ကရီကာ သစ်ကုမ္ပဏီများက တရားရုံး၏ အဆုံးအဖြတ်ကို ခံယူမည်ဆိုကာ ထိုစဉ်ကာလက ဟိုက်ကုတ်(ဗဟိုတရားရုံး)တွင် လျှောက်ထားခဲ့သည်။

ဖူကားသစ်ကုမ္ပဏီနှင့် မက္ကရီကာ သစ်ကုမ္ပဏီများဘက်မှ ဥပဒေအကျိုးဆောင်များအဖြစ် စစ်ကြိုခေတ်က နာမည်ကျော် ဝတ်လုံတော်ရ အီစီဗီဖူကားနှင့်အဖွဲ့က လိုက်ပါဆောင်ရွက်ခဲ့သည်။ သစ်လုံးများ တန်ဖိုးဖြတ်ခြင်းကိစ္စ၊ သစ်ကုမ္ပဏီပိုင် ဆင်များကိစ္စ၊ ကုမ္ပဏီပိုင် မြေအဆောက်အအုံကိစ္စ၊ သစ်စက်များကိစ္စများအား ဥပဒေအကျိုးဆောင်များက အချေအတင်၊ အကြိတ်အနယ် လျှောက်ထားခဲ့ကြသည်။ သစ်လုပ်ငန်းအဖွဲ့ကလည်း ရုံး တော်သို့ အထူးကျွမ်းကျင်သော အင်ဂျင်နီယာများ၊ မြို့ နီစီပယ်(စည်ပင်သာယာ)မှ ရာဖြတ်အရာရှိများ ဆုံးဖြတ် သည့်အတိုင်းပေးရန် လျှောက်ထားခဲ့သည်။ ဥပဒေနှင့်အညီ စစ်ဆေး၍ ဟိုက်ကုတ်(ဗဟိုတရားရုံး)က အောက်ပါအတိုင်း–

မက္ကရီကာကုမ္ပဏီအား လျော်ကြေးငွေကျပ် ၃၄၆၅၂၄၉ ဖူကားကုမ္ပဏီအား ကျပ် ၂၁၂၂၁၀၇ ပေးရန် ဆုံးဖြတ်ခဲ့ပါကြောင်း။ ။

လှမိုး (ပညာရေး)

ကျမ်းကိုး– The Bombay Burma Trading Corporation Limited.

www.burmeseclassic.com

www.burmeseclassic.com


## အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ **ဆရာကြီးဆရာလှ** အကြောပြုပြင်ရာဌာနမှ-

ဆရာကြီး၏သား **ဆရာဦးရဲဝင်း**

ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။

ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ၊ကျင်နာ ၊

ခြေသေလက်ကစ် ၊ လေငန်းရောဂါ ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်

ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းတည်နေရာ**

၇/၁၂၀၊ ဗိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့၊

အမှတ် (၄၃) ဓမ္မာသီကာရစီး၍နွယ်သာဂီမှတ်တိုင်တွင်ဆင်းပါ။

ဖုန်း - ၀၉ ၇၃၁၀၀၂၅၀

ဆေးခန်းဖွင့်ချိန်၊ ၊ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)

အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး

ဤဆေးခန်းတွင် ရနိုင်ပါသည်။



အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်

နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

# ခရသင်း သမင်ဖြူ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654

ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(၀၀၇)

ခရသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊

ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့်

အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ၊** ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊

ရင်ကျွံကျိက်၊ရေယုန်၊ မက်ခရု၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ

အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို

**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော

တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်

အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com





# ခင်လုံမလေး(ဓာတု)

## အတုံ့အလှည့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မနာမည်က မဲညိုမ။ နာမည်နဲ့လိုက်အောင် အရောင်က အမဲတစ်ကွက်၊ အညိုတစ်ကွက် ပြောက်တိပြောက်ကျား။ ကျွန်မမှာ အဖေရော အမေရော မရှိဘူး။ ကျွန်မငယ်ငယ်ကတည်းက ဆုံးသွားတာ (ကျွန်မအထင် ပြောတာပါ)။

ကျွန်မမှာ အစ်ကိုလည်းမရှိဘူး၊ အစ်မလည်းမရှိဘူး၊ မောင်လေးလည်း မရှိဘူး၊ ညီမလေးလည်း မရှိပါဘူး။ ကျွန်မ ဒီအိမ်ကို ရောက်လာတာ သိပ်မကြာသေးပါဘူး။

အရင်ကတော့ ကျွန်မမှာ နေစရာအိမ် မရှိခဲ့ပါဘူး။ တွေ့တဲ့နေရာမှာစားတယ်၊ တွေ့တဲ့နေရာမှာ အိပ်တယ်။ ခိုကိုးရာမဲ့တို့ ထုံးစံအတိုင်းပဲပေါ့။ ဟိုလူကရန်လုပ်လိုက်၊ ဒီလူက ရန်လုပ်လိုက်နဲ့။ ကျွန်မဘဝမှာ မော်ကြည့်ရဲတဲ့သူဆို တစ်ယောက်မှမရှိခဲ့တာပါ။ ဒါပေမဲ့ ကျွန်မမှာမော်မကြည့်ရလို့ဆိုပြီး စောဒကတက်ခွင့်မရှိပါဘူး။ ဘာမှမလုပ်ရဘဲနဲ့တောင် ကြဲဖန်ပြီး ရန်စခံနေရတဲ့ဘဝ။ အဖိနှိပ်ခံဘဝ။ အစာစားရင်တောင် အသံမထွက်ရဲဘူး။

ဒါပေမဲ့ ပြဿနာတော့ သိပ်မရှိပါဘူး။ ကျွန်မက ကျွန်မကို ဘာပြောပြော ခေါင်းငုံ့ပြီးနေခဲ့တာက ခုမှမဟုတ်။ မွေးကတည်းကဆိုတော့ ခေါက်ရိုးကမကျိုးချင်မှအဆုံးမဟုတ်လား။ ငယ်တဲ့သူကပြောလည်း ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကြီးတဲ့သူကပြောလည်း ဟုတ်ကဲ့ ဟုတ်ကဲ့၊ ရွယ်တူချင်းကပြောလည်း ဟုတ်ကဲ့ ဟုတ်ကဲ့။ ကျွန်မရော ဘာသားနဲ့ထုထားတာမို့လို့လဲ။ အသွေးနဲ့အသားနဲ့ပဲလေ။ မခံစားတတ်တာ မဟုတ်ပါဘူး။ ခံစားရလွန်းလို့ ထုံနေတာပါ။

တစ်ရက်မှာတော့ တိုက်အိမ်လှလှကြီးတစ်အိမ်ကို ကျွန်မ တွေ့လိုက်ရပါတယ်။ တိုက်ကြီးက တော်တော်ကို ခံ့ညားတာပါ။ ကျွန်မ အဲဒီတိုက်အိမ်ကြီးရှေ့က ဖြတ်အသွားမှာပေါ့။ ဝတုတ်တုတ်နဲ့ အရမ်းချစ်စရာကောင်းတဲ့ ကလေးလေးက ဒန်းပေါ်မှာထိုင်နေရင်းက ကျွန်မကို မြင်တော့ အပြေးလာပါတယ်။ သူ့ကြည့်ရတာ အဖော်မရှိလို့ထင်ပါရဲ့။ အနားရောက်တော့သူ့လက်မှာကိုင်လာတဲ့ ပန်းကန်ထဲက အသားတုံးကြော်ကို ကျွန်မကို ကျွေးပါတယ်။

ကျွန်မလည်း ဘာအသားညာ အသားမှန်း ကြည့်မနေတော့ဘူး။

တဂွိဂွိမြည်နေတဲ့ဗိုက်ကြောင့် တစ်ခါတည်း မြန်မြန်တီးထည့်လိုက်တာပေါ့။ ပြီးတော့ ဝတုတ်တုတ်ကောင်လေးကိုလည်း ကျေးဇူးတင်ကြောင်း၊ အရမ်းတင်ကြောင်း ကျွန်မတတ်သလောက်မှတ်သလောက် ပြောပြရတာပေါ့။ ကျွန်မစကားကို နားလည်လား၊ မလည်လားတော့ မသိပါဘူး။ ဝတုတ်လေးကတော့ ကျွန်မခေါင်းလေးကို ပွတ်သပ်ပေး ပါတယ်။ ကျွန်မနဲ့ ဝတုတ်ကလေး ခင်မင်စပြုနေတဲ့အချိန်မှာပဲ.....

"ဟဲ့.....သား၊ ဘယ်ရောက်သွားပြီလဲ၊ ဟယ်.....ကြည့်စမ်း ဘယ်ကကြောင်စုတ်ကို သွားကိုင် နေရတာတုန်း၊ ရောဂါတွေ ကူးကု မှဖြင့်၊ ဖိုးသားရယ်.....ငါတော့ နင့်ကို စိတ်ကုန်လှပြီ၊ အဲဒီလောက် ကြောင်ချစ်နေရင်လည်း သေချာကာကွယ်ဆေးထိုးထားတဲ့ လှတပတ ကြောင်ကလေးတွေ ဝယ်ခိုင်းပါ လား"

"မေမေမှ ဝယ်မပေးတာ"

"သွား...သွား၊ မငွေးရေ..... ကလေးကို လက်လာဆေးပေးလိုက် စမ်း၊ ဟိုကြောင်ကိုလည်း မှ လောက်သွားလောက်အောင် လု ပစ်လိုက်စမ်း"

မငွေးဆိုတဲ့တစ်ယောက် လည်း သခင်အားရ ကျွန်ပါးဝ သလို သူ့လက်သီးလောက်ရှိ အုတ်ခဲကျိုးနဲ့ ကျွန်မကိုထုတာ ကောင်းလို့မသိတယ်။ ဒါပေမဲ့

www.burmeseclassic.com



အမျိုးသားကတော့ ကျွန်မကို သိပ်သဘောမကျဘူး ထင်ပါရဲ့။ ခုလည်းပဲ မမလေးလက်ထဲက ကျွန်မကို ရှုသလို၊ မလိုလားသလို ဘုကြည့် ကြည့်နေပါတယ် ...

ထောက်တစ်ချောင်းကတော့ ထောက်လို့တောင် မရတော့ပါဘူး။

စားရတဲ့အစာနဲ့တောင် မတန်လှပါဘူး။ ကျွန်မလည်း သေမတတ် နာကျင်နေရပေမယ့် သေရမှာကို ကြောက်တော့ ရတဲ့အားလေးနဲ့ပြေးရတာပဲပေါ့။ မတော်လို့ နောက်ထပ် ခဲတစ်လုံးများ ထပ်ရောက်လာရင် မခက်ပေဘူးလား။ ကျွန်မနောက်ကျောဘက်မှာတော့ ဂျိမ်းခနဲ တံခါးပိတ်သံနဲ့အတူ "အစ်မရေ နောက်ထပ် ဒီကြောင်စုတ် ပြန်လာရဲမှာ မဟုတ်တော့ဘူး၊ ကျွန်မလက်သံဘယ်လောက်ပြောင်မှန်း သူကောင်းကောင်းသိသွားတယ်၊ ကိုယ့်အဆင့်အတန်းကိုမသိတဲ့ သတ္တဝါတဲ့" လေ။

ခြော်.....အဆင့်အတန်းဆိုတာ ဘာကိုပြောတာပါလိမ့်။ ကျွန်မက သူ့အိမ်ထဲကိုလည်း မဝင်ခဲ့ပါဘူး၊ သူ့ပစ္စည်းကိုလည်း ခိုးမစားခဲ့ပါဘူး။ သူတို့ကျွေးလို့ စားခဲ့မိတာပဲရှိတာပါ။ အဲဒါကို အဆင့်အတန်းမရှိတဲ့သတ္တဝါ၊ အဆင့်အတန်းမသိတဲ့ သတ္တဝါတဲ့လေ။ ဟုတ်ပါတယ်လေ။ သူတို့ပြောတာလည်း မှားတော့မမှားပါဘူး။ ကျွန်မဘဝက အိမ်ခြေရာမဲ့ ခြေသလုံးအိမ်တိုင်ဘဝ မဟုတ်လား။ ခုတော့ ပိုဆိုးပေါ့။ ခြေသလုံးအိမ်တိုင်တောင်မှ ခြစားနေတဲ့ ခြေသလုံး၊ ကျိုးနေတဲ့ ခြေသလုံးနဲ့။



+++

အချိန်တွေက တဖြည်းဖြည်းနဲ့ ကုန်ဆုံးလာပါတယ်။ ညကလည်း နက်သည်ထက် နက်လာပြီးတော့ ကျွန်မရဲ့ခြေထောက်တွေကလည်း ပိုပိုပြီး နာကျင်လာပါတယ်။ ဒီဇင်ဘာလရဲ့ညချမ်းအချိန်ဆိုတော့ အအေးဒဏ်ကလည်း တစ်မျိုးနှိပ်စက်ပြန်ပါတယ်။ တဖြည်းဖြည်းနဲ့ ကျွန်မမျက်လုံးတွေ ငိုက်မျဉ်းစပြုနေတုန်းမှာပဲ စူးခနဲကားမီးရောင်ကြောင့် ကျွန်မမှာ ချက်ချင်းမျက်လုံးပြန်ပြူးသွားရပါတော့တယ်။

အဲဒီတုန်းမှာပဲ ကံဆိုးသလား၊ ကံကောင်းသလားတော့ မသိပါဘူး။ ကားက ဆက်မသွားတော့ဘဲနဲ့ ရပ်သွားပါတယ်။ ကားပေါ်က တော်တော်ချောတဲ့ကောင်မလေး ဆင်းလာပါတယ်။

"ကျွတ်.....ကျွတ် သနားပါတယ်၊ ခြေထောက်ကျိုးနေတာ ကိုရဲ့၊ ခေါ်သွားရအောင်နော်"

"မေကလည်း ရှုပ်ရှုပ်ယှက်ယှက်"

"ကိုနော်....."

"ကဲ.....မေ့သဘော.....မေ့သဘော၊ ဒါပေမဲ့ ကြိုပြောထားမယ်နော်၊ ကိုယ်ကတော့ ကြောင် မချစ်တတ်ဘူး၊ ရှင်းရှင်းပဲ မေ့သဘောသာ ပြုစု"

www.burmeseclassic.com

"စိတ်ချ၊ ညီလေးရေ....လာလာ၊ နာနေတာဟုတ်လား။ အို.....ကျွတ်.....ကျွတ်"

သူက ကျွန်မနာမည်ကို သိနေတယ်တော့်။ ကျွန်မတော့ ကံထလာပြီထင်ပါရဲ့။

ကျွန်မလည်းကျေးဇူးတင်လွန်းလို့ မျက်လုံးလေးတွေနဲ့ကြည့်ပြီး တညောင်ညောင် အသံပေးရတာပေါ့။

"ကိုရေ.....သူကလေ ကျွန်မကို စကားတွေ ပြန်ပြောနေတယ်တော့်၊ ကျေးဇူးတင်လို့ထင်တယ်နော်"

"ရှူးပါ့"

အင်း...သူ့အမျိုးသားကတော့ ကျွန်မကို သိပ်သဘောမကျဘူးထင်ပါရဲ့။ ခုလည်းပဲ မမလေးလက်ထဲက ကျွန်မကို ရွံ့သလို၊ မလိုလားသလို ဘုကြည့်ကြည့်နေပါတယ်။

ကြည့်ပါစေလေ။ မဒွေးလို အုတ်ခဲကျိုးနဲ့ ထမထုရင်ဘဲ ကျေးဇူးတင်လှပါပြီ။ သူကြည့်ရင်လည်း ကြည့်ချင်စရာပဲကိုး။ မေဆိုတဲ့ ကောင်မလေးက မျက်လုံးလေးတွေ ဝိုင်းစက်နေပြီး ကျွန်မ တွေ့ဖူးသမျှထဲမှာတော့ တော်တော်ကိုလှတာ။ အသားလေးတွေကလည်း ရွှေလို ဝင်းဝါနေပြီးတော့ တော်တော်ကိုလှတာ။ လက်လေးတွေကလည်း ဖယောင်းလေးလို သွယ်ပျောင်းပြီးတော့ နူးနူးညံ့ညံ့လေး။ သူနဲ့ကျွန်မတို့က နတ်သမီးနဲ့ ခွေးချေးပုံလို တော်တော်ကို မအပ်စပ်တာပါ။

ကျွန်မရဲ့အရောင်က မွဲခြောက်ခြောက်။ ပိန်ကပိန်သေး။ ဝဲကွက်တွေကလည်း ဟိုနားတစ်စက်၊ ဒီနား တစ်စက်ပေါ်နေပြီ။ ဒီကြားထဲ ခြေ ထောက်က ကျိုးနေသေး။

ရေစက်...ရေစက် ဘယ်ဘဝကရေစက်ပါလိမ့်။ ခုတော့လည်း ဘဝက နည်းနည်းတော့ နေသာထိုင်သာရှိလောက်ပြီထင်ပါ့။ အရမ်းကြီးတော့လည်း မယုံရဲသေးဘူးပေါ့လေ။ ကံဆိုတာ တော်ကြာ စာကလေး၊ တော်ကြာဆီထမင်း ဖြစ်ချင်ဖြစ်တာ။

+++

"ဝုတ်.....ဝုတ်"

ဟင်.....ဘုရား.....ဘုရား၊ ကျွန်မရဲ့ရန်သူတော်အသံပါလား။ ကျွန်မ မပြောဘူးလား။ ကံဆိုတာ ခုစာကလေး၊ ခုဆီထမင်းပါဆိုမှ။ အင်း.....ခွေးကလေးက အနောက်တိုင်း ခွေးစုတ်ဖွားလေးပဲ။ ချစ်တော့ ချစ်စရာလေး။ ခေါင်းပေါ်မှာလည်း ဖဲပွင့်လေးနဲ့။ အမွေးတွေကလည်း အရှည်ကြီး။ ဖြူဖွေးနေတာပဲ။ လျှာလေးတွေကလည်း ရဲလို့။ သဘောကောင်းရင် သိပ်ကောင်းမှာပဲ။

"Sweety ရေ...သူငယ်ချင်း အသစ်ခေါ်လာတယ်၊ သူငယ်ချင်းက သိပ်နေမကောင်းဘူး၊ ရန်မလုပ်ရဘူးနော် သမီးက"

"ဝုတ်.....ဝုတ်"

"ညီလေးကလည်း ရန်မလုပ်ရဘူးနော်။ တူတူနေရမယ်နော်"

"ညောင်....."

"အမယ်လေး.....လိမ္မာလိုက်တာ"

မမလေးက ကျွန်မကို စိတ်မချလို့ထင်ပါ့။ လက်ကနေမချ။ Sweety ကလည်း အဲဒါကိုပဲ မကျေမနပ်ဖြစ်ပြီး တဝုတ်ဝုတ်နဲ့ ခုန်နေသဖြင့် ကျွန်မမှာ အသည်းတွေတလှပ်လှပ်။

ကိုယ်က ဧည့်သည်မဟုတ်လား။ ကြောက်ရတာပေါ့။ ပြီးတော့ ဟိုက အားကောင်းမောင်းသန်အလှပဂေး။ ကိုယ်က အနုတ်စုတ်ကုပ်စုတ် ဝဲစားမ။ အခန်းကလည်းမွှေးလိုက်တာ။ ဘာတွေများ ဖျန်းထားသလဲမသိဘူး။ အိုး.....ဒီပေါ်မှာ ကျွန်မအိပ်ရမှာလား သခင်မ။ ကျေးဇူးတင်လိုက်တာ။ တကယ့်ကို နူးညံ့ခွေးထွေးနေတဲ့ ဆိုဖာလေး။ အခုအချိန်ကစပြီး သူမကို ကျွန်မရဲ့ သခင်မအဖြစ် သတ်မှတ်လိုက်ပါပြီ။

ကျွန်မလည်း ခုတော့ တဖြည်းဖြည်းနဲ့ လှတပတလေးဖြစ်လာပါပြီ။ သခင်မက Sweety ကိုတင်မဟုတ်ဘဲနဲ့ ကျွန်မကိုပါ ဂရုစိုက်ရှာတယ်။ သေချာ ဆရာဝန်နဲ့ပြ၊ ကောင်းကောင်းကျွေးဆိုတော့ ကျွန်မလည်း မဝဘဲနေနိုင်ပါရိုးလား။ အပြင်က ပြန်လာရင်လည်း ကျွန်မကို သူမ ပေါင်ပေါ်တင်ပြီး ပွတ်သပ်ပေးလိုက်သေးတာ။ ခုတ်စရာကြွက်လည်း မရှိတော့ ကျွန်မတောင် ကြာလေကြာလေ ကြောင်ပျင်းလေးဖြစ်လာပါရော။ မရှိတော့လည်း ရှိတာစားရတာပေါ့လေ။ ယင်ကောင်လေး တစ်ကောင်နှစ်ကောင်၊ တစ်ခါတလေလည်း ပုရွက်ဆိတ်ကလေး

www.burmeseclassic.com


အိမ်မြှောင်လေးခုတ်ပေါ့။


Sweety ကလည်း အစကတော့ အင်တင်တင်ပဲ။ အေးလေ။ ကျွန်မက နောက်မှပေါက်တဲ့ ရွှေကြာပင်မဟုတ်လား။ သူမရင်ထဲမှာလည်း ကလိကလိနဲ့ ခံစားရရှာပေမပေါ့။ ကျွန်မကို မတွေ့လိုက်နဲ့တွေ့တာနဲ့ တဝုတ်ဝုတ်နဲ့ မာန်ဖီပြနေတော့တာပဲ။ ကျွန်မလည်း မသိချင်ယောင်ဆောင်ပြီး တတ်နိုင်သမျှ သူမနဲ့ ဝေးဝေးလေးနေရတာပေါ့။ နောက်တော့ Sweety လည်း ပျင်းလာပုံရပါတယ်။ ကျွန်မဆီကို ချည်မျှင်လေးတွေဆွဲလာလိုက်၊ ပန်းခြံထဲက မြက်ပင်တွေဆွဲလာလိုက်နဲ့ အလံဖြူပြလာပါတယ်။

ကျွန်မက အစကတည်းက ကြည်စေအေးစေ ရွှေပြည်အေးထဲကပဲဆိုတော့ အေးဆေးပါပဲ။ ခွေးနဲ့ကြောင်ဆိုတာ ကမ္ဘာ့ရန်ဘက် မဟုတ်တော့ဘဲ ကမ္ဘာ့မိတ်ဆွေကြီးတွေအဖြစ် နေ့ချင်းညချင်း ရောက်သွားပါတော့တယ်။ ဒါပေမဲ့ပေါ့လေ တစ်ရန်ရှင်းတော့ တစ်ရန်က ထလာ ပြန်ပါတယ်။ အဲဒါကတော့ တခြား မဟုတ်ပါဘူး။ သခင်မရဲ့ အမျိုးသား ဦးပြည့်ဝကျော်ဆိုသူပါပဲ။ နာမည်ကသာ ပြည့်ဝကျော်။

ကျွန်မများ ဆိုဖာပေါ်ထိုင်နေတာမြင်ရင် တရှီးရှီးလုပ်ပြီး တွေ့တာနဲ့ ရန်တန်းလုပ်တာပါပဲ။ အရင်ဘဝကများ ကျွန်မက လူဖြစ်ပြီး သူက ကြောင်ဖြစ်ခဲ့သလားတော့ မသိပါဘူး။ တစ်ခါတလေများဆို သူ့ခြေချောင်းတွေနဲ့ လှမ်းကန်လိုက်နဲ့။ တကယ့်ကို အကြင်နာတရားကင်းမဲ့သူပါ။ ကျွန်မ အရှောင်မြန်ပေလို့သာပေါ့။

"ဟာ..နေရာတကာဒီကြောင်မွေးတွေချည်းပဲ၊ သောက်ကျင့်ကို မကောင်းတဲ့ကြောင်၊ ဘယ်လိုဖြစ်နေမှန်းကိုမသိဘူး"

တစ်ခါတလေလည်း အဲဒီလို



ဘယ်ကအမွေးတွေ ကောက်ကောက်လာပြီး ပြမှန်းမသိပါဘူး။ ကျွန်မလည်း သူပြောတဲ့စကားတွေကို နားနဲ့ပဲ နားထောင်ပါတယ်။ နှလုံးသားနဲ့ နားထောင်မနေတော့ပါဘူး။ သူ့အနံ့ကိုရတာနဲ့ ကျွန်မလည်း ချက်ချင်းထပြေးပါတော့တယ်။ သခင်မအနံ့ပါရင်တော့ ထပြေးစရာမလိုပါဘူး။ သူက သခင်မရှေ့မှာဆိုရင် တစ်မျိုးလေ။ မှီရတဲ့မျက်နှာလိုလို။ ဟန်ဆောင်မျက်နှာဖုံးကြီးစွပ်လို့။

+++

"ကိုရေ ညီလေးက တဖြည်းဖြည်းနဲ့ လှလာသလိုပဲနော်၊ လိမ္မာလည်းလိမ္မာတယ်၊ မေကသားသမီးအလိမ္မာလေးတွေ ရထားတာပဲ၊ မေကတော့ အရမ်းဝမ်းသာတာပဲ၊ အဲဒါမှ မေ သားသား၊ မီးမီးလေးတွေ ရလာခဲ့ရင် သူတို့တစ်တွေလည်းမေ့လက်ထဲမှာသာ ကြီးပြင်းလာကြည့်၊ လိမ္မာစေရမယ်၊ ကို ယုံလား"

"မေကလည်းကိုယ့်သားသမီးတွေကို ဒီကြောင်တွေ၊ ခွေးတွေနဲ့ မနှိုင်းစမ်းပါနဲ့၊ ကိုမကြိုက်ပါဘူး"

"ကိုကလည်းလေ သတ္တဝါချင်း အတူတူပဲဟာကို၊ ကဲပါ... မျက်နှာကြီး အဲဒီလိုလုပ်မနေပါနဲ့၊ မေက စကားအဖြစ် ပြောတဲ့ဟာကို၊ ကိုတောင် လူပျိုတုန်းက ဘယ်လောက်တောင် ဆိုးသွမ်းခဲ့တဲ့ ကောင်ကလေးလဲ၊ မေ့လက်ထဲရောက်မှ ကျောက်ရိုင်းတုံးလေးကနေ အဖိုးတန်ကျောက်လေး ဖြစ်လာတာလေ၊ ဟုတ်တယ်မဟုတ်လား"

သခင်မအမျိုးသားကတော့ အင်းမလုပ်၊ အဲမလုပ်။ ကျွန်မတို့တော့ မသိမဆိုင် ခွေစောင်းစောင်းကြီး ကြည့်လာပါသည်။ အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com

ကတော့ သိပ်မဟန်လှပါ။ ကျွန်မလည်း ကျွန်မရဲ့ ဘူမိနက်သန်နေရာလေးကိုပဲ လှမ်းလာခဲ့ပါတော့တယ်။ ဒါပေမဲ့ Sweety က ပန်းခြံကလေးထဲကနေ အသံပေးနေတာမို့ အနောက်ဘက် မီးဖိုချောင်ကနေ ပတ်ထွက်လာခဲ့ရပါတယ်။ သူ့ရှေ့ကတော့ မဖြတ်ရဲပေါင်။ သခင်မ မသိခင် တစ်ခုခုလုပ်လိုက်မှဖြင့် ကိုယ်ကျိုးနည်းရချည်ရဲ့။

+++

ကျွန်မလည်း တဖြည်းဖြည်းနဲ့ အရွယ်လေးရလာတော့ အဖော်ရှာချင်တာပေါ့။ Sweety က အသံပေးစရာမလိုပေမယ့် ကျွန်မကတော့ ကျွန်မရဲ့ သာယာနာပျော်ဖွယ်ကောင်းတဲ့ အသံလေးနဲ့ ဆက်သွယ်ရတာပေါ့။ အဲဒါကို သခင်မက နားလည်ပေးပေမယ့် သူ့အမျိုးသားကတော့ နားလည်မပေးပါဘူး။

"ကျက်သရေတုံးလိုက်တာကွာ၊ အရွယ်ကမရောက်သေးဘူး၊ ဖလန်းဖလန်းကထချင်နေပြီ၊ သွားသွား နားငြီးတယ်၊ အိမ်ထဲဝင်မလာခဲ့နဲ့"

ပါးစပ်နဲ့တင် အားမရလို့ ဒန်ဖလားကြီးနဲ့ ရေတွေခပ်ပြီး အားရပါးရ လှမ်းပက်ပါတော့တယ်။ ကျွန်မ မှာ ခိုက်ခိုက်တုန်လွန်းလို့ မ,သံ လည်း မပေးနိုင်တော့ပါဘူး။ ပေး ချင်စိတ်လည်း ကုန်သွားပါပြီ။ ခန္ဓာ ကိုယ်မှာရှိတဲ့ ရေတွေကို လှုပ်လေး နဲ့ပဲ လိုက်လျက်နေမိပါတော့တယ်။

Sweety ကတော့ ကျွန်မကို တဝုတ်ဝုတ်နဲ့ လာစနေပါတယ်။ ကျွန်မလည်း Sweety ကို ခွီးခနဲ မာန်ဖီလိုက်ပြီးတော့ တခြားခြံတွေမှာပဲ အသံပေးဖို့ ထွက်လာခဲ့လိုက်ပါတော့တယ်။ သူ့လို အကြင်နာတရားမရှိတဲ့ ကိုယ်ချင်းမစာတတ်တဲ့သူနားမှာ နေချင်စိတ်လည်းမရှိပါဘူး။ သခင်မက ဘာလုပ်နေတာလဲဆိုတော့ ပန်းပင်ရေလောင်းတာတဲ့လေ။ ယောက်ျားကြီးဖြစ်ပြီး ထဘီဝတ်ထားဖို့ပဲကောင်းတဲ့ဟာကြီး။

ဟင်း.....ဟင်း။ သခင်မကလှသလောက် သင်းက အကျည်းတန်အရုပ်ဆိုးကြီးလေ။ ဖင်မရှိ ရင်မရှိနဲ့။ သင်းကတော့ အခြောက်လုပ်ရင်တောင် စိတ်ဝင်စားတဲ့သူ ရှိမှာမဟုတ်။ အရင်ဘဝက ကံတွေကြောင့်သာ သခင်မနဲ့ လာဆုံရပေမယ့် သင်းရဲ့နောင်ဘဝကတော့ တကယ့်ကို ရင်လေးစရာ။ ပိုက်ဆံကတော့ တော်တော်ရှိတဲ့ပုံ။

+++

ဒီလိုနဲ့ သခင်မတို့အိမ်ရဲ့ လေးခြံကျော်က ဖြူတုတ်လို့အမည်ရတဲ့ နုနုထွားထွားကြောင်ပျိုကြီးနဲ့ ကျွန်မ မေတ္တာမျှခဲ့ပါတော့တယ်။ ကျွန်မ ကိုယ်ဝန်ရှိလာတော့ ကမ္ဘာပေါ်မှာ အပျော်ဆုံးသူက သခင်မ ဖြစ်နေခဲ့ပါတယ်။ ကျွန်မကို ဂရုစိုက်လိုက်တာမှ တကယ့်ကိုသည်းသည်းလှုပ်။ ငါးကို ကြွပ်ကြွပ်ကြော်လိုက်၊ ပေါင်းကျွေးလိုက်နဲ့ အမျိုးမျိုးလုပ်ကျွေးရှာတာပါ။ အဲဒါရဲ့ အကျိုးရလဒ်ကတော့ သခင်မရဲ့အမျိုးသား ကျွန်မအပေါ်မှာ မျက်မုန်းကျိုးခြင်းပါပဲ။ ဘယ်လောက်တောင် မုန်းသလဲဆိုရင် ကျွန်မအသံကြားတာနဲ့တောက်ခေါက်ပြီး နားပိတ်တော့တာပါပဲ။ ကျွန်မလည်း မအော်မိအောင် သတိလေးနဲ့နေပေမယ့်တစ်ချက်တစ်ချက် သတိက လွတ်လွတ်သွားပါတယ်။

+++

"မိညို....မိညို မိ...မိ....မိ၊ ဘယ်ရောက်နေတာလဲ ဒီကြောင်မ၊ မေမလာခင် အမြန်ဆုံးရှင်းထုတ်ပစ်မှပါ၊ မိညို ဘယ်မှာလဲ"

ဟင်.....မခေါ်စဖူး သင်းက ခေါ်လို့ပါလား။ အသံမှာကိုက အသိသာကြီးပါ။ မိညိုတဲ့လေ။ ကြောင်ဆိုတာ လူထက်နှိမ့်ပြီးသား သတ္တဝါပါပဲ။ နှိမ့်ချမဆက်ဆံလည်း နှိမ့်ပြီးသားပါပဲ။ ဒါကို ထပ်နှိမ်ချင်သေးတဲ့သဘောလားဘာလားတော့ မသိပါဘူး။ မခေါ်စဖူး အခေါ်ထူးဆိုတော့ ကျွန်မလည်း ညောင်လို့အသံပေးလိုက်မိပါတယ်။ အဲဒီမှာပဲ သင်းမျက်နှာ ဝင်းခနဲလက်သွားပြီးတော့ ကျွန်မကို ကုပ်ကနေ ဆွဲသွားပါတော့တယ်။ အဲဒီအချိန်မှာပဲသခင်မကလည်း ပြန်ရောက်လာတယ်။ သင်းကလည်း အကင်းပါးသလား မမေးနဲ့။ သခင်မကို မြင်လိုက်တာနဲ့ ချက်ချင်းထိုင်ပြီး ကျွန်မကို ပေါင်ပေါ်တင်လိုက်ပါတော့တယ်။ အောင်

www.burmeseclassic.com

www.burmeseclassic.com



မယ် ခေါင်းကလေးကိုတောင် ပွတ်သပ်ပေးနေလိုက်ပါသေးတယ်။ တမင်ဟန်ဆောင်ပြီးတော့ လုပ်ထားလို့လားမသိ။ သခင်မထက်တောင် အပွတ်အသပ်ကောင်းသေး။ မျက်နှာကြီးကတော့ မအီမလည်ကြီးနဲ့ ဆိုတော့ ကျွန်မတောင် ရယ်ချင်မိသေးတယ်။

"ဟယ်...မောင်က မိညိုလေးကို ပွေ့ထားတယ်တော့်၊ မိုးတွေတော့ ရွာတော့မှာပဲ၊ မိညိုလေး နေကောင်းရဲ့လားဟင်၊ မွေးကာနီးဖွားကာနီးနော်၊ ယင်ကောင်တွေ၊ အိမ်မြှောင်တွေ ခုတ်မနေနဲ့ဦး၊ အဲဒါမှ နောင်ဘဝကျတော့ ဘဝကောင်းကောင်းလေးရမှာ"

သခင်မကသူပြောချင်တာတွေ ပြောပြီး အပေါ်ထပ်ကယူလာတဲ့ဖိုင်တစ်ထပ်နဲ့ ပြန်ထွက်သွားပြန်ပါတယ်။ သင်းက ဒီနေ့ ဘာလို့လိုက်မသွားတာပါလိမ့်။ ဟင်.....ထင်တော့ထင်သားပဲ။ သခင်မ အပြင်ရောက်သွားတာနဲ့ ဇာတိရုပ်က ပြန်ပေါ်လာပါတော့တယ်။

"တဂွီးဂွီးနဲ့ ဘာဖြစ်လို့မြည်နေရတာလဲ နင့်ဗိုက်က၊ အသားတွေကလည်းပူနေတာပဲ၊ ရွံစရာကောင်းလိုက်တာ၊ ထွီ.....နားကလည်း ညစ်ပတ်စုတ်ပြတ်နေတာပဲ"

ပါးစပ်ကလည်းတဖျစ်တောက်တောက် မြည်တွန်တောက်တီးပြီးတော့ ကျွန်မကို တရွတ်ဆွဲလာပြီး ကားနောက်ဖုံးပေါ် တင်လိုက်ပါတယ်။ ကျွန်မလည်းအရမ်းကြောက်လွန်းလို့ အသားတဆတ်ဆတ်တုန်လာပါတော့တယ်။

ကျွန်မရဲ့မျက်လုံးထဲမှာ သစ်သားချောင်းကြီးကိုပဲ ရိပ်ခနဲမြင်လိုက်ရပါတော့တယ်။ ခေါင်းထဲမှာ ရိပ်ခနဲဖြစ်ပြီးတော့ ကျွန်မ ဘာကိုမှ မသိတော့ပါဘူး။ ကျွန်မ သခင်မအမျိုးသားကို မျက်လုံးတွေ၊ အသံတွေ၊ အမူအရာတွေနဲ့ နည်းမျိုးစုံအသနားခံခဲ့ပါတယ်။ ဒါပေမဲ့ သူ့ရဲ့စိတ်ထဲမှာရော၊ သူ့ရဲ့မျက်လုံးထဲမှာပါ ကျွန်မကို အဆုံးစီရင်လိုစိတ်တွေပဲ ရှိနေတယ်ထင်ပါရဲ့။ ကျွန်မ သေလို့မဖြစ်သေးဘူး။ သခင်မကိုတော့ အနည်းဆုံး နှုတ်ဆက်ချင်သေးတယ်လေ။

သူမခမျာ ကျွန်မကို မတွေ့ခဲ့ရင် ပူပန်နေရှာမှာ။ Sweety ရော ပျင်းနေမလားပဲ။ ပြန်မှဖြစ်မယ်။

ဟင်.....ကားဘယ်ရောက်သွားပါလိမ့်။ ဟယ်.....သခင်မ,ရှိတယ်။ အိုး.....ဝမ်းသာလိုက်တာ။ ဟင်.....သခင်မက ငါ့ဒီလောက်အသံပေးနေတာတောင် ငါ့ကိုမမြင်ဘူး။ အို...ဘုရား..ဘုရား။ ဒါ..ဒါ သင်းပဲ။ သင်းက ဘယ်လိုလုပ်သေနေရတာလဲ။ သခင်မကလည်း ငိုလို့ယိုလို့ပါလား။

"ဘယ်ကပြန်လာတာလဲ မသိပါဘူးဗျာ၊ အိမ်ထဲလည်းဝင်လာရော ခေါင်းမူးတယ်၊ ခေါင်းမူးတယ်ဆိုပြီး အသက်ထွက်သွားတာပါပဲ"

"----"

"ဒါပေမဲ့ သူအသက်မထွက်ခင် အော်လိုက်တဲ့အသံကြီးက ဘယ်လိုလုပ် ကြောင်တစ်ကောင်ရဲ့အသံ ထွက်နေသလဲတော့မသိဘူး၊ တော်တော့်ကို ထူးဆန်းတယ်"



လေး (ဓာတု)

www.burmeseclassic.com

တကယ့်ဖြစ်ရပ် မဂ္ဂဇင်း
www.burmeseclassic.com

မောင်သာမန် (ဗိုးကုန်း)

# ကြမ္မာ၏ သားကောင်များ



www.burmeseclassic.com

www.burmeseclassic.com


ကန်ရေပြင်ရှိ ကြာပန်းနှင့် ရေကညွတ်တို့သည် လေပြည်တို့အဝှေ့၌ ရေလှိုင်းလေးများနှင့်အတူ ယိမ်းနွဲ့နေကြ၏။ ရေကမ်းစပ်တွင် ရေကြက်မတစ်ကောင်သည် သဲသဲမဲမဲ အစာရှာနေ၏။ တစ်ခါတစ်ရံ ရေထဲမှ ကူးခတ်နေသည့် ငါးတစ်ကောင်သည် မည်သို့စိတ်ကူးပေါက်သည် မသိ လူးလွန့်လျက် လေဟာနယ်အတွင်း ခုန်ပျံဝဲလိုက်သေး၏။

ရေကန်ဆီသို့ ရေခပ်ရန်လာသော ခင်လေးနှင့် ရွာဦးဘုန်းကြီးကျောင်းဆီမှ ပြန်လာသော လူပျိုကြီး ကိုဖိုးဆောင်းတို့ ကန်ပေါင်ပေါ်ရှိ ကုက္ကိုပင်ကြီးအောက်၌ ဆုံစည်းကြ၏။ ကုက္ကိုပင်ကြီးကား အရိပ်အာဝါသ ကောင်းလှ၏။ ညနေပိုင်းကျနေဖြစ်ခြင်းကြောင့် အပူရှိန်လျော့နည်းသကဲ့သို့ လေညင်းလေးများ တိုက်ခတ်နေမှုကြောင့် ပူအိုက်မှုကို လျော့နည်းစေ၏။

ကိုဖိုးဆောင်းရှေ့၌ ရေအိုးပိုက်၍ရပ်နေသော ခင်လေးသည်ခေါင်းငုံ့၍နေပါ၏။ ခင်လေးနှင့် ဆုံတွေ့နေခြင်းကြောင့် ကိုဖိုးဆောင်းတစ်ယောက် ကရားရေလွှတ်သည့်နှယ် အဆက်မပြတ် စကားပြောလျက်နေပါ၏။ ရင်တွင်းလှုပ်ရှားမှုအပြည့်ဖြင့် ကိုဖိုးဆောင်းပြောလေသမျှအား ခင်လေးက တည်ငြိမ်စွာဖြင့်.....

"ကိုဖိုးဆောင်းအနေနဲ့ တခြားရွာကအချောအလှတွေကိုပဲ ပြောသင့်ပြောထိုက်တဲ့ ရည်းစားစကားကို တစ်ခုလပ် တစ်လင်ကွာဖြစ်တဲ့ ကျွန်မကို လာပြောနေတာကိုက ကိုဖိုးဆောင်း နစ်နာနေတယ်ဆိုတာ မသိလို့လားရှင်"

ကိုဖိုးဆောင်းသည် ခင်လေးကို ငေးမောကြည့်လျက်

"ကျုပ်နစ်နာနေတယ်ဆိုတာထက် တစ်ချိန်တုန်းက ရင်ဖွင့်မယ်လို့ ဆုံးဖြတ်ထားတဲ့ ကျုပ်ချစ်တဲ့သူကို အခုအခြေအနေကျမှ ဖွင့်ပြောရတာကိုကြည့်ရင် ကျုပ်ရဲ့အချစ်တွေဟာ ဘယ်လောက်နက်နက်ရှိုင်းရှိုင်းရှိမယ်ဆိုတာ ခင်လေး မစဉ်းစားမိဘူးလားဗျာ"

ခေါင်းငုံ့လျက် နားထောင်နေသော ခင်လေးအား ကိုဖိုးဆောင်းတစ်ယောက် အဆက်မပြတ် ရင်ဖွင့်နေပါ၏။

"တကယ်တမ်းပြောရရင် ခင်လေး ကိုရွှေသီးနဲ့ လက်မထပ်ခင်ကတည်းက ခင်လေးကို မေတ္တာသက်ဝင်မိတာက ကျုပ်ပါဗျာ၊ လူကြီးချင်းသဘောတူလို့ ခင်လေးတစ်ယောက် ကိုရွှေသီးကို လက်ထပ်လိုက်တယ်ဆိုတာ ကျုပ်သိပါတယ်၊ ခင်လေးနားမှာ ကိုရွှေသီး ရှိနေမယ်ဆိုရင် ကျုပ် ခင်လေးကိုချစ်တဲ့ အချစ်ကို ထာဝရ သိမ်းထားမှာပါ၊ အခုဟာက ခင်လေးက ကိုရွှေသီးနဲ့ ကွာရှင်းပြီးပြီမို့ ကျုပ်လေ မရှက်နိုင်မကြောက်နိုင် ခင်လေးကို ရင်ဖွင့်မိတာပါ၊ ခင်လေးကို ကျုပ်လက်ထပ်ပါရစေဗျာ"

ခင်လေးသည် ကိုဖိုးဆောင်းပြောသမျှစကား နားထောင်လျက် ရွှန်းစိုသော မျက်လုံးများဖြင့်သူ့အား ငေးကြည့်နေမိသည်။ အမှန်စင်စစ် ခင်လေးတစ်ယောက် ကိုရွှေသီးနှင့် အိမ်ထောင်မကျခင်ကွမ်းတောင်ကိုင်ဘဝကပင် ကိုဖိုးဆောင်းအား စိတ်ကစားမိပါ၏။ ကိုဖိုးဆောင်းကား လူရိုးလူအ လူပျိုကြီးဖြစ်သည်ကြောင့် ခင်လေးက သူ့အား စိတ်ဝင်စားနေသည်ကို မသိခဲ့ပေ။ ကိုဖိုးဆောင်း

www.burmeseclassic.com



သည့်လည်း ခင်လေးကို ချစ်မိသော်လည်း ရင်ထဲ၌ ကျိတ်၍ခံစားနေ၏။ ရင်မှထုတ်ဖော်၍ မပြောခဲ့ပေ။ သို့ဖြင့် သူမသိ ငါပိုးဘဝဖြင့် အချိန်ကြာမြင့်ခဲ့၏။

မကြာပါချေ။ ခင်လေး၏မိဘများနှင့် တစ်ရွာသား ကိုရွှေသီး၏ မိဘများ ဆက်သွယ်၍ စေ့စပ်ကြောင်းလမ်း နားဖောက်၏။ မကြာမတင်သောကာလ၌ မင်္ဂလာလက်ထပ်ပွဲ ကျင်းပခဲ့ကြသည်။ ကိုရွှေသီးနှင့်ခင်လေးတို့၏ မင်္ဂလာကန်တော့ပွဲအား ခင်လေးတို့မိဘများအိမ်တွင် ကျင်းပလျက် မင်္ဂလာညစာခံပွဲကိုမူ ကိုရွှေသီးတို့ရွာ၌ ကျင်းပကြ၏။ ခင်လေးတို့၏ မင်္ဂလာပွဲကြောင့် ကိုဖိုးဆောင်းတစ်ယောက် လူမသိ အပူမိခဲ့ပြီး ဝမ်းနည်းကြေကွဲခြင်းများကို မျက်ရည်ဝဲသော အပြုံးများဖြင့်သာ တန်ဆာဆင်ခဲ့ရ၏။

ရွာထဲရှိ ခင်လေး၏ မင်္ဂလာလက်ထပ်ပွဲတွင်လည်း ကိုဖိုးဆောင်းတစ်ယောက် လူငယ်များကို ဦးဆောင်လျက် ကူညီလုပ်ကိုင်ပေးသကဲ့သို့ ကိုရွှေသီးတို့ရွာတွင် မင်္ဂလာညစာခံပွဲ လုပ်သည့်အခါတွင်လည်း လူကြီးများ၏ တောင်းဆိုချက်အရ လူကြီးသူမများနှင့် လိုက်ပါခဲ့ရ၏။ ကိုဖိုးဆောင်း၏ ဖြစ်ရပ်များကို ခင်လေးတစ်ယောက် မသိလိုက်မသိဘာသာရှိခဲ့သော်လည်း ထိုစဉ်က ကိုဖိုးဆောင်းသည်နှလုံးသားဝေဒနာကို ကြမ်းကြမ်းတမ်းတမ်း ထပ်မံခံစားရ၍ ချစ်ခြင်းမေတ္တာကို ပေးဝေလိုက်ရသည်ကြောင့် မည်မျှခံစားနေရမည်ကို ခင်လေးတစ်ယောက် စဉ်းစားလာရ၏။

''ဟိုလေ.....ဟို.....ကိုဖိုးဆောင်း စဉ်းစားပါဦးရှင်၊ ကိုဖိုးဆောင်းက မိန်းမအရှုပ်အရှင်းကင်းတဲ့ လူပျိုကြီး၊ ကျွန်မက တစ်ခုလပ် အိမ်ထောင်ပျက်လေ၊ ကျွန်မဘဝ ကမထူးပေမယ့် ကိုဖိုးဆောင်းအနေနဲ့သင့်တော်ပါ့မလားရှင်၊ ကိုဖိုးဆောင်းအတွက် ရွာမှာ အပျိုတွေ ပေါ်မှပေါ်''

ခင်လေး၏စကားသည် မိမိ၏ စကားအား ပေါ့ပေါ့တန်တန်ဟု ယူဆမိသည်လားမသိ။ ကိုဖိုးဆောင်း၏အသံ မာလာပါ၏။ သို့သော် သူ၏မျက်နှာကား ညှိုးနွမ်းနေသည့်ပန်းပမာ။

''ဘယ်လိုပြောတာပါလိမ့် ခင်လေးရယ်၊ ကျုပ်ရဲ့အချစ်တွေက ခင်လေး ပြောရလောက်အောင် အပေါစားဆန်နေပြီလား၊ ကျုပ်အချစ်က ခင်လေးအတွက်ဆို ရေချ၊ မီးချခံနိုင်တဲ့ အချစ်မျိုးပါဗျာ''

မျက်နှာငယ်လေးဖြင့် အချစ်ရှင်းတမ်းဖွင့်နေသော ကိုဖိုးဆောင်းအား ခင်လေးတစ်ယောက် မော့ကြည့်မိ၏။ ခင်လေးသည်လည်း တစ်လင်ကွာ၊ တစ်ခုလပ်ဖြစ်သော်လည်းတစ်ကြိမ်တစ်ခါမျှ ချစ်ရေးဆိုခဲ့ဖူးခြင်း မခံခဲ့ရသဖြင့် သူစိမ်းယောကျာ်း၏ အပြောအဆို နူးညံ့မှုများအပေါ်၌ ရင်ခုန်မိပါ၏။ လှိုက်ဖိုမိပါ၏။ ထို့ပြင် အိမ်ထောင်ရေးအဆင်မပြေမှုများစွာဖြင့် ကွာရှင်းခဲ့ကြသည့် ကိုရွှေသီး၏မျက်နှာမည်းမည်းကို တွေ့မြင်မိပြန်တော့ ခင်လေး၏မျက်နှာမှာ ညှိုးငယ်မှုများစွာဖြင့်။

ကိုဖိုးဆောင်း၏ ကမ်းလှမ်းမှု နှလုံးသားအစီအစဉ်အား ခင်လေးမှာမည်သို့တုံ့ပြန်ရမည်မသိ။ ရိုးသားဖြောင့်မတ်သော ကိုဖိုးဆောင်းကလည်း ချစ်သောခင်လေးဆီမှ ကမ်းလင့်လိမ့်နိုး မျှော်ကိုးခြင်းများဖြင့် ငေးကြည့်နေသည်မှာလည်းကရုဏာသက်စရာ။ ခင်လေးမှာ ခေါင်းကို တွင်တွင်ငုံ့လျက်ဆုံးဖြတ်ချက်တစ်ခု ချဖို့ရာ ချီတုံချတုံဖြစ်နေစဉ် ကိုဖိုးဆောင်းက လျှပ်တစ်ပြက် ခင်လေး၏လက်ကလေးအားဖမ်းကိုင်လျက် ပြောလာခဲ့သည်။

''ဆိတ်ဆိတ်နေခြင်းဟာ သဘောတူခြင်းလို့ ကျုပ်မှတ်သားဖူးတယ်၊ ဒါဆိုရင် ခင်လေး အခု နှုတ်ဆိတ်ခြင်းဟာ သဘောတူတယ်၊ ဝန်ခံတယ်လို့ မှတ်ချက်ချ တော့မှာပဲ''

ခင်လေး၏လက်ကလေးများအား ဆုပ်ကိုင်ထားသော ကိုဖိုးဆောင်းတစ်ယောက် သူမ၏ လက်ကလေးများ အေးစက်နေသည်ကို သတိထားမိလိုက်ပါ၏။

+++

ခင်လေးတစ်ယောက် တ... သား ကိုရွှေသီးနှင့် ကွာရှင်းသည်မှာ တစ်နှစ်ပြည့်မြောက်၍ လေ... ပင် စွန်းခဲ့ပြီဖြစ်၏။ ခင်လေး၏... များမှာလည်း သမီးဖြစ်သူ ခင်...

www.burmeseclassic.com

www.burmeseclassic.com




သော ရုပ်ဖြိုဖြိုအမြင်အရ ရွှေသီးနှင့် မိမိတို့သမီး ခင်လေးအား ပေးစားခဲ့ခြင်းဖြစ်၏။ ယခုတော့ အမှားကြီးမှားခဲ့ပြီဟူသော စိတ္တဇဖြင့် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးခဲ့ကြ၏။

ရွှေသီးသည် မိမဆုံးမ၊ ဖမဆုံးမဟု ခေါ်ရလေမလား။ မိဘ၏ ပြောဆိုဆုံးမမှုများကို မျက်ကွယ်ပြုလျက် ထင်ရာစိုင်းနေသောသူဖြစ်ပါ၏။ လောင်းကစားအထူးဝါသနာပါသကဲ့သို့ အရက်နှင့် မိန်းမများကိုလည်း မကင်းခဲ့။ အလုပ်မည်မည်ရရ မရှိသည့်ပြင် မိဘများလက်ငုတ် ဖြစ်သော ရိုးရာအလုပ်ဟု ခေါ်ဆိုရမည့် လယ်ယာချောင်းမြောင်းများကို ငဲ့၍ပင်မကြည့်ခဲ့ပါပေ။ ခင်လေးသည် မိမိယူသည့် ခင်ပွန်းယောကျာ်း၏ စာရိတ္တမဏ္ဍိုင်ကို သိရှိသည့်အခါ လွန်စွာစိတ်ထိခိုက်ခဲ့ရ၏။ သို့သော် မိဘများကိုမူ အပြစ်ပုံမချဘဲ မိမိ၏ ကံကြမ္မာကိုသာ တရားသဘောရှုမြင်ခဲ့၏။

BURMESE CLASSIC .com

ရွှေသီးနှင့် ပေါင်းသင်းနေသည့် တစ်နှစ်ခွဲကာလအတွင်း သားသမီးတစ်ဦးတစ်ယောက်မျှ မရရှိခဲ့။ ဘယ် သူမပြု မိမိမှုဆိုသည့်ပမာ ဖြစ်ခဲ့ရခြင်းကြောင့် ခင်လေး၏မိဘများ ဆုံးပါးသွားသည့်အခါ ခင်လေးမှာ မိဘများ ချန်လှပ်ခဲ့သော လယ်ယာများအား သူရင်းငှားဖြင့် လုပ်ကိုင်လျက် အဒေါ်တစ်ယောက်နှင့်အတူ နေထိုင်ခဲ့၏။ တစ်ခုလပ်၊ တစ်ကောင်ကြွက်ဘဝဖြင့် လူ့ဘဝလမ်းကို စမ်းတဝါးဝါး လျှောက်လှမ်းနေသည့်အခိုက် လူပျိုကြီး ကိုဖိုးဆောင်း၏မေတ္တာကမ်းလှမ်းချက်ကို ပထမဆုံးကြားခဲ့ရခြင်းဖြစ်သည်။ သို့ဖြင့် ဖိုးဆောင်း၏ တောင်းဆိုမှုအား ခင်လေးတစ်ယောက် လက်ခံရန် ဆုံးဖြတ်လိုက်ပါ၏။ ယောကျာ်းတစ်ယောက်နှင့် ပေါင်းသင်းလက်ထပ်၍ ခင်ပွန်းယောကျာ်း၏ အပြုအမူစရိုက်လက္ခဏာများ မကောင်းခြင်းကြောင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးသည့်နောက် နောက်ထပ်ယောကျာ်း တစ်ဦးနှင့် ထပ်မံအိမ်ထောင်ပြုခြင်းသည် အမျိုးသမီးများအတွက် အတော်ကြီးစားဆုံးဖြတ်ရသော ကိစ္စဖြစ်ပါ၏။ ခင်လေး၏ကိစ္စသည်လည်း အတော်ခက်ခဲသည်ဟု ဆိုရပေမည်။ တစ်ရွာသား ရွှေသီးနှင့် ကွာရှင်း၍ တစ်ရွာတည်းသား ဖိုးဆောင်းနှင့် အိမ်ထောင်ပြုမည်ဟူသော သတင်းစကားကြောင့် ခင်လေးမှာ တစ်ရွာလုံး၏ ကဲ့ရဲ့စောင်းမြောင်း အတင်းပြောခြင်းကို အလူး အလဲခံစားခဲ့ရ၏။

မည်သို့ဖြစ်စေ ခင်လေးသည် လောကဓံကို ကြံ့ကြံ့ခံနိုင်သည့်အသား

အား တစ်ရွာသား ကိုရွှေသီးနှင့် လက်ထပ်ပေးခြင်းအား မှားခဲ့သည်ဟု နောင်တများစွာဖြင့် တွေးမိတိုင်း ဘွဖွ ပြောကြားဝန်ခံခဲ့ပါ၏။ ခင်လေးသည်ကား မိဘများကို အပြစ်မဆို၊ မိမိဝဋ်ရှိ၍သာဟု တရားနှင့် ဖြေနိုင်ခဲ့၏။

မည်သို့ဆိုသော် ခင်လေးရော မိဘများပါ တစ်ရွာသား ကိုရွှေသီး၏ နောက်ကြောင်းကိစ္စအဝဝကို အနုလုံပဋိလုံ သိကြသူများမဟုတ်။ ကြားအောင်သွယ်ကောင်းမှုနှင့် အမြင်ရုပ်ဖြိုဖြိုအခြေအနေများအပေါ် မူတည်၍ သဘောတူပေးစားခဲ့ခြင်းဖြစ်၏။ ရွှေသီး၏မိဘများသည် လယ်ယာချောင်းမြောင်း အင်းအိုင်များကို အများအပြားပိုင်ဆိုင်ခြင်းဟူ

www.burmeseclassic.com

www.burmeseclassic.com

လူပျိုကြီးကိုဖိုးဆောင်းအား ဘဝလက်တွဲဖော်အဖြစ် တစ်သက်တာလက်တွဲသွားရန် ဆုံးဖြတ်ချက်ပိုင်ပိုင်ချခဲ့လေတော့၏။ တစ်ဦးနှင့်တစ်ဦး အကြင်နာချစ်ခြင်းများကို အခြေခံထားသည်ကြောင့် အကျဉ်းရုံးလက်ထပ်ခဲ့သော သူတို့နှစ်ဦးမှာ မေတ္တာစစ် မေတ္တာမှန်ကိုတွေ့သည့်သဖွယ် မိုးမဆုံးမြေမဆုံးပျော်ရွှင်ခဲ့ကြ၏။ ကြည်နူးခဲ့ကြ၏။

နှစ်တစ်နှစ်၏ ရာသီသုံးလီပြောင်းလဲခဲ့သည်နှင့်အမျှ ခင်လေးတစ်ယောက် သမီးငယ်တစ်ဦး မွေးဖွားခဲ့၏။ အသက်ကြီးမှ ဖူးစာဆုံခဲ့ကြသည့် ဇနီးမောင်နှံတို့၏ သမီးငယ်လေးမှာ ကျန်းမာရေးချူချာလှ၏။ မွေးကတည်းကပင်ပေါင်မပြည့်သည့်အပြင် အောက်စီဂျင်ပေးရသည်မှာ ရက်ပေါင်းများစွာ။ ဆေးအရှိန်ဖြင့် ကျန်းမာသလိုရှိသော်လည်း ဆေးပြတ်လပ်သည်နှင့် ချူချာမြဲချူချာနေတတ်၏။ တစ်ခါတစ်ရံ ရာသီအလိုက် ရောဂါများက လူမမည်ကလေးအား အမြဲဒုက္ခပေးနေတတ်၏။

ကိုဖိုးဆောင်းသည် သူ၏သမီးကိုချစ်၏။ ခင်လေးသည်လည်း မိမိ၏ရင်သွေးအားချစ်ပါ၏။ သို့စေကာမူ ဤမျှ ရောဂါထူပြောသော သမီးငယ်၏ကံကြမ္မာအတွက် အကောင်းထက် အဆိုးဖြစ်နေသည်ကို သူတို့နှစ်ဦး မကယ်ဆယ်နိုင်၊ မတတ်နိုင်ရှာ။ ပရိဒေဝသောကမီးများ လောင်ကျွမ်းလျက်ရှိနေရ၏။

မိခင်ဖြစ်သူ ခင်လေးမှာကလေးတစ်ခုခုဖြစ်လေတိုင်း ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေခဲ့သော်လည်း ကိုဖိုးဆောင်းမှာကလေးကို ချီပိုးလျက် နီးစပ်ရာဆေးရုံဆေးခန်းနှင့် မြို့ဆေးရုံများသို့ လှည်းဖြင့် ကသုတ်ကရက် သွားလေ့ရှိ၏။ မိခင်၊ ဖခင်တို့၏မေတ္တာ၊ စေတနာ၊ ကရုဏာတို့ကြောင့် သူတို့၏သမီးလေးမှာ ပြန်လည်၍ကျန်းမာလာရမြဲဖြစ်၏။ သို့ဖြင့် ကလေးမှာ ချူချာမှုလွန်ကဲသော်လည်း မိဘတို့၏ ဆေးကုသမှုကြောင့် အခါလည်အရွယ်သို့ပင် ရောက်လာခဲ့သည်။ သူတို့၏သမီးလေးအား ခင်လန်းဆန်းဟု အမည်ခေါ်တွင်စေ၏။ သမီးကလေး၏ ဘဝအား ညှိုးနွမ်းမှုမရှိ ထာဝရကြည်လင်လန်းဆန်းစေရန်ဟူသော စေတနာရည်ရွယ်ချက်ဖြင့် ခင်လန်းဆန်းဟု အမည်တွင်စေခဲ့ခြင်းဖြစ်ပါ၏။

ကိုဖိုးဆောင်းနှင့် ခင်လေးတို့ပိုင်ဆိုင်သည့်လယ်ယာများမှထွက်ရှိသောဝင်ငွေအမြတ်အစွန်းများသည် နှစ်စဉ်နှစ်တိုင်း ခင်လန်းဆန်းကိုဆေးကုသည်နှင့် ကုန်လေ့ရှိ၏ ... ယင်းကြောင့် ကိုဖိုးဆောင်းတစ်ယောက် လယ်ပြီးသည်နှင့် မတ် ... စိုက်ရ၏။ မြေလွတ်မြေရိုင်းများရှိ ... က ကွက်လပ်မထားနိုင်တော့။ သ ... ပင်စားပင်မှန်သမျှ အကုန်စိုက် ... တော့၏။ သို့ကြောင့်ပင် ကို ... ဆောင်းတို့ လင်မယားနှစ်ဦး ... သားသမီးအပေး ချစ်သည့်အ ... နှင့်ပတ်သက်၍ လုံးလက်များ ... ကြရ၏။

> ခင်လေးရော၊
> ကိုဖိုးဆောင်းပါ
> ဥပဒေ
> နားမလည်ခြင်းဟု
> ဆိုရမည်လား
> မပြောတတ်။
> အလောသုံးဆယ်
> လက်ထပ်လိုက်ခြင်းသည်ပင်
> တရားမလမ်းကြောင်းနှင့်
> ငြိစွန်းနေခြင်းပင်
> ...

www.burmeseclassic.com

ယင်းသို့သောအခြေအနေတွင် တစ်ပူပေါ်နှစ်ပူဆင့်ရသည့်ပြဿနာ တစ်ခုသည်ကိုဖိုးဆောင်းတို့မိသားစု ထံ ဆိုက်ကပ်လာပါ၏။ ယင်းမှာ အခြားအကြောင်းမဟုတ်။ ခင်လေး ၏ ပထမခင်ပွန်းဟောင်း ကိုရွှေသီး သည် ကိုဖိုးဆောင်းအား မယားခိုး မှုဖြင့် တရားစွဲမည်ဟူသော အကြောင်းတစ်ရပ်ပင်။ ရွှေသီး၏ ဆွေမျိုးအများစုမှ ယခုလိုအခြေ အနေကျမှ တရားစွဲဆိုခြင်းမပြုရန်၊ လက်လျှော့ရန် ရွှေသီးအား ဖျောင်း ဖျကြသော်လည်း နားမထောင်ခဲ့သူ မှာ ရွှေသီးပင်ဖြစ်၏။

+++

ထိုစဉ်က ခင်လေးနှင့် ရွှေသီး တို့ ပေါင်းသင်းစဉ်ကာလများတွင် ရွှေသီးသည် ဆိုးသွမ်းလော်မာမှု များပြုခဲ့သည်။ အရပ်တကာလှည့် ၍ ကြက်ဝိုင်း၊ ဂျင်ဝိုင်းများ လောင်း ကစားလုပ်လေ့ရှိ၏။ ရွှေသီး၏ မိဘ များကမူ သိပ်မဆိုးလှ။ ရွှေသီး၏ အဖေကဆိုလျှင်.....

"လုံမရယ် ရွှေသီးကြောင့်အား နာလိုက်တာ၊ လုံမနဲ့အကြောင်းမပါ ခင်ကတည်းက ဒီကောင် တော် တော်ဆိုးသားကလား၊ ဒီကောင်ခြေ ငြိမ်ပါစေတော့ဆိုပြီး လုံမနဲ့ ပေးစား ကာမှ လုံမကို မဆိုထားနဲ့၊ အဖေ တို့ကို အရွဲ့တိုက်တဲ့ကောင်ပဲ၊ တောက်....."

ခင်လေးကတော့ မည်သို့မျှ မပြော။ မိဘများ၏ အလိုဆန္ဒအရ ရွှေသီးကို လက်ထပ်ခဲ့သော်လည်း ရွှေသီးအပေါ် မည်သို့မျှ ခံစားမရခဲ့ သည်ကြောင့် သူမအနေဖြင့် ရွှေသီး ဆိုးသည်၊ ကောင်းသည်မသိ။ ရွှေ သီးကလည်း ရွှေသီးပင်။ နယ် တကာ၊ ရပ်တကာ မူးရူး၍ မလုံ့ လောက်။ အိမ်တွင်လည်း မူးရူး၍ ခင်လေးအား နှိပ်စက်ကလူလုပ်လေ့ ရှိသည်။ ခင်လေးနှင့်ပတ်သက်၍ ရွှေသီးသည် သူ၏မိဘများနှင့် စကားအချေအတင် ပြောကြရ၏။ တစ်ခါတွင် ခင်လေးအား တခြားသူ နှင့် ဆဲဆိုသမုတ်သဖြင့် ရွှေသီးအား သူ၏ အဖေမှ ပြောမရ၊ ထိန်းမရ သဖြင့် ထိုးကြိတ်ဆုံးမခဲ့ရ၏။ ထို ကိစ္စနှင့် ပတ်သက်၍ မိမိလက်သီး ထိုးခံရခြင်းမှာ ခင်လေးကြောင့်ဟု ဆိုကာ ခင်လေးအား ရိုက်ပုတ်၍ အိမ်မှနှင်ချ၏။ ခင်လေးကလည်း မချစ်မနှစ်သက်သောသူနှင့် ကြာ ရှည်စွာ မပေါင်းသင်းလိုသည် ကြောင့် ယောက္ခမများအား ကန် တော့၍ မိဘများရှိရာရွာသို့ ပြန်လာ ခဲ့တော့၏။

သို့ဖြင့် ရွှေသီးနှင့် ခင်လေးတို့ မှာ တရားဝင်ကွဲကွာခြင်းမဟုတ်ပါ ဘဲ နှစ်နှင့်ချီ၍ ခွာပြဲနေကြခြင်းဖြစ် ၏။ ရွှေသီးအနေဖြင့် မည်သို့ သဘောရှိသည်ကို မသိသော်လည်း ခင်လေးကား ရွှေသီးအပေါ် စိတ် ကုန်ခန်းပြီး တစ်သက်မပေါင်းသင်း ရန် ဆုံးဖြတ်ထားခဲ့ခြင်းဖြစ်၏။ ထို့ ကြောင့်ပင် ခင်လေးရော၊ ကိုဖိုး ဆောင်းပါ ဥပဒေနားမလည်ခြင်းဟု ဆိုရမည်လားမပြောတတ်။ အလော



www.burmeseclassic.com

www.burmeseclassic.com

သုံးဆယ် လက်ထပ်လိုက်ခြင်းသည်ပင် တရားမလမ်းကြောင်းနှင့် ငြိစွန်းနေခြင်းပင်ဖြစ်ပေမည်။

ကိုဖိုးဆောင်းနှင့် ခင်လေး လက်ထပ်စဉ်က ရွှေသီးသည် လောင်းကစားမှု၊ ရိုက်မှုတို့ဖြင့် ထောင်နန်းစံနေချိန်ဖြစ်၏။ ရွှေသီးသည် ခင်လေးတို့၏ အိမ်ထောင်ရေးကို ဖျက်လိုဖျက်ဆီးလုပ်ရန် ထောင်ထဲ၌ပင် ကြံရွယ်ထားပုံရ၏။ ကြံရွယ်ထားသည့်အတိုင်း ထောင်မှထွက်လာသည်နှင့် ခင်လေးတို့အား တရားစွဲရန် ပထမခြေလှမ်းအဖြစ် ဆောင်ရွက်ခဲ့၏။ ပထမတွင် ကိုဖိုးဆောင်းတို့မှာ ကလေးမမာမကျန်းဖြစ်နေသည်ကြောင့် ရွှေသီး၏ပြဿနာရှာမှုအားမသိခဲ့။ မကြားခဲ့။ ကြားရသည့်အခါတွင် ကိုဖိုးဆောင်းက.....

"ရွှေသီးကတော့ မစားရတဲ့အမဲ သဲနဲ့ပက်နေပြီ ခင်လေး၊ မယားနိုးမှုနဲ့ ငါ့ကိုတရားစွဲပြီး ထောင်ချဖို့ ကြံစည်နေကြပြီ၊ အဲဒီတုန်းက ခင်လေးအနေနဲ့ ရွှေသီးကို တရားရုံးတစ်ခုခု၊ ဒါမှမဟုတ် ကျေးရွာလူကြီးတွေရှေ့မှာ ကွာရှင်းပြတ်စဲရမှာ၊ ခင်လေး ဒီပြဿနာကို မလုပ်လိုက်ဘူးနဲ့တူတယ်"

"အဲဒီအချိန်ကခင်လေးလည်း ရွှေသီးရဲ့ အရိုက်အပုတ်၊ ဆဲဆိုမှုတွေကို မခံနိုင်တာဘဲသိတယ်၊ ရွှေသီးမိဘတွေကလည်း ခင်လေးကို သနားပြီး ရွှေသီးလို ဆိုးမိုက်နေတဲ့သူရဲ့ ဇနီးအဖြစ် မရှိသင့်တော့ဘူး။ သူတို့သား ရွှေသီးနဲ့ မပေါင်းနဲ့ဆိုလေတော့ ခင်လေးလည်း ဒေါသနဲ့ အပြီးဆင်းခဲ့တာ၊ အဲဒီကစပြီး ရွှေသီးနဲ့ခင်လေး ပြတ်စဲခဲ့တာ နှစ်တွေကြာခဲ့ပြီပဲ၊ အခုအခြေအနေမှာတော့ ကိုဖိုးဆောင်းကို အရေးယူတာကို ကျွန်မ လက်မခံပါဘူး၊ တကယ်တမ်း ပြဿနာလုပ်လာရင်တော့ ရှေ့နေငှားသင့်ငှားမယ် ကိုဖိုးဆောင်း"



"
မင်းကြောင့်
ငါ့သမီး
မသေသင့်ဘဲ
သေရပြီ၊ မင်းလည်း
ဒီလောကနဲ့
မတန်တာကြောင့်
မင်းကို
ငါကိုယ်တိုင်သတ်ပြီး
သေရွာကိုပို့မယ်
"

သမီးငယ် ခင်လန်းဆန်း၏ ရောဂါဘယ ထူပြောမှုကြောင့် စိတ်ဆင်းရဲနေကြသည့် ကိုဖိုးဆောင်းတို့မှာ ရွှေသီးက ရေနစ်သူကို ဝါးနှင့်ကူထိုးနေသည့်နှယ် တစ်နေ့တွင် ပြဿနာရှာလာ၏။ ထိုပြဿကား ဥပဒေဘောင်အတွင်း တရားရုံး၌မဟုတ်။ ရွာမှ မြို့သို့သွားသောလမ်း၌ဖြစ်၏။ ထိုပြဿနာသည် ကိုဖိုးဆောင်း၏ သည်းခံနိုင်သော စိတ်များ မခံမရပ်နိုင်စွာ ပေါက်ကွဲထွက်စေခဲ့ပြီဖြစ်တော့သည်။

ကိုဖိုးဆောင်းတို့ ဇနီးမောင်နှံအဖို့ ထိုနေ့သည် အဆိုးဆုံးသော ကြုံမှာတစ်ခုဝင်ခဲ့သည်ဟု ဆိုရပေတော့မည်။ သမီးဖြစ်သူ ခင်လန်းဆန်းလေး အဖျားဝင်၍ တက်ခ

www.burmeseclassic.com



ချက်ခမန်း ဖြစ်နေသည်ကြောင့် အစိုးရိမ်လွန်သော ကိုဖိုးဆောင်းနှင့် ခင်လေးသည် လှည်းတပ်၍ မြို့ဆေး ရုံသို့ သောကများစွာဖြင့် ကလေး ကိုပိုက်လျက် နွားလှည်းကိုအပြင်း နှင်လာခဲ့၏။ အချိန်ကား အပုပ်ချိန်။ နေဝင်ဖျိုးဖျ ရွာမှအထွက် ဘုန်းကြီး ကျောင်းလွန်သည့်နေရာ လယ်လေး ငါးကွက် လှည်းလမ်းကြောင်း၌ ဓား တစ်ချောင်းဖြင့် အရက်မူးနေသော ရွှေသီးနှင့် ကြုံရတော့၏။ ရွှေသီး သည် လှည်းအရှေ့၌ ရပ်နေ၏။ လှည်းကို ရပ်တန့်စေလျက်.....

"ခင်လေး နောက်မီးလင်းမ၊ ဆင်းစမ်း၊ အခုလှည်းပေါ်ကဆင်း စမ်း"

ရွှေသီးက ရှန့်ရင်းစွာ ဆဲဆို လျက် ခင်လေးအား လှည်းပေါ်မှ ဆင်းခိုင်း၏။ အပူအားကြီး၍ သတိ လစ်မတတ်ဖြစ်နေသော ကလေး၏ အခြေအနေကြောင့် စိုးရိမ်စိတ်လွန် ကဲနေသော ခင်လေးက.....

"လှည်းအရှေ့ကနေ ဖယ်ပေး ပါ ကိုရွှေသီး၊ ကျုပ်တို့ရဲ့ကလေး ကျန်းမာရေးကအရမ်းအရေးကြီးနေ လို့ ကျုပ်တို့ကို သွားခွင့်ပြုပါ၊ ပြဿနာရှိရင်လည်း နောက်မှရှင်း ကြတာပေါ့၊ ဖယ်ပါတော်...ဖယ်ပါ"

ခင်လေးက မည်သို့ပင်တောင်း ပန်စေကာမူ ရွှေသီးကား လှည်း အရှေ့မှ မဖယ်ရေးချမဖယ်။ လူစိတ် ကွယ်ပျောက်နေသော ရွှေသီးက...

"မဖယ်ဘူး ခင်လေး၊ နင်ဟာ မိန်းမ၊ အခုဆင်းဟာ၊ ဟိုကောင် က ငါ့မိန်းမကိုခိုးတဲ့ မယားခိုး၊ သူ့ ကို တရားစွဲမယ်၊ ထောင်ကျစေရ မယ်"

ကိုဖိုးဆောင်းသည် သည်းခံ နိုင်သမျှ သည်းခံလျက်.....

"ကဲ.....ဖယ်ပါဗျာ၊ ခင်ဗျား မကျေနပ်နိုင်တဲ့ ပြဿနာရှိရင် ဥပဒေအတိုင်းလုပ်ဗျာ၊ အခုအခြေ အနေမှာတော့ ကျုပ်တို့သမီးလေး သတိမရဖြစ်နေလို့ အချိန်မီ ဆေးရုံ သွားရမှာမို့ပါဗျာ၊ ကျုပ် အနူး အညွတ် တောင်းပန်ပါတယ်"

"မရဘူးကွာ၊ ခင်လေး အဲဒီ ကလေးကိုထားခဲ့ပြီး လှည်းပေါ်က ဆင်း၊ အေး.....မဆင်းရင်တော့ ငါ့ ကိုအဆိုးမဆိုနဲ့နော် ခင်လေး၊ ဟော ဒီမှာ တွေ့လား"

"တောက်....."

ကိုဖိုးဆောင်းသည် စိတ်ဆိုး ဒေါသထွက်လာသည်ကြောင့် တောက်တစ်ချက်ခေါက်လိုက်၏။ ထိုစဉ် ခင်လေးဆီမှ ထိတ်လန့် တကြား ဖြင့်.....



"အမယ်လေး.....လုပ်ပါဦး ကိုဖိုးဆောင်းရယ်၊ ဒီတစ်ခါ ကျွန်မ တို့သမီးလေး ကိုယ်ကျိုးနည်းပြီနဲ့တူ တယ်"

ခင်လေး၏ရင်ခွင်ထဲ၌ ပိုက် ထားသောကလေးမှာ မျက်ဖြူလန် လျက်ရှိနေ၏။ ကိုဖိုးဆောင်းမှာ စိုး ရိမ်ထိတ်လန့်စွာဖြင့်.....

"သမီး...သမီးလေး...သမီး ခင်လန်းဆန်း"

ခင်လေးမှာ သမီး၏ဖြစ်ရပ်ဆိုး ကြောင့် ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေ၏။ ထိုစဉ်ခဏ၌ပင် သမီး ငယ်မှာ အကြောတစ်ချက်ဆွဲသွား ပြီး ငြိမ်သက်သွားလေတော့၏။

"သမီး.....အမယ်လေး သမီး ရယ်"

လှည်းပေါ်၌ သမီးသေဆုံးခြင်း အပေါ် ကိုဖိုးဆောင်းနှင့် ခင်လေး တို့နှစ်ယောက် အသည်းနှလုံး မီး လောင်ကျွမ်းမတတ် ဖြစ်နေရသည် ကြောင့် ပတ်ဝန်းကျင်ကို မကြည့် နိုင်တော့။ သမီးကိုဖက်လျက် ငိုပွဲ ဆင်နေကြ၏။ လှည်းရှေ့ထမ်းပိုးနား တွင်တွေ့၍ရပ်နေသော ရွှေသီးက...

"ထွီ....ဟော့ခင်လေး၊ လှည်း ပေါ်က ဆင်းမလား၊ မဆင်းဘူး လား၊ ဒါမှမဟုတ် ငါလာရမလား"

ရွှေသီးအသံကို ကြားလိုက်ရ သည့် ကိုဖိုးဆောင်းသည် သမီး ငယ်ဆုံးပါးမှုမှာ ရွှေသီးကြောင့်ဟု

www.burmeseclassic.com

www.burmeseclassic.com





သော အတွေးရောက်လာသည်နှင့် ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ယူကျုံးမရခြင်းခြင်း စသည်တို့မှာ ချက်ချင်းဆိုသလို ဒေါသအမျက်အဖြစ် ပြောင်းလဲလာခဲ့၏။ ကိုဖိုးဆောင်း၏ အမျက်ဒေါသတို့ဖြင့် ကျယ်လောင်လှသော ဒေါသသံကား တုန်လှုပ်ချောက်ချားဖွယ်ရာပင်။

"ရွှေသီး.....မင်းကြောင့် ငါ့သမီး မသေသင့်ဘဲ သေရပြီ၊ မင်းလည်း ဒီလောကနဲ့ မတန်တာကြောင့် မင်းကို ငါကိုယ်တိုင်သတ်ပြီး သေရွာကိုပို့မယ်ကွ"

ပြောပြောဆိုဆို လှည်းပေါ်မှ ခုန်ချလိုက်ပြီးနောက် ရွှေသီး၏မျက်နှာအား လက်သီးဖြင့် ဆက်တိုက်ထိုးလိုက်ပြီး ရွှေသီးလက်မှ ဓားရှည်ကို ဆွဲ၍လုလိုက်၏။ ခင်လေးက ကို ဖိုးဆောင်းအား.....

"ကိုဖိုးဆောင်း လက်လွန်မယ်နော်၊ သူသေတာအကြောင်းမဟုတ်ပေမယ့် ရှင့်ကို ကျွန်မ ထောင်ထဲအရောက်မခံနိုင်ဘူးရှင့်"

သင်းကြောင့် သမီးလေး ဆေးရုံကိုအချိန်မီရောက်ရှိခြင်းမရှိ။ လမ်းတွင် ရောဂါတက်လျက် သေဆုံးရသည်ဟူသော အမြင်သည် ဖျောက်၍မရတော့။

ဒေါသစိတ်တို့သည် ကိုဖိုးဆောင်း၏ ငယ်ထိပ်သို့တိုင် ရောက်ရှိခဲ့ပြီမို့ ဆင်ခြင်တုံတရား ကင်းဝေးခဲ့ရချေပြီ။ လက်ထဲသို့ ရောက်ရှိနေသောဓားအား ကိုဖိုးဆောင်းမြှောက်လိုက်သည့်အခါတွင် ဝင်လုဆဲဆဲနေလုံးနီ၏ အလင်းရောင်ထင်ဟပ်မှုကြောင့် ဓားမှာ လက်ခနဲဖြစ်သွားရ၏။

ကိုးရိုးကားရား လဲနေသော ရွှေသီး၏ကိုယ်ခန္ဓာပေါ်သို့ ကိုဖိုးဆောင်း၏ မရေမတွက်နိုင်သော ဓားချက်များသည် ကျရောက်လျက်ရှိနေတော့၏။ ခင်လေးကား သူမ၏ သမီးငယ်အား ပိုက်ထွေးလျက် ငိုရှိုက်မဆဲ ဖြစ်နေတော့၏။

မကြာမီ အနောက်ဂေါယာသို့ နေလုံးဝင်တော့မည်။ မည်သို့ဆိုစေ လှည်းပေါ်၌ သမီးကို အားရပါးရ ဖက်တွယ်လျက် စိတ်မကျန်းမာသူပမာ အော်ငိုနေသော ခင်လေးသည်လည်းကောင်း။ အချက်ပေါင်းများစွာဖြင့် အသက်ဝိညာဉ်ချုပ်ငြိမ်းနေသော ရွှေသီးအား စိတ်မကျန်းမာသူပမာ ဓားဖြင့် အဆက်မပြတ်ဆက်လက်ခုတ်နေသော ကိုဖိုးဆောင်းသည်လည်းကောင်း၊ ဆုံးပါးသွားရှာလေသော သမီးလေး ခင်လန်းဆန်းသည်လည်းကောင်း၊ သေ ခြင်းဆိုးဖြင့် သေဆုံးနေသော ရွှေသီးသည်လည်းကောင်း လောကဓမ္မ တရားသဘောအရ ကံကြမ္မာ၏ သားကောင်များဟု ခေါ်ဆိုရပေတော့မည်။

သို့ဖြင့် အနောက်ဘက်တွင် မေးတင်နေသော နေလုံးကြီးသည်လည်း မကြာမီ ပျောက်ကွယ်သွားပေတော့သည်။

မောင်သာမန် (ဇီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com





# သန်းမြင့်ဦး
## အသစ်
# ဘယ်လောက်ကောင်းကောင်း

မောင်မောင်သည် နွဲ့မွန်၏ ပါးပြင်နုနုညက်ညက်လေးကို အသာနမ်းသည်။ နွဲ့မွန်သည် အချိန်မီ တိမ်းရှောင်ဖို့ ကြိုးစားလိုက်ပေမယ့် မရပါလေတော့။ မောင်မောင်၏ အနမ်းအရှိက်မှာ အငိုက်မိသွား၏။

မောင်မောင်သည် တစ်ဆင့်တက်လာပြန်၏။ နွဲ့မွန်၏ကိုယ်လုံးလေးကို လက်နှစ်ဖက်ဖြင့် ပွေ့ဖက် လိုက်ပြန်သည်။ တင်းတင်းကျပ်ကျပ် ဖြစ်သည်။ စပါးကြီးမြွေ ...ထားသည့်အတိုင်းဖြစ်ပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် နွဲ့မွန်၏ပါးပြင်နှစ်ဖက်ကို ဘယ်ပြန်ညာပြန် အဆက်မပြတ် နမ်းကြူပါလေတော့၏။

အစသော် နွဲ့မွန်သည် အသာငြိမ်နေနိုင်ပေမယ့် ကြာတော့လည်း အသက်ရှူရကျပ်ပြီး မနေနိုင်မထိုင်နိုင်ဖြစ်လာ၏။

သို့မို့ကြောင့်လည်း နွဲ့မွန်သည် မောင်မောင်၏မျက်နှာကို ညာလက်ဖြင့် အသာတွန်းဖယ်လိုက်ရာမှတစ်ဆက်တည်း မောဟိုက်သံဖြင့်.....

''တော်ပြီ မောင်မောင်ရယ်၊ နွဲ့မွန်တစ်ကိုယ်လုံးလည်း ဖွတ်ဖွတ်ညက်ညက်ကြေပြီးပါးပြင်တွေလည်း သွေးစို့ကုန်တော့မယ်ကွယ်၊ အေးအေးဆေးဆေးထိုင်ပြီး ပြောစရာရှိတာ ပြောကြရအောင်၊ တိုင်ပင်စရာရှိတာ တိုင်ပင်ကြရအောင်လားကွယ်''

ထိုတော့မှပင် မောင်မောင်သည် နွဲ့မွန်အား လွှတ်ပေးလိုက်ပြီး မလှမ်းမကမ်းမှာသွား၍ထိုင်နေခဲ့သည်။

စင်စစ် မောင်မောင်သည် နွဲ့မွန်ထက် နှစ်နှစ်ခန့်ငယ်သည်။ သူတို့နှစ်ယောက် တွေ့ဖြစ်ကြသည်မှာလည်း သိပ်တော့မကြာတတ်သေး။ အလွန်ဆုံးရှိလှ ရှစ်လကျော်၊ ကိုးလလောက်ပဲ ရှိပါလေဦးမည်။ မောင်မောင်က နွဲ့မွန်တို့၏အိမ်မှ တက္ကစီမောင်းသမားဖြစ်သည်။ အစတုန်းကတော့ ထိုတက္ကစီအငှားကားကို နွဲ့မွန်၏ခင်ပွန်းဖြစ်သူ ဦးနေမျိုးကိုယ်တိုင် မောင်းသည်။ ဆီးချိုနှင့်သွေးတိုးရောဂါကြောင့် ဦးနေမျိုးသည် ကားမောင်းခြင်းမှ အနားယူလိုက်ကာ မောင်မောင့်လက်ထဲသို့ ကားကိုထည့်ပေးလိုက်တော့သည်။ ကုမ္ပဏီတစ်ခုတွင် စာရေးမအဖြစ် အလုပ်လုပ်ကိုင်နေသည့် နွဲ့မွန်အား အကြိုအပို့လုပ်ပေးရင်း နောက်ဆုံး မောင်မောင်နှင့် မစွန်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိတွယ်မိတော့သည်။ ဤတိုက်ခန်းလေးမှာလည်း မောင်မောင်နှင့် နွဲ့မွန်တို့ဆုံစည်းရာ ဘုံဗိမာန်နန်းတော်လေး တစ်ခု ဖြစ်လာခဲ့ရပါတော့၏။

\+ \+ \+

''ဘယ်လိုလဲ နွဲ့မွန်''

ရုတ်တရက် မေးခွန်းထုတ်လာသည့်အသံကြောင့် နွဲ့မွန်သည် မောင်မောင့်အား ဆတ်ခနဲ လှမ်းကြည့်လိုက်လျက်.....

''ဘာကို ပြောချင်တာလဲ မောင်မောင်''

''တခြားမဟုတ်ပါဘူး၊ ကိုယ်တို့စီစဉ်ထားတဲ့ အစီအစဉ်ကိုပြောတာပါ''

မောင်မောင်က လေအေးလေးဖြင့် ပြောလိုက်ပေမယ့် နွဲ့မွန်၏ရင်ထဲမှာတော့ အလိုလိုနေရင်း တင်းတင်းကျပ်ကျပ်ဝေဒနာကိုခံစားလိုက်ရသည့်နှယ်ရှိသည်။ တကယ်တော့ မောင်မောင်ပြောသည့်အတိုင်းသာ လုပ်ဆောင်မည်ဆိုပါမူ ဦးနေမျိုးအဖို့ အနာဂတ်အရေး ကောင်းတော့မည် မဟုတ်ပါ။

''ဘာလဲ တကယ်တမ်းကျတော့ အစီအစဉ်အတိုင်း မလုပ်ရဲတော့ဘူးမဟုတ်လား၊ နွဲ့မွန် စဉ်းစားနော်၊ ပြောထားတဲ့အစီအစဉ်အတိုင်းသာ မလုပ်ဘူးဆိုရင်တော့ ကိုယ်နဲ့နွဲ့မွန် ဒီတစ်သက်တွေ့ရဖို့ဆိုတာ ဘယ်နည်းနဲ့မှ ဖြစ်နိုင်တော့မှာမဟုတ်ဘူး''

တိုက်တိုက်တွန်းတွန်းဖြင့်ပြောလာသည့် မောင်မောင်၏စကားတို့က နွဲ့မွန်၏ရင်ကို တင်းကျပ်သည်ထက်ပိုပြီး တင်းကျပ်လာစေ၏။


---

**သူ့ မင်းကို အတည်ယူမှာတော့ မဟုတ်ဘူး၊**
**တစ်ချိန်ချိန်ကျရင် မင်းကို ချောက်ချပြီး သူ့ဘဝထဲကနေ ဖယ်ထုတ်မှာပဲ၊**
**ဘာကြောင့်လဲဆိုတော့ သူ့မှာ မင်းထက်သာတဲ့**
**တခြားတစ်ယောက်ကို တွေ့သွားလို့ပဲ • • •**

www.burmeseclassic.com

www.burmeseclassic.com





"နွဲ့မွှန်ကိုကြည့်ရတာ ဒီအခွင့်အရေးကို လက်လွှတ်အဆုံးရှုံးခံချင်နေပြီနဲ့တူတယ်၊ ဟုတ်လား"

ပြောရင်း မောင်မောင်သည် နွဲ့မွှန်၏ပခုံးတစ်ဖက်ကို လက်ဖြင့်ကိုင်တွယ်ဆုပ်နယ်လာသည်။ နွဲ့မွှန်က မောင်မောင်၏လက်ကို အသာဖယ် ထုတ်လိုက်လျက်.....

"မောင်မောင်ပဲ စဉ်းစားကြည့်လေ၊ နွဲ့မွှန်တို့က အားနွဲ့တဲ့ မိန်းမသား၊ မောင်မောင်တို့လို လက်ရဲဇက်ရဲရှိတဲ့ ယောကျ်ားသားလိုစိတ်ဓာတ်မျိုး ဘယ်မှာရှိနိုင်မှာတဲ့လဲ၊ ပြီးတော့ အခုကိစ္စက ရိုးရိုးသာမန်ကိစ္စမျိုးမဟုတ်ဘူး၊ လူတစ်ယောက်ကို အသက်ရှူရပ်အောင် လုပ်ရမယ့် ကိစ္စပဲ၊ ဒီတော့ နွဲ့မွှန်ဘက်က စိတ်နှလုံး တုံးတုံးမချနိုင်သေးတာကို အပြစ်မဆိုနဲ့လေ"

"ကဲပါ.....ဒါတွေကို အသာထားလိုက်ပါ၊ နွဲ့မွှန် မလုပ်ရဲဘူးဆိုရင်လည်း လုပ်ရဲအောင်မောင်မောင်က တယ်လီဖုန်းထဲက လုပ်ရမယ့် အစီအစဉ်ကို ညွှန်ပြပေးပြီး နွဲ့မွှန်ကို လုပ်ရဲကိုင်ရဲလာအောင် အားပေးမယ်လေ၊ ဟုတ်ပြီလား၊ ဒါထက် သူက ညဘက် ဘယ်အချိန်လောက်မှာ တစ်ခါတည်း အိပ်မောကျသွားတတ်သလဲ"

နွဲ့မွှန်သည် မောင်မောင်၏ အမေးစကားကို လေသံတိုးတိုးသဲ့သဲ့ဖြင့်ပင် အဖြေပေးလိုက်မိပါ၏။

"သူက တစ်ချိန်လုံးခုတင်ပေါ်မှာချည်းပဲ၊ တကယ်တမ်း အိပ်မောကျသွားတတ်တဲ့အချိန်က ည ၉ နာရီကျော်ကျော်လေးမှာပဲ၊ ဘာဖြစ်လို့လဲ"

မောင်မောင်သည် ချွေးတွေစို့ပြန်ထွက်လာသည့် သူ့မျက်နှာပြင်ကို လက်ခုံဖြင့် တစ်ချက်ပွတ်သပ်လိုက်ရင်း.....

"တယ်လီဖုန်းကရော ဘယ်နားလောက်မှာရှိသလဲ"

"အရေးအကြောင်းဆိုရင် ဖုန်းပြောနိုင်ဖို့အတွက် သူ့ခုတင်ဘေးနားကို ရွှေ့ထားတယ်လေ"

"ဟုတ်ပြီ၊ ဒါဆိုရင် အတော်ပဲ၊ သူအိပ်ပျော်သွားတဲ့အချိန် ည ၉ နာရီကျော်ကျော်လောက်ကျရင် ကိုယ်ဖုန်းဆက်မယ်၊ အဲဒီအချိန်ကျရင် နွဲ့မွှန်က သူ့ခုတင်ဘေးနားမှာ ရှိနေမှဖြစ်မယ်နော်၊ ကိုယ်ပြောတာသဘောပေါက်တယ်နော်၊ စိတ်ဓာတ်မြှင့်ထား နွဲ့မွှန်၊ ဒီကနေ့ညဟာ ကိုယ်တို့အနာဂတ်အတွက် အဆုံးအဖြတ်ပေးမယ့်ညပဲ"

မောင်မောင်သည် အားပေးသလိုလိုနှင့် သူဖြစ်ချင်သည်တို့ကို တိုက်တိုက်တွန်းတွန်းလေး ပြောနေသည်။ မောင်မောင့်စကားသံတွေက နားထဲမှာ လျှံထွက်နေပြီး ရင်ထဲတွင်လည်း ပူလောင်သည်ထက် ပူလောင်ပြင်းပြလို့ခံစားနေရသည်။

နွဲ့မွှန်သည် ထိုင်ရာမှထသည်။ အကြေကြေအတွန့်တွန့်ဖြစ်နေသည့် အဝတ်အစားတို့ကို ဆန့်ဆန့်ရန့်ရန့်ဖြစ်အောင် ဆွဲဆန့်လိုက်ရာမှ တစ်ဆက်တည်း စာရေးစားပွဲခုံပေါ်တွင် တင်ထားသည့် လက်ဆွဲအိတ်လေးကို လှမ်းယူလိုက်ရင်း.....

"ဒီနားလို့ပြောပြီး ခဏထွက်လာတာ၊ အခုတောင် အချိန်တော်တော်လင့်သွားပြီ၊ နွဲ့မွှန်ပြန်မှဖြစ်တော့မယ်"

မောင်မောင်သည် နွဲ့မွှန်အား မော့မော့လေးကြည့်ရင်း.....

"ကိုယ်ပြောတာကို မမေ့နဲ့နော်၊ ဒီညဟာ ကိုယ်တို့အတွက် အဆုံးအဖြတ်ညပဲ၊ အနာဂတ်ဟာလည်း ကိုယ်တို့အတွက် ကောင်းချီးပေးလိမ့်မယ်လို့ မျှော်လင့်ထားတယ်လေ"

နွဲ့မွှန်သည် ဘာမှပြောမနေတော့ဘဲ မောင်မောင့်အား ကျောခိုင်း၍ လှည့်ထွက်ခဲ့သည်။ တံခါးမှထွက်၍ လှေကားထစ်များအတိုင်း အောက်သို့ ဖြည်းဖြည်းချင်းဆင်းခဲ့သည်။ ဦးခေါင်းထဲမှာတော့ ဆုံးဖြတ်ရခက်သည့် အတွေးပေါင်းစုံက မွှေ

www.burmeseclassic.com

www.burmeseclassic.com

နောက်လျက်ရှိသည်။ မတင်မကျ ဖြစ်ရခြင်း၊ ဆုံးဖြတ်ရခက်ခြင်းတို့က လည်း နွဲ့မွှန်၏စိတ်ကို ဖိစီးမှုပြုနေ ပါ၏။ နားထဲမှာတော့ မောင်မောင့် စကားတို့က တရစ်ဝဲဝဲ။

+ + +

နံရံကပ်နာရီကြီးဆီမှ နာရီ လက်တံတို့က ဒေါင်ခနဲဒေါင်ခနဲ အသံပေးလာသည်။ စုစုပေါင်း ကိုး ချက်တိတိဖြစ်သည်။

ထိုနာရီသံကိုးချက်နှင့်ပြိုင်၍ နွဲ့ မွှန်၏နှလုံးတို့သည် တဒိန်းဒိန်းဖြင့် အခုန်မြန်လာပါ၏။မျက်လုံးအကြည့် ကလည်း ခုတင်ပေါ်မှာ မျက်လုံး လေးမှေးမှိတ်ပြီး ငြိမ်သက်နေသည့် ခင်ပွန်းဖြစ်သူ ဦးနေမျိုးဆီသို့ကျ ရောက်သွား၏။ ရောဂါဝေဒနာ ဖိစီး မှုကြောင့် အသက် လေးဆယ့်ကိုး နှစ်သာရှိသေးသော်လည်း ဦးနေမျိုး သည် အတော်ကြီးကို အရွယ်ကျ သွား၏။ မျက်နှာမှာ အရိုးပေါ်အရေ တင်ပြီး ခန္ဓာကိုယ်မှာလည်း အရိုး ငေါ်ငေါ်ဖြစ်နေသည်။ သူ့ကို ကြည့်ပြီးမောင်မောင် ပြောသည့် အတိုင်း လုပ်ဆောင် ရမည်ကိုပင် အားနာ မိသလို ခံစားလိုက် ရပါ၏။

"နွဲ့မွှန်...မိန်းမ"

အသံ တိုးတိုး လေးနှင့်ခေါ်သံကြောင့် နွဲ့မွှန်၏ ကိုယ်ခန္ဓာ လေးမှာ ဆတ်ခနဲ ဖြစ်သွားရပါ၏။ နှုတ်မှလည်း ယောင်ယမ်း၍.....

"ရှင်....."

ဦးနေမျိုးမှာ မျက်လုံးအစုံ ပွင့်လာလျက်.....

"ဒီနားမှာ ခဏလောက်လာ ပြီးထိုင်ပါဦး၊ မင်းကို ဦး ပြောစရာ တွေရှိနေလို့"

ခေါ်သည့်အတိုင်း နွဲ့မွှန်သည် ဦးနေမျိုး၏ဘေး ခုတင်ပေါ်တွင် တစောင်းထိုင်လိုက်၏။

"ဘာပြောချင်လို့လဲ ဦး"

"တခြားတော့မဟုတ်ပါဘူး၊ မင်း ဦးကို ချစ်သေးရဲ့လားလို့ မေး မလို့ပါ"

မမျှော်လင့်၊ မထင်မှတ်ထား သည့်မေးခွန်းမို့ နွဲ့မွှန်သည် အဖြေ ရခက်သလို အသာငြိမ်နေမိသည်။



ဦးနေမျိုးက နှုတ်ခမ်းလေးကို တွန့်၍ပြုံးလျက်.....

"အင်းပေါ့လေ၊ ရောဂါသည် တစ်ယောက်ဖြစ်နေတဲ့ ဦးလိုလူကို ဘယ်လိုမိန်းမက ချစ်မှာတဲ့လဲ၊ သဘာဝကျပါတယ်လေ၊ ဘာပဲပြော ပြော ဦးကတော့ နွဲ့မွှန်ကို အသည်း နင့်အောင်ချစ်တယ်၊ ဦးမရှိတော့ ရှိရင် နွဲ့မွှန်ရဲ့အနာဂတ်အတွက် လည်း စိတ်ချရအောင် ဦးအားလုံး စီစဉ်ထားတယ်၊ ဩော်...နွဲ့မွှန် ရဲ့ခေါင်းအုံးအောက်မှာ စက္ကူအိတ် နဲ့ထည့်ထားတဲ့ ဓာတ်ပုံတွေရှိတယ် အဲဒါတွေကို တစ်ဆိတ်လောက် ထုတ်ကြည့်ပါဦးလားကွယ်"

ပြောရင်း ဦးနေမျိုးသည် ခေါင်းကို မသိမသာကြွပေးသည် နွဲ့မွှန်က ခေါင်းအုံးအောက်မှ အိတ်ညိုကို ထုတ်ယူကာ အတွင်း ဓာတ်ပုံကို ထုတ်ယူကြည့်လိုက်ပါ တွေ့မြင်လိုက်ရသည့် ဓာတ်ပုံထဲ မြင်ကွင်းတွေကြောင့် ရင်ထဲမှာ ခနဲဖြစ်သွားသည်။ စိတ်ထဲတွေ လည်း အလွန်အမင်း လှုပ်ရှားသွား ရသည်။

"အဲဒါပဲ နွဲ့မွှန်၊ ငါ့အိပ်ရာ မှာ လဲနေပေမယ့် ငါ့လူတစ်ယော က မင်းရဲ့နောက်မှာ အရိပ်လို တမ်းရှိနေခဲ့တယ်၊ ဒါကြောင့် မင်းတို့ရဲ့အခြေအနေကို ငါအား သိနေတယ်၊ မင်းတို့ ဘယ်အ ဘယ်သွားတာ၊ ဘယ်လာ အစ ငါအားလုံးသိနေတယ်၊ မဲ့ သူ မင်းကို အတည်ယူမှာ မဟုတ်ဘူး၊ တစ်ချိန်ချိန်ကျရင်

www.burmeseclassic.com



ကို ချောက်ချပြီး သူ့ဘဝထဲကနေ ဖယ်ထုတ်မှာပဲ၊ ဘာကြောင့်လဲဆို တော့ သူ့မှာ မင်းထက်သာတဲ့ တခြားတစ်ယောက်ကို တွေ့သွားလို့ပဲ၊ အင်း..မနက်ဖြန်ဆိုရင် သူတို့နှစ်ယောက်နယ်ကို ထွက်သွားကြဖို့ ရထားလက်မှတ်တောင် ဝယ်ပြီးနေပြီ''

---

သွေးထွက်အောင်
မှန်နေသည့်
အဖြစ်ကို
မကြာမတင်မှာပဲ
လက်တွေ့ကျကျ
ကြုံတွေ့လိုက်
ရပါတော့၏။
တံခါးခေါက်သံပေး၍
အိမ်ထဲသို့
ဝင်ရောက်လာသည့်
ရဲတပ်ဖွဲ့ဝင်
သုံးယောက်ကို
တွေ့မြင်လိုက်ရသော
ကြောင့်ပင်. . .

ကြားလိုက်ရသည့်စကားတွေကြောင့် နွဲ့မွန် မတုန်မလှုပ်ကျောက်ဆစ်ရုပ်ကြီးတစ်ရုပ်လို ဖြစ်သွားရသည်။

သည်စဉ်မှာပင် တယ်လီဖုန်းသံကမြည်လာသည်။ နွဲ့မွန် ဦးနေမျိုးကို ကြည့်မိသည်။ ဦးနေမျိုးက မေးဆတ်ပြလျက်.....

''ကိုင်လိုက်ပါ နွဲ့မွန်''

နွဲ့မွန် တယ်လီဖုန်းစကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး.....

''ဟယ်လို.....နွဲ့မွန် စကားပြောနေပါတယ်''

''ဟုတ်ပြီ၊ ကိုယ် မောင်မောင်ပါ၊သူအိပ်မောကျနေပြီမဟုတ်လား''

''အင်း.....''

''ကဲ..ဒီလိုဆိုရင် ခေါင်းအုံးနဲ့ သူ့မျက်နှာကိုဆယ့်ငါးမိနစ်လောက် အုပ်ထားလိုက်၊ သူငြိမ်သွားပြီဆိုတာနဲ့ ခေါင်းအုံးကို ဖယ်လိုက်တော့၊ ကိုယ်ပြောတာ သဘောပေါက်တယ်နော်''

''အင်း.....''

''ကဲ.....ဖုန်းချလိုက်တော့မယ်၊ မနက်ကျမှ ပြန်တွေ့မယ်''

ထို့နောက် တစ်ဖက်မှ ဖုန်းချသွားသည်။

နွဲ့မွန်သည် ဖုန်းကိုပြန်ချထားလိုက်ရင်း ငိုင်တွေနေမိသည်။

''ဘာတဲ့လဲ''

ဦးနေမျိုးက မေးသည်။ နွဲ့မွန်ကလည်း မထူးတော့ပြီမို့.....

''ရှင့်ကို ခေါင်းအုံးနဲ့ပိပြီး သတ်ခိုင်းနေတယ်''

''အေး...ဒီလိုဆိုလည်း သတ်



လိုက်လေ၊ မင်းလည်း သံတိုင်နောက်ကို ရောက်သွားမှာပဲ၊ ငါပြောတာကို မယုံရင် မင်းစောင့်ကြည့်လေ၊ မကြာခင် အဖြေကထွက်လာမှာပဲ''

ဦးနေမျိုး၏စကားတို့က သွေးထွက်အောင်မှန်နေသည့်အဖြစ်ကို မကြာမတင်မှာပဲ လက်တွေ့ကျကျ ကြုံတွေ့လိုက်ရပါတော့၏။

တံခါးခေါက်သံပေး၍ အိမ်ထဲသို့ဝင်ရောက်လာသည့် ရဲတပ်ဖွဲ့ဝင် သုံးယောက်ကိုတွေ့မြင်လိုက်ရသောကြောင့်ပင် မဟုတ်ပါလား။

သန်းမြင့်ဦး

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


စိမ်းလဲ့ကန်သာ
ငါးလောင်းပြိုင်
လူသတ်မှုအား
သိပ္ပံနည်း၊
ဝိဇ္ဇာနည်း
သဲလွန်စများ
ရှာဖွေတွေ့ရှိထားလို့
ကမ္ဘာကျော်
လူသတ်မှု
ဖြစ်လာတော့မယ်
ဟူသော
...

သိပ္ပံပညာတွေ မည်သို့ပင် ထွန်းကားထွန်းကား၊ နည်းပညာတွေ မည်မျှပင် တိုးတက်တိုးတက် လူမှုဝန်းကျင်နယ်ပယ်၌ တိကျစွာအဖြေထုတ်ရန် ခဲယဉ်းသော ပြဿနာ တစ်ရပ်ကားရှိ၏။ အခြားမဟုတ်။ မိမိတို့ရပ်တည်ရာ၊ ကျင်လည်ရာ ပတ်ဝန်းကျင်၌ အမှတ်မထင် ကြုံတွေ့နေရသော သဘာဝလွန် ဆန်းကြယ်ဖြစ်ရပ်များ၏ လျှို့ဝှက်နက်ရှိုင်းမှုများကို ဖော်ထုတ်နိုင်ရန်ပင်။

ဤကဲ့သို့သော သဘာဝလွန် ဖြစ်ရပ်ဆန်းများကို ယုံကြည်သူများ ရှိသလို မယုံကြည်သူများလည်းရှိ၏။ မည်သို့ပင်ဖြစ်စေ စာရေးသူအနေဖြင့် ယုံကြည်ပါဟုလည်း မပြောလိုသကဲ့သို့ မယုံကြည်ပါနှင့်ဟုလည်း မတိုက်တွန်းလိုပါ။ စာရေးသူ ယခုတင်ပြလိုသည့် တကယ့်ဖြစ်ရပ် သဘာဝလွန်မှုခင်း ဖြစ်ပွားခဲ့သည်မှာ ဆယ်စုနှစ်တစ်ခု၏ထက် ဝက်မျှပင် ရှိသေးသဖြင့် ကာယကံရှင်များ၏ အမည်၊ နေရပ်ဒေသများကို ပြောင်းလဲချန်လှပ် ဖော်ပြထား၍ နားလည်မှုဖြင့် ခွင့်လွှတ်စေလိုပါသည်။ သို့သော် လျှို့ဝှက်ဆန်းကြယ်မှုခင်းဖြစ်ရပ်ဆန်းကို ကား အမှန်အတိုင်း ရေးသားတင်ပြထားပါသည်။

ဤဖြစ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့သူများကိုယ်တိုင် မျက်မြင်ထင်ရှားရှိဆဲဖြစ်သဖြင့် တာဝန်ရှိသူအဆင့်ဆင့်အားလည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း နှုတ်ခွန်းဆက်ပါ၏။

+ + +

ကျွန်တော်၏အမည် 'ဘရွှေ'။ အလုပ်အကိုင်၊ ရာထူးအမည်နှင့် အပြည့်အစုံ မိတ်ဆက်ရသော် 'ရဲအုပ် ဘရွှေ'။ အဖေနှင့်အမေက

www.burmeseclassic.com

www.burmeseclassic.com


၎င်း တို့ငယ်စဉ်က နှစ်သက်ချစ်ခင်စွာအားပေးခဲ့သော နိုင်ငံကျော် ဖိုက်တာမင်းသားကြီး ရွှေဘကို အားကျ၍ ကတ်ကင်းဓာတ်ယူကာ မှည့်ခေါ်ခဲ့သည်ဆို၏။

ဤသို့ဖြင့် အဖ ဦးလုရွှေ၏ သား ကျွန်တော် ဘရွှေသည်လည်း နိုင်ငံကျော် ဖိုက်တာမင်းသား မဖြစ်သည့်တိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ ရောက်ရှိခဲ့ပြီး မှုခင်းများနှင့် ပတ်သက်လျှင် မရမနေဖော်ထုတ်လေ့ရှိသဖြင့် 'မရမနေဘရွှေ'(သို့) 'ရဲအုပ်ဘရွှေ'ဟု နာမည်တစ်လုံးရရှိခဲ့လေသည်။

+ + +

၂၀၁၃ ခုနှစ်အကုန်၊ ၂၀၁၄ ခုနှစ်အကူး Happy New Year ကာလ။

မှုခင်းနှင့်ပတ်သက်လျှင် စိတ်ဝင်စားသော ရဲအုပ် ဘရွှေ သတိပြုမိသည်က ၂၆-၁၂-၂၀၁၃ ရက်နေ့ထုတ် အတွဲ(၁)၊ အမှတ် (၇)'ရောင်နီ'သတင်းဂျာနယ်မျက်နှာဖုံးရှိ ချိုရေးသားသော "စိမ်းလဲ့ကန်သာငါးလောင်းပြိုင်လူသတ်မှုအား သိပ္ပံနည်း၊ ဝိဇ္ဇာနည်း သဲလွန်စများ ရှာဖွေတွေ့ရှိထားလို့ ကမ္ဘာကျော်လူသတ်မှုဖြစ်လာတော့မယ်"ဟူသော သတင်းဆောင်းပါးနှင့် ၂-၁-၂၀၁၄ ရက်နေ့ထုတ် အတွဲ(၁)၊ အမှတ်(၈) ရောင်နီသတင်းဂျာနယ် မျက်နှာဖုံးရှိ ကိုကိုရေးသားသော "ငါးလောင်းပြိုင်လူသတ်မှုနှင့် ပရနာမ်လောက အချိတ်အဆက်များ"ဟူသော သတင်းဆောင်းပါးများပင်ဖြစ်၏။

ငါးလောင်းပြိုင်လူသတ်မှုနှင့် ပတ်သက်၍ လူအများစုက စိတ်ဝင်စားကြသည်။ စိတ်ဝင်စားဖွယ်ကောင်းအောင်လည်း လျှို့ဝှက်၏။ အခြားအခြားသော လျှို့ဝှက်ဆန်းကြယ်၍ မဖော်ထုတ်နိုင်သေးသော မှုခင်းများစွာရှိပါသည်။ သို့သော်လည်း စိမ်းလဲ့ကန်သာ ငါးလောင်းပြိုင်လူသတ်မှုကို ပို၍စိတ်ဝင်စားကြ၏။ အဘယ်ကြောင့်နည်း။ အခြေခံအကြောင်းရင်းတစ်ခုတော့ရှိပေမည်။

ဒီမိုကရေစီ ပြောင်းလဲဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာများသည်လည်း လွတ်လပ်ပွင့်လင်းလာကြသည်။ ငါးလောင်းပြိုင်လူသတ်မှုကဲ့သို့သော မှုခင်းဖြစ်စဉ်များကို ရဲမှုခင်းမှတ်တမ်းများနီးပါး အချက်အလက်ပြည့်စုံစွာ ဖော်ထုတ်ရေးသားလာကြသည်။ မှုခင်းနှင့်ပတ်သက်၍ တရားခံဖော်ထုတ်ရန် ကောက်ကြောင်းဆွဲမှု၊ သုံးသပ်မှုနှင့် အခြားအချက်အလက်များ မဖော်ပြသည်မှလွဲ၍ မှတ်တမ်းဓာတ်ပုံနှင့် အချို့အချက်အလက်များ ဖော်ပြလာ၏။

ဤစိမ်းလဲ့ကန်သာ ငါးလောင်းပြိုင်လူသတ်မှုဖြစ်စဉ် ဖော်ထုတ်ရန် စုံစမ်းရာ၌ ရဲအုပ် ဘရွှေကိုယ်တိုင် ပါဝင်ခဲ့ခြင်းမရှိသော်လည်း ပါဝင်ခဲ့သော ဆရာသမားများ၊ ခင်မင်ရင်းနှီးသော အပေါင်းအသင်းမိတ်ဆွေများ များစွာပါဝင်ခဲ့ကြသည်။ မှတ်တမ်းမှတ်ရာများ၊ သုံးသပ်ချက်များကို မြင်တွေ့ကြားသိရ၏။ အလွန်ပင် ခင်မင်ရင်းနှီးသော မှုခင်းတပ်ဖွဲ့မှ အရာရှိတစ်ဦးဆိုလျှင် ကိုယ်ပိုင်မှတ်တမ်းများထား၍ပင် ဖော်ထုတ်ရန်စိတ်အားထက်သန်သည်ကိုတွေ့ရ၏။ သို့သော် အခြေအနေ၊ အချိန်အခါနှင့် ကာလဒေသကား ၎င်းကို မျက်နှာသာပေးသေးဟန်မတူ။

မည်သည့်အမှုစစ်ပင်ဖြစ်စေ မိမိစုံစမ်းစစ်ဆေးရသော မှုခင်းတစ်ခုကို အမှုမှန်ပေါ်ပေါက်စေရန် အားထုတ်ကြိုးပမ်းကြသည်ပင်။ ဤသည်ကား အမှုစစ်အရာရှိတိုင်း၏ အတောင့်တဆုံး၊ အလိုလားဆုံးဆန္ဒများဖြစ်သည်။

သို့သော် မိမိဖော်ထုတ်လိုက်သော အမှုသည် တရားခွင်၌ သက်သေထင်ရှား အခိုင်အမာဖြင့် ထိရောက် ထိုက်သင့်သော ပြစ်ဒဏ်ရရှိရန်လည်းလိုအပ်ပေမည်။ သက်ရှိသက်မဲ့ သက်သေခံအားလုံးသည် ယုတ္တိတန် ထိရောက်စွာဖြင့် တရားခွင်၌ သက်သေထင်ရှားပြရန်လိုသည်။ ရဲအုပ် ဘရွှေ အဓိက တင်ပြလိုသည့် အကြောင်းရင်းမှာ မည်သည့်အမှုတွင်ဖြစ်စေ ပရနာမ်လောကအချိတ်အဆက်များနှင့်အမှု ဖော်ထုတ်နိုင်သည်ထားဦး တရားခွင်၌ သက်သေတင်ပြရာ၌ များစွာ အခက်အခဲရှိပေမည်။

ကမ္ဘာကျော် အက်ဖ်ဘီအိုင်ကဲ့သို့သော စုံထောက်ဌာနကြီးတွင် နာမ်လောကနှင့်ပတ်သက်၍ စိတ်ပညာနှင့်ဆက်စပ်ပြီး လျှို့ဝှက်ဆန်းကြယ်ကိစ္စရပ်များ စုံစမ်းဖော်ထုတ်

www.burmeseclassic.com




သုတေသနပြုသည့် ဌာနတစ်ခုရှိသည်ဟု မှတ်သားဖူး၏။ သို့သော် တရားခွင်၌ကား ယုတ္တိတန်သော သက်သေထင်ရှားပြရန်မှာ သိပ္ပံနည်းကျ၍ တိကျရမည်ဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အငြိမ်းစားယူပြီးကုန်သော အမှုစစ်ဘိုးအေကြီးများ၊ လုပ်သက်ရင့် အမှုစစ်အရာရှိကြီးအချို့၏ တစ်ဆင့်စကားအရ အချို့သောအမှုများတွင် လူသတ်မှုမှုကျူးလွန်ခံရ၍ သေဆုံးသူသည်တစ်စုံတစ်ဦးအား ပူးကပ်၍သော်လည်းကောင်း၊ အိပ်မက်ပေး၍သော်လည်းကောင်း အမှုစစ်အား အမှုမှန်ဖော်ထုတ်ရန် တစ်နည်းနည်းဖြင့် လမ်းညွှန်ပေးသည်များ ရှိ၏။ သို့သော် တရားခွင်၌ကား ထိုသို့လမ်းညွှန်၍ အမှုမှန် ဤသို့ ပေါ်ပေါက်ပါ၏ဟု ထွက်ဆို၍မရ။

သက်သေခံဥပဒေတွင် ကျွမ်းကျင်သူ ပါရဂူ၏ ထင်မြင်ချက်သည် သက်သေခံဝင်သည်ဟုဆိုသော်ငြား ပရနာမ်လောကကျွမ်းကျင်သူ ပါရဂူ၏ထင်မြင်ချက် မပါပေ။ ထို့ကြောင့် အမှုစစ်များအနေဖြင့် သိပ္ပံနည်းကျ ပေါ်လွင်အောင် ကောက်ကြောင်းလိုက်၍ ဆက်စပ်စုံစမ်းရပေမည်။

နာမ်လောကသား ပူးကပ်ခံရသူက "မည်သူမည်ဝါ"ဟု တရားခံဖော်ထုတ်စေဦး အတိအကျ စွပ်စွဲအရေးယူ၍ မရချေ။ အမှန်မဟုတ်ဘဲ ချောက်ချသည်လည်းရှိနိုင်၏။ အမှန်ဟုတ်သည်ထားဦး "သူခိုး" မည်သည် "ကျွန်တော် သူခိုးပါ"ဟု ကမ္ဘာဦးအစကပင် ဝန်ခံခဲ့ဖူးသည် မရှိ။ မလွန်ဆန်နိုင်၍ ချည်ပြီးတုပ်ပြီး မိမှသာ ဝန်ခံကြ၊ ဖြောင့်ချက်ပေးကြသည်ပင်။ ထို့ကြောင့် မှန်ကန်တိကျသော အချက်အလက်များသည် မဖြစ်မနေ လိုအပ်လှပေသည်။



အမှန်တော့ ရဲအုပ်ဘရွှေ တင်ပြလိုသည့် သဘာဝလွန် လျှို့ဝှက်ဆန်းကြယ် မှုခင်းဖြစ်ရပ်ကား များစွာလမ်းကြောင်း လွဲနေပေပြီ။

"ရောင်နီ"သတင်းဂျာနယ်တွင် အထက်က တင်ပြခဲ့သော သတင်းဆောင်းပါးနှစ်ပုဒ်အား ဖတ်မိပြီး အမှန်တကယ် တွေ့ကြုံခဲ့သော ဖြစ်ရပ်အား တင်ပြလို၍ ရေးသားခြင်း ဖြစ်ပါသည်။ ဝတ္ထု၊ ဆောင်းပါး၊ မှတ်တမ်း မည်သို့ပင်ဖြစ်စေ အများသိရှိနိုင်ရန် တင်ပြခြင်း ဖြစ်ပါသည်။

+ + +

ရဲအုပ်ဘရွှေ တာဝန်ကျရာ ဤမြို့ကလေးကား အလွန်ပင်အေးချမ်းသာယာလှ၏။ ရန်ကုန်မြို့နှင့်လည်းမနီးမဝေး။ ထို့ကြောင့် မြို့ပြအနံ့အသက်နှင့် ကျေးလက်အနံ့အသက် နှစ်မျိုးလုံး ရောယှက်နေသည်ဟုဆိုလျှင် မှားအံ့မထင်။ ရာသီကာလကလည်း သင်္ကြန်နားနီးကပ်လာသဖြင့် သင်္ကြန်အငွေ့အသက်လေးများ ပျံ့နှံ့လျက် မိုးသောက်ရောင်နီနှင့်အတူ နံနက်ခင်း ၈ နာရီ အချိန် စခန်းရှေ့ စစ်ရေးပြကွင်း၌ ရဲအုပ်ဘရွှေ တပ်ဖွဲ့ဝင်များအား တန်းစီ၍ ညွှန်ကြားစရာရှိသည်များကို မှာကြားပြီး စခန်းအတွင်းသို့ ပြန်ဝင်လာခဲ့သည်။ ဤသည်ကား တစ်ဆယ့်နှစ်ရာသီပတ်လုံး စခန်းမှူးတိုင်း၏ နိစ္စဓူဝတာဝန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်ဘရွှေ စခန်းအတွင်း ခြေလှမ်းဝင်လိုက်သည်နှင့် ဂါတ်စာရေး ခုံ၌ထိုင်နေသော ရှေ့ကင်းတာဝန်ကျ ကင်းစောင့်ရဲဘော်၏ အပြုအမူကြောင့် ခြေလှမ်းများ တုံ့ဆိုင်းသွား၏။ ၎င်းရဲဘော်ကား မျက်စိကိုမှိတ်၊ ခေါင်းကိုညိတ်၍ ဂါတ်စာရေးခုံအား စည်းချက်မှန်မှန်ခေါက်ကာ သီချင်းတညည်းညည်းနှင့် သူ့ဖီလင်နှင့်သူ လောကကြီးကို မေ့နေဟန်တူသည်။ ရဲစခန်းဂါတ်စာရေးကြီးနှင့် ကင်းမှူးတို့လည်း နောက်မှအပြေးရောက်လာပြီး ရဲအုပ်ဘရွှေ ချောင်းတစ်ချက်ဟန့်လိုက်မှ ကင်းစောင့်ရဲဘော်မှာ သတိဝင်လာသည့်အလား ဆတ်ခနဲ မတ်တတ်ရပ် သတိဆွဲကာ ရဲအုပ် ဘရွှေအား အလေးပြုလိုက်၏။

"မင်း တစ်နေ့ကမှ သင်တန်းဆင်းပြီး ရောက်လာတဲ့ ရဲဘော် မဟုတ်လား"

"ဟုတ်ပါတယ် ဗိုလ်ကြီး"

"အေး..မင်းကင်းချိန်ကို ဘာဖြစ်လို့ သတိလက်လွတ်နေရတာလဲ"

"ဟုတ်ကဲ့၊ ကျွန်တော်မှား သွားပါတယ် ဗိုလ်ကြီး"

"ကင်းချိန်မှာ ကင်းစောင့်ရဲဘော်ဆိုတာ ရှေ့ကင်းဖြစ်ဖြစ်၊ နောက်ကင်းဖြစ်ဖြစ် ပေါ့ပေါ့ဆဆ သတိလက်လွတ် နေလို့မရဘူး၊ မင်းတို့ကို ရဲကျင့်ဝတ် (၇၀) သင်ပြီးသားပဲ၊ အဲဒီမှာ အချုပ်တရားခံ အပေါ် ပြုကျင့်ရမယ့် ကျင့်ဝတ်တွေ ပါပြီးသားကွ၊ အချုပ်တရားခံသည် ဖြစ်မှုမှ လွတ်မြောက်လို၍ အချုပ်မှလွတ်မြောက်ရန် အမြဲကြိုးစားနေသည်ဆိုတာ မပါဘူးလားကွ ဟေ.."

"ပါပါတယ် ဗိုလ်ကြီး"

"အေး.....တစ်ချက်မှားတာနဲ့ မင်းတို့ငါတို့ ဘဝတွေနဲ့ လဲသွားကြရမယ်၊ ဟိုအချုပ်ခန်းဝမှာ ကပ်ထားတဲ့စာကို မင်း အသံကျယ်ကျယ်ဖတ်ပြစမ်း"

"အချုပ်တရားခံ ပြေးရင် ထောင်(၃)နှစ်ပါ ဗိုလ်ကြီး"

"ဟုတ်တယ်၊ အဲဒီ ထောင် (၃)နှစ်ဆိုတာ ပေါ့သေးသေးမတွက်နဲ့၊ အဲဒါရဲနောက်ကွယ်မှာ ဘဝတွေ အများကြီး၊ ဒုက္ခတွေအများကြီးကွ၊ မင်းတို့က ငယ်သေးတော့ နားမလည်ပေမယ့် အတွေ့အကြုံ ရှိဖူးပြီးတဲ့သူတိုင်းမှာ မျက်ရည်တွေ ပင်လယ်ဝေခဲ့ကြရတာ အများကြီးကွ၊ နောက်ပြီး စခန်းထဲက ခုံတွေ၊ ရဲစခန်းတံခါးတွေ၊ အချုပ်ခန်းတံခါးတွေ၊ သော့တွေကို မခေါက်ရဘူးဆိုတာ မင်း နားမလည်သေးဘူး မဟုတ်လား"

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

ကင်းစောင့်ရဲဘော်က ပြန်ဖြေ၏။

"နောက်ဆို သူနဲ့အတူ သင်တန်းဆင်းလာတဲ့ ရဲဘော်အားလုံးသိအောင် ပြောပြထားရမယ်၊ ဂါတ်စာရေးကြီး ပြောပြထားဗျာ"

"ဟုတ်ကဲ့ ..၊ ကျွန်တော် အားလုံးကို ပြောပြထားပါ့မယ် ဗိုလ်ကြီး"

"အင်း...အခုတော့ ကင်းချိန်မှာ ပေါ့လျော့တဲ့ ရဲဘော်ကို ကင်းချိန်ပြီးတာနဲ့ ကင်းမှူးဆရာတင်ရွှေက ဘောက်ထမ်းပြေးခိုင်းပြီးအပြစ်ပေးလိုက်"

ရဲအုပ် ဘရွှေက ဂါတ်စာရေးနှင့် ကင်းမှူးတို့အား မှာကြားပြီး စခန်းမှူးအခန်းတွင်းသို့ ဝင်ခဲ့၏။

"ဟုတ်ကဲ့ပါ ဗိုလ်ကြီး"

ဂါတ်စာရေး ရဲတပ်ကြပ်ကြီး မြဝင်း၊ ကင်းမှူး ရဲတပ်ကြပ်တင်ရွှေနှင့် ကင်းစောင့်ရဲဘော်တို့ အလေးပြုရင်း ကျန်ခဲ့ကြသည်။

+ + +

**အဲဒီလူက ကင်းသမားလစ်တုန်း အချုပ်ခန်းသော့ကို တံခါးတိုင်နဲ့ မသိမသာ ခေါက်လိုက်တာပေါ့၊ ဘယ်ပြောကောင်းမလဲ၊ ညဘက်လည်းရောက်ရော ဖြစ်လိုက်တဲ့အမှု၊ ရောက်လိုက်တဲ့ တရားခံတွေ၊ အချုပ်ခန်းပြည့်လို့ သူတောင် လှဲမအိပ်ရဘူး...**

www.burmeseclassic.com

www.burmeseclassic.com





ရဲစခန်းတစ်ခု၏ ဂါတ်စာရေး တာဝန်ကား တော်တန်ရုံ မှုခင်း အတွေ့အကြုံ၊ လုပ်သက်တို့ဖြင့်ပေး အပ်ရန် မဖြစ်နိုင်ချေ။ ရဲတပ်ကြပ်ကြီး မြဝင်းကား အသက် (၅၇)နှစ်ခန့်ရှိပြီး လုပ်သက်မှာလည်း (၃၈) နှစ်ခန့်ရှိပြီဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ဒေသအနှံ့ လှည့်လည်တာဝန်ထမ်းဆောင်ခဲ့ရာလုပ်ငန်းအတွေ့အကြုံ ကြွယ်ဝသူဖြစ်သည်။ ထို့ကြောင့် မှုခင်းပိုင်း၊ အုပ်ချုပ်မှုပိုင်းနှင့် ထောက်ပိုင်းဆိုင်ရာ ရုံးလုပ်ငန်းများအားလုံးတွင် စခန်းမှူး ရဲအုပ်ဘရွှေ၏ လက်ရုံးသဖွယ် အားကိုးရသူလည်းဖြစ်၏။ တပ်ဖွဲ့ဝင်အားလုံးကလည်း ၎င်းအား ချစ်ကြောက်ရိုသေ လေးစားကြလေသည်။ ၎င်း၏ ရှေးဟောင်းနှောင်းဖြစ်အတွေ့အကြုံလေးများကိုလည်း အခွင့်အခါသင့်တိုင်း ငယ်ရွယ်သူများအားပြန်လည်ပြောပြလေ့ရှိရာ အလွန်ပင် စိတ်ဝင်စားဖွယ်ကောင်းလှ၏။

ယခုလည်း စခန်းမှူး၏ ညွှန်ကြားချက်အရ ရဲတပ်ကြပ်ကြီး မြဝင်း သင်တန်းဆင်း ရဲဘော်သစ်လေးဦးအားခေါ်ယူပြောဆိုနေသည်။

''အေး.....မနက်က ခုံခေါက်တာ ဟိုကောင် ဖော်ထိုက်မဟုတ်လား''

''ဟုတ်ပါတယ် ဆရာကြီး''

''ရဲစခန်းတစ်ခုမှာ စခန်းမှူး၊ တာဝန်မှူး၊ ဂါတ်စာရေးတွေရဲ့ စားပွဲခုံကတော့ အဓိကပေါ့ကွာ၊ ဒါပေမဲ့ ဘယ်ခုံကိုမှ ခေါက်တာမကြိုက်ဘူးကွ''

''ဘာဖြစ်လို့လဲခင်ဗျ''

''ဘာဖြစ်ရမလဲကွ အမှုကြီးအပါအဝင် အမှုတွေတက်လို့ပေါ့၊ ဒါ့အပြင် ရဲစခန်းတံခါး၊ အချုပ်ခန်းတံခါး၊ သော့တွေကိုလည်း မခေါက်ရဘူး၊ တစ်ခါက ငါ့အတွေ့အကြုံပေါ့ကွာ၊ စခန်းတစ်ခုမှာ အမျိုးသားအချုပ်ထဲမှာ တရားခံက သူတစ်ယောက်တည်းရှိတော့ မနေရဲဘူးကွ၊ ရဲစခန်းကလည်း အင်္ဂလိပ်ခေတ်ကတည်းကဆိုတော့ သရဲခြောက်တယ်ဆိုတာ နာမည်ကြီးပဲ၊ ဒီကြားထဲ အချုပ်ထဲ အမှုရင်ဆိုင်ရင်း ကြိုးဆွဲချသေတဲ့လူကလည်းရှိတော့ ပိုဆိုးပေါ့ကွာ''

ရဲဘော်အားလုံး တပ်ကြပ်ကြီး မြဝင်း ဆက်လက်ပြောလာမည့် စကားကို စောင့်မျှော်ရင်း ငြိမ်သက်နေကြ၏။

''အဲဒီတော့ အချုပ်ထဲကလူက ဘာလုပ်တယ်ထင်လဲ''

''မသိပါဘူး ဆရာကြီး''

အားလုံး သံပြိုင်ဖြေကြသည်။

''အေး..အဲဒီလူကကင်းသမားလစ်တုန်း အချုပ်ခန်းသော့ကို တံခါးတိုင်နဲ့ မသိမသာ ခေါက်လိုက်တာပေါ့၊ ဘယ်ပြောကောင်းမလဲ၊ ညဘက်လည်းရောက်ရော ဖြစ်လိုက်တဲ့အမှု၊ ရောက်လိုက်တဲ့ တရားခံတွေ၊ အချုပ်ခန်းပြည့်လို့ သူတောင် လှဲမအိပ်ရဘူး မောင်ရင်တို့ရေ''

ရဲဘော်များအားလုံး ပြုံးစိစိ ဖြစ်ကုန်ကြသည်။

''နောက်ပြီး တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုတာမျိုးရှိတတ်တယ်၊ တချို့ရဲစခန်းတွေက ဝက်သား၊ အမဲသား စသည်ဖြင့် အသားရှောင်ရတာတို့၊ ဘုရားပန်းဆိုလည်း အနီရောင်မထိုးရဘူး၊ ဘာအရောင်မထိုးရဘူးဆိုတာမျိုး ရှိတတ်တယ်၊ ပြီးတော့ ရဲစခန်းဝင်းထဲကို အရှူးဘယ်တော့မှ အဝင်မခံရစေနဲ့၊ အရူးဝင်ရင်လည်း အမှုကြီးတက်တာတွေ၊ တခြားပြဿနာဖြစ်တာတွေ ဖြစ်တတ်တယ်၊ မတော်တဆ ဝင်သွားရင်တောင် ရေခပ်[illegible] နောက်ပြန်ပက်ပြီး နှင်ထုတ်တာ[illegible] ရွှေရည်ငွေရည်လောင်းတာ[illegible] ထုပ်ကြရတယ်ကွ''

www.burmeseclassic.com

www.burmeseclassic.com


"ဟာ.. ဒါဆို ဆရာကြီး၊ မနက်က ကျွန်တော် ခံခဲ့ရတာက တစ်ခုခုများ ဖြစ်မလားမသိဘူး နော်"

ရဲတပ်သား ဇော်ထိုက်က စိုးရိမ်ပူပန်ဟန်ဖြင့် မေးလာသည်။

"အဲဒါကတော့ ပြောလို့မရဘူး ပေါ့ကွာ၊ မြတ်စွာဘုရားက ဟောခဲ့တာပဲ၊ 'စိတ်'သာအဓိကလို့လေ၊ အယူသီးလို့တော့ မရဘူးပေါ့၊ ဒါပေမဲ့ ရှေးထုံးလည်းမပယ်နဲ့၊ ဈေးသုံးလည်းမကြွယ်နဲ့ဆိုစကားကရှိတော့ ပိတ်ကားပေါ်မှာ စောင့်ကြည့်ရမှာ ပေါ့ကွာ"

ရဲတပ်ကြပ်ကြီးမြဝင်း၏စကားကြောင့် ရဲတပ်သား ဇော်ထိုက်နှင့် ရဲဘော်များ တစ်ဦးမျက်နှာတစ်ဦး ကြည့်ပြီး မျက်ခုံးပင့်နေကြ၏။ ထို့ကြောင့် ရဲတပ်ကြပ်ကြီး မြဝင်းက ဆက်လက်စကားဆိုလိုက်သည်။

"စိတ်မပူကြပါနဲ့ တပည့်တို့ရာ၊ တချို့က ဒီအကြောင်းကြောင့် ဒီအကျိုးဖြစ်တယ်ဆိုပေမယ့် ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ကြုံတာတွေလည်း ရှိပါတယ်၊ တရားသေမှတ်ထားလို့ မရပါဘူး၊ ဒါပေမဲ့ ဆင်ခြင်လို့ရအောင် ရှောင်ကြဉ်သင့်တာ၊ သိထားသင့်တာလေးတွေ မင်းတို့သိအောင် ပြောပြတာပါကွာ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

အားလုံးက သံပြိုင်ဖြေကြ၏။

"ရဲစခန်း၊ ဆေးရုံ၊ သုသာန်၊ တရားရုံး၊ အကျဉ်းထောင် စတဲ့နေရာတွေဟာ လူမစည်ကားသင့်တဲ့ အရပ်တွေပေါ့ကွာ၊ ဒါကြောင့်မဖြစ်သင့်တာ မဖြစ်အောင် တားဆီးရမှာကတော့ အားလုံးမှာ တာဝန်ရှိတာပေါ့၊ မမြင်ဝံ့ ဆေးဆရာ၊ မကြားဝံ့ တရားသူကြီးဆိုပေမယ့် ဒီလုပ်ငန်းတွေနဲ့ ဆက်စပ်တဲ့ ငါတို့မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်တွေကတော့ မြင်နေရ၊ ကြားနေရတာ ကြာလာတော့လည်း တစ်ခုမဟုတ်တစ်ခုကြုံတွေ့နေရမှာ ပဲလေ၊ မင်းတို့ တခြားမကြည့်နဲ့၊ ဟောဟို သက်သေခံပစ္စည်း စတိုခန်းကိုပဲကြည့်၊ လူသတ်မှု၊ မုဒိမ်းမှု၊ လူသေမှု၊ သေမှုသေခင်းနဲ့ အမှုပေါင်းစုံက သက်သေခံပစ္စည်းတွေ ရှိနေတယ်၊ ဒါကြောင့် စာနဲ့ရေးမှတ်ပြီး မှတ်တမ်းမတင်နိုင်ပေမယ့် တစ်ဆင့်စကား တစ်ဆင့်နား ကြားရတဲ့ ပါးစပ်ရာဇဝင်လိုလို၊ ပုံပြင်ဒဏ္ဍာရီလိုလို ဖြစ်ရပ်တွေက ကြားနေရမှာ ပဲလေ၊ ကဲ.....ကဲ စကားပြောကောင်းနေလိုက်တာ အချိန်လည်း ကုန်သွားပြီ၊ မင်းတို့လည်း သိသင့်တာတော့ သိကြပြီ၊ မသိတာရှိရင်လည်း လာမေးကွာ၊ နောက်မှ ငါလည်း ထပ်ပြီးရှင်းပြမယ်၊ သွားကြတော့ တပည့်တို့ရေ"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ရဲဘော်များ နှုတ်ဆက်အလေးပြု၍ အသီးသီးထွက်ခွာသွားကြ၏။ ရဲတပ်ကြပ်ကြီး မြဝင်း လုပ်စရာရှိသော လုပ်ငန်းများ ဆက်လုပ်နေလိုက်သည်။

+ + +

"ကလင်...ကလင်...ကလင်"

"ဟယ်လို...အမိန့်ရှိပါခင်ဗျာ၊ စခန်းမှူး ရဲအုပ် ဘရွှေပါ"

"စခန်းမှူးရေ ပြောစရာရှိလို့ ရုံးဘက်လာခဲ့ပါဦးဗျာ"

မြို့နယ်ရဲတပ်ဖွဲ့မှူး၏အသံက ဖုန်းခွက်အတွင်း ကြည်လင်ပြတ်သားစွာ ကြားလိုက်ရပြီး အကြောင်းထူးကိစ္စတစ်ခုတော့ ရှိပြီဆိုသည်ကို စိတ်ကသိလိုက်၏။

"ဟုတ်ကဲ့ပါခင်ဗျာ၊ ကျွန်တော် အခုချက်ချင်း လာခဲ့ပါ့မယ်၊ လေးစားပါတယ်ခင်ဗျာ"

"လေးစားပါတယ်"

ဖုန်းချပြီးသည်နှင့် မှတ်စုစာအုပ်ကိုဆွဲကာ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးဘက် ခပ်သွက်သွက်တက်ခဲ့သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးအား ရုံးခန်းအတွင်း အသင့်စောင့်နေသည်ကို တွေ့ရပြီး အလေးပြု၍ ဝင်ထိုင်လိုက်သည်။

"စခန်းမှူးရေ ဖြစ်စဉ်က ဒီလိုဗျ၊ စောစောကမြို့နယ်အုပ်ချုပ်ရေးမှူး ဖုန်းဆက်တယ်၊ ကျွန်တော်တို့ မြို့နယ်က ဆေးရုံအုပ်ကြီးက သူ့ဆီကို သတင်းပို့လာတဲ့ ကိစ္စတစ်ခုရှိတယ်၊ အဲဒါကတော့ မြို့နယ်ဆေးရုံမှာရှိတဲ့ ရင်ခွဲရုံထဲမှာ ဒီရက်ပိုင်းအတွင်း ညအချိန်ထားတဲ့ Dead Body တွေမှာ မနက်မိုးလင်းကြည့်ရင် သေဆုံးချိန်မှာ ဖြစ်ပွားတဲ့ဒဏ်ရာမဟုတ်ဘဲ ဒဏ်ရာတွေထပ်ပြီး တွေ့နေရတယ်တဲ့ဗျာ"

မြို့နယ်ရဲတပ်ဖွဲ့မှူး၏စကားကြောင့် ရဲအုပ် ဘရွှေ စဉ်းစားလိုက်၏။ မျက်ဝန်းထဲတွင်လည်း ဆေး

www.burmeseclassic.com





ဒဏ်ရာတွေ တွေ့နေရတာ ရက်တော့ အတော်ကြာပြီဗျ၊ ရရှိတဲ့ဒဏ်ရာတွေဟာ နားရွက်အဖျားပြတ်တာတို့၊ လည်ပင်း၊ နှာခေါင်းကနေ သွေးစီးကျပြီး ဒဏ်ရာတွေ့တာတို့၊ လက်နဲ့ပေါင်၊ ခြေထောက်တွေမှာ ကိုက်ရာလိုလို၊ ခြစ်ရာလိုလို ...

ရင်ခွဲရုံမှ အမျိုးသမီးဝန်ထမ်းကြီး၏ မျက်နှာအားထင်းခနဲမြင်ယောင်လာသည်။ ရဲအုပ် ဘရွေ တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်သက် (၂၅)နှစ်နီးပါးကာလအတွင်းအမြို့မြို့အနယ်နယ်တွင် တာဝန်ကျခဲ့ဖူးပါသည်။ ထို သို့တာဝန်ကျခဲ့သည့်ဒေသများမှ ဆေးရုံတိုင်းတွင် ရင်ခွဲရုံတာဝန်ကျဝန်ထမ်းများမှာ အမျိုးသားများချည်းသာဖြစ်သဖြင့်ယခုမြို့နယ်သို့ရောက်မှ ရင်ခွဲရုံတာဝန်ကျဝန်ထမ်းမှာ အမျိုးသမီးဖြစ်သဖြင့် ထူးထူးခြားခြား မှတ်မိနေခြင်းဖြစ်ပါသည်။

မည်သည့်အချိန်မဆို ရဲအုပ် ဘရွေ အကြောင်းအမျိုးမျိုးဖြင့် ရင်ခွဲရုံသို့ရောက်လေတိုင်း သူမအား တည်ငြိမ်စွာဖြင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေသည်ကိုတွေ့ရမြဲ။ သူမ၏သတ္တိအား စိတ်ထဲမှကြိတ်၍ ချီးကျူးမိသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးမှ စကားဆက်လက်ဆိုလာသဖြင့် အတွေးများဖြတ်လိုက်၏။

"အဲဒီလို ဒဏ်ရာတွေတွေ့နေရတာ ရက်တော့အတော်ကြာပြီဗျ၊ ပထမတော့ သိပ်သတိမထားမိကြဘူးတဲ့၊ အခုနောက်ပိုင်း သတိထားမိလာကြပြီး သေချာစောင့်ကြည့်တော့ ရရှိတဲ့ဒဏ်ရာတွေဟာ နားရွက်အဖျားပြတ်တာတို့၊ လည်ပင်း၊ နှာခေါင်းကနေ သွေးစီးကျပြီး ဒဏ်ရာတွေ့တာတို့၊ လက်နဲ့ပေါင်၊ ခြေထောက်တွေမှာ ကိုက်ရာလိုလို၊ ခြစ်ရာလိုလို ဒဏ်ရာတွေကို တွေ့ရတယ်တဲ့ဗျ"

"ဟုတ်ကဲ့ပါခင်ဗျ"

ရဲအုပ် ဘရွေ စကားပြောရင်း မှတ်စုစာအုပ်၌ လိုအပ်သည်များကို ရေးမှတ်လိုက်သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးက ဆက်ပြော၏။

"တချို့ကာယကံရှင်တွေက ဒီအကြောင်းကိုသိလို့ တစ်ဆင့်စကားတစ်ဆင့်နားပြောရင်း အများပြည်သူအထိတ်တလန့်ဖြစ်ရင်လည်း မကောင်းဘူးဗျ၊ ဒါကြောင့် ဒီပြဿနာကို ကြိုတင်ကာကွယ်ဖို့နဲ့ ဘယ်လိုဖြစ်တယ်ဆိုတာ ရင်းမြစ်ကို စုံစမ်းဖော်ထုတ်ဖို့ ကျွန်တော်တို့မှာ တာဝန်ရှိလာပြီဗျ"

"ဟုတ်ပါတယ် ဗိုလ်ကြီး ကျွန်တော်တို့ပူးပေါင်းပြီး အမြန်ဆုံး ဖော်ထုတ်ကြပါမယ်"

www.burmeseclassic.com

www.burmeseclassic.com

''အဲဒီတော့ မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ရှိသူ ဌာနဆိုင်ရာတွေကို နေ့လယ် ၂ နာရီမှာ မြို့နယ်ရုံး အစည်းအဝေးခန်းမမှာ အစည်းအဝေးခေါ်ထားတယ်၊ စခန်းမှူးလည်း နယ်ထိန်းအရာရှိနဲ့ တာဝန်ပေးမယ့် တပ်ဖွဲ့ဝင်နှစ်ယောက်လောက် ခေါ်ခဲ့ဗျာ၊ ဩော်...ဒါနဲ့ သတင်းမပေါက်ကြားဖို့ကိုတော့ အထူးဂရုစိုက်နော် စခန်းမှူး''

''စိတ်ချပါ ဗိုလ်ကြီး၊ ကျွန်တော် စီစဉ်စရာရှိတာတွေ စီစဉ်ထားလိုက်ပါ့မယ်၊ လေးစားပါတယ်''

''လေးစားပါတယ်''

ရဲအုပ်ဘရွှေ မြို့နယ်ရဲတပ်ဖွဲ့မှူးအား အလေးပြုပြီး ရုံးခန်းထဲမှ ထွက်ခဲ့သည်။ စိတ်ထဲတွင်တော့ အတွေးများက အစီအရီ။ ဤဖြစ်ရပ်နှင့် ပတ်သက်၍ များစွာစိတ်ဝင်စားနေမိ၏။

+ + +

မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (ယခု မြို့နယ်အုပ်ချုပ်ရေးမှူးရုံး)ခန်းမ။

မြို့နယ်ဥက္ကဋ္ဌ(ယခုမြို့နယ်အုပ်ချုပ်ရေးမှူး)နှင့်တကွ ဆေးရုံအုပ်ကြီးနှင့် လက်ထောက်ဆရာဝန်များ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များ ရောက်ရှိနေကြပြီ။ ထို့အပြင် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူအချို့နှင့် မြို့နယ်အဆင့် ဒေသဆိုင်ရာ တာဝန်ရှိသူများလည်းပါ၏။ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူးနှင့် နယ်ထိန်းအရာရှိတို့လည်း ရောက်ရှိနေပြီး အစည်းအဝေးစတင်ရာ မြို့နယ်ဥက္ကဋ္ဌ(ယခု မြို့နယ်အုပ်ချုပ်ရေးမှူး)က အဖွင့်အမှာစကားပြောကြားသည်။

''အခု အစည်းအဝေးကျင်းပရခြင်းရဲ့ အကြောင်းရင်းကတော့ တက်ရောက်လာသူများအားလုံး အကြမ်းဖျင်း သိရှိကြပြီးဖြစ်ပါတယ်၊ ကျွန်တော်တို့ဒေသဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ ကြီးတဲ့အမှုသေးအောင်၊ သေးတဲ့အမှုပပျောက်အောင် ဆောင်ရွက်ပြီး ပြည်သူတွေ အထိတ်တလန့်မဖြစ်အောင် ကြိုတင်ကာကွယ်သွားဖို့ တာဝန်ရှိပါတယ်၊ ဒီတော့ကာ..........''

မြို့နယ်ဥက္ကဋ္ဌ(ယခုမြို့နယ်အုပ်ချုပ်ရေးမှူး)က စည်းစည်းလုံးလုံးဖြင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်ရန်နှင့် လိုအပ်သည့် အချက်အလက်များအား အကျဉ်းချုံးမှာကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက သုံးသပ်ဆွေးနွေးပြီး အချင်းဖြစ်အရပ် စစ်ဆေးရန် ထွက်ခဲ့ကြသည်။

အချင်းဖြစ်ရင်ခွဲရုံကား ဆေးရုံ၏နောက်ဘက် ခပ်လှမ်းလှမ်း ညောင်ပင်အုပ်အုပ်ကြီးနှစ်ခု၏ အလယ်တွင်ရှိ၏။ နေ့လယ်ခင်း အချိန်များမှာပင် တိတ်ဆိတ် ငြိမ်သက်လှပြီး ပတ်ဝန်းကျင်တွင် ညောင်ရွက်ကြွေ၊ ညောင်ရွက်ဝါ၊ ညောင်ရွက်ခြောက်တို့ ပြန့်ကြဲနေသည်။ လေတစ်ချက်ဝှေ့လိုက်တိုင်း ညောင်ပင်မှ သစ်ရွက်လှုပ်သံနှင့် မြေပြင်မှ သစ်ရွက်ခြောက်များရှပ်တိုက်လွင့်သံက စိတ်ကိုတစ်မျိုး ချောက်ချားစေ၏။ ရင်ခွဲရုံအတွင်း ဝင်လိုက်သည်နှင့် သစ်ရိပ်၏ အေးမြမှုကြောင့်လားမသိ။ ကျောထဲတွင် စိမ့်သွားသည်ဟု ခံစားမိသည်။

ရင်ခွဲရုံအတွင်း အလောင်းတင်စင်နှစ်ခုတွေ့ရပြီး အချင်းဖြစ်စင်ပေါ်တွင် အမျိုးသား Dead Body တစ်ခု တွေ့ရသည်။ တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာ မြင့်နိုင်က သေချာစစ်ဆေးပြီးပြောသည်။

''အင်း....နားရွက်ဖျားမှာတွေ့တဲ့ဒဏ်ရာကတော့ တိရစ္ဆာန်တစ်ကောင်ကောင်ကြောင့် ဖြစ်နိုင်ပေမယ့် လက်နဲ့ခြေထောက်မှာတွေ့ရတဲ့ ဒဏ်ရာတွေကတော့ တိရစ္ဆာန်ကြောင့် မဖြစ်နိုင်ဘူးဗျ''

အားလုံးမှ ဝိုင်းဝန်းသုံးသပ်နေကြရာ ရင်ခွဲရုံမှ တာဝန်ကျအမျိုးသမီးကြီးကလည်း ၎င်း၏အတွေ့အကြုံကို ပြောလာ၏။

''ကျွန်မ လုပ်သက် (၁၂)နှစ်ရှိပြီ၊ ဒီလိုအဖြစ်မျိုး တစ်ခါမှမကြုံဖူးသေးပါဘူးရှင်၊ ဒီမှာက အခုဖြစ်တာ ဒီစင်ပေါ်မှာတင်တဲ့ Body ပဲဖြစ်တာ၊ ဟိုဘက်စင်မှာတင်တာ မဖြစ်ဘူး၊ နောက်ပြီး Body က သုံးခုရှိရင် သမံတလင်းပေါ်ထားတာလည်း မဖြစ်ဘူး၊ အခုဖြစ်တဲ့စင်မှာ နေ့ဘက်ထားရင် မဖြစ်ဘူး၊ နောက် ဒီည ပထမဆုံး Body ထားလို့ ဒဏ်ရာဖြစ်ပြီး နောက် ဒုတိယညဆက်ထားရင် မဖြစ်တော့ဘူး''

www.burmeseclassic.com


မှုခင်းဖြစ်ရပ်ကား များစွာစိတ်ဝင်စားဖွယ်ကောင်းလှ၏။ ကြွက်ကဲ့သို့သောတိရစ္ဆာန်တစ်ကောင်ကောင်ကြောင့်လားဟု ရဲအုပ် ဘရွှေ သုံးသပ်မိသည်။ တိရစ္ဆာန်များ ဝင်နိုင်ထွက်နိုင်သောလမ်းကို ရှာကြည့်ရာ တံခါးကြားနှင့် ရေပိုက်ဆင်းသောနေရာများတွင် တွေ့ရသည်။ ထို့ကြောင့် နောက်ရက်များတွင် သေဆုံးသော Body ရောက်ရှိပါက တိရစ္ဆာန်များ မဝင်နိုင်စေရန် အလူမီနီယံခေါင်းကဲ့သို့ လုံခြုံသော မှန်ပုံးဖြင့်ထားရှိရန် ဆုံးဖြတ်ခဲ့ကြသည်။ ရင်ခွဲရုံပတ်ဝန်းကျင်အားလည်း ပိုမိုသန့်ရှင်းစေရန် ဆေးဖျန်းခြင်း၊ မဖောက်ထုံးဖြူးခြင်း စသည်ဖြင့် ဆောင်ရွက်ကြသည်။ ရရှိလာမည့်အဖြေကိုကား အားလုံးက မျှော်တလင့်လင့်။

ဒကာကြီးတို့ ဒီမှာရှိနေတဲ့ နာနာဘာဝကို နောက်ထပ်မနှောင့်ယှက်နိုင်အောင် ဘုန်းကြီး မေတ္တာပို့ တားမြစ်ထားပြီးပြီ၊ နောင်လည်း သူ လုံးဝနှောင့်ယှက်မှာမဟုတ်တော့ဘူး၊ သူ့အတွက် ဒီညရင်ခွဲရုံဝင်ပေါက် ဘယ်ဘက်ခြမ်းမြေပေါ်မှာ



\+ \+ \+

အလူမီနီယံခေါင်းတွင် ပတ်ထားသောကြိုးကို တာဝန်ကျဝန်ထမ်းတစ်ဦးက သေချာစွာဖြေနေ၏။ ချိပ်တံဆိပ်ရိုက်ပိတ်ထားခြင်းဖြစ်သည်။

ကျန်ရှိသောလူအားလုံးက စိတ်ဝင်စားစွာ ကြည့်နေကြသည်။ ချည်ထားသော ကြိုးများအားလုံးပြေသွားသည်။ ထို့နောက် အလူမီနီယံအဖုံးအား ဖြည်းညင်းစွာဖွင့်၍ အတွင်းရှိ Body အားစစ်ဆေးလိုက်ကြသည်။

"အိုး....."

"ဘုရား.....ဘုရား"

"ဗုဒ္ဓေါ....."

"ဟာ....."

"ဟင်....."

အားလုံး၏ပါးစပ်များမှာ အာမေဋိတ်သံများ အလိုလိုထွက်သွားကြ၏။ Body တွင် အစောပိုင်းရက်များက တွေ့မြင်ရလေ့ရှိသော ဒဏ်ရာမျိုးကို တွေ့မြင်လိုက်ရသောကြောင့်ပင်ဖြစ်သည်။

စဉ်းစားစရာ၊ ဒွိဟဖြစ်စရာများဖြစ်ကြရသည်။ အလူမီနီယံခေါင်းအား ပိတ်စဉ်က သေချာစွာမပိတ်မိ၍ တိရစ္ဆာန်တစ်ကောင်ကောင်များဝင်လေရော့သလား။ သို့တည်းမဟုတ် သဘာဝကိုလွန်ဆန်၍ လျှို့ဝှက်ဆန်းကြယ်သော ဖြစ်ရပ်တစ်ခုဖြစ်နေပြီလား။လားပေါင်းများစွာဖြင့် အဖြေရှာ သုံးသပ်ကြရတော့သည်။

နောက်ဆုံးတွင်တော့ သက်ဆိုင်ရာ အာဏာပိုင်များ၊ မြို့မိမြို့ဖများ စုပေါင်း၍ မြို့နယ်ရှိ သံဃာ့နာယကဆရာတော် ဦးပညာတေဇထံသွားရောက်လျှောက်ထားကြသည်။ ဆရာတော်ကမိန့်ကြားသည်မှာ

"အေး....အေး၊ ဒကာကြီးတို့ လျှောက်ထားချက်အရဆို ဒါဟာ ပရလောက,က နာနာဘာဝတစ်ခုကြောင့် ဖြစ်နိုင်ပါတယ်၊ ဘုန်းဘုန်းလည်း အဲဒီနေရာကိုကြွပြီး လို

www.burmeseclassic.com

အပ်တာတွေ ဆောင်ရွက်ပေးမှာ ပေါ့''

''မှန်လှပါ ဘုရား၊ တပည့်တော်တို့ကို လိုအပ်သည်များဆောင်ရွက်ပေးတော်မူပါဘုရား''

ထို့နောက်ဆရာတော်နှင့်တကွ ရဲအုပ် ဘရွှေအပါအဝင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ ရင်ခွဲရုံသို့ရောက်ရှိခဲ့ကြသည်။ ဆရာတော်မှ မေတ္တာပို့ အမျှပေးဝေခြင်း၊ လိုအပ်သည်များ ညွှန်ကြားခြင်းပြုပြီးနောက် မှာကြားသည်မှာ.....


''ဒကာကြီးတို့ ဒီမှာရှိနေတဲ့ နာနာဘာဝကို နောက်ထပ်မနှောင့်ယှက်နိုင်အောင် ဘုန်းကြီး မေတ္တာပို့ တားမြစ်ထားပြီးပြီ၊ နောင်လည်း သူ လုံးဝနှောင့်ယှက်မှာမဟုတ်တော့ဘူး၊ သူ့အတွက် ဒီည ရင်ခွဲရုံဝင်ပေါက် ဘယ်ဘက်ခြမ်းမြေပေါ်မှာ အမဲသားဟင်းတစ်ခွက်၊ ထမင်းတစ်ပန်းကန်၊ အရက်တစ်လုံး ချထားပေးလိုက်၊ ဘုန်းဘုန်းလည်း ခရီးသွားစရာရှိလို့ ပြန်လာတော့မှ မြို့စွန်သုသာန်ကို ဒီမှာရှိနေတဲ့ မကျွတ်မလွတ်သေးသော ပုဂ္ဂိုလ်အားလုံးကို ရွှေ့ပြောင်းပေးမယ်၊ အခုညတော့ ဒကာကြီးတို့ ထူးခြားမှုကို စောင့်ကြည့်လိုက်''

''တင်ပါ့ဘုရား၊ ဘုန်းဘုန်းမိန့်ကြားတဲ့အတိုင်း တပည့်တော်တို့ ဆောင်ရွက်ပါ့မယ်ဘုရား''

ဆရာတော်ကြီးမှာ လိုအပ်သည်များ မိန့်ကြားပြီး ကျောင်းသို့ ပြန်လည်ကြွသွားပြီးနောက် ရဲအုပ်ဘရွှေနှင့် တပ်ဖွဲ့ဝင်များကားအလုပ်စကြတော့၏။ ဆေးရုံမှ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ရင်ခွဲရုံပတ်ဝန်းကျင်တွင် မီးများလင်းစေရန် ဆောင်ရွက်ကြသည်။ ညပိုင်းတွင် စောင့်ကြည့်ရန်အတွက် တပ်ဖွဲ့ဝင်လေးဦးအား ရွေးချယ်၍ ရင်ခွဲရုံအတွင်း၊ အပြင်တို့တွင် CCTV ကင်မရာများ တပ်ဆင်ကာ ကင်းတာဝန်ချထားလိုက်သည်။ ယခုည ရင်ခွဲရုံတွင် ထားသော Body မရှိပေ။

ညနေ မိုးမချုပ်မီ ထမင်းပန်းကန်၊ အမဲသားဟင်း၊ အရက်ပုလင်းတို့အားလည်း ချထားပြီးပြီ။တဖြည်းဖြည်းနှင့် အမှောင်ထုက ကြီးစိုးလာပြီး ပတ်ဝန်းကျင်တွင် ထွန်းညှိထားသော မီးအလင်းရောင်က နေရာယူလာ၏။ ရဲတပ်ကြပ် ငွေဖြူပါ တပ်ဖွဲ့ဝင်လေးဦး၏ မျက်ဝန်းအစုံက တီဗွီဖန်သားပြင်ပေါ်မှ မြင်ကွင်းများကို တစ်လှည့်၊ ပတ်ဝန်းကျင်ကိုတစ်လှည့် စောင့်ကြည့်နေကြသည်။ အလှည့်ကျစနစ်ဖြင့် နှစ်နာရီစီကင်းတာဝန်ချထားသော်လည်း အားလုံး မအိပ်နိုင်ကြ။ တာဝန်ပျော်သောအသိဖြင့် တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ အားပေးရင်း နိုးကြားနေကြသည်။

မိုးချုပ်စအချိန်တွင် အိပ်တန်းတက်လာသော ငှက်များ၏ ဆူညံသံသည်လည်း ငြိမ်သက်စပြုသွား၏။ အမှောင်ထု၏အလယ်တွင် မားမားရပ်တည်နေသောညောင်ပင်ကြီး နှစ်ပင်မှ လေတိုက်လိုက်တိုင်း သစ်ရွက်လှုပ်သံများမှာရယ်သံလိုလိုထင်ရသည်။ ညဉ့်ငှက်တို့၏အသံကလည်း နီးလာလိုက်၊ ဝေးသွားလိုက်။



www.burmeseclassic.com

www.burmeseclassic.com


အချိန်ကား နံနက် ၁ နာရီရှိပြီ။

ကင်းအဖွဲ့၏ မျက်လုံးများကား လေးလံသလိုရှိသဖြင့် ရေနွေးသောက်သူကသောက်၊ မုန့်စားသူကစားဖြင့် ဖြေဖျောက်နေကြ၏။

"ဟော့..ဟော့ ဆရာငွေဖြူ၊ ခင်ဗျား ဘာတွေ့လိုက်လဲ"

ရဲတပ်ကြပ် စိုးအောင်၏စကားကြောင့် ရဲတပ်ကြပ် ငွေဖြူက ချက်ချင်းပြန်ဖြေလိုက်သည်။

"အေး....တွေ့တယ်.....တွေ့တယ်၊ ခွေးတစ်ကောင်ဖြတ်သွားတာတွေ့လိုက်တယ်"

"ဟုတ်တယ်....ဟုတ်တယ်"

အားလုံးက ထောက်ခံကြသည်။ နာရီအား ကြည့်လိုက်ရာ နံနက် ၁ နာရီ ၁၅ မိနစ်အချိန်ဖြစ်သဖြင့် မှတ်သားလိုက်ကြသည်။

နာရီလက်တံတို့၏ ရွေ့လျားမှုမှာလည်း ဒီညမှ နှေးနေသည်ဟု ထင်ရသည်။ တစ်ချက်တစ်ချက်ဝင်လာသော လေရူးကြောင့် ကင်းသမားအားလုံး ကျောပြင်မှစိမ့်ခနဲဖြစ်ကာ နောက်သို့လှည့်ကြည့်မိကြသည်။ ထူးခြားမှုကားမရှိ။

နာရီလက်တံကား သန်းခေါင်အချိန်သို့ရောက်ရန် ငါးမိနစ်သာလိုတော့သည်။ ခွေးဟောင်သံသဲ့သဲ့နှင့် ကြက်တွန်သံကို ကြားရ၏။ ခဏအကြာ မဝေးလှသော ရဲစခန်းဘက်မှ ည ၁၂ နာရီသံချောင်းသံက အမှောင်ထုအတွင်း ထွင်းဖောက်ရောက်ရှိလာသည်။ ကင်းအဖွဲ့၏ မျက်လုံးများက ရင်ခွဲရုံအပြင်မှ ထမင်းပန်းကန်ဆီသို့။ သို့သော် ထူးခြားမှုကား မရှိသေး။



ဆရာတော်ကြီးများ၏
မေတ္တာဖြင့်
အမျှပေးဝေပြီးနောက်ပိုင်း
ရဲအုပ်ဘရွှေ
တာဝန်ကျရာ
မြို့နယ်ဆေးရုံရှိ
ရင်ခွဲရုံအတွင်း
ထူးခြားဖြစ်ရပ်များ
နောက်ထပ်လုံးဝ
ဖြစ်ပွားခြင်း
မရှိတော့ကြောင်း
...

www.burmeseclassic.com

www.burmeseclassic.com





ထို့နောက် ဆက်လက်စောင့်ကြည့်ကြရာ အရုဏ်လာ၍ မိုးစင်စင်လင်းသည့်အထိ ဘာမျှထူးခြားမှုမရှိ။ နံနက်မိုးလင်း၍ ကင်းအဖွဲ့မှ ထမင်းပန်းကန်နှင့်အမဲသားပန်းကန်ကိုကြည့်ရာ လုံးဝပြောင်၍ ကုန်နေပြီး အရက်ပုလင်းမှာ လျော့နည်းမှုမရှိကြောင်း တွေ့ရလေသည်။

✦ ✦ ✦

နောက် ငါးရက်ခန့်အကြာတွင် ဆရာတော် ဦးပညာတေဇခရီးသွားရာမှ ပြန်လည်ကြွရောက်လာပြီး မြို့နယ်သံဃာ့နာယကဆရာတော်များနှင့် အန္တရာယ်ကင်းပရိတ်ရွတ်ခြင်းများ ဆောင်ရွက်၍ ဆေးရုံဝင်းအတွင်းရှိ မကျွတ်မလွတ်သေးသော ပုဂ္ဂိုလ်များအား ကြိုတင်၍ကားဖြင့်ယူလာသော ပိတောက်ကိုင်းပေါ်တွင် ယာယီနေထိုင်ရန် မိန့်ကြား၍ မြို့ပြင်သချိုင်းကုန်းအဟောင်းသို့ပို့ဆောင်ခဲ့လေသည်။

မြို့ပြင်သင်္ချိုင်းရှိ သစ်ပင်တစ်ပင်၌ ခေတ္တနေထိုင်ရန် ဆရာတော်ကြီးများမှ မိန့်ကြား၍ သင်္ကြန်အပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့၌ အကျွတ်အလွတ် မေတ္တာပို့အမျှပေးဝေပွဲ ပြုလုပ်ပေးခဲ့ကြလေသည်။

ထိုသို့ ဆရာတော်ကြီးများ၏ မေတ္တာဖြင့်အမျှပေးဝေပြီးနောက်ပိုင်း ရဲအုပ်ဘရွှေ တာဝန်ကျရာ မြို့နယ်ဆေးရုံရှိ ရင်ခွဲရုံအတွင်း ထူးခြားဖြစ်ရပ်များနောက်ထပ်လုံးဝဖြစ်ပွားခြင်းမရှိတော့ကြောင်းတွေ့ရှိခဲ့လေသည်။

အမှတ်တရအနေဖြင့် CCTV တပ်ဆင်ပြီး ရင်ခွဲရုံမှ Body အားညဘက်စောင့်ကြည့်စဉ်၌ ညသန်းခေါင်အချိန် ကြွက်တစ်ကောင်ပြေးနေသည်ကိုကား တွေ့ကြရ၏။ ဤသည်ကား ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက် တိုက်ဆိုင်မှုလည်း ရှိနိုင်ပေသည်။

မည်သို့ပင်ဆိုစေ ရဲလုသည့် လူ့ဘဝတိုတိုလေးအတွင်း၌ ရဲအုပ်ဘရွှေ ဝါသနာပါရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရသည်ကို ကျေနပ်၏။ မြတ်နိုး၏။ အများအကျိုး ကျရာကဏ္ဍမှ သယ်ပိုးလိုပါသည်။ ထိုသို့ဆောင်ရွက်ရင်း အချိန်ကာလအတိုင်းအတာတစ်ခု ရလာသည်နှင့်အမျှ တွေ့ကြုံရသည့် အမှတ်တမဲ့အဖြစ်အပျက်များကို အမှတ်တရတစ်ခုဖြစ်စေရန် တင်ပြခြင်းဖြစ်ပါသည်။ မည်သူ့ကိုမျှ မည်သည့်ရည်ရွယ်ချက်မှမရှိကြောင်း ဝန်ခံပါ၏။ စာဖတ်သူများအနေဖြင့် ပညာဗဟုသုတ မရရှိနိုင်သော်လည်း ရသတစ်ခုတော့ ပေးစွမ်းနိုင်မည်ဟုထင်မြင်မိပါသည်။

ရှေးအခါက ကျေးငှက်လေးတစ်ကောင်ရှိပြီး ဝဲဘက်ခြေထောက်ကို တစ်စုံတစ်ဦးကကြွရင် "ကျန်းမာပါစေ"၊ ယာဘက်ခြေထောက်ကိုကြွလျှင် "ချမ်းသာပါစေ"ဟု ဆုတောင်းလေ့ရှိပါသည်။ အဆိုပါဖြစ်ရပ်ကို မြင်သည့်ပတ်ဝန်းကျင်မှ လူတစ်ဦးက ခြေနှစ်ဖက်လုံးကြွရင် ဘယ်လိုများဆုတောင်းမလဲမသိဘူးဟုမေးရာ ကျေးသားလေးမှ "ဟ... ငါ ပြုတ်ကျမှာပေါ့"ဟု ပြောခဲ့ကြောင်း မှတ်သားဖူးပါသည်။

ထို့ကြောင့် သဘာဝအားလွန်ဆန်၍ ခြေနှစ်ဖက်လုံးကြွ၍ မဖြစ်နိုင်ကြောင်းနှင့် စာဖတ်သူအားလုံး "ကျန်းမာ၊ ချမ်းသာပါစေ"ဟု ဆုတောင်း ဆန္ဒပြုရင်း သဘာဝလွန်လျို့ဝှက်ဆန်းကြယ် မှုခင်းဖြစ်ရပ်အား တင်ပြအပ်ပါသည်။

ရဲလေး (ဝါးခယ်မ)

www.burmeseclassic.com

www.burmeseclassic.com

အတားအဆီးအပိတ်အဆို့များကို
ဖယ်ရှားပြီး လွယ်ကူညင်သာ
ချောမွေ့သော ခံစားမှုအတွက်

# ဂုဂုအေးအောင်


TMR. 011758(1215)


## ဝမ်းမှန်အကြောပြေဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၆၆၇၀၉၃

www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com



အလုပ်အကိုင် အဆင်ပြေလို့ ငွေကြေးမနေ ပေါ်များကြွယ်ဝလာပြီဆိုမှဖြင့် အသောက်အစား၊ အပျော်အပါး၊ လောင်းကစားတွေ ဖက်လာတတ်ပါတယ်။ ဒီလိုကိစ္စမျိုး ပါလာပြီဆိုရင်တော့ စီးပွားပျက်လာမယ်၊ ပြီးရင် ဘဝပျက်တော့တာပဲ။ ဘဝပျက်တယ်ဆိုတာ ပြောရင်တော့ တိုတိုလေးပဲ။ ဘဝပျက်ခြင်းနဲ့ ချိတ်ဆက်ဖြစ်ပေါ်လာတဲ့ ပြဿနာတွေ၊ ဖြေရှင်းလို့မရတဲ့ အခက်အခဲတွေ၊ လူမှုရေး ပျက်ပြားမှုတွေ၊ ကိုယ့်ဆီက စွန့်ခွာထွက်သွားကြတဲ့ ဥစ္စာပစ္စည်းတွေကြောင့် စိတ်ရောကိုယ်ပါ ကစဉ့်ကလျားဖြစ်မှုတွေ၊ ဦးနှင်းပဲ့ထောင်၊ ပဲ့နှင်းဦး ထောင် ဘယ်လိုမှမပြေလည်နိုင်တဲ့ပြဿနာတွေအစုံပါပဲ။ ဒီလိုတွေ စုပြုံဖြစ်ပေါ်လာပြီဆိုရင်တော့ တိုတိုပဲနာမည်တပ်လိုက်ကြပါစို့ရဲ့။ ''ဘဝပျက်တယ်'' တဲ့။ စီးပွားကျစပြုလာတာနဲ့ ကိုယ့်ကိုယ်ကိုယ် အချိန်မီ မထိန်းနိုင်လို့ကတော့ သွားပေတော့ ဘဝကြီးတစ်ခုလုံး။ ဦးစောက်ပြောင်းပြန် နာလန်မထူနိုင်တော့ဘူး။ အထူးသဖြင့် ငွေမျောငွေနဲ့လိုက်ဆိုတဲ့စကားနဲ့ အားတင်းလေ့ရှိတဲ့ လောင်းကစားနဲ့ ဘဝပျက်ပြီဆိုရင်တော့ ဆိုးရွားမှုပေါင်းစုံခံရဖို့ ပြင်ပေတော့။




# မေ့မရနိုင်အောင်မုန်း၍ မုန်းမရနိုင်အောင်ချစ်သည်

ဦးဝင်းမြိုင်

www.burmeseclassic.com

www.burmeseclassic.com





ယခုလ မိတ်ဆက်ဇာတ်လမ်းလေးကတော့ အိမ်ထောင်ဦးစီး ဖခင်တစ်ယောက်ရဲ့ လောင်းကစားမက်မှုကြောင့် မိသားစုဘဝ ပျက်စီးသွားခဲ့ရပုံကို ဖော်ကျူးတဲ့ဇာတ်လမ်းလေးပါ။ ဒါရိုက်တာ အကယ်ဒမီမီးပွားရဲ့ တင်ပြမှုပါ။ ရွှေစင်ဦးဗီဒီယိုက ရိုက်ကူးဖြန့်ချိမှာဖြစ်ပြီး အကယ်ဒမီနေတိုး၊ အိချောပို၊ သားညီ၊ ဦးဝင်းမြိုင်၊ ဒေါ်ခင်ခင်ကြီးတို့က ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

ဇာတ်လမ်းအစလေးကိုက စိတ်ဝင်စားစရာ။ အိမ်တစ်အိမ်ရှေ့မှာ လူတွေဝိုင်းအုံကြည့်နေကြတယ်။ အိမ်ထဲကနေ အလောင်းတစ်လောင်းထုတ်လာတယ်။ ရင်ဝမှာ ဓားစိုက်လျက်တန်းလန်းနဲ့။ အဲဒီမြင်ကွင်းကို မိန်းကလေးတစ်ယောက်က မလှမ်းမကမ်းကနေ ကြည့်နေတယ်။ အလောင်းကို လူနာတင်ကားပေါ်တင်ပြီး မောင်းထွက်သွားတော့မှ မိန်းကလေး မျက်ရည်တွေကျပြီးလှည့်ထွက်သွားတယ်။ ရင်ဝမှာ ဓားတန်းလန်းနဲ့ သေဆုံးသွားတဲ့သူက "မောင်မောင်"တဲ့။ ဖဲဝိဇ္ဇာလို့ အမည်ပေးရင် ပိုမှန်လိမ့်မယ်။ ဖဲလိမ်ရိုက်တဲ့နေရာမှာ တစ်ဖက်ကမ်းခတ်။

အဲဒီဖဲဝိဇ္ဇာသေတာကို ဘာလို့ မိန်းကလေးက မျက်ရည်ကျရတာလဲ။ မိန်းကလေးနာမည်က "မိုးမခ" တဲ့။ သူတို့နှစ်ယောက် ဘယ်လိုပတ်သက်ပါလိမ့်။ ပရိသတ်များ စိတ်ဝင်စားဖို့ကောင်းတဲ့ပဟေဠိဆန်ဆန်ဇာတ်အိမ်လေးပါ။ မောင်မောင်အဖြစ် နေတိုးက သရုပ်ဆောင်ထားပြီး မိုးမခအဖြစ် အိချောပိုက သရုပ်ဆောင်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိသားစုလေးတစ်ခုရှိပါတယ်။ သာယာတဲ့ မိသားစုဘဝလေးပါ။ ဖခင်က ဦးမိုးနိုင်၊ ဘဏ်မန်နေဂျာတစ်ယောက်ပါ။ မိခင်က ဒေါ်မိမိ၊ အိမ်မှုကိစ္စ နိုင်နင်းတယ်။ သမီးက မိုးမခ၊ မိန်းမချောလေးတစ်ယောက်ပေါ့။ ငွေကြေးပြည့်ပြည့်စုံစုံနဲ့ စိတ်ချမ်းသာစရာကောင်းတဲ့ မိသားစုဘဝလေးထဲကို ဗဟိုပြုလာတဲ့ လေဖိအားနည်းရပ်ဝန်းလေးတစ်ခုကတော့ လောင်းကစားကို စိတ်ဝင်စားလာတဲ့ ဦးမိုးနိုင်ရဲ့ ဝါသနာဇီဇပါပဲ။ အစကတော့ လောင်းကြေးနည်းနည်းနဲ့ အပျင်းပြေပေါ့လေ။ နောက်တော့ ကြေးကြီးလာတဲ့ ဝိုင်းကြီးဝိုင်းကောင်းပေါ့။ လေဖိအားနည်းရပ်ဝန်းလေးကနေ တဖြည်းဖြည်းနဲ့ အဝါရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်၊ အနီရောင်အဆင့် အင်အားပြင်းထန်တဲ့ မုန်တိုင်းကြီးဖြစ်လာတော့မှာပေါ့။ ဖဲရိုက်တာ ဝါသနာပါတဲ့ ဘဏ်မန်နေဂျာ ဦးမိုးနိုင်အဖြစ် စာရေးသူ ဦးဝင်းမြိုင်နဲ့ ဇနီး ဒေါ်မိမိအဖြစ် ဒေါ်ခင်ခင်ကြီးတို့က သရုပ်ဆောင်ထားကြပါတယ်။



ငွေကြေးကောင်းကောင်းသုံးနိုင်တဲ့ ဘဏ်မန်နေဂျာ ဦးမိုးနိုင်ကို သားကောင်အဖြစ် မျက်စိကျနေသူကတော့ ဖဲရာဇာကြီး ဦးကျော်ဇောပါပဲ။ ဦးကျော်ဇောက မောင်မောင့်ကို Fighter ငှားတယ်။ ဆယ်ရာခိုင်နှုန်းစားနဲ့။ မောင်မောင်က သဘောတူလက်ခံခဲ့တယ်။ စကစားတဲ့နေ့မှာ ဦးမိုးနိုင် မြင်မကောင်းအောင် နိုင်တယ်။ တစ်သောင်းတန်အုပ်တွေ၊ ငါးထောင်တန်အုပ်တွေ ပလူကိုပျံနေတာပဲ။ အိမ်ပြန်ရောက်တော့ ငွေတွေအပုံလိုက်နဲ့ဆိုတော့ သမီးလေးမိုးမခက ပျော်တာပေါ့။ ဇနီးကတော့ ဖဲနိုင်လာတဲ့ပိုက်ဆံမို့ ဝမ်းမသာနိုင်ဘူးတဲ့။ ဘာပဲဖြစ်ဖြစ် သမီးလေးကိုတော့ ဖဲနိုင်တဲ့ပိုက်ဆံနဲ့ စတိုးဆိုင်လေးတစ်ဆိုင်ဖွင့်ပေးနိုင်ခဲ့ပါတယ်။

တော်တော်လေး စွဲစွဲမြဲမြဲနိုင်လိုက်တဲ့ ဦးမိုးနိုင်ဟာ လောင်းကစားဝါသနာထဲမှာ နစ်မြုပ်သွားတယ်။ နောက်ရက်တွေမှာတော့ နိုင်တစ်လှည့်၊ ရှုံးတစ်လှည့်ပေါ့။ ဒီလိုနဲ့ ဖဲရာဇာကြီး ဦးကျော်ဇောရဲ့ ဆင်တဲ့အကွက်ထဲကို ဦးမိုးနိုင် လှလှပပကြီး ဝင်သွားခဲ့ပြီ။ နောက်ပိုင်းကာလတွေမှာတော့ ဦးမိုးနိုင် နာလန်မထူနိုင်အောင် ရှုံးပါပြီ။ မောင်မောင့်ရဲ့ သေသပ်တဲ့ ဖဲလိမ်ရိုက်မှုအောက်မှာ ဦးမိုးနိုင် မရှုမလှ ကျရှုံးသွားပြီ။ ဖဲရှုံးသူနဲ့ မူးယစ်ဆေးဝါးစွဲတဲ့သူ သိပ်မထူးပါဘူး။ မူးယစ်ဆေးစွဲတဲ့သူကလည်း ဆေးဝယ်ဖို့ပိုက်ဆံကို ဘယ်လိုရှာရရှာရ၊ ဖဲရှုံးတဲ့သူကလည်း ဖဲရိုက်ဖို့ငွေကို ဘယ်လိုရှာရရှာရ၊ ဇနီးနဲ့သမီး ငိုယိုတောင်းပန်တဲ့ကြားက ကား၊ အိမ်၊ ခြံ ပေါင်လိုက်ရပြီ။ နောက်ဆုံး သူတာဝန်ယူထားတဲ့ ဘဏ်ကငွေကြေးတွေကို ပါ အလွဲသုံးစားလုပ်လို့ ထောင်ထဲရောက်သွားခဲ့ရတယ်။

ဦးမိုးနိုင်ကို ဖဲလိမ်ရိုက်ခဲ့သူက မောင်မောင်။ တစ်နည်းပြောရရင် ဦးမိုးနိုင် ဘဝပျက်ရတာ တရားခံက မောင်မောင်။ ဦးမိုးနိုင် ထောင်ကျသွားပြီး ဇနီးလူမမာသည်နဲ့ သမီးပျိုလေး အိုးပျောက်အိမ်ပျောက်နဲ့ ခိုကိုးရာမဲ့ဘဝရောက်အောင် လုပ်တာ မောင်မောင်။ အဲဒီမောင်မောင်ဟာ ဦးမိုးနိုင် ထောင်ကျသွားတော့ ဦးမိုးနိုင်ကို လာတွေ့သေးတယ်။ ဦးမိုးနိုင်က စကားလက်ခံမပြောဘူး။ မောင်မောင့်ကို မိုးမခက သူ့အဖေဆီ ထမင်းလာပို့ရင်း တွေ့တယ်။ ဖခင်ဦးမိုးနိုင်ကလည်း တို့မိသားစု စုတ်ပြတ်သတ်ပြီး ဒုက္ခရောက်အောင်လုပ်တာ မောင်မောင်ဆိုတာ ပြောသွားခဲ့လို့ မောင်မောင့်မျက်နှာကို မိုးမခရဲ့စိတ်ထဲမှာ မေ့မရနိုင်အောင် မုန်းခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိုးမရဲ့စတိုးဆိုင်ကို မောင်မောင်ရောက်လာပြီး ဖုန်း ငွေဖြည့်ကတ် ငါးထောင်တန်ဝယ်တယ်။ အရောင်းအကူ မိန်းကလေးက မှားပြီး တစ်သောင်းတန် ပေးလိုက်မိတယ်။ မောင်မောင်က သူ့ဖုန်းထဲ ငွေကတ်ရိုက်ထည့်လိုက်တော့ တစ်သောင်းဖြစ်နေတယ်ဆိုတာသိတော့ ဆိုင်ကိုပြန်ပြောတယ်။ မောင်မောင့်ရဲ့ ရိုးသားမှုကို အသိအမှတ်ပြုလိုက်တယ်။ တစ်နေ့ ဆိုင်အကူကောင်မလေးနဲ့ လက်ဖက်ရည်သွားသောက်တယ်။ မမျှော်လင့်ဘဲ ရုတ်တရက် မိုးတွေရွာချလာတယ်။ အလုအယက် ဆိုင်ထဲကို မိုးခိုဖို့ပြေးဝင်ကြတာပေါ့။ ဒါပေမဲ့ သူတောင်းစား အဘိုးအိုကြီးကတော့ ဆိုင်ထဲမဝင်ရဲလို့ မိုးစိုကုန်တာပေါ့။ အဲဒီမှာ မောင်မောင် ထီးတစ်လက်နဲ့ရောက်လာပြီး အဘိုးကြီးကို ထီးပေးခဲ့တယ်။ သူကတော့ မိုးရွာထဲပြေးထွက်သွားတယ်။ မောင်မောင့်ရဲ့ ကြင်နာတတ်မှုကို အသိအမှတ်ပြုလိုက်တယ်။

ဒီအဖြစ်တွေက မိုးမရဲ့ရင်ထဲကို မောင်မောင် ရောက်သွားခဲ့ရတဲ့အဖြစ်တွေ။ မောင်မောင့်ရင်ထဲကို မိုးမ ရောက်သွားပုံက ဘုရားမှာ မိုးမက သူမ ရင်ဆိုင်နေရတဲ့ သောက၊ ဒုက္ခတွေ၊ ဆင်းရဲခြင်းတွေ လွတ်မြောက်ဖို့ မျက်ရည်လည်ရွဲနဲ့ ဆုတောင်းရှိခိုးကန်တော့နေတာကို တွေ့လိုက်ရလို့ သနားကြင်နာစိတ်နဲ့ မောင်မောင့်ရင်ထဲ မိုးမရောက်သွားခဲ့ရတာ။

တကယ်တော့ မောင်မောင်က မိဘမဲ့ဘဝနဲ့ လမ်းဘေးခွေးတစ်ကောင်လို ကြီးပြင်းခဲ့ရတာ။ ဒါကြောင့် ဖဲလိမ်ရိုက်ပြီး ရလာတဲ့ငွေကြေးရဲ့ ဆယ်ပုံတစ်ပုံကိုပဲ သူသုံးဖို့ယူထားပြီး ကျန်တာအားလုံးကို မိဘမဲ့ကလေးဂေဟာတွေကို လှူဒါန်းပစ်လိုက်တယ်။ သူတစ်ခါ ဖဲလိမ်ရိုက်လိုက်တိုင်း ခိုးမှုတစ်ခုကျူးလွန်လိုက်သလို ငရဲကြီးတယ်လို့ ခံစားရတဲ့အတွက် စိတ်ကိုအသန့်ရှင်းဆုံးထားပြီး ဘုရားတရားအလုပ်ကို ပိုလုပ်ဖြစ်တယ်တဲ့။

အချစ်ဆိုတဲ့အကြောင်းကို သူငယ်ချင်း ဘော်ကြီးနဲ့ ဆွေးနွေးရာက သူ မိုးမကို ချစ်နေမိတယ်ဆိုတာ သိသွားတော့ နောက်နေ့ မိုးမရဲ့စတိုးဆိုင်လေးကိုသွားတယ်။ စတိုးဆိုင်လေးမရှိတော့ဘူး။ စုံစမ်းကြည့်လိုက်တော့ စီးပွားပျက်သွားတယ်၊ စတိုးဆိုင်ကို ရောင်းသွားတယ်လို့ သိလိုက်ရတယ်။ မိုးမတို့ သားအမိနှစ်ယောက်ခမျာ အဆောင်တစ်ခုမှာနေရင်း မိခင်ကြီး စိတ်ထောင်းကိုယ်ကျေပြီး နာမကျန်းဖြစ်တော့ မိုးမ ကြံရာမရတော့ဘူး။ အဲဒီမှာ စားနေကျကြောင်ပါးကြီးတစ်ကောင်က မိုးမလိုတဲ့ငွေကိုပေးပြီး မိုးမရဲ့ အပျိုစင်ဘဝကို မြိန်မြိန်ကြီးစားသုံး


www.burmeseclassic.com



လိုက်တော့တယ်။ ဒီလိုနဲ့ မိုးမခဟာ မိဘကျေးဇူးဆပ်ဖို့ ကြေးစားဖြစ်သွားတယ်။ ဘယ်တတ်နိုင်ပါ့မလဲလေ။ ကံစီမံရာ ပေါ့လို့ပဲ မိုးမခ ဖြေသိမ့်လိုက်တယ်။

မောင်မောင်နဲ့မိုးမခ ပြန်ဆုံပုံကိုလည်း ကြည့်လိုက်ဦး။ မောင်မောင့်သူငယ်ချင်း ဘော်ကြီးက အပျော်အပါး ဝါသနာပါတယ်။ တစ်နေ့ ဘော်ကြီး မိန်းကလေးတစ်ယောက် ခေါ်လာတယ်။ ခေါ်လာတဲ့မိန်းကလေးက မိုးမခ။






www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်က အပျော်အပါး ဝါသနာမပါဘူး။ ဒါ ပေမဲ့ ဘော်ကြီးဆီကနေ မိုးမခကို တစ်ညခေါ်သွားဖို့ ခွင့်တောင်းတယ်။ ဘော်ကြီးက ခွင့်ပြုလိုက်တယ်။ တစ်ညလုံး မိုးမခကို ထိုင်ကြည့်နေတယ်။ နောက်နေ့ မိုးမခကို ပြန်လိုက်ပို့တော့ မိုးမခအိမ်မှာ ဦးမိုးနိုင်ရဲ့ဓာတ်ပုံကိုတွေ့တော့ မောင်မောင် တုန်လှုပ်သွားတယ်။ သူ့ကြောင့် ဘဝပျက်ခဲ့ရတဲ့ ဦးမိုးနိုင်ရဲ့သမီးဆိုတာသိလိုက်ရတယ်။ အဲဒီမှာ ဦးမိုးနိုင်ကို နောက်ဆုံးတွေ့ခဲ့ရတဲ့ညတစ်ညကို ပြန်သတိရမိသွားတယ်။ ကြွေးမဆပ်နိုင်လို့ လူမိုက်တွေ ထိုးကြိတ်ခံရပြီး ဒဏ်ရာဗရပွနဲ့ မူးပြီး၊ စုတ်ပြတ်ပြီး လမ်းဘေးမှာလဲနေတဲ့ ဦးမိုးနိုင်ကို တွေ့တော့ မောင်မောင် တော်တော်ခံစားသွားရတယ်။ တခြားတစ်ယောက်ကို ဖဲလိမ်ရိုက်ပြီး ဦးမိုးနိုင်ကို အဆင်ပြေအောင် ပြန်လုပ်ပေးမယ်ပြောတော့ သူမိုက်လို့ သူဒီလိုခံရတာ။



သူ့ကြောင့် အခြားတစ်ယောက် ဒီလိုမဖြစ်ပါစေနဲ့တဲ့။ မောင်မောင် ဆုံးဖြတ်ချက်ချလိုက်တယ်။ မိုးမခရဲ့ဘဝကို သူစောင့်ရှောက်မယ်ပေါ့။ မောင်မောင်က မိုးမခကို လက်ထပ်ချင်တယ်လို့ ဖွင့်ပြောတော့ မိုးမခ အံ့သြသွားတယ်။ မောင်မောင့်ရဲ့စိတ်ဓာတ်ကိုလည်း လေးလေးစားစား ချစ်မိသွားတယ်။ မေ့မရအောင်မုန်းပေမယ့် မုန်းမရနိုင်အောင် ချစ်မိသွားတယ်။

ဦးမိုးနိုင်ရဲ့စိတ်ထားကို သဘောကျသွားတဲ့အတွက် မောင်မောင် ဖဲလိမ်ရိုက်တဲ့အလုပ်ကို ရာသက်ပန်စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်တယ်။ သူ့ရဲ့အပြစ်တွေကိုလည်း တစ်ချိန်ချိန်မှာ ဖွင့်ပြောဖို့ စဉ်းစားထားတယ်။

မိုးမခရဲ့အတိတ်ကို ပြန်စဉ်းစားလိုက်တယ်။ အဖေရယ်၊ အမေရယ် ပျော်စရာမိသားစုဘဝလေး။ အဖေ ဖဲနိုင်လာပုံ၊ သူ့ကိုစတိုးဆိုင်လေးဖွင့်ပေးပုံ၊ တစ်စတစ်စ



www.burmeseclassic.com

www.burmeseclassic.com






ဖဲရှုံးလာပုံ၊ အိမ်ဂရန်ပေါင်ဖို့ဆိုပြီး အိမ်ဂရန်လာယူတော့ အမေနဲ့ နှစ်ယောက် အဖေ့ကိုတားပုံ၊ အမေ့ကို အဖေက ဒေါသနဲ့လက်ပါခဲ့ပုံ၊ တားမရဘဲ အိမ်ဂရန်ပါသွားပုံ၊ ရုံးငွေတွေ အလွဲသုံးစားလုပ်လို့ အဖေထောင်ကျသွားပုံ၊ အမေနေမကောင်းဖြစ်လို့ စိတ်ညစ်ရပုံ၊ အပျိုစင်ဘဝ အဖျက်ဆီးခံရပုံ၊ ကြေးစားဘဝရောက်ခဲ့ရပုံ၊ မောင်မောင့်အား မေ့မရအောင် မုန်းခဲ့ရပုံ၊ မောင်မောင့်ရဲ့ ရိုးသားမှု၊ ကြင်နာတတ်မှုတွေကြောင့် မုန်းမရအောင်ချစ်ခဲ့ရပုံတွေ။

မောင်မောင်ကတော့ သူခုံးဖြတ်ထားတဲ့အတိုင်း မိုးမခကို လက်ထပ်ဖို့ရက်မတိုင်ခင်မှာ မိုးမခနဲ့ ဘုရားဖူးသွားရင်း ဘုရားမှာ သူ့အပြစ်တွေကို ဖွင့်ပြောပါတယ်။ မိုးမခ ဘာမှပြန်မပြောပါ။ မျက်ဝန်းထဲမှာ မျက်ရည်တွေအပြည့်နဲ့ စိုက်ကြည့်ပြီး နားထောင်ခဲ့တယ်။

နောက်တစ်နေ့မှာတော့ မိုးမခဟာ စာတစ်စောင်ရေးပြီး မောင်မောင်မရှိခိုက် မောင်မောင့်အိမ်မှာ အဲဒီစာကို ဓားမြှောင်တစ်ချောင်းနဲ့အတူ သွားထားခဲ့ပါတယ်။ စာထဲမှာ ဘာတွေရေးထားလဲဆိုတာ ပရိသတ်ကြီး သိချင်မှာပါပဲ။ ဘာတွေရေးထားမှန်း မသိပေမယ့် အဲဒီစာဖတ်ပြီး မောင်မောင်ဟာ မိုးမခ ထားခဲ့တဲ့ ဓားမြှောင်နဲ့ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားခဲ့ပါတယ်။

ဦးဝင်းမြိုင် ([illegible])

www.burmeseclassic.com

www.burmeseclassic.com





# ထက်ထက် ဟာသများ



## မမြင်ဘူးလား



အလုပ်တိုက်တစ်တိုက်ရှေ့သို့ အမျိုးသားတစ်ဦး ရောက်လာ၏။

**အမျိုးသား။** ။ လမ်းစရိတ်ပြတ်သွားလို့ကူညီပါဦး။

အမျိုးသားက တကယ်ဖြစ်ဟန်မတူပါ။ သို့ပေမယ့် အကြွေး တောင်းသလိုမျိုး တောင်းနေရာ မည်သူမှ မထည့်ချင်ကြပေ။

**အမျိုးသား။** ။ ဒါဆိုလည်း ကျုပ်ဗိုက်ဆာလို့ ကျွေးကြဦး။

သည်တော့ အမျိုးသားကြီးတစ်ယောက်က စိတ်တိုတိုနှင့် ပြောလိုက်တော့သည်။

**အမျိုးသားကြီး။** ။ ကျုပ်တို့တောင်စားစရာမရှိလို့ ရေပဲထိုင်သောက်နေကြတာလေ၊ ခင်ဗျား မမြင်ဘူးလား။

အမျိုးသားလည်း မြန်မြန်ပြန်လှည့်ထွက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com


# ခွင့်လွှတ်ရမှာလား

လွန်စွာကြင်နာစိတ်ရှိသော အမျိုးသားကြီးတစ်ဦးသည် ငွေကြေးချို့တဲ့သူ သားအဖနှစ်ယောက်လာတိုင်း စေတနာဖြင့် ပေးကမ်းတတ်၏။

**အမျိုးသားကြီး။** ။ ကြည့်ပါဦးကွယ်၊ သူတို့ ဘာကိုလုပ်ကိုင်စားနိုင်ကြပါ့မလဲ၊ အဖေက ဒုက္ခိတ၊ ကလေးက လူမမည်အရွယ်လေး၊ ပညာတောင် သင်နိုင်မှာမဟုတ်ဘူး၊ ယောကျ်ား အပြင်ကိုရောက်နေရင်လည်း ထည့်လိုက်ကြပါကွယ်၊ သနားပါတယ်။

အမျိုးသားကြီးသည် တိုက်ခန်းပေါ်မှနေ၍ ကလေးငယ်အား မော့ကြည့်ရန် လှမ်းခေါ်လိုက်၏။

**ကလေးငယ်။** ။ ပစ်ချလိုက်.. ပစ်ချလိုက်စမ်း။

**အမျိုးသမီး။** ။ ဟယ်...ကလေးက ရိုင်းလိုက်တာ။

**အမျိုးသားကြီး။** ။ သြော်ကွယ်....ကလေးပဲ၊ ခွင့်လွှတ်လိုက်စမ်းပါ၊ ရော့.. ရော့ ကလေး၊ သေသေချာချာကောက်ယူနော်။

အမျိုးသားကြီးပစ်ချလိုက်သောငွေကို ကလေးငယ်က ကောက်ယူကြည့်ပြီး ပြောလိုက်ပုံကတော့.....

**ကလေးငယ်။** ။ ဟင်း..ပိုက်ဆံကတစ်ရာ၊ စုတ်ကစုတ်သေး၊ စေတနာမရှိရင်လည်း မပေးကြပါနဲ့လား၊ တောက်.....။



www.burmeseclassic.com



# မေ့သွားလို့ပါ



တစ်ခါက အမျိုးသားတစ်ဦးသည် အိမ်သို့ပြန်လာရာ အိမ်တံခါးသော့ခတ်ထားသည်ကို တွေ့ရ၏။

**အမျိုးသား။** ။ တောက်…ဒီမိန်းမ ဘယ်လျှောက်သွားနေပြီလဲမသိဘူး၊ ဒီအချိန်ပြန်လာတာ သိသားနဲ့၊ လာပေ့စေဦး။

**ဒရိုင်ဘာ။** ။ ဆရာ ဆရာ့အမျိုးသမီးက ရုံးမှာ ကျန်ခဲ့တယ်မဟုတ်လား။

အမျိုးသားကြီးလည်း ဇဝေဇဝါဖြင့်.....

**အမျိုးသားကြီး။** ။ သူက ရုံးကိုဘာလိုက်လုပ်တာလဲ။

**ဒရိုင်ဘာ။** ။ ဆရာပဲ မနက်ကခေါ်လာတာလေ၊ ဆရာကတော်နဲ့ အလုပ်သွားကြတာမဟုတ်လား။

သည်တော့မှ အမျိုးသားကြီးလည်း ရုံးသို့ပြန်ပြီး ဇနီးဖြစ်သူအား ပြန်ခေါ်ရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



# ဝယ်စရာလား

အမျိုးသမီးတစ်ဦးသည် အလုပ်ကိစ္စဖြင့် ရန်ကုန်သွားရင်း သူ့ကလေးငယ်သုံးယောက်ပါ ကိုရင်ဝတ်ဖြင့်ခေါ်လာ၏။ မီးရထားပေါ်တွင်ဖြစ်ရာ.....

**ခရီးသည်။** ။ ကိုရင်တွေ ပင်ပန်းလိုက်တာရှင်။

**အမျိုးသမီး။** ။ သူ့အဘွားကို ပြချင်လို့ပါ၊ ရန်ကုန်ရောက်မှ သင်္ကန်းချွတ်ပေးရမယ်။

ဘူတာတစ်ခုသို့ ရောက်သည့်နောက် အမျိုးသမီးက သူမ၏ ကလေးများကို ခရီးသည်များနှင့် အပ်ထားခဲ့ပြီး ဆင်းသွားသည်။ ရထားထွက်သံကြားသည်နှင့် ...

**ခရီးသည်။** ။ ဒုက္ခပဲ၊ ကိုရင်လေးတွေအမေလည်း ပြန်မလာသေးဘူး

**ခရီးသည်။** ။ ဘယ်လိုလုပ်ကြမလဲ၊ တွဲစောင့်ကို အကြောင်းကြားရမှာပေါ့။

ခရီးသည်များလည်း ယောက်ယက်ခတ်သွားကြသလို ကိုရင်လေးများမှာလည်း မိခင်ပျောက်သောကြောင့် ဝက်ဝက်ကွဲအော်ငိုကြတော့၏။ တစ်တွဲလုံး ဆူညံနေကြသည်။ ရထားကြီးသည်လည်း ဆက်မထွက်နိုင်သေးဘဲ ကိုရင်လေးများ၏ မိခင်ကို စောင့်နေကြရ၏။ ခဏအကြာတွင် အမျိုးသမီးတစ်ယောက် တွဲပေါ်သို့ မောမော ပန်းပန်းပြေးတက်လာသည်။



**တွဲစောင့်။** ။ ခင်ဗျားက ဘယ်သွားနေတာလဲ။

**အမျိုးသမီး။** ။ ကိုရင်တွေ လူဝတ်လဲရင် ဝတ်စရာပါမလာလို့ စွပ်ကျယ်လေးတွေသွားဝယ်တာပါရှင်။

ထက်ထက်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


''အစ်မ မခင်မြင့်ရေ.....''

အသံအကျယ်ကြီးနှင့် အိမ်ရှေ့ခြံဝင်းထဲမှအော်သံကြောင့် ကျွန်မလည်း အခန်းအပြင်ဘက်မှ အိမ်ရှေ့ခန်းသို့ ထွက်၍ကြည့်လိုက်၏။ အမေလည်း အိမ်ရှေ့ခန်းမှ ခြံဝင်းထဲအထိ ပြေးဆင်းသွားသည်။ အိမ်ရှေ့တွင် အထုပ်အပိုးများကိုလွယ်ပြီး လက်နှစ်ဖက်တွင်လည်း ဆွဲခြင်းနှစ်လုံးအား ဆွဲလာသည့် သန်သန်မာမာ လူလတ်ပိုင်းယောကျ်ားတစ်ဦးအား တွေ့လိုက်ရသည်။

''နယ်ထိန်းကြီးပါလား''

အမေက ပြောလိုက်၏။

''အစ်မရေဟိုဘက်လမ်းထဲမှာ အစ်မနာမည်လိုက်မေးနေတဲ့အစ်မနှစ်ယောက်ကိုတွေ့လို့ အစ်မအိမ်ကို လိုက်ပို့တာ''

နယ်ထိန်းကြီးဆိုသူက ရှင်းပြလိုက်သည်။ သူ့နောက် အတော်ကြာမှ အမျိုးသမီးနှစ်ဦး အိမ်ခြံထဲဝင်လာသည်ကိုတွေ့ရသည်။ အမေ၏အစ်မ မခင်စန်းနှင့်သူ၏သမီးဖြစ်သူ မသင်းတို့ကို တွေ့ရသည်။ သူတို့၏လက်ထဲတွင်လည်း အထုပ်များကို တွေ့ရသည်။

''အဒေါ်တို့အိမ်ကို မမှတ်မိလို့ ဟိုဘက်လမ်းထဲလိုက်မေးတော့ ဘယ်သူမှမသိဘူးဖြစ်နေတာ၊ ဒီအစ်ကိုက ဒီဘက်လမ်းထဲမှာရှိတယ်ဆိုပြီး လိုက်ပို့လို့ တော်သေးတာပေါ့''

''ညည်းတို့ကလည်း ငါ့အိမ်ကို မမှတ်မိတော့ဘူးလား''

အမေက ပြန်မေးလိုက်သည်။

''လမ်းတွေကလည်း ဆင်တူနေတော့ အမှတ်မှားသွားတာပေါ့၊ အမေကလည်း နေမကောင်းလို့ ဆေးကုလာတာ၊ အထုပ်တွေနဲ့ မနိုင်မနင်းဖြစ်နေတာ၊ ဒီအစ်ကို လိုက်ပို့လို့ တော်သေးတာပေါ့''

''နယ်ထိန်းကြီးကတော့ တွေ့တဲ့လူတွေကို အမြဲကူညီနေတာပဲ၊ ကျေးဇူးပဲနော်''

အမေက ပြောလိုက်သည်။

''ရပါတယ် အစ်မရယ်၊ အခက် အခဲဖြစ်တဲ့လူတွေကို ကူညီရတာကို ပျော်ပါတယ်''

''လာ.....အိမ်ပေါ်တက်ကြ''

''ကျွန်တော်တော့ အလုပ်ရှိလို့ သွားလိုက်ဦးမယ်''

နယ်ထိန်းက နှုတ်ဆက်၍ လှည့်ပြန်ရန် ဟန်ပြင်လိုက်၏။

''နယ်ထိန်းကြီးလည်း အိမ်ပေါ်တက်ပြီး ရေနွေးကြမ်းလေး သောက်ပါဦး''

''မသောက်တော့ဘူး အစ်မရယ်၊ သွားစရာရှိလို့ပါ၊ နောက်လိုအပ်ရင်လည်း ခေါ်ပါ''

အမေ၏အစ်မဖြစ်သူသည် ကျန်းမာရေးမကောင်းသဖြင့် နယ်မှ ဆေးကုရန်အတွက် မြို့သို့လာရောက်ခြင်းဖြစ်သည်။ ကျွန်မတို့ငယ်စဉ်က မကြာခဏရောက်သော်လည်း ကျွန်မတို့ အလယ်တန်းရောက်သည့်နှစ်များတွင် ရောက်ရှိခြင်းမရှိတော့ပေ။ မြို့၏ထုံးစံအတိုင်း ပြောင်းလဲမှုများရှိသည့်အတွက် ကျွန်မတို့အိမ်အား မရောက်နိုင်ဘဲ လမ်းမှားနေခြင်းဖြစ်သည်။

အမေ၏အချစ်ဆုံးအစ်မ ဖြစ်သည့်အတွက် ၎င်းလာရောက်ခြင်းကို အမေတစ်ယောက် ပျော်နေ၏။

---

**နယ်ထိန်းကြီး၏နာမည်ကို တစ်လမ်းလုံးက မည်သူမှမသိသော်လည်း နယ်ထိန်းကြီးဆိုလျှင်ကား လူတိုင်းသိကြသည်။ နယ်ထိန်းကြီးသည် မည်သည့်အဖွဲ့အစည်းကမှန်း ကျွန်မအနေဖြင့် လုံးဝမသိပါ...**

www.burmeseclassic.com



အမေ၏အစ်မကိုကူညီသော နယ်ထိန်းကြီးကိုလည်း အမေက ကျေးဇူးတင်သဖြင့် ပြောမဆုံးနိုင်အောင် ဖြစ်နေမိ၏။ လူမမာနှင့် ပစ္စည်းများအား ကူညီသယ်ပေးသောနယ်ထိန်းကြီးအား အမေ၏အစ်မနှင့် သမီးတို့ကလည်း ကျေးဇူးတင်၍မဆုံးနိုင်အောင် ဖြစ်နေသည်။

ကျွန်မ၏စိတ်ထဲတွင်နယ်ထိန်းကြီးဆိုသူအား ယင်းအချိန်မှစ၍ မှတ်မိနေမိသည်။ ထိုအချိန်က ကျွန်မသည် (၈)တန်းသို့ ရောက်ရှိနေပြီဖြစ်သည်။ နယ်ထိန်းကြီးဆိုသူအား လမ်းထဲတွင် မကြာခဏတွေ့ရပြီး အများပြည်သူကို အကူအညီပေးသည့် မြင်ကွင်းကိုသာ မြင်တွေ့နေရသည်။

လမ်းထဲကလူငယ်၊ လူကြီးများနှင့်လည်း ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံ၍ ပျော်ပျော်ပါးပါး နေထိုင်သူတစ်ဦး ဖြစ်ကြောင်း သိရသည်။ နယ်ထိန်းကြီး၏ နာမည်ကို တစ်လမ်းလုံးက မည်သူမှမသိသော်လည်း နယ်ထိန်းကြီးဆိုလျှင်ကား လူတိုင်းသိကြသည်။ နယ်ထိန်းကြီးသည် မည်သည့်အဖွဲ့အစည်းကမှန်း ကျွန်မအနေဖြင့် လုံးဝမသိပါ။ သူက ယူနီဖောင်းများ ဝတ်ဆင်ခြင်းလည်းမရှိသည့်အတွက်ကြောင့်ဖြစ်သည်။

+++

ကျွန်မတို့(၁၀)တန်းတက်ခါစတွင် စာများများလည်း များသည့်အပြင် အပြင်ကျူရှင်များလည်း တက်ရောက်ရသည်။ ကျောင်းသို့တက်သည့်အပြင် အပြင်ကျူရှင်ကျောင်း၌လည်း တက်ရသည်။

ကျွန်မမှာ အပြင်ကျူရှင်တွင် ခင်မင်သူ သူငယ်ချင်းတစ်ဦးတိုးလာသည်။ သူ၏အမည်မှာ သော်သော်စန်းဖြစ်သည်။ သူ၏အိမ်မှာ ကျွန်မ၏အိမ်နှင့် ရပ်ကွက်ချင်းမတူပေ။

တစ်နေ့ ကျူရှင်တက်နေစဉ် သော်သော်စန်းမှာ အတန်းထဲ၌ ခေါင်းမဖော်နိုင်အောင် ခေါင်းမူးနေသဖြင့် ကျွန်မက ကျူရှင်အပြီး၌ သူ၏အိမ်သို့ လိုက်ပို့ရသည်။ အချိန်မှာ ည ၈ နာရီခန့်ဖြစ်သွားသည်။ အနည်းငယ်မှောင်စပျိုးလာပြီဖြစ်သည့်အတွက် အိမ်ကိုအမြန်ပြန်လာသည်။

ထိုစဉ် ကျွန်မအား အမြဲတမ်းကျောင်းတွင်နှောင့်ယှက်သူ ဝင်းမောင်အောင်အား လမ်းတွင်အဖော်နှစ်ဦးနှင့်အတူတွေ့ရသည်။ ၎င်းသည် ကျောင်းမှ (၉)တန်းလောက်တွင် ထွက်ပြီး အပြင်လောကသို့ရောက်နေသည်။ ဝင်းမောင်အောင်မှာ အရက်မူးနေသည့်ပုံစံမျိုးဖြစ်နေသည်။

''သက်မာ ဘယ်ကပြန်လာတာလဲ''

အတင်းလိုက်မေး၏။ ကျွန်မမှာ စကားမပြောချင်သည့်အတွက် မြန်မြန်လျှောက်လာသည်။ ၎င်းက အားမလိုအားမရဖြစ်ပြီး အတင်းလိုက်လာသည်။ ကျွန်မမှာ အမြန်လျှောက်လာသော်လည်း သူတို့၏ ခြေလှမ်းကိုမလွတ်။ ဝင်းမောင်အောင်တို့က ကျွန်မ၏ရှေ့မှ ပိတ်ရပ်လိုက်သည်။

''သက်မာ စကားမပြောရင်တော့ လမ်းဖယ်မပေးနိုင်ဘူး''

ထပ်ပြော၏။ ကျွန်မက ဘာပြောရမှန်းမသိအောင် တုန်ချည်နေ၍ အရမ်းလည်းကြောက်နေသည်။ ဘာလုပ်ရမှန်းလည်းမသိအောင်ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com


"ဟော့.....ဘာဖြစ်လို့ မိန်းကလေးရှေ့က ပိတ်ရပ်ပြီး နှောင့်ယှက်နေတာလဲ"

အသံမာမာနှင့် မေးသံကိုကြားရသဖြင့် ကျွန်မမှာ အသံကြားရာဆီသို့ ကြည့်လိုက်၏။ နယ်ထိန်းကြီးကိုတွေ့ရသဖြင့် ဝမ်းသာ၍ အားတက်သွားသည်။ ဘာပြန်ပြောရမှန်းမသိဖြစ်နေ၏။

"ဟော့လူ.....ကိုယ်နဲ့မဆိုင်ရင် ကိုယ့်လမ်းကိုယ်သွား၊ ဒီမှာ ကျွန်တော့်ရည်းစားနဲ့ကျွန်တော် မပြေမလည်ဖြစ်နေတာ"

ဝင်းမောင်အောင်က ခပ်တည်တည်နှင့် ပြန်ပြောလိုက်သည်။

"ဒါက ငါ့တူမကွ၊ သူနောက်ကျနေလို့ ငါလာကြိုတာ"

အသံခပ်မာမာနှင့် နယ်ထိန်းကြီးက ပြန်ပြောလိုက်သည်။

"ဘာဆွေမျိုးလာစပ်တာလဲ၊ ကိုယ့်လမ်းကိုယ်သွား၊ မသွားရင် ဒီမှာတွေ့လား"

ဝင်းမောင်အောင်နှင့်အတူလာသူတစ်ဦးက ဓားထုတ်ပြ၍ခြောက်လိုက်သည်။ ဓားမှာ ဓားမြှောင်ဖြစ်သည်။

"ဒါ ငါ့တူမမို့လို့ ငါပြောတာကွ၊ ဖယ်မလား၊ မဖယ်ဘူးလား"

ထပ်၍ခပ်မာမာပြောလိုက်၏။ ထိုအခါ ဓားကိုင်ထားသူက ဓားနှင့်နယ်ထိန်းကြီးအား ပြေးထိုးလိုက်၏။ နယ်ထိန်းကြီးက ရှောင်၍ ဓားကိုလုပြီး ဓားဖြင့်ထိုးသူအား လက်သီးဖြင့် ထိုးလိုက်သည်။ လက်သီးဖြင့်အထိုးခံရသူမှာ ချက်ကောင်းမိ၍ တစ်ချက်တည်း မြေပေါ်ကျသွားသည်။

ကျန်တစ်ယောက်က အနားတွင်ရှိသော တုတ်ကိုကောက်၍ ရိုက်ရန်ပြင်စဉ် နယ်ထိန်းကြီးက ပြေးကန်လိုက်သဖြင့် အကန်ခံရသူမှာ လမ်းဘေးသို့ လဲကျသွားသည်။ ဝင်းမောင်အောင်မှာ ဘာလုပ်ရမှန်းမသိတော့ဘဲ နောက်ဆုတ်သွားသည်။

"ငါက ဒီရပ်ကွက်နယ်ထိန်းကွ၊ မင်းတို့ကို မိန်းကလေးကိုနှောင့်ယှက်မှု၊ ဓားကိုင်မှုနဲ့ဖမ်းလို့ရတယ်"

လေသံမာမာနှင့်ပြောလိုက်၏။

"ကျွန်တော်တို့ နောက်ကို မနှောင့်ယှက်တော့ပါဘူး"

အကန်ခံရသူကပြောလိုက်သည်။

"မင်းအဖေ ကိုဘမောင်ကိုလည်း ငါသိတယ်၊ ဟိုကောင့်အဖေ ကိုမြဒင်ကိုလည်း ငါသိတယ်၊ နောက် မင်းတို့နှောင့်ယှက်ရင် ဒီအမှုတွေနဲ့ပါပေါင်းပြီး အရေးယူမယ်"

"နောက် ကျွန်တော်တို့ မနှောင့်ယှက်တော့ပါဘူး"

"မင်းတို့ ဓားတွေဘာတွေကိုင်ပြီး လျှောက်မသွားကြနဲ့၊ နောက်ပြီးတော့ အရက်လည်းမသောက်ကြနဲ့ကွာ"

"လာ...သမီး သွားကြမယ်"

ကြောင်တောင်တောင်နှင့်ရပ်နေသော ကျွန်မအား ခေါ်လိုက်သည်။ ကျွန်မလည်း ဘာတစ်ခွန်းမှမပြောဘဲ နယ်ထိန်းကြီးနောက်သို့ လိုက်လာခဲ့သည်။ နယ်ထိန်းကြီးက ဝင်းမောင်အောင်တို့သုံးယောက်က ဆန့်ကျင်ဘက်အရပ်သို့ ပြန်သွားသည်ကို နောက်တစ်ချက်လှည့်ကြည့်ပြီး ကျွန်မနှင့်အတူ အိမ်ဘက်သို့ ပြန်လာခဲ့သည်။

"သမီး နောက်ကျလှချည်လား"

ကျွန်မအား လေပြည်နှင့်မေးလိုက်သည်။

"သမီး ကျူရှင်ကပြန်လာတာ၊ သူငယ်ချင်းနေမကောင်းလို့ သူ့အိမ်ကို လိုက်ပို့နေရလို့ နောက်ကျနေတာ"

"အေး...အေး၊ နောက်တော့ နောက်မကျစေနဲ့ကွယ်၊ ဒီဘက်က လူနည်းနည်းပြတ်တယ်၊ သမီးအမေတို့လည်း စိတ်ပူနေကြမယ်၊ မြန်မြန်လေးသွားရအောင်"

ထိုသို့ပြော၍ သွက်သွက်လေး ပြန်လာကြ၏။ ကျွန်မစိတ်ထဲတွင် နယ်ထိန်းကြီးအား ကျိတ်၍ကျေးဇူးတင်နေမိသည်။

"ဒီအကြောင်းတွေကို အမေ့ကို ဖြည်းဖြည်းမှပြန်ပြောနော်၊ လူကြီးဆိုတာ စိတ်ပူတတ်တယ်၊ နောက်ပြီး ဒီကောင်လေးတွေကိုလည်း သူ့မိဘတွေကို ဆုံးမရအောင် ပြောလိုက်ဦးမယ်"

ကျွန်မမှာ ကြောက်ရွံ့နေသည့်အတွက် ဘာမှပြန်မပြောချေ။ လမ်းထဲသို့ချိုးဝင်လိုက်သည်နှင့် အိမ်ပေါက်ဝ၌ အမေစောင့်ကြိုနေသည်ကို တွေ့ရသည်။ နယ်ထိန်းကြီးနှင့် ပြန်လာသော သမီးကိုတွေ့ရသဖြင့် စိုးရိမ်စိတ်နှင့် လှမ်းမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"နောက်ကျလှချည်လား သမီးရယ်"

"ဟုတ်တယ်၊ သူတို့ကျူရှင်နောက်ကျနေလို့ ကျွန်တော်လမ်းမှာတွေ့တာနဲ့ လိုက်ပို့တာ"

"သူတို့က (၁၀)တန်းဆိုတော့ အရေးကြီးတာပဲ၊ ကျူရှင်တက်ရ၊ ကျောင်းတက်ရနဲ့ အလုပ်ကိုရှုပ်နေတာပဲ"

"ဟုတ်တယ် အစ်မကြီးရေ၊ အခုခေတ်က အတော်ကိုကြိုးစားရတာ၊ ဒါနဲ့ ကျွန်တော်သွားဦးမယ်"

အမေ့အားနှုတ်ဆက်၍ ပြန်ထွက်သွားသည်။ ကျွန်မမှာ ဘာမှမပြောနိုင်ဘဲကျန်ရစ်ခဲ့၏။ နယ်ထိန်းကြီး၏ကျေးဇူးအား မမေ့နိုင်အောင်ပင် ဖြစ်နေမိ၏။ နောင်တွေ့ချိန်တွင်လည်း ဝင်းမောင်အောင်တို့ နှောင့်ယှက်သေးသလားဟု မေးသေးသည်။ ကျွန်မမှ မနှောင့်ယှက်တော့ကြောင်း ပြောပြ၏။ နယ်ထိန်းကြီးသည် ဆွေမျိုးပမာ စောင့်ရှောက်ရှာသည်ကို ကျွန်မအနေနှင့် မမေ့နိုင်တော့ပါ။

+++

ကျွန်မတို့အိမ်နှင့် သုံးအိမ်ကျော်လောက်တွင် အမြဲတမ်းမူးနေသော ဦးလှမြင့်တို့မိသားစုနေထိုင်သည်။ ဘာမှအလုပ်အကိုင် မည်မည်ရရမလုပ်ဘဲ မိန်းမလုပ်စာကိုထိုင်စားနေသဖြင့် တစ်ရပ်ကွက်လုံးက ဦးလှမြင့်ကို ကြည့်၍မရပေ။ ဦးလှမြင့်၏ အမွေဆိုင်အိမ်ဖြစ်သည့်အတွက် ဦးလှမြင့်မျက်နှာနှင့် နေထိုင်ရသည့် ၎င်း၏မိသားစုမှာ ၎င်းအား ပြန်၍မလှန်ရဲကြပေ။

ပတ်ဝန်းကျင်ကို ဘာမှမပြောရဲသော်လည်း မိသားစုအား ခွေးနိုင်ဝက်နိုင် နိုင်သည်။ အရက်မူးလာလျှင် အိမ်တွင် အမြဲတမ်းဆူပူနေသည်။ လွန်စွာဆိုးသွမ်းမူးယစ်သောကြောင့် နယ်ထိန်းကြီးက မကြာခဏ လာရောက်၍ ထိန်းသိမ်းပေးရသည်။ နယ်ထိန်းကြီးပြောလျှင် ဦးလှမြင့်မှာ ချက်ချင်းဆိုသလို ပြုပြင်၍ သူမဟုတ်သလို နေပြ၏။ နယ်ထိန်းကြီးကျေးဇူးမှာ သူ့အပေါ် ဘယ် လောက်ရှိသည်မသိ။

လွန်ခဲ့သောတစ်လခန့်က မူးကြောင်မူးကြောင်နှင့် အမူးလွန်၍ လမ်းဘေးတွင် လဲနေသည်ကို နယ်ထိန်းကြီးကထမ်း၍ အိမ်ကိုပို့ပေးသဖြင့် အသက်မသေဘဲ ယခုကဲ့သို့ဆက်၍မူးနိုင်နေခြင်းဖြစ်သည်။

အချိန်အခါမှာ ဆောင်းတွင်းဖြစ်သည့်အတွက်သေသွားနိုင်သည်ကို ၎င်းအမူးပြေသည့်အချိန်မှ သဘောပေါက်သွားသည်။ ၎င်း၏မိသားစုမှာလည်း ဦးလှမြင့်သေသွားလျှင် အိမ်မှဆင်းသွားရမည့်ဒုက္ခမှလည်း လွတ်သွားသည်။ နောင်တွင်လည်း ယခုကဲ့သို့ ခွက်ကျွတ်လက်လွတ် မမူးတော့ချေ။ အိမ်နားနီးချင်းများမှာလည်း ၎င်းမူးယစ်အော်ဟစ် ဆဲဆိုသည့်ဒဏ်မှ လွတ်သွားသည်။

ဦးလှမြင့်မှာ ထိုအချိန်မှစ၍ ဘုရားနားကျောင်းနားသို့ သွားရမှန်းသိတော့သည်။ ၎င်းမိသားစုများမှာ နယ်ထိန်းကြီးအား ကျေးဇူးတင်မဆုံးနိုင်အောင်ပင် ဖြစ်နေသည်။ ဦးလှမြင့်တွင် သားသုံးယောက်နှင့် သမီးတစ်ယောက်ရှိသည့်အနက် သားနှင်



www.burmeseclassic.com



ယောက်မှာ ဦးလှမြင့်ကဲ့သို့ပင် ပြောမကောင်းဆိုမကောင်းသူများဖြစ်သည်။ သို့ရာတွင် ၎င်းတို့မှာ နယ်ထိန်းကြီးအား ရိုသေလေးစားကြပြီး နယ်ထိန်းကြီးက တော်ဆိုလျှင်တော်ကြသူများဖြစ်ကြသည်။ ရန်အလွန်ဖြစ်သူများဖြစ်သော်လည်း နယ်ထိန်းကြီးက ထိန်းနိုင်သောသူများဖြစ်သည်။

ကျွန်မတို့လမ်းထဲရှိ ဦးဘမောင်၏အိမ်တွင် ဖောက်ထွင်းမှုဖြစ်သဖြင့် ရဲများရောက်လာပြီး စစ်ဆေးကြသည်။ နယ်ထိန်းကြီးမှာ အရပ်ဝတ်နှင့်ရောက်လာပြီး ကူညီစုံစမ်းသည်ကို တွေ့ရသည်။ ရဲများက ဦးလှမြင့်၏သားနှစ်ဦးအား မသင်္ကာ၍ ဖမ်းဆီးစစ်ဆေးမည်ဟုပြုသည်။ နယ်ထိန်းကြီးက ၎င်းတို့ဘက်မှ ရဲရဲတာဝန်ယူကာ ၎င်းတို့မခိုးကြောင်း ထောက်ခံသဖြင့်ဖမ်းဆီးခြင်းမှလွတ်ကင်းသော်လည်း စောင့်ကြည့်ခြင်းခံရသူများဖြစ်သည်။

နယ်ထိန်းကြီးက ၎င်းခိုးမှုအားလည်း ခဲခဲယဉ်းယဉ်း ဖော်ထုတ်ပေးခဲ့ပေသည်။ နောက်ဆုံးတွင် ခိုးမှုမှာ အိမ်တွင်းခိုးမှုဖြစ်ကြောင်း ပေါ်ပေါက်သွားသည်။ အိမ်ပိုင်ရှင်၏သားနှင့် ချွေးမတို့က ၎င်းတို့အား အမွေမပေးခြင်းနှင့်ပတ်သက်၍ မကျေနပ်ဖြစ်ကာ အခြားသူမှ ယူသယောင်ပြု၍ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း နယ်ထိန်းကြီးက ဆက်စပ်ဖော်ထုတ်ပေးခဲ့ပေသည်။

တစ်လမ်းလုံးမှ နယ်ထိန်းကြီးအား လက်ဖျားခါသွားသည့်အပြင် ရဲစခန်းကလည်း ချီးကျူး၍မဆုံးနိုင်အောင်ဖြစ်နေသည်။ နယ်ထိန်းကြီးနှင့် လမ်းထဲကလူများမှာ တစ်သွေးတည်းတစ်သားတည်း ဖြစ်နေကြသည်။

+++

ကျွန်မတို့လမ်းနှင့် တစ်လမ်းကျော်တွင် လူတစ်ယောက်အသတ်ခံရသည့်သတင်းကြားရ၍ လမ်းထဲရှိလူများမှာ တုန်လှုပ်နေကြသည်။ ဘယ်ကလာသည့်လူမှန်းမသိ၊ ဘာကြောင့်သေမှန်းမသိ ဖြစ်နေသည့်အတွက် တစ်ရပ်ကွက်လုံး ရဲများက နေရာအနှံ့ စုံစမ်းနေကြသည်။ လမ်းထဲမှလူများမှာလည်း တော်ရုံတန်ရုံ အပြင်မထွက်ကြတော့ပေ။ ၎င်းတို့အား မသင်္ကာအဖြစ်မခံနိုင်သည့်အတွက်ကြောင့်ဖြစ်သည်။

ဦးလှမြင့်၏သားများမှာလည်း အိမ်ထဲတွင် ကုပ်နေကြသည်။ ၎င်းလူသတ်မှုအကြောင်းကို ပြောမဆုံးနိုင်အောင် ဖြစ်နေသည်။ သေသူမှာ အသက် (၃၀)ခန့်ရှိပြီး လွယ်အိတ်တစ်လုံးပါ၍ အဝတ်အစားတစ်စုံနှင့် ဦးထုပ်တစ်လုံးသာပါသည်ဟု ပြောသည်။ ဘာအထောက်အထားမှ မကျန်ရစ်ခဲ့ချေ။ ရပ်ကွက်လူကြီးနှင့် ရပ်ကွက်ထဲရှိ မသင်္ကာသတင်းရရှိသူများမှာ ရဲစခန်းသို့ မကြာခဏသွားရောက်ပြီး အမှုနှင့်ပတ်သက်၍ စစ်ဆေးမှုများခံယူနေရသည်။

"အသတ်ခံရတဲ့သူကဓားဒဏ်ရာနဲ့လို့ပြောတယ်၊ နောက်ပြီးတော့ မှောက်လျက်နဲ့လို့ပြောတယ်"

လမ်းထဲမှ စပ်စုသူ ဒေါ်မြင့်၏ ပြောပြချက်အရ သိရသည်။

"ရဲတွေကတော့ ပြောတာပဲ မှောက်လျက်နဲ့ဆိုရင် ပေါ်တယ်လို့တော့ ပြောတာပဲ၊ ဒါပေမဲ့ အခုအချိန်အထိ သေတဲ့သူရဲ့နာမည်တောင် မသိဘူး"

"အေး...မြန်မြန်ပေါ်မှကောင်းမှာ၊ နို့မို့ဆိုရင် ကြောက်လန့်ပြီး လူတွေတောင် အပြင်မထွက်ရဲဘူး"

အမေက ဝင်ပြောလိုက်သည်။ လူသတ်မှုမှာ အားလုံး၏အာရုံထဲသို့ ရောက်နေသည်။ ဘယ်နေရာစုစု ဒီ သတင်းကိုသာ ပြောနေကြသည်။

နယ်ထိန်းကြီးကို ထိုအချိန်မှစ၍ ရပ်ကွက်ထဲ၌ မတွေ့ရပေ။ လူများမှာ နယ်ထိန်းကြီးကို မတွေ့ရသဖြင့် အားလျော့နေကြသည်။ ၎င်းအကြောင်းကို ၎င်းတို့ဘာသာ ထင်မိထင်ရာ ပြောနေကြသည်။ နယ်ထိန်းကြီး ဒီအမှုကို ဖော်ထုတ်ပေးမည်ဟု အားလုံးက ယူဆနေကြသည်။ ရဲများကလည်း ဥဒဟိုသွားလာ၍ စုံစမ်းနေကြသည်။ ထူးခြားသည်ကား လူသတ်မှုဖြစ်ပြီး သုံးလေးရက်အကြာတွင် အမှုကိုသိရသော်လည်း ယခုအမှုမှာ နှစ်ပတ်ကျော်သည့်အထိ ဘာမှစုံစမ်းမရသည့်အတွက် ရဲတပ်ဖွဲ့ကလည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

နှစ်ပတ်ကျော်လောက်မှ နယ်ထိန်းကြီးအား ရပ်ကွက်ထဲတွင်တွေ့ရ၍ ရပ်ကွက်နေသူများမှ ဘယ်သွားနေလဲဟု မေးမြန်းရာ သင်တန်း

www.burmeseclassic.com

www.burmeseclassic.com



သွားတက်နေကြောင်း သိရသည်။ နယ်ထိန်းကြီးကလည်း သင်တန်းမှ ပြန်ရောက်ရောက်ချင်း ရပ်ကွက်ထဲသို့ စုံစမ်းမှုပြုသည်။ မထင်မှတ်သော နေရာများမှ သတင်းများကိုလည်း စုံစမ်းသည်။ သူနှင့်ခင်မင်သောသူများကလည်း သတင်းအစအနများကိုပေးသည်။ သူကလည်း မနားမနေဆောင်ရွက်၏။

"နယ်ထိန်းကြီး ကျွန်တော် သတင်းတစ်ခုရတယ်၊ ဒီသတင်းက ဟုတ်ချင်လည်းဟုတ်မယ်၊ မဟုတ်ချင်လည်းမဟုတ်ဘူး"

"ဘာသတင်းလဲကွ ဘမောင်ရ"

"လူသတ်မှုနဲ့တော့ ဆက်စပ်မယ်ထင်တယ်"

"ဟုတ်လား၊ ပြောစမ်းပါဦး"

"သေသွားတဲ့သူက အနောက်ပိုင်းထဲက ဦးမြမောင်ရဲ့အိမ်ကိုမသေခင်တစ်ရက်က ညအမှောင်ထဲမှာ လာသွားတယ်လို့ အဲဒီနားက အိမ်နားနီးချင်းတစ်ယောက်ကပြောတယ်"

"ဘယ်သူပြောတာလဲ"

"ပြောတဲ့သူကိုတော့ နာမည်မပြောပါရစေနဲ့၊ ကျွန်တော့်ကိုခင်လို့ပြောထားတဲ့ဟာ"

ဘမောင်က ပြောလိုက်သည်။ နယ်ထိန်းကြီး၏ခေါင်းထဲတွင် ဦးမြမောင်နှင့်ပတ်သက်၍ စဉ်းစားကြည့်မိသည်။ ဦးမြမောင်နာမည်မှာအရပ်ထဲတွင် သိပ်မထွက်။ ရပ်ကွက်ထဲတွင်လည်း အနေမများ။ တလောတုန်းက ကချင်ပြည်နယ်ဘက်သို့ ကျောက်တူးသွားကြောင်း သိရ၏။ ဘာပဲဖြစ်ဖြစ် စုံစမ်းရမှာပဲ။ အစအနရတုန်း အတင်းဆွဲရမှာပဲဟု နယ်ထိန်းကြီးစိတ်ထဲ တွေးလိုက်သည်။

ဦးမြမောင်၏အိမ်ပတ်လည်သို့ မယောင်မလည်နှင့်သွားကြည့်လိုက်သည်။ အိမ်သို့ လူဝင်လူထွက်များနေသည်ကို တွေ့ရသည်။ တစ်နေကုန် ထိုင်၍ကြည့်နေမိသည်။ ဦးမြမောင်အိမ်ထဲသို့ ပုပုကွကွလူတစ်ဦးနှင့် ပိန်ပိန်ရှည်ရှည်လူတစ်ဦးတို့ နံနက်စောစောပိုင်းတွင်တစ်ကြိမ်၊ ညနေပိုင်းတွင်တစ်ကြိမ် ဝင်ထွက်သွားလာမှုပြုသည်ကို တွေ့ရသည်။


၎င်းတို့နှစ်ယောက်နောက်သို့ လိုက်လံကြည့်ရှုရာတွင် မည်မည်ရရမရှိဘဲ ဘုရားထဲ၌ အချိန်ဖြုန်းပြီး ဦးမြမောင်အိမ်သို့ ပြန်လာသည်ကို တွေ့ရသည်။ ဦးမြမောင်တို့အိမ်မှာ နဂိုက စီးပွားရေးအဆင်မပြေသော်လည်း ယခုနောက်ပိုင်းတွင် စီးပွားရေးအဆင်ပြေနေသည်ကို တွေ့ရသည်။

"ခင်ဗျားတို့ကိစ္စ မပြီးသေးဘူးလား"

နယ်ထိန်းကြီးက ဦးမြမောင်အိမ်မှ ထွက်လာသောလူနှစ်ဦးအား လမ်းတွင်ဆုံသဖြင့် ခပ်တည်တည်နှင့် မေးလိုက်သည်။ လူနှစ်ဦးမှာ ကြောင်တောင်တောင်ဖြစ်သွားပြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

"ဘာကိစ္စလဲ"

နယ်ထိန်းကြီးအား ပြန်မေးလိုက်သည်။



"ကျောက်အရောင်းအဝယ်ကိစ္စလေ"

"အဆင်မပြေသေးပါဘူး"

"ဘာလဲ ပိုက်ဆံမရသေးဘူးလား"

ထပ်မံမေးလိုက်သည်။ ထိုအခါ ပုပုကွကွနှင့်လူက မသင်္ကာသလိုပြန်ကြည့်လိုက်သည်။

www.burmeseclassic.com

"ခင်ဗျား ဘယ်လိုလုပ်သိတာလဲ"

"ကျွန်တော်က ဦးမြမောင်ရဲ့ မိတ်ဆွေပါ၊ ခင်ဗျားတို့အကြောင်းကို ဦးမြမောင်ပြောလို့ သိနေတာပါ"

ခပ်တည်တည်နှင့်စကားနှိုက်လိုက်သည်။

"ဟုတ်လား၊ ဦးမြမောင်က ကြွေးတွေတင်နေလို့ မပေးနိုင်သေးတာလို့ ကျွန်တော်တို့ကိုပြောနေတာ"

ထိုသူက ပြန်ပြောလိုက်သည်။

"ခင်ဗျားတို့လို အကြွေးတောင်းတဲ့သူ လာသေးတယ်"

စကားအစ်ကြည့်လိုက်သည်။

"ဟုတ်လား၊ ပိန်ပိန်ပါးပါးနဲ့ လွယ်အိတ်အမြဲတမ်း လွယ်ထားတဲ့သူလေ၊ ခင်ဗျား မြင်ဖူးလား"

"မြင်ဖူးပါတယ်၊ သူ့နာမည်က ဘယ်သူလဲ"

"သောင်းတင်ကိုပြောတာနဲ့တူတယ်၊ ကျွန်တော်တို့နဲ့ကျောက်ကူးဖက်ပဲ"

"ဟုတ်လား၊ ဒါဆိုရင် သူ့ဓာတ်ပုံပြရင် မှတ်မိမှာပေါ့"

"မှတ်မိပါတယ်၊ သူ့မျက်နှာနဖူးတည့်တည့်မှာ မှဲ့ကြီးတစ်လုံးရှိတယ်"

"အဲဒါဆိုရင် ရှေ့နားက လက်ဖက်ရည်ဆိုင်မှာ ထိုင်ရအောင်၊ ကျွန်တော် သူ့ဓာတ်ပုံကိုပြမယ်"

ဟုသို့ပြော၍ လက်ဖက်ရည်ဆိုင်သို့ ခေါ်လာခဲ့၏။ လက်ဖက်ရည်ဆိုင်မှာ ကိုဝင်းတင်တို့ဆိုင်ဖြစ်ပြီး နယ်ထိန်းကြီး၏ ခင်မင်ရသော မိတ်ဆွေဖြစ်၏။ လက်တွဲဖော်လည်းဖြစ်သည်။

**မကောင်းမှုသည်
ဆိတ်ကွယ်ရာမရှိကြောင်း
သိသော်လည်း
ရမည်ထင်၍
ဦးမြမောင်တို့က
လုပ်ခဲ့သည်။
သို့သော်
ပတ်ဝန်းကျင်၏
ကောင်းမှုကြောင့်
သတင်းရ၍
ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်**

...

"လာ.....နယ်ထိန်းကြီး ထိုင်"

ဆိုင်ရှင်မှပြောသံကို ထိုလူနှစ်ဦး ကြားရချိန်တွင် မျက်နှာပျက်သွားသည်။

"လက်ဖက်ရည် သုံးခွက်လုပ်ဗျာ၊ ကျွန်တော်ကတော့ ကျဆိမ့်ပဲ၊ ခင်ဗျားတို့က ဘယ်လိုသောက်မှာလဲ"

"ကျွန်တော်တို့နှစ်ယောက်က ချိုဆိမ့်နဲ့ပုံမှန်ပဲ"

"ကဲ.....ဓာတ်ပုံပြမယ်ဗျာ"

ပြောပြီး အိတ်အတွင်းမှဓာတ်ပုံအား ထုတ်ပြလိုက်သည်။

"ဟာ...သောင်းတင်ကြီးပုံပဲ၊ ဒါလည်း သူ့လွယ်အိတ်ပဲ"

ပိန်ပိန်ရှည်ရှည်နှင့်လူက တအံ့တသြပြောလိုက်သည်။ နယ်ထိန်းကြီးကလည်း အစတစ်စ ဆွဲမိသွားသည့်အတွက် ဝမ်းသာသွားသည်။

"ဟုတ်လား၊ သူက ဒီလမ်းရဲ့ ဟိုဘက်လမ်းထိပ်မှာ အသတ်ခံရတာပဲ"

နယ်ထိန်းကြီးက ရှင်းပြလိုက်သည်။

"ဒါဆိုရင် ဦးမြမောင်တို့အိမ်ကို လာရင်းနဲ့ဖြစ်တာပဲ"

ပုကွကွနှင့်လူမှ သူ၏ထင်မြင်ချက်အား ပြောပြလိုက်သည်။

"ကိုမြမောင်တို့အိမ်ကို သူလည်း ခင်ဗျားတို့လို ပိုက်ဆံတောင်းရင်း လာတာနဲ့တူတယ်"

နယ်ထိန်းကြီးက စကားနှိုက်လိုက်သည်။ သူတို့နှစ်ယောက် ဘာ

www.burmeseclassic.com

www.burmeseclassic.com



မှပြန်မပြောဘဲ အပြန်အလှန် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

''ခင်ဗျားတို့ အမှန်အတိုင်းပြောရင်တော့ ကျွန်တော် အကူအညီပေးပါ့မယ်၊ ကျွန်တော်က ဒီရပ်ကွက်နယ်ထိန်းပါ''

ရှင်းပြလိုက်သည်။ လူနှစ်ဦးမှာ ဘာပြောရမှန်းမသိဖြစ်နေသည်။

''မင်းပဲရှင်းပြလိုက်ကွာ''

ပိန်ပိန်ရှည်ရှည်နှင့် လူက ပုကွကွနှင့်လူအား ပြောလိုက်၏။



''ကျွန်တော်တို့လေးယောက် ဂချင်ပြည်နယ်မှာ ကျောက်အောင်တယ်၊ အဲဒါကို ကိုမြမောင်ကကျောက်ကိုယူပြီး သွားရောင်းမယ်လို့ပြောပြီး ပြန်မလာလို့ ကျွန်တော်တို့ထက်အရင် သောင်းတင်ကြီးက ငွေသွားတောင်းတယ်၊ သူပြန် မလာသေးလို့ ကျွန်တော်တို့က နောက်က လိုက်ပြီးတောင်းတယ်၊ ကိုမြမောင်က သောင်းတင်ကြီး သူ့အိမ်ကိုမလာဘူးလို့ ပြောတယ်၊ ဒါပေမဲ့ သူ့အိမ်နားမှာပဲ အသတ်ခံရတာ သူမသိသလိုပြောနေတယ်''

ပုကွကွနှင့်လူက ပြောပြသည်။

''ကျွန်တော့်နာမည် ကတင်လှ၊ သူ့နာမည်က ကျော်ဝင်း''

ပုကွကွနှင့်လူကပြောပြသည်။ လူသတ်မှုမှာ ဦးမြမောင်အိမ်နှင့် ဆက်စပ်နေသည့်သတင်းမှာ ခိုင်မာသွားပေသည်။

''ခင်ဗျားတို့ ရဲစခန်းကို ခဏလောက်လိုက်ခဲ့ပါလား''

''ဟာဗျာ.....ကျွန်တော်တို့နဲ့ လူသတ်မှု ဘာမှမဆိုင်ပါဘူး''

''ဟုတ်ပါတယ်၊ ကျွန်တော်သဘောပေါက်ပါတယ်၊ ဒါပေမဲ့ ခင်ဗျားတို့နဲ့ ဆက်စပ်နေတယ်ထင်တယ်၊ လူသတ်မှုကို ဖော်ထုတ်ပေးဖို့ ခင်ဗျားတို့ ကူညီကြပါဦး''

''အေးဗျာ၊ ကျွန်တော်တို့ အပေါင်းအသင်းဖြစ်တော့လည်း ကူညီရမှာပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့နဲ့တော့ ဘာမှမပတ်သက်ဘူးနော်''

''ဟုတ်ပါတယ်၊ ကျွန်တော်တို့ ဆက်စပ်ပြီး ဖော်ထုတ်သွားပါ့မယ်၊ ကဲ.....လက်ဖက်ရည်သောက်ပြီးရင်တော့ ရဲစခန်းကို လိုက်ခဲ့ပါဦး''

နယ်ထိန်းကြီးကပြောရင်း လက်ဖက်ရည်ဆိုင်ရှင် ကိုဝင်းတင်အား မျက်ရိပ်မျက်ခြည်ပြလိုက်၏။ ဆိုင်အတွင်းမှ ကိုတင်လှ၊ ကျော်ဝင်း နှင့် နယ်ထိန်းကြီးတို့မှာ ပိုက်ဆံရှင်း၍ ထွက်ခဲ့ကြသည်။

၎င်းတို့နောက်မှ ဆိုင်ရှင်ကိုဝင်းတင်မှာ မလှမ်းမကမ်းမှလိုက်ခဲ့၏။ ရဲစခန်းသို့သွားသော တစ်လမ်းလုံးတွင် တစ်ဦးနှင့်တစ်ဦး ဘာမှမပြောဖြစ်ကြတော့ ..။ ရဲစခန်းသို့ နယ်ထိန်းကြီးတို့အဖွဲ့ဝင်သွားချိန်တွင် နယ်ထိန်းကြီးကလက်ပြလိုက်သဖြင့် လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုဝင်းတင်မှာ ၎င်း၏ဆိုင်သို့ ပြန်လာသည်။

လူသတ်မှုနှင့်ပတ်သက်၍ နယ်ထိန်းကြီး အစအနများ ဖော်ထုတ်ပုံကို လက်ဖက်ရည်ဆိုင်ပိုင်ရှင်ကို ဝင်းတင်၏ ပြောပြမှုကြောင့် တစ်ရပ်ကွက်လုံး ပြန်သိကြရသည်။ နယ်ထိန်းကြီးကတော့ ၎င်းလုပ်ဆောင်ချက်အား အများ[illegible]ကျူးမည်စိုးသဖြင့် မည်သူ့ကိုမှ ပြန်ပြောပြခြင်း မရှိပေ။

www.burmeseclassic.com

www.burmeseclassic.com



နယ်ထိန်းကြီးက
စုံစမ်းဖော်ထုတ်၍
တရားခံများအား
ဖမ်းဆီးဖော်ထုတ်
နိုင်သည်ကို
ရပ်ကွက်ထဲတွင်
ပြောမဆုံးနိုင်အောင်
ဖြစ်နေသည်။
သေဆုံးသူမှာ
တစ်နယ်သား
ဖြစ်သော်လည်း
ဝိုင်းဝန်းသတ်သူများမှာ
. . .

+++

အမှုမှာ ကိုကျော်ဝင်းနှင့် ကိုတင်လှတို့အား အချိတ်အဆက်များနှင့် စစ်ဆေးရာမှ ကျောက်အရောင်းအဝယ်နှင့်ပတ်သက်၍ ငွေမပေးချင်သဖြင့် ဦးမြမောင်တို့က သတ်ကြောင်းပေါ်ပေါက်၍ ဦးမြမောင်တို့အား လူသတ်မှုနှင့် ဖမ်းဆီးနိုင်ခဲ့သည်။

အချိတ်အဆက်မိမိနှင့် ဖော်ထုတ်နိုင်၍သာ ဦးမြမောင်တို့မှာ မငြင်းကွယ်နိုင်တော့ပေ။ ၎င်းတို့က ကျောက်ရောင်းရငွေကို အိမ်ဆောက်၊ လောင်းကစားလုပ်ရာမှ ရှုံး၍ ကျန်လူများအား ခွဲမပေးချင်သောကြောင့် သတ်ခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။ မကောင်းမှုသည် ဆိတ်ကွယ်ရာမရှိကြောင်း သိသော်လည်း ရမည်ထင်၍ ဦးမြမောင်တို့က လုပ်ခဲ့သည်။ သို့သော် ပတ်ဝန်းကျင်၏ကောင်းမှုကြောင့် သတင်းရ၍ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးချိန်တွင် ဦးမြမောင်၏သားဖြစ်သူ ဘဝင်းက ရဲတပ်ဖွဲ့ဝင်များအား ပြန်လည်ခုခံသဖြင့် နယ်ထိန်းကြီးက ထိုးကြိတ်ဖမ်းဆီးရကြောင်း ရပ်ကွက်အတွင်းရှိ စပ်စုသူ ဒေါ်မြငွေမှတစ်ဆင့် ပြန်ပြော၍ သိရသည်။

နောက်ပိုင်းတွင် နယ်ထိန်းကြီးက စုံစမ်းဖော်ထုတ်၍ တရားခံများအား ဖမ်းဆီးဖော်ထုတ်နိုင်သည်ကို ရပ်ကွက်ထဲတွင် ပြောမဆုံးနိုင်အောင် ဖြစ်နေသည်။ သေဆုံးသူမှာ တစ်နယ်သားဖြစ်သော်လည်း ဝိုင်းဝန်းသတ်သူများမှာ ကျွန်မတို့ရပ်ကွက်ထဲမှဖြစ်သည်ကို သိရသည်။ နယ်ထိန်းကြီး၏အစွမ်းအား ရပ်ကွက်ထဲမှ ချီးကျူး၍မဆုံးနိုင်အောင် ဖြစ်နေသည်။

တစ်နေ့တွင် ကျွန်မသည် ရဲစခန်းဘက်သို့ ရောက်သွားစဉ် နှုတ်ဆက်သံကြား၍ လှည့်ကြည့်ရာ နယ်ထိန်းကြီးအား ရဲယူနီဖောင်းနှင့် တွေ့ရပြီး လက်မောင်းတွင် နှစ်ရစ်နှင့်တွေ့ရသည်။ ထိုအချိန်မှ နယ်ထိန်းကြီးသည် ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့မှ အရစ်နှစ်ရစ်ရှိသူ တပ်ကြပ်ရာထူးရှိသူဖြစ်ကြောင်း သိရသည်။


နယ်ထိန်းသည် ရဲတပ်ဖွဲ့၏ လူဆိုးထိန်းအခေါ်အဝေါ်ဖြစ်ကြောင်း ကျွန်မ သိရပေသည်။ ကျွန်မ၏ရင်ထဲတွင် နယ်ထိန်းကြီးအား နာမည်မသိသော်လည်း ရင်ထဲတွင် အမြဲတမ်းအမှတ်ရနေမည်သာဖြစ်သည်။ နယ်ထိန်းကြီးကဲ့သို့ ပြည်သူအားကိုးသော ရဲတပ်ဖွဲ့ဝင်များ များများပေါ်ပေါက်ပါစေဟု ဆုတောင်းမိ၏။

မျိုးမြင့်ကြိုင်(သင်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


နာဇီဂျာမန်လေတပ်မတော်မှ ဗုံးကြဲလေယာဉ်ပျံကြီးများ ပြန်လည်ထွက်ခွာသွားပြီးချိန်တွင် အရှေ့တစ်ခွင်မှ လင်းရောင်ပျို့အန်လာခဲ့ပြီဖြစ်သည်။ လန်ဒန်မြို့တော်၊ ကင်ဆင်တန်စကွဲယားပန်းခြံ ဒေသတစ်ဝိုက်ရှိ ထက်ကောင်းကင်ပြင်ဝယ် နက်မှောင်နေသော မီးခိုးများ တရစ်ခွေခွေတက်လျက်ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့ညက နာဇီဂျာမန် လေတပ်မတော်၏ ဗုံး ကြဲတိုက်လေယာဉ်ပျံကြီးများသည် တန်ပေါင်းများစွာသော ဗုံးများအား လန်ဒန်မြို့တော် ရပ်ကွက်ကြီးများသို့ ကြဲချခဲ့သောကြောင့်ဖြစ်၏။

ဝက်(စ်)အင်မြို့နယ်မှာလည်း မီးခိုးတလူလူတက်လျက်ရှိနေလေသည်။ လန်ဒန်မြို့တော်တစ်ဝိုက် ထက်ကောင်းကင်တွင် လင်းအရုဏ်ပျို့ချိန် တက်သစ်စ နေရောင်ခြည်၏ နီရဲသောအရောင်နှင့် မြေပြင်မှ တလိပ်လိပ်တက်နေသော မီးတောက်မီးလျှံများ၏ ရောင်ပြန်ဟပ်နေသော အရောင်တို့သည် မြင်ရသူများအဖို့ ခွဲခြားရခက်နေပေသည်။ ထိုနေ့မှာ ၁၉၄၄ ခု၊ မေလ ၄ ရက်နေ့ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့သည်မှာ သုံးနှစ်နီးပါးကြာမြင့်ခဲ့ပြီဖြစ်၏။ နာဇီဂျာမန် လေတပ်မတော်သည် ညစဉ်ညတိုင်း တန်ပေါင်းများစွာသော ဗုံးများကို လန်ဒန်မြို့တော်ရှိ ရပ်ကွက်အသီးသီးပေါ်သို့ ကြဲချခဲ့သဖြင့် ရပ်ကွက်ပေါင်းများစွာ၏ မြေပြင်တွင် ထောင်ပေါင်းများစွာသော ကျင်းများ၊ ချိုင့်များ၊ ရေအိုင်များ ပေါ်ထွန်းလျက်ရှိနေလေသည်။ များစွာသော အဆောက်အအုံများမှာ အမိုးမရှိ၊ အကာမရှိ၊ သံယက်မကြီးများ ထိုးထိုးထောင်ထောင်ဖြင့် အပျက်အစီးများဖြစ်နေလေသည်။

နံနက်လင်း၍ နာဇီဗုံးကြဲလေယာဉ်ကြီးများ ပြန်သွားသည်နှင့် မြေအောက်ဘူတာရုံများတွင်လည်းကောင်း၊ အိမ်များအောက်ဆုံးထပ် မြေအောက်ခန်းများတွင်လည်းကောင်း၊ ပန်းခြံများအတွင်းရှိ ဗုံးခိုကျင်းများတွင်လည်းကောင်း ပုန်းအောင်းနေကြသော မြို့သူမြို့သားများသည် အလျှိုအလျှို ထွက်လာကြပြီး မိမိတို့အလုပ်ခွင်များသို့ သွားကြသည်။ သတင်းစာရောင်းသမား၊ နွားနို့ပို့သူများလည်း လမ်းများပေါ်တွင် ရောက်ရှိလာကြ၏။ သူတို့သည် နိုင်ငံတော်၏ တာဝန်ရှိသူများ ချမှတ်ပေးသည့် လမ်းစဉ်အား ဆုပ်ကိုင်ထားကြပြီး ဖွဲကောင်းကောင်းနှင့် အသက်ရှင်ကျန်ရစ်နိုင်ရန် အားခဲထားကြ၏။

ဗြိတိသျှရေတပ်မတော် ထောက်လှမ်းရေးအဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး အိုင်ယန်ဖလင်းမင်း (ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသောအခါ ဂျိမ်းစ်ဘွန်းဝတ္ထုများ ရေးသားခြင်းဖြင့် ကမ္ဘာကျော်စာရေးဆရာကြီးဖြစ်လာသူ)သည် ဗြိတိသျှဘုရင့်ရေတပ်မတော်၊ ရေတပ်ဝန်ကြီးဌာန၊ ထောက်လှမ်းရေးအဖွဲ့ရုံးခန်းမှ ထွက်လာခဲ့ပြီးဝက်သစ်ချသားများဖြင့် မှန်ကူကွက်ပုံဖော်၍ ခင်းထားသော လူသွားစင်္ကြံအတိုင်း လျှောက်လာခဲ့သည်။

ဗြိတိသျှဘုရင့်ရေတပ်မတော်၊ ရေတပ်ဝန်ကြီးဌာန ထောက်လှမ်းရေးအဖွဲ့မှာ ထိုစဉ်က အထူးတလည် အလုပ်များနေသည့်အားလျော်စွာ စင်္ကြံဘေးနှစ်ဖက်ရှိ အခန်းများအတွင်းမှ စကားပြောသံ၊ လက်နှိပ်စက်ရိုက်သည့်အသံ၊ တယ်လီဖုန်းစကားပြောသံ၊ စာရွက်များ

www.burmeseclassic.com



ဖိုင်တွဲများထားသည့် သံမဏိဗီရိုအံဆွဲများဖွင့်သံ၊ စားပွဲကုလားထိုင်များ ရွှေ့ပြောင်းသည့်အသံများ ကြားနေရ၏။ ဒုတိယဗိုလ်မှူးကြီး အိုင်ယန်ဖလင်းမင်းသည် သူ့လက်ပတ်နာရီကို ကြည့်လိုက်ရာ ၇ နာရီထိုးရန် မိနစ်အနည်းငယ် လိုနေသေးသည်ကို တွေ့ရသည်။ သူ့လက်ထဲ၌မူ ချိပ်ပိတ်ထားသော ထိပ်တန်းလျှို့ဝှက်စာအိတ်ကို ကိုင်ထားသည်။ ယင်းစာအိတ်အတွင်း၌ ပြင်သစ်နိုင်ငံတော်လှန်ရေးအင်အားစုများထံမှ လျှို့ဝှက်သင်္ကေတဖြင့် ရေးသားထားသော အထူးအရေးကြီးသည့် စာတစ်စောင်ပါဝင်သည်။ ထိုစာ၏ လျှို့ဝှက်သင်္ကေတများကို ဖော်ထုတ်ရန် အခန်းနံပါတ် ၄၀၊ အထူးသင်္ကေတဖော်ထုတ်ရေးရုံးခန်းသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။

စင်္ကြံအဆုံး တံခါးပေါက်ကြီးတစ်ခု၏ရှေ့တွင် အိုင်ယန်ဖလင်းမင်းသည် ရပ်လိုက်သည်။ ထို့နောက်သူသည် တံခါးကို ညင်သာစွာခေါက်၍ လက်ကိုင်ဘုကိုလှည့်ကာ အခန်းအတွင်းဝင်ခဲ့သည်။ အခန်းအတွင်းရှိ ဘဲဥပုံစားပွဲနောက်ရှိ ကြီးမားသော ကုလားထိုင်ကြီးတွင် ထိုင်နေသည့် အသက် ၅၀ ကျော်ခန့်ရှိ ဗိုလ်မှူးကြီးသည်သူ့အား လုံးဝမော့မကြည့်။ သူ့ရှေ့ရှိ အထူးအရေးကြီးသော နိုင်ငံတကာမှ ဗြိတိသျှထောက်လှမ်းရေးသမားများ ပေး



ပို့သည့် သတင်းများကို စိတ်ဝင်စားစွာ ဖတ်နေသဖြင့် ဒုတိယဗိုလ်မှူးကြီး အိုင်ယန်ဖလင်းမင်း အခန်းအတွင်း ဝင်လာသည်ကို သတိပြုမိဟန်မတူ။ နောက်မှ ရုတ်တရက်မော့ကြည့်လိုက်ပြီး "ကောင်းသောနံနက်ခင်းပါ အိုင်ယန်ဖလင်းမင်း"ဟု နှုတ်ဆက်လိုက်၏။

အိုင်ယန်ဖလင်းမင်းကလည်း "ပြင်သစ်နိုင်ငံကလျှို့ဝှက်သင်္ကေတနဲ့ ပေးပို့လိုက်တဲ့ လျှို့ဝှက်စာပါ"ဟုဆိုကာ စာအား ဗိုလ်မှူးကြီးထံ လက်ကမ်းပေးလိုက်သည်။ ဗိုလ်မှူးကြီး၏ နံရံတစ်ဖက်၌ ချိတ်ဆွဲထားသော လျှို့

www.burmeseclassic.com


ဝှက်သင်္ကေတဖော်ထုတ်သည့် အခန်းနံပါတ် ၄၀ အား တည်ထောင်သူ ဗြိတိသျှဘုရင့်ရေတပ်မတော်မှ ထောက်လှမ်းရေးဌာနအကြီးအကဲ ရေတပ်ဗိုလ်ချုပ်ကြီး ဝီလျံဟော(လ်)၏ ဓာတ်ပုံအတွင်းမှ ဝီလျံဟော(လ်)ပုံသည် သူတို့နှစ်ဦးအား ငုံ့ကြည့်နေသည်ဟု ထင်မိသည်။ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်၍ ဓာတ်ပုံကြီး၏ ဆေးသားများမှာ မှေးမှိန်စပြုနေလေပြီ။ ဒုတိယဗိုလ်မှူးကြီး အိုင်ယန်ဖလီမ်းမင်းသည် ဗိုလ်မှူးကြီးအား အလေးပြုကာ အခန်းတွင်းမှ ထွက်ခဲ့သည်။

ဤအခန်းအမှတ် ၄၀ သည် ၂၀ ရာစုအစ ၁၉၁၄ ခုနှစ်ကပင် ယနေ့ထိ ကမ္ဘာ့သမိုင်းတွင် ဟိုးဟိုးကျော်ခဲ့သော အခန်းဖြစ်သည်သာမက မှတ်တိုင်တစ်တိုင်ထူခဲ့သော အခန်းဖြစ်၏။ ကမ္ဘာ့အရေးအခင်းများကို စောင့်ကြည့်သူများ၊ လေ့လာအကဲခတ်သူများ၊ ကမ္ဘာ့စစ်သမိုင်းသုတေသီများကမူ "၁၉၁၄–၁၉၁၈"ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်ကြီးတွင် ဗြိတိသျှနှင့် မဟာမိတ်တို့ အောင်ပွဲဆင်နိုင်ခြင်းမှာ ဤအခန်းကြောင့်ဖြစ်သည်ဟုဆိုကြသည်။ ဤအခန်းတွင်းမှလျှို့ဝှက်သင်္ကေတဖော်ထုတ်နိုင်သည့် ပါရဂူများသည် ထိုကာလက ဂျာမန်ကိုင်ဇာဘုရင်၏ စစ်ဆင်ရေးလျှို့ဝှက်ချက်များကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ ဤအခန်းအမှတ် ၄၀ ကြောင့်ပင် ပထမကမ္ဘာစစ်ကြီး၏ သမိုင်းကြောင်းကို ပြောင်းလဲစေခဲ့သည်။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလမှ စတင်ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်ကြီးသည် ၁၉၄၂ ခုနှစ် ရောက်သောအခါ နာဇီဂျာမန်တို့ အောင်ပွဲခံရန် သေချာသလောက်ဖြစ်ခဲ့သည်။ ဥရောပတိုက် နိုင်ငံအသီးသီးကို စစ်ကြီးစတင်ဖြစ်ပွားပြီး လပိုင်းအတွင်း သိမ်းယူနိုင်ခဲ့သည်။ ကမ္ဘာ့သမိုင်းတွင် အစဉ်အလာကြီးမားခဲ့သော ပြင်သစ်နိုင်ငံတော်ကြီးမှာ ရက်သတ္တပတ် ၆ ပတ်အတွင်း နာဇီဂျာမန်တို့ထံ လက်နက်ချခဲ့ကြရသည်။ အင်္ဂလန်နိုင်ငံ မှာမူ တစ်ကောင်ကြွက်နိုင်ငံဖြစ်ခဲ့ရသည်။

ဤအခန်းအမှတ် ၄၀မှထိပ်တန်းလျှို့ဝှက်သင်္ကေတဖော်ယူနိုင်သော ပါရဂူများကြောင့် နာဇီဂျာမန်တို့၏လျှို့ဝှက်စစ်ဆင်ရေးသတင်းများကို ဖော်ထုတ်နိုင်ခဲ့သဖြင့် ဒုတိယကမ္ဘာစစ်၏ဒီရေသည် မဟာမိတ်တို့ဘက်မှ မြင့်တက်လာခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြီး၏ သမိုင်းကြောင်းကို ပြောင်းလဲစေခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးစ စစ်အေးကာလ နိုင်ငံရေးတိုက်ပွဲများတွင်လည်း ထိုစဉ်ကာလက သံကန့်လန့်ကာဟု နာမည်ကျော်ခဲ့သော ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ(ယနေ့ရုရှား)ခေါင်းဆောင်သော အုပ်စုနိုင်ငံများ၏ ထိပ်တန်းလျှို့ဝှက်ချက်များကို ဤအခန်းအမှတ် ၄၀ မှ ဖော်ထုတ်နိုင်ခဲ့သဖြင့် အနောက်မဟာမိတ်နိုင်ငံများအဖို့ နိုင်ငံရေးအမြတ်ထုတ်နိုင်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးစကဆိုလျှင် ဤအခန်းအမှတ် ၄၀ နှင့်ပတ်သက်သည့် သည်းထိတ်ရင်ဖိုဖြစ်ရပ်များ၊ စွန့်စားခန်းများကို စာရေးဆရာများ၊ သတင်းစာဆရာများအဖို့ ရေးသားခွင့်မရခဲ့။ နောင် လျှို့ဝှက်ကာလ စည်းကမ်းသတ်မှတ်ချက် လွန်မှသာလျှင် ယင်းအခန်းအမှတ် ၄၀ အကြောင်း ရေးသားခွင့်ရခဲ့ကြရာ ယင်းအခန်းအမှတ် ၄၀ နှင့်ပတ်သက်သော ဖြစ်ရပ်များကို အခြေခံ၍ စာအုပ်များ လက်ဆစ်ချိုး၍ ရေတွက်မရအောင် ထုတ်ဝေနိုင်ခဲ့၏။ အမှန်အားဖြင့် ဤကဲ့သို့ လျှမ်း လျှမ်းတောက် ကျော်ကြားခဲ့သော အခန်းအမှတ် ၄၀ သည် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့ပြီး ရက်ပိုင်းအတွင်း အမှတ်မထင်ဖြစ်ပွားလာသော ထူးခြားဖြစ်စဉ်တစ်ခုကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်သည်ဟုဆိုလျှင် စာဖတ်သူများအဖို့ တအံ့တဩ ဖြစ်ကြမည်ဖြစ်သည်။

မှန်ပါသည်။ အင်္ဂလန်နိုင်ငံနှင့် မဟာမိတ်တို့သည် ဂျာမနီနိုင်ငံနှင့် မဟာမိတ်တို့အား ၁၉၁၄ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့တွင် စစ်ကြေညာခဲ့ကြသည်။ ဥရောပစစ်မျက်နှာတွင် စစ်ပြိုင်နိုင်ငံများ အလုံးအရင်းနှင့် ကျားကုတ်ကျားခဲ တိုက်ခိုက်ခဲ့ကြ၏။ ဩဂုတ်လ ၅ ရက်နေ့ လင်းအရုဏ်ပျို့လာသည့်အချိန်တွင် ဗြိတိသျှအစိုးရပိုင် ရေအောက်ကြေးနန်းကြိုးများချရန် စီမံတည်ဆောက်ထားသော တဲ(လ်)ကိုးနီးယား (Talconia) သင်္ဘောသည် သိပ်သည်းစွာရစ်ပတ်ဖွဲ့နှောင်ထားသော မြူနှင်းကမ္ဗလာကြီးအား အကာအကွယ်ယူ၍ အမ်ဒင်မြို့ကမ်းလွန် ပင်လယ်ပြင်အတွင်း ဝင်ရောက်လာခဲ့သည်။ ထိုနောက် အဝေးကမြင်လျှင် ရေလုပ်သားများ ငါးဖမ်းနေသည့်

www.burmeseclassic.com



အလား ရေအောက်သို့ သံကြိုးကြီးများကို ချချည်ဆွဲချည် ပြုလုပ်ခဲ့သည်။ အနီးအနားရှိ ရေလုပ်သားအများက မြင်ကြရ၏။ ထိုရေလုပ်သားများကမူ ငါးဖမ်းသင်္ဘောတစ်စင်း ငါးဖမ်းပိုက်များချ၍ ငါးဖမ်းနေသည်ဟု ထင်မှတ်ကြသည်။

အမှန်အားဖြင့် ထိုသင်္ဘောသည် ငါးဖမ်းသင်္ဘော မဟုတ်ပါ။ ယင်းသင်္ဘောမှ တာဝန်ယူထားရသော အလုပ်သမားများသည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဂျာမနီနိုင်ငံမှ လျှို့ဝှက်ချထားသော ကြေးနန်းကြိုးများကို တိတ်တဆိတ် ဖြတ်တောက်နေခြင်းသာဖြစ်သည်။ ထိုကာလက ဂျာမနီနိုင်ငံသည် စပိန်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်နိုင်ငံ၊ အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ အဇိုရက္ကျွန်းစုနှင့် အာဖရိကတိုက်ရှိ တာနာဂိုက်(ဖ်)သို့ ဆက်သွယ်ထားသော ကြေးနန်းကြိုးများဖြစ်သည်။ ဤကြေးနန်းကြိုးများဖြင့် ဂျာမနီနိုင်ငံသည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ဆက်သွယ်နိုင်သည်။ ဤကြေးနန်းကြိုးများကို ဖြတ်တောက်နိုင်ခြင်းသည် ဂျာမနီနိုင်ငံအား ပြင်ပကမ္ဘာဖြင့် ဆက်သွယ်ရေး ရပ်စဲသွားမည်ဖြစ်သည်။ သို့ဖြစ်၍ အထက်ဖော်ပြပါ တဲ(လ်)ကိုးနီးယားသင်္ဘောမှ အလုပ်သမားများသည် ဂျာမနီနိုင်ငံပိုင် ရေအောက်ကြေးနန်းကြိုးများအား ဖြတ်တောက်ပစ်ခဲ့သည်။ သို့ဖြစ်၍ ဂျာမနီနိုင်ငံအဖို့ ပြင်ပကမ္ဘာနှင့် ဆက်သွယ်ရန်မှာ ကြိုးမဲ့ဝိုင်ယာလက်ကိုသာ အားထားရ၏။

ထိုဝိုင်ယာလက်ဖြင့် အတ္တလန္တိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာအတွင်း သွားလာလှုပ်ရှားနေသော ဂျာမန်ကိုင်ဇာဘုရင့်ရေတပ်မတော်မှ သင်္ဘောများ၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဂျာမန်သံရုံးများသို့ အဆက်အသွယ်ပြုခဲ့ရ၏။ ဤ သို့ ဝိုင်ယာလက်စက်ဖြင့် ပေးပို့သောသတင်းများကို အခြားနိုင်ငံများမှ ဖမ်းယူနားထောင်နိုင်သော်လည်း ထိုနည်းမှတစ်ပါး အခြားဆက်သွယ်သော နည်းလမ်းမရှိတော့။

ဂျာမနီနိုင်ငံ လက်နက်ကိုင်တပ်ပေါင်းစု စစ်ဦးစီးချုပ်ရုံးမှ သက်ဆိုင်ရာတပ်များသို့ ပေးပို့သည့်အမိန့်များနှင့် သတင်းများကိုလည်း အထက်ဖော်ပြပါ ဝိုင်ယာလက်ဖြင့်သာ ပေးပို့ရ၏။ ပေးပို့သောသတင်းများအား စစ်ပြိုင်ဘက်နိုင်ငံများမှ မသိရှိနိုင်စေရန် လျှို့ဝှက်သင်္ကေတဖြင့်သာ ပေးပို့ကြရသည်။ ဗြိတိသျှအထူးထောက်လှမ်းရေးအဖွဲ့အဖို့ ဂျာမနီနိုင်ငံမှ လျှို့ဝှက်သင်္ကေတဖြင့် ပေးပို့သောသတင်းများ တောင်ပုံရာပုံရထားသည်။ ထိုသတင်းများကိုသာ စနစ်တကျ သတင်းမှန်သိရှိရန် ဖော်ထုတ်နိုင်လျှင် စစ်ရေးတွင်သာမက နိုင်ငံရေးပါ အဖိုးမဖြတ်နိုင်အောင် ထိုက်တန်သည်ဟု ဗြိတိသျှအစိုးရ အာဏာပိုင်များက သိထား၏။

ရေတပ်မတော် ထောက်လှမ်းရေးအဖွဲ့ကလည်းလျှို့ဝှက်သင်္ကေတဖြင့် ပေးပို့သော သတင်းများတွင် ဂျာမန်ရေတပ်မတော်မှ သင်္ဘောများ၊ ရေငုပ်သင်္ဘောများ သွားလာလှုပ်ရှားမှု အခြေအနေအရပ်ရပ်များ ပါဝင်သည်ဟု သိထား၏။

ဤတွင် ဗြိတိသျှဘုရင့်ရေတပ်မတော်မှ ထောက်လှမ်းရေးတပ်ဖွဲ့၏ ထောက်လှမ်းရေးမှူးချုပ်အဖြစ် တာဝန်ယူထားရသော ဗိုလ်ချုပ်ကြီး အော်လီဗာသည် ဘုရင့်ရေတပ်မတော် ထောက်လှမ်းရေးအဖွဲ့မှ ဖမ်းယူရရှိထားသော ဂျာမန်တို့ လျှို့ဝှက်သင်္ကေတနည်းစနစ်ဖြင့် ပေးပို့သော သတင်းများကို ဖော်ထုတ်နိုင်ရန် စီမံရတော့သည်။

ထိုစဉ်က မှတ်တမ်းများအရ ဗြိတိသျှဘုရင့်ရေတပ်မတော် ထောက်လှမ်းရေးအဖွဲ့၏ လျှို့ဝှက်ဖွင့်ထားသော အခန်းမှ ဂျာမနီနိုင်ငံမှ လျှို့ဝှက်သင်္ကေတဖြင့် ပေးပို့သော သတင်းပေါင်း နေ့စဉ် ၂၀၀ ကျော် ဖမ်းမိခဲ့သည်။ သို့ဖြစ်၍ ဗြိတိသျှဘုရင့်ရေတပ်မတော်အဖို့ အထက်ဖော်ပြပါ အခန်းမှရရှိထားသော ရာပေါင်းများစွာသော သတင်းများ၏အဓိပ္ပာယ်ကို ဖော်ထုတ်ရန် ပုဂ္ဂိုလ်တစ်ဦးအား ရှာပုံတော်ဖွင့်ခဲ့ကြရသည်။ ထိုကာလက ဗြိတိသျှရေကြောင်းတက္ကသိုလ် အင်ဂျင်နီယာဌာနမှ ပါမောက္ခ အယ်(လ်)ဖရက်အင်းအား တွေ့ရှိကြသည်။ သူသည် ကျောင်းသားဘဝကပင် လျှို့ဝှက်သင်္ကေတ ဖော်ထုတ်သော ပညာရပ်ကို တစိုက်မတ်မတ် လေ့လာလိုက်စားခဲ့သူဖြစ်၏။ လန်ဒန်မြို့၊ ဗြိတိသျှပြတိုက်ကြီးမှ လျှို့ဝှက်သင်္ကေတဖော်ထုတ်ရေးစာအုပ်များ၊ မှတ်တမ်းများကို လက်တစ်ဆုံးနှိုက် လေ့လာခဲ့သူဖြစ်၏။ ထိုအ

www.burmeseclassic.com

www.burmeseclassic.com


တွင်မူ ပါမောက္ခအယ်(လ်)ဖရက်အင်းမှာ အသက် ၅၉ နှစ်အရွယ် ရှိနေပြီဖြစ်၏။ သို့သော် ဗြိတိသျှဘုရင့်ရေတပ်မတော် ထောက်လှမ်းရေးဌာနသည် ပါမောက္ခအယ်(လ်)ဖရက်အင်းအား စစ်ပြိုင်နိုင်ငံများမှ ဖမ်းမိထားသည့် လျှို့ဝှက်သင်္ကေတစနစ်ဖြင့် ပေးပို့သော သတင်းများကို ဖော်ထုတ်သည့်အဖွဲ့တာဝန်ခံအဖြစ် ခန့်ထားခဲ့သည်။

ပါမောက္ခ အယ်(လ်)ဖရက်အင်းကလည်း ယင်းတာဝန်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံယူခဲ့ပြီး ဗြိတိသျှဘုရင့်ရေတပ်မတော် ဝန်ကြီးဌာန၊ အခန်းအမှတ် ၄၀ တွင် ရုံးခန်းဖွင့်ခဲ့သည်။ စတင်၍ ထိုရုံးခန်းဖွင့်စဉ်က ပါမောက္ခအယ်(လ်)ဖရက်အင်း၏ လက်ထောက်အဖြစ် ပုဂ္ဂိုလ်နှစ်ဦးအား ခန့်ထားခဲ့၏။ ပါမောက္ခ အယ်(လ်)ဖရက်အင်းသည် ထိုအခန်းအမှတ် ၄၀ မှပင် ဂျာမန်တို့၏ လျှို့ဝှက်သင်္ကေတဖြင့် ပေးပို့သော သတင်းများကို ဖော်ထုတ်နိုင်ခဲ့သည်။

ပါမောက္ခ အယ်(လ်)ဖရက်အင်းအဖို့ စိုင်ကော်၍ ချုံပေါ်ရောက်ရသော ထူးခြားဖြစ်စဉ်နှင့် ကြုံရသည်။ ဗြိတိသျှတို့၏ မဟာမိတ်ဖြစ်သော ရုရှားဇာဘုရင့်ရေတပ်မတော်မှ တာဝန်ခံများသည် ပထမကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားပြီး ရက်သတ္တပတ် အနည်းငယ်အတွင်း မဂ်ဒီဘာက်(ဂ်)အမည်ရှိ ဂျာမန်စစ်သင်္ဘောတစ်စင်းကို ဖင်လန်ပင်လယ်ကွေ့အတွင်းဖမ်းဆီးရမိခဲ့၏။ ထိုသင်္ဘောမှ ရေယာဉ်မှူးသည် သင်္ဘောပေါ်မှ လျှို့ဝှက်ပစ္စည်းတစ်ခုကို အဏ္ဏဝါအတွင်း ပစ်ချခဲ့၏။ ထိုလျှို့ဝှက်ပစ္စည်းအထုပ်တစ်ထုပ်ကို ရုရှား ဇာဘုရင့်ရေတပ်မတော်မှ အရာ ရှိများက ရရှိခဲ့ရာ ထိုအထုပ်အား အင်္ဂလန်နိုင်ငံ၊ ရုရှားသံရုံးသို့ ပေးပို့ခဲ့၏။


အင်္ဂလန်နိုင်ငံ၊ ရုရှားသံရုံးမှ သံအမတ်ကြီးကလည်း ထိုအထုပ်အား ဗြိတိသျှဘုရင့်ရေတပ်မတော် ထောက်လှမ်းရေးအဖွဲ့ချုပ်သို့ ပေးပို့ခဲ့သည်။ ဗြိတိသျှဘုရင့်ရေတပ်မတော် ထောက်လှမ်းရေးအဖွဲ့ချုပ်ကလည်း ယင်းအထုပ်ငယ်အား ရေတပ်မတော်ဌာနချုပ်၊ အခန်းအမှတ် ၄၀ တာဝန်ခံ ပါမောက္ခ အယ်(လ်)ဖရက်အင်းအား ပေး ပို့ခဲ့သည်။ ထိုအထုပ်ငယ်အား ဖွင့်လိုက်သည်နှင့် အံ့သြဖွယ်ကောင်းသည့် ဂျာမန်ကိုင်ဇာဘုရင့်ရေတပ်မတော်အတွင်း အသုံးပြုသော လျှို့ဝှက်သင်္ကေတလမ်းညွှန်စာအုပ်ကို တွေ့ရတော့၏။

ထိုလျှို့ဝှက်သင်္ကေတလမ်းညွှန်စာအုပ်အား ဗြိတိသျှ ဘုရင့်ရေတပ်မတော်၊ အခန်းအမှတ် ၄၀ မှ ရရှိလိုက်ခြင်းသည် ဗြိတိသျှနှင့် မဟာမိတ်တို့အဖို့ ဂျာမန်နိုင်ငံ နှင့် မဟာမိတ်တို့အား စစ်ရေးအသာရရှိစေခဲ့သည်။

မှန်ပါသည်။ ထိုအခန်းအမှတ် ၄၀ မှ တာဝန်ရှိသူများသည် ဂျာမနီနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝိုင်ယာလက်ဖြင့် ပေးပို့သောသတင်းများ၊ ဂျာမနီကိုင်ဇာဘုရင့်ကြည်းတပ်ဌာနချုပ်နှင့် ရေတပ်မတော်တို့၏ စစ်ဆင်ရေးစီမံချက်၊ လျှို့ဝှက်ချက်များကို ဖော်ထုတ်ပေးခဲ့ရာ ထိုအခန်းအမှတ် ၄၀ မှာ ကမ္ဘာ့သမိုင်းတွင် မှတ်တိုင်တစ်တိုင်ထူခဲ့သော အခန်းတစ်ခန်းဖြစ်သည်ဟု ဆိုကြပါကြောင်း။ ။


လျှမ်းထက်

ကျမ်းကိုး (၁) The Code-breaker By-D.Kahn
(၂) The Emperor's codes By- M.Smith




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ညက နက်သည်ထက်နက်လာလေသည်။ ဝါကျင်ကျင် မီးရောင်ပျပျသာရှိသော အိပ်ခန်းကျယ်တစ်ခုအတွင်းမှ နှစ်ယောက်အိပ်ခုတင် တစ်ခုပေါ်တွင် ခင်မိုးရောက်ရှိနေသည်။ မနီးမဝေးတွင် ခင်မိုးနားမလည်သော ဘာသာစကားတချို့ အသံသဲ့သဲ့မျှ ကြားနေရသည်။

မကြာခင်သော အချိန်ကာလတစ်ခုတွင် ခင်မိုး၏ဘဝတစ်ခု ကြေမွပျက်စီးခြင်းသို့ ရောက်ရှိပေလိမ့်မည်။ ဇာတ်တူသားစားသော ဇာတ်ပျက်သမားများကြောင့် ခင်မိုးတို့လို ပိုးဖလံတွေ အကြွေပန်းဘဝ၊ အနင်းခံပန်းဘဝ ရောက်ကြရတော့မည်။ အစာစားဖို့ အသက်ရှင်နေတာ မဟုတ်။ အသက်ရှင်ဖို့ထမင်းစားရင်း မနက်ဖြန်ဆိုသော မျှော်လင့်ချက်တွေကိုပိုက်ရင်း ခင်မိုးတို့ အသက်ရှင်ဖို့ ကြိုးစားနေရဦးမည်ပင်။

အမေနှင့်အဖေ၊ မောင်လေး၊ ညီမလေးတို့၏ မျက်နှာလေးတွေ မြင်ယောင်ရင်း အံကိုကြိတ်လျက်မှ ကျဆင်းလာတဲ့ မျက်ရည်စတွေကို ခပ်ကြမ်းကြမ်း လက်ခုံဖြင့်သုတ်လိုက်သည်။ နှုတ်ခမ်းပြတ်လုမတတ် ကိုက်ခဲထားတဲ့ဒဏ်ကြောင့် ရရှိလာတဲ့ ငန်ကျိကျိသွေးအရသာကို နာကျင်စွာပဲ မျိုချလိုက်သည်။ တရွေ့ရွေ့ချဉ်းကပ်လာတဲ့ အသားစားမှုဆိုးရဲ့လက်မှာ မကြာခင်ပဲ ခင်မိုး၏ အသွေးအသားကို ထိုးကျွေးလိုက်ရုံမှတစ်ပါး တခြားနည်းလမ်း မရှိတော့ပြီမို့ မျက်စိစုံမှိတ်လည်စင်းပေးရတဲ့ သားကောင်တစ်ကောင်ရဲ့ ခံစားချက်မျိုးဖြင့် ဝမ်းနည်းနာကျင်ရသည်။ ဒီလိုခံစားမှုကိုပုံဖော်ပြဖို့ရာ အလွန်ပင်ခဲယဉ်းနေပေလိမ့်မည်မှာ ကေန်ပင်။ အမှောင်ထုကြီးစိုးတဲ့ညသည် သိပ်သည်းသည်ထက် သိပ်သည်းလာကာ ညဥ့်နက်ခြင်းကိုတော့ ရမ္မက်ပြင်းတဲ့ အသက်ရှူသံပြင်းပြင်းနှင့် ရှိုက်သံတချို့သာ မှောင်မိုက်ခြင်းနှင့်အတူ မင်းမူလို့နေတော့သည်။

\+ + +

“ဒေါ်ရင်မေ၊ ကျွန်မ ဟိုနေ့က ပြောထားတာ ဘယ်လိုသဘောရသလဲ၊ စဉ်းစားပြီးသွားပြီလား”

အိမ်နီးချင်းတစ်ဦးဖြစ်တဲ့ ဒေါ်သိန်းမေရဲ့အမေးစကားကြောင့် ကွမ်း ယာ,ယာနေသော ခင်မိုးတစ်ယောက် အမေ့မျက်နှာကို မရဲတရဲ

**တရွေ့ရွေ့
ချဉ်းကပ်လာတဲ့
အသားစားမှုဆိုးရဲ့လက်မှာ
မကြာခင်ပဲ ခင်မိုး၏
အသွေးအသားကို
ထိုးကျွေးလိုက်ရုံမှတစ်ပါး
တခြား နည်းလမ်း
မရှိတော့ပြီမို့
မျက်စိစုံမှိတ်
လည်စင်းပေးရတဲ့
သားကောင်တစ်ကောင်ရဲ့
ခံစားချက်မျိုးဖြင့်
. . .**

အကဲခတ်ကြည့်လိုက်သည်။ အမေက မသိကျိုးကျွံပြုကာ သူမရှေ့မှာရှိနေသော ကုန်စိမ်းဗန်းထဲမှ ကုန်စိမ်းတွေကို နေရာချနေသည်။ အမေ့ရင်ထဲ ခင်မိုး ဝင်မကြည့်ပေမယ့်လည်း မြင်နေရသလိုပင်။ နှုတ်ဆိတ်နေတဲ့ အမေ့ကို နားလည်စွာပဲ သက်ပြင်းသဲ့သဲ့ချမိသည်။

လက်ထဲမှကွမ်းယာကို အမျှင်အမြန်ပင် ထုပ်လိုက်ပြီး ဒေါ်သိန်းမေဆီသို့ ကမ်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“အဒေါ် ဒီမှာ နိုင်တီတူးနဲ့ တစ်ရာဖိုး၊ ဟိုနေ့က ငါးဆယ်ဖိုး ဝယ်ထားတာလည်း ကျန်သေးတယ် နော် အဒေါ်”

“အေးပါ၊ ရော့..အဲဒီအကြွေး ပါ ပေါင်းယူလိုက်အေ၊ ငါးဆယ် လည်း ပြန်အမ်းမနေနဲ့၊ ငါ့နောက်မှ ကလေးတွေကို ကွမ်းယာလာယူခိုင်း လိုက်မယ်”

“ဟုတ်ကဲ့ အဒေါ်”

ဒေါ်သိန်းမေပေးသော နှစ်ရာ တန်ကို ပိုက်ဆံထည့်သော အိုးလေး ထဲသို့ ထည့်လိုက်ပြီး အမေ့ထံသို့ လှမ်းကြည့်မိတော့ အမေက ခင်မိုး ကို စိုက်ကြည့်နေသည်။

အမေနဲ့ခင်မိုး အကြည့်ချင်းဆုံ လျက်မှ အမေကစတင်ပြီးအကြည့် လွှဲကာ အနီးမှာရှိသော ထိုင်ခုံတွင် ထိုင်ချလိုက်သည်။ အမေ၏အကြည့် များက စောစောကမှ ဘူတာမှဈေး ကြီးခဲ့သော ကုန်စိမ်းများကိုတစ် လှည့်၊ ခင်မိုးနဲ့ ကွမ်းယာဆိုင်လေး ကိုတစ်လှည့် ကြည့်နေသည်။

\+ + +

“ကျွန်မကတော့ ခင်မိုးကို ဒီ လောက်အဝေးကြီးကို မလွှတ်ရက် ဘူး ဒေါ်သိန်းမေရယ်၊ သူ့ကိုမျက်စိ အောက်မှာပဲ ထားချင်တယ်၊ သူ့ အဖေသိရင်လည်း ခွင့်ပြုမယ်မထင် ပါဘူးရှင်၊ ပြီးတော့ သူ့အဖေက လည်း ရောဂါသည်ဆိုတော့ စိတ်ထိ ခိုက်သွားမှာမျိုး ကျွန်မ မဖြစ်စေ ချင်ဘူး”

“အို အေ.....ရှင်ကလည်း အတွေးခေါ်ရန်ကော၊ ဒီမှာ ရှင့် သမီးက နုနုငယ်ငယ်လေး၊ ပညာ ကလည်း တစ်ပိုင်းတစ်စဆိုပေမယ့် တက္ကသိုလ်ကျောင်းသူတစ်ယောက် ပါအေ၊ ကျောင်းဆက်မတက်နိုင် တာ ထားလိုက်ဦး၊ အခုလို လမ်း ဘေးမှာ ကွမ်းယာရောင်း၊ ကုန်စိမ်း ရောင်းတာထက်တော့ ပိုကောင်း ပါတယ်အေ၊ ညည်းတို့လည်း ပို အဆင်ပြေတာပေါ့၊ အခုဆို သူ များတွေ သွားလာနေကြတာ ရပ်ကွက်ထဲမှာ ရှင်လည်းမြင်တာပဲ၊ ဘာမဟုတ်တဲ့ ထိုင်းနယ်စပ်မှာ စက်ရုံအလုပ်ဝင် လုပ်နေကြသူတွေ တောင် အိမ်ကို ပြန်ကြည့်နိုင်ကြ တယ်၊ ခုက မလေးရှားဆိုတော့ ပိုပြီးအဆင်ပြေတာပေါ့၊ သူများတွေ လည်း ဥဒဟို သွားလာ နေကြတာ အဆင်ကိုပြေလို့ ပြီးတော့ ငွေလည်း အကျေချေဖို့မလိုဘူး၊ တစ်ဝက် ပဲသွင်းရမယ်၊ ဟိုရောက်မှ ကျန်တဲ့ တစ်ဝက်ကို ပြန်ဆပ်ရမှာ၊ ဒီ လောက်တော့ အဆင်ပြေမှာပါ အေ၊ ကျုပ်က ရှင်တို့တွေအတွက် ပြောနေတာပါနော်”



“ကျွန်မ နားလည်ပါတယ်ဒေါ် သိန်းမေရယ်၊ ဒါပေမဲ့ ဝေးလွန်းပါ တယ်၊ သူ့ကိုလည်း ဒီလိုအလုပ်တွေ မခိုင်းချင်ပါဘူး၊ အလုပ်ကလည်းရှာ လို့မလွယ်တာတစ်မျိုး၊ အိမ်မှာက လည်း လူမမာတစ်ဖက်နဲ့မို့သာ သူ့ ကိုခိုင်းရတာပါ”

“အေးလေ၊ အချိန်ရှိသေးတာ ပဲ၊ သားအမိတွေ တိုင်ပင်ကြည့်ပေါ့ အေ၊ ကျုပ်က ဒီလောက်ပဲ တတ် နိုင်တယ်၊ ကျန်တာတော့ ကျုပ် လည်းမသိဘူး၊ အကြောင်းပြန်ရင် တော့ စောစောလေးပြန်နော်၊ တော် ကြာ လူပြည့်သွားတာမျိုးလည်းဖြစ် နေဦးမယ်၊ ကဲ.....ကျုပ်ပြန်လိုက် ဦးမယ်”

“ဟုတ်ကဲ့”

ဒေါ်သိန်းမေထွက်သွားရာ ဘက်သို့ ဦးတည်ချက်မဲ့စွာ အမေ ငေးကြည့်နေသည်။

အမေဘာတွေတွေးနေမလဲဆို

www.burmeseclassic.com

တာ ခင်မိုး မသိဘဲနေပါ့မလား။ အမေ့ရင်ထဲမှာ ခင်မိုးအတွက် ဝေခွဲရခက်ခြင်းတွေနဲ့ ပဋိပက္ခဖြစ်နေတော့မှာ အသေအချာပင်။

ဈေးဝယ်လည်းပါးနေချိန်မို့ ခင်မိုး အမေထိုင်နေရာခုံတန်းဆီသို့ကူးပြောင်းလိုက်ရင်း အမေလို့ ခပ်တိုးတိုးခေါ်လိုက်တော့ အတွေးတွေဝေနေတဲ့ အမေက ခင်မိုးကိုကြည့်ကာ ပြောခဲ့သည်။

"ခင်မိုး၊ အမေတို့ အဆင်မပြေတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ သမီးကို ဒီလောက်အဝေးကြီး မလွှတ်ချင်ဘူး၊ ပြီးတော့ တစ်ဖက်က ပြန်တွေးကြည့်မယ်ဆို ဒီလို အလုပ်တွေနဲ့လည်း သမီးဘဝကို မပြီးဆုံးသွားစေချင်ဘူး"

ဝေ့ဝဲလာသော မျက်ရည်များကို ပုတ်ခတ်သိမ်းဆည်းရင်း တုန်ယင်နေသောအသံဖြင့်ဆိုလေသည်။

အမေက ခင်မိုးရဲ့လက်လေးကို ဆုပ်ကိုင်တော့ ကွမ်းယာထုံးတွေကြောင့် ကြမ်းရှရှဖြစ်နေတဲ့ ခင်မိုးလက်ကို အမေက အဓိပ္ပာယ်မဲ့စွာ စိုက်ကြည့်နေပြန်သည်။

"သမီးကကော ဘယ်လို သဘောရသလဲ"

"သမီးက ဒီဘဝမှာ ဆုံးသွားမယ်ဆိုလည်း ဘာမှမဖြစ်ပါဘူး အမေ၊ သမီးစဉ်းစားတာက သွားဖြစ်ခဲ့မယ်ဆိုရင်လည်း တစ်ဖက်က တွေးကြည့်တော့ကောင်းတယ်၊ ဒေါ်သိန်းမေပြောသလိုပေါ့၊ အိမ်စီးပွားရေးပြေလည်လာမယ်၊ မောင်လေးနဲ့ ညီမလေးကို ပညာရေးဆုံးခန်းတိုင်အောင် ထားပေးနိုင်မယ်ပေါ့၊ သမီးလို ပညာတစ်ပိုင်းတစ်စ မဖြစ်စေချင်ဘူးလေ၊ ပြီးတော့ အဖေ့ကျန်းမာရေးကလည်း သိတဲ့အတိုင်းဆိုတော့ တကယ်လို့ သမီးသွားဖြစ်ခဲ့မယ်ဆိုရင်လည်း အမေကအရွယ်မရောက်သေးတဲ့ မောင်လေးနဲ့ညီမလေးအတွက်လည်း ပူပင်နေရမယ်၊ နေမကောင်းဖြစ်နေတဲ့ အဖေ့ကိုလည်း စောင့်ရှောက်ရဦးမယ်၊ ပြီးတော့ စားဝတ်နေရေးအတွက်လည်း အမေတစ်ယောက်တည်း ရုန်းကန်ရဦးမယ်၊ အဲဒါလေးတွေ ဟိုတွေးဒီတွေး တွေးမိတော့လည်း မသွားဖြစ်ရင်လည်းကောင်းတာပဲလို့ သမီးတော့ထင်တာပဲ အမေ၊ အမေနားမှာဆိုတော့ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် အဖော်ရတာပဲလို့"

"အင်း..အမေလည်း အဲဒီလိုပဲ တွေးမိတာပဲ သမီးရယ်"

အမေနှင့်ခင်မိုး နှစ်ယောက်စလုံး စကားသံတိတ်ကာ ကိုယ်စီအတွေးများဖြင့် သက်ပြင်းသဲ့သဲ့ချမိလိုက်သည်။

အဖေကျန်းမာစဉ်ကတော့ ပညာရေးအားပေးတဲ့အဖေနှင့်အမေကြောင့် ခင်မိုး ကျောင်းပညာရေးကို အပူအပင်ကင်းစွာ တက်ခဲ့ရပေမယ့် အဖေကျန်းမာရေးကြောင့် အိပ်ရာထဲလဲနေချိန်မှာတော့ ခင်မိုးကျောင်းဆက်တက်ဖို့ဆိုတာ အခက်အခဲဖြစ်လို့လာရသည်။ အတန်းတူသူငယ်ချင်းတွေ ကျောင်းပြီးနေပြီဆိုပေမယ့် အသက် ၂၂ ထဲ ဝင်နေပြီဖြစ်တဲ့ ခင်မိုးကတော့ ပထမနှစ်နဲ့တင် ကျောင်းနားလိုက်ရသူပင်။

ခင်မိုးတို့ရပ်ကွက်လေးက ဈေးနှင့်အတော်လေးလှမ်းတာမို့ အိမ်ရှေ့တွင်ပင် ဟင်းသီးဟင်းရွက် စုံစုံလင်လင်တင်ထားတဲ့အခါ ညနေဘက်ဆိုအလုပ်သွားအလုပ်ပြန်တွေကြောင့် အတော်လေးရောင်းရသည်။ ကွမ်းယာဆိုင်လေးပါ တွဲဖွင့်ကာ ခင်မိုးက ကွမ်းယာရောင်းသလို တစ်ဖက်ကလည်း ကုန်စိမ်းလေးရောင်းသည်။ ဈေးဝယ်၊ ဈေးကြိုကိုတော့ အမေနှင့်ခင်မိုး တစ်လှည့်စီ အဆင်ပြေသလို ကြိုကြရသည်။ အိမ်မှာ အရွယ်မရောက်သေးတဲ့ ညီမလေးနဲ့ မောင်လေးကလည်း ကျောင်းတက်နေဆဲ။ မနှစ်ကမှ လေ ဖြတ်၍ ကိုယ်တစ်ခြမ်းသေပြီး စကား ကောင်းစွာ မပြောနိုင်သော အဖေက လည်းရှိသေးသည်။ မိသားစုအခြေ အနေတွေက ခင်မိုးကို အတွေးများ ဖြင့် ချာချာလည်စေတတ်ခဲ့တာ အဖေကျန်းမာရေး ချို့တဲ့ကတည်းကလို့ပင် ဆိုရမည်။ အိပ်ရာထက်မှာ လဲနေသော အဖေ့နားသို့တိုးပြီး ခင်မိုးထိုင်လိုက်သည်။ အမေကတော့ ခင်မိုးတို့သားအဖနှင့် မလှမ်းမကမ်းတွင် မနက်ဖြန်အတွက် ကွမ်းသီးစိတ်တွေကို ကွမ်းညှပ်ဖြင့် စိတ်လို့နေသည်။ အမေနားစွင့်နေမယ်ဆိုတာတော့ အသေအချာပင်။

အဖေ့ရဲ့မလှုပ်ရှားနိုင်တော့တဲ့ အေးစက်နေတဲ့လက်ကို ခင်မိုးက အသာဆုပ်ကိုင် ထွေးပိုက်ရင်း.....

"အဖေ.....ခင်မိုး အဖေ့ကို

www.burmeseclassic.com

ပြောစရာရှိလို့ ခင်မိုးပြောတာ သေချာဂရုစိုက်နားထောင်နော်''

ထိုသို့ဆိုတော့ အဖေက မျက်တောင်များပုတ်ခတ်ပြသည်။ ပြောစရာရှိတာ ပြောဆိုသည့်သဘော။

အဖေ့ကိုကြည့်ရင်း ဆို့နင့်လာတဲ့ ရင်တစ်စုံကြောင့် လည်ချောင်းကိုရှင်းကာ အားတင်းလျက်.....

''အဖေ သမီး မလေးရှားမှာ အလုပ်သွားလုပ်မလို့၊ အဲဒီအကြောင်း အဖေ့ကိုပြောပြမလို့၊ အမေနဲ့လည်း တိုင်ပင်ပြီးပြီ''

ဟု အားတင်းကာဆိုလိုက်သည်။

ခင်မိုးစကားအဆုံးမှာတော့ စကားမပြောနိုင်သော အဖေသည် မပီမသအသံဂူးဝါးတို့ဖြင့် စတင်အော်ဟစ်လေတော့သည်။ လှုပ်ရှားမရသော အဖေ့ရဲ့လက်မှ လက်ချောင်းလေးများက လှုပ်ရှုံ့မှုသာ။ အဖေက ခင်မိုးကို မသွားစေချင်သည့်သဘော။ ခင်မိုးအဖေ့ကိုကြည့်ကာ မျက်ရည်များကျဆင်းလာတော့သည်။ အမေ၏ရှိုက်သံသဲ့သဲ့ကလည်း ခင်မိုးရဲ့နားဆီသို့ ရိုက်ခတ်လာသည်။ ဂူးဂူးဝါးဝါး မပီကလာပီကလာအသံများနှင့်အတူ အဖေ၏မျက်လုံးထောင့်မှလည်း မျက်ရည်တို့ ကျဆင်းနေလေသည်။

အဖေ၏လက်ဖဝါးကို တင်းတင်းဆုပ်ထွေးကာ ရင်သို့ကပ်မိရင်း ခင်မိုး တတွတ်တွတ်ပြောမိသည်။

''သမီးသွားချင်လွန်းလို့မဟုတ်ပါဘူး အဖေရယ်၊ သမီးတို့မိသားစုဘဝလေး အခုထက် အဆင်ပြေမလားလို့ပါ၊ မောင်လေးနဲ့ညီမလေးကိုလည်း အပူအပင်မရှိ ကျောင်းဆက်တက်စေချင်လို့ပါ၊ အဖေ့ကိုလည်း ဒီ့ထက်ကောင်းတဲ့၊ ထိရောက်တဲ့ ဆေးဝါးတွေနဲ့ ကုသချင်သေးတယ် အဖေ''

ဟု ဝမ်းနည်းစွာ ခင်မိုးဆိုမိသည်။

ထိုညက အိမ်တစ်အိမ်လုံး ခင်မိုးတို့သားအဖသုံးယောက်၏ ရှိုက်သံများဖြင့် ဖုံးလွှမ်းသွားရသည်။ မောင်လေးနှင့်ညီမလေးကတော့ အပူအပင်ကင်းစွာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ရာထက်မှာ အိပ်မောကျလျက်ရှိသည်။ ညသည်လည်း နက်သည်ထက်နက်လာကာ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ခြင်းဖြင့်သာ ကြီးစိုးနေလေတော့သည်။

\+ + +

တငြိမ့်ငြိမ့်နဲ့ ညင်ညင်သာသာပဲ မြေထုရဲ့ဆွဲငင်အားကို ဆန့်ကျင်ပြီး အမြင့်ကိုတက်နေသော လေယာဉ်ကြီးပေါ်မှာတော့ ခင်မိုးတစ်ယောက် အတွေးတွေဝေနေမိသည်။ ငယ်ငယ်က အဖေနဲ့အမေကြားမှာ ထိုင်ရင်း ရဟတ်စီးခဲ့ရတဲ့ အချိန်လေးတွေကို သတိရမိတော့ မျက်ရည်က ဝိုင်းချင်လာသည်။

အရွယ်မရောက်သေးတဲ့မောင်လေးနှင့် ညီမလေးက အလုအယက်သူတို့နားလည်သလို မှာနေတာလေးတွေ ကြားယောင်မိတော့ ဝမ်းနည်းစိတ်က ပိုလာရသည်။

''မမကြီးက ဟိုးအဝေးကြီးကို လေယာဉ်ကြီးနဲ့သွားမှာဆိုတော့ ညီမလေးတို့ဖို့ မုန့်တွေအများကြီးဝယ်ခဲ့နော်၊ အရုပ်လှလှလေးတွေလည်း ဝယ်ပေးနော်''

''သားတို့ သတိရရင်လည်း ဟိုးအပေါ်မှာ လေယာဉ်ကြီးတွေ တွေ့တိုင်း မမကြီးကို ပြောပေးပါလို့မှာလိုက်မယ်နော် မမကြီး''

''ညီမလေးတို့အတွက် ပိုက်ဆံတွေ အများကြီးရှာခဲ့နော် မမကြီး ပြီးတော့မြန်မြန်လည်းပြန်လာခဲ့နော်၊ ညီမလေးရော၊ မောင်လေးရော စာတွေကြိုးစားမယ်နော် မမကြီး အကြာကြီးမနေနဲ့နော်၊ မြန်မြန်ပြန်လာခဲ့နော်၊ အမေ့ကိုလည်း ကူညီပါ့မယ်၊ လိမ်လိမ်မာမာလည်းနေပါ့မယ်၊ စိတ်မပူနဲ့နော်''

ကြားဖူးနားဝရှိတဲ့ စကားလေး

> **"** သားတို့ သတိရရင်လည်း ဟိုးအပေါ်မှာ လေယာဉ်ကြီးတွေ တွေ့တိုင်း မမကြီးကို ပြောပေးပါလို့ မှာလိုက်မယ်နော် မမကြီး **"**

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ကတိတွေအထပ်ထပ်ပေးနေတဲ့ သူတို့လေးတွေရဲ့အသံတွေကို ကြားယောင်နေမိပြန်သည်။

ဘယ်လောက်ပဲစိတ်ခိုင်အောင်ထိန်းထားတယ်ဆိုပေမယ့် အမေ၏ တုန်ယင်နေတဲ့ အသံနှင့် မျက်ရည်စတွေဟာ သမီးအတွက် စိုးရိမ်သောက ဘယ်လောက်ဖြစ်နေမယ်ဆိုတာ ခင်မိုး သိပါတယ် အမေရယ်။

"ကျန်းမာရေး ဂရုစိုက်၊ ဘယ်လောက်အလုပ်များများ ထမင်းလေးတော့ ပုံမှန်စားနော် ခင်မိုး၊ ဘုရား၊ တရားနဲ့ အနန္တငါးပါးမမေ့နဲ့၊ အမေတို့အတွက် စိတ်မပူနဲ့၊ သမီးအရင်အဆင်ပြေအောင်နေနော်၊ ဒီကမိသားစုအတွက် အမေတစ်ယောက်လုံးရှိတယ်"

ရှိုသမျှခွန်အား အကုန်ထုတ်ပြီး အမေရုန်းနေရမယ်ဆိုတာ ခင်မိုးသိတာပေါ့ အမေ။

အဖေ့ကို သွားခါနီး ကန်တော့ပြီး နှုတ်ဆက်ချိန်မှာတော့ မျက်ရည်စက်တွေသာ အဆက်မပြတ်ကျရင်း သမီးအတွက် စိတ်ထဲက ဆုတွေပေးနေတဲ့ အဖေ၏မျက်နှာကို ဒီတစ်သက် ဘယ်တော့မှ မေ့လို့ရမယ်မထင်ပါဘူး အဖေ။ ခင်မိုး အများကြီးကြိုးစားပါ့မယ်။ ခင်မိုး လိမ္မာပါ့မယ်လို့သာ စိတ်ထဲမှသာ အကြိမ်ကြိမ် ကတိတွေအထပ်ထပ်ပေးနေမိတော့သည်။

✦ ✦ ✦

တစ်ရက်ပြီးတစ်ရက် နေ့ရက်တွေသာထပ်လာတယ်။ နံရံတွေအမြင့်ကြီးကာရံထားတဲ့ ဂိုဒေါင်လိုလို အခန်းကျယ်ထဲက အပြင်ထွက်ခွင့်မရ။ အခန်းကျယ်ဆိုပေမယ့် သူလိုကိုယ်လို မိန်းကလေးတွေက အယောက်နှစ်ဆယ်နီးပါး တို့ဝှေ့နေကြ၊ အိပ်ကြရသည်မို့ သူ့အဖွဲ့လေးနဲ့သူ သုံးဖွဲ့လောက်ဖြစ်နေသည်။

တကယ်ဆိုကိုယ်ရောက်နေတဲ့ နေရာဒေသကိုတောင် သိခွင့်မရှိ။ ဒီ လိုနဲ့ ကိုယ့်အခြေအနေ ကိုယ်ရိပ်စားမိလာရသလို။ အပြင်ထွက်ခွင့်ရဖို့မပြောနှင့် စကားသံတောင် ကျယ်လို့မရတဲ့အနေအထား။

ရက်အနည်းငယ်ကြာလာတော့ ခင်မိုးတို့ထက် ဦးစွာရောက်သည်ဟု ထင်မှတ်ရသော အစ်မတစ်ယောက်နှင့် စကားပြောခွင့်ရဖို့ ခင်မိုးကြိုးစားကြည့်တဲ့အခါ ခက်ထန်မာကျောတဲ့ အေးစက်စက် အကြည့်က ခင်မိုးရင်ကို ပြင်းပြင်းရှရှ။

"မမ ခင်မိုးတို့ ဘယ်တော့လောက် စက်ရုံဆိုတာကို သွားရမှာလဲဟင်၊ အလုပ်ကရော ဘယ်တော့လောက်စဆင်းရမှာလဲ၊ မြန်မာပြည်ကိုရော ဖုန်းဆက်ချင်ရင် ဘယ်လိုဆက်သွယ်ရမလဲဟင်"

"ဟား.....ဟား...ဟား၊ ဒီမှာ အိပ်မက်တွေ၊ စိတ်ကူးတွေ လွှင့်သာပစ်လိုက်တော့၊ ကိုယ့်ဘာသာ ဘယ်အခြေအနေရောက်နေမှန်းတောင် မသိဘူးလား၊ အခုအခြေအနေက အဲဒါတွေတွေးနေဖို့ထက်



မနက်ဖြန်မှာ ဘယ်လိုရပ်တည်ရမလဲဆိုတဲ့ ခွန်အားမွေးထားဖို့လိုတယ်၊ ဒီမှာရောက်နေတဲ့ မိန်းကလေးတွေအားလုံး Sex For Money အတွက် အရောင်းချခံထားရသူတွေချည်းပဲ"

နာနာကျင်ကျင် ကြေကွဲစွာရယ်မောသံက ခင်မိုးအတွက် ကျောစိမ့်စေသလိုSex For Money အတွက် ရောင်းချခံထားရသူများဆိုတဲ့စကားအကြားမှာတော့ ခင်မိုးတစ်ယောက် ကြောက်လန့်တကြား ထအော်မိသွားရသည်။

ရုတ်တရက် ထအော်လိုက်တဲ့ ခင်မိုးရဲ့ပါးစပ်ကို သူမက အလျင်အမြန် လက်ဖြင့်ပိတ်လိုက်ပြီး ခပ်တိုးတိုး ကျိတ်ဆူပြန်သည်။

"တိတ်တိတ်နေ၊ မအော်နဲ့ သိပ်ပြီးရုပ်ပျက်ဆင်းပျက်ဖြစ်နေရင် ဟိုကလာရိုက်လို့ အားနာနေဦး

www.burmeseclassic.com

www.burmeseclassic.com

မယ်၊ ဘဝနာရတာနဲ့ မပြီးသေးဘဲ နေ့စဉ် အသားပါနာနေရတဲ့ဘဝဖြစ်နေမယ်၊ ပုံစံမပျက် အေးအေးဆေးဆေးနေ''

သူမက ခင်မိုးကို သတိပေးပြီး သူမ၏သူငယ်ချင်းများရှိရာသို့ထွက်သွားပေမယ့် ခင်မိုးအသိ၊ ခင်မိုးအတွေးထဲမှာ မယုံနိုင်ခြင်း၊ ဝမ်းနည်းခြင်း၊ အားငယ်ခြင်း၊ ထိတ်လန့်ခြင်း၊ ချောက်ချားခြင်းတို့ဖြင့် မျက်ရည်တို့သည်သာ တသွင်သွင်စီးကျလာရတော့သည်။

နွမ်းပါးလှသော အမေ့မျက်နှာကို မြင်ယောင်မိလျက် ခပ်တိုးတိုး 'အမေ'လို့ တမ်းတမိချိန်တွင်တော့ ခင်မိုးနှလုံးသားတစ်ခုလုံး ထုချေမွလိုက်သလိုပင်။ တားဆီးမရသော မျက်ရည်တွေက တာကျိုးသလို စီးဆင်းလာချိန်မှာတော့ ဟင့်အင်း၊ ဒါဟာ အိပ်မက်ဆိုးတစ်ခုသာ ဖြစ်လိုက်ပါလို့ကလေးငယ်တစ်ယောက်လို တောင်းဆိုမိတော့သည်။

+ + +

''ဖြန်း.....ဖြန်း''

''နင်ဒါ ဘာလုပ်တာလဲ''

ရုတ်တရက် ပူနွေးပြီး စပ်ဖျဉ်းဖျဉ်းဖြစ်သွားသော ပါးနှစ်ဖက်ကို ခင်မိုး ဥပေက္ခာပြုလျက် လွတ်ကျသွားသော ဓားဦးချွန်ကို ကောက်ဖို့ပြင်လိုက်သည်။

ခင်မိုးထက် သန်မာပုံရသော သူမက ဓားကိုဦးစွာသိမ်းဆည်းလိုက်ပြီး ခင်မိုးကို ဒေါသလျှံနေသော မျက်ဝန်းများဖြင့် စိုက်လို့ကြည့်နေသည်။

''ခင်မိုးသေပါရစေ မမရယ်၊ ခင်မိုး ဒီလိုအဖြစ်မျိုးနဲ့ အသက်မရှင်ချင်ဘူး၊ အမေတို့သိရင် ခင်မိုးအတွက် ပိုသောကရောက်ရလိမ့်မယ်''

''ဒီမှာ ခင်မိုး၊ ငါ့ကိုသေချာစိုက်ကြည့်စမ်း၊ နင်ပြောတော့ အရွယ်မရောက်သေးတဲ့ မောင်လေးနဲ့ ညီမလေးကို ကျောင်းပြီးအောင်ထားချင်လို့ဆို၊ နေမကောင်းတဲ့

စူးရှနာကျင်သည့်
ခံစားမှုတစ်ခုနဲ့အတူ
မှောင်မိုက်ခြင်း
အတိနဲ့
အရာရာသည်
ခင်မိုးအတွက်
ငြိမ်းချမ်းခြင်း
အတိတို့ဖြင့်သာ
...



www.burmeseclassic.com

www.burmeseclassic.com



အဖေကို ဆေးဝါးကောင်းကောင်းနဲ့ ကုသပေးချင်လို့ဆို၊ အမေ့ရဲ့ ပင်ပန်းနွမ်းနယ်မှုကို တလဲတာဝန်ယူချင်လို့ဆို၊ နင်က အပြောတစ်မျိုး၊ အလုပ်တစ်မျိုးပါလား၊ နင်အခုလို သတ်သေသွားရင် နင့်မိသားစုတွေ ဘာဖြစ်သွားမလဲ၊ နင့်ကိုမျှော်လင့်နေတဲ့ မိသားစုရဲ့ မျှော်လင့်ချက်တွေ ဘယ်လိုဖြစ်သွားမလဲ၊ နင်မတွေးဘူးလားဟင်၊ နင်မိုက်လှချည်လား၊ နင်က သိပ်အတ္တကြီးတာပဲ၊ နင့်အတွက်ပဲ နင်ကြည့်တယ်၊ နင့်ကိုယ်နင် သတ်သေသွားလို့ နင် အခုဘဝက လွတ်သွားပေမယ့် နောက်ဘဝ နင်လွတ်မယ်ထင်နေလို့လား၊ နင့်ကို မျှော်လင့်နေမယ့် မိသားစုကို နင် တကယ်ချစ်တယ်ဆိုရင် နင့်မောင်လေး၊ နင့်ညီမလေးတွေကို တကယ်ချစ်တယ်ဆိုရင် နင်အသက်ရှင်နေမှ ဖြစ်မယ်၊ အဲဒါ နင်မြဲမြဲမှတ်ထား၊ နင်တစ်ခုခုလုပ်တော့မယ်ဆိုရင် နင့်နောက်က မိသားစုတွေကို အရင်ဆုံး မြင်ယောင်ကြည့်လိုက်ပါ၊ အနည်းဆုံး သူတို့တွေအတွက် ရောက်ရာနေရာမှာ နင်အသက်ရှင်လျက်ရှိနေတာကို သူတို့ပိုလိုလားကြမှာပါ၊ ဒီနေ့ ဒီလိုဆိုပေမယ့် ငါတို့တွေအားလုံး မနက်ဖြန်ဆိုတဲ့ မျှော်လင့်ချက်ကိုပိုက်ပြီး အသက်ရှင်နေရမယ်... ကြားလား၊ နောက်တစ်ခါ ဘယ်တော့မှ ဒီလိုအလားတူပြဿနာ မဖန်တီးပါနဲ့ ခင်မိုး''

သူမသည် ခင်မိုးကို မချိတင်ကဲဖြင့် ပခုံးနှစ်ဖက်ကို ဆောင့်တွန်းချလိုက်ကာ ခင်မိုးအနားက လှည့်ထွက်သွားသည်။

သူမ လှည့်အထွက်မှာ ခင်မိုးလက်ခုံပေါ်သို့ ကျလာတဲ့ မျက်ရည်တစ်စက်ကို ဆွံ့အစွာ စိုက်ကြည့်နေမိသည်။ သူမ၏ မျက်ရည်စက်တွေ။ သူမသည်လည်း ခင်မိုးလိုပဲ နာကျင်နေသည်။ ခံပြင်းနေပေလိမ့်မည်။ ထွက်ပေါက်ရှာမှားခြင်းအတွက် သူမပေးသော ခင်မိုးပါးပြင်ပေါ်က စပ်ဖျင်းဖျင်းဒဏ်ရာနှင့်အတူ ခင်မိုးရဲ့ အသိ၊ အတွေးတွေကို သူမက သတိပေးရှာသည်ပဲ။ ဒါဆိုရင် သူမသည်လည်း ခင်မိုးကိုပြောခဲ့သလို မိသားစုအတွက် အသက်ရှင်ဖို့ ကြိုးစားနေခဲ့ရသူပေါ့။

+ + +

ခင်မိုး လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်လို့ မျက်လုံးကို စုံမှိတ်ထားလိုက်သည်။ ခင်မိုးရင်ထဲက အသည်းနှလုံးတွေ အပြင်ကိုခုန်ထွက်လာလောက်သည်အထိ ရင်ခုန်သံတွေ ပြင်းထန်လို့နေသည်။ ကျွမ်းဝင်ခြင်းမရှိသေးတဲ့ ကိုယ်ရနံ့က ခင်မိုးနှာခေါင်းထဲ စူးခနဲ ဝင်ရောက်လာသည်။ ခုတင်အစွန်းမှာ ထိုင်လျက်က ကြမ်းပြင်ကို စိုက်ကြည့်နေမိသော ခင်မိုး၏မျက်နှာကို လက်နှစ်ဖက်ဖြင့် သူက ဆွဲမော့စေလိုက်သည်။

မျက်လုံးစုံမှိတ် ခေါင်းခါယမ်းလျက်က ခင်မိုးနှုတ်က.....

''ကျွန်မ မိကောင်းဖခင် သားသမီးတစ်ယောက်ပါ၊ ဒီအလုပ်က ကျွန်မရဲ့အသက်မွေးဝမ်းကျောင်းအလုပ် မဟုတ်ပါဘူး၊ ကျွန်မ လူကုန်ကူးခြင်းခံလိုက်ရတာပါ၊ ကျေးဇူးပြုပြီး ကျွန်မကို ကယ်ပါရှင်''

ထိတ်လန့်ခြင်းကြောင့် ခင်မိုး၏တစ်ကိုယ်လုံး တသိမ့်သိမ့်တုန်ယင်လို့နေသည်။

တစ်ဖက်လူသည် ခင်မိုးကို အံ့ဩစွာ စူးစိုက်လို့ကြည့်နေသည်။ ခင်မိုး၏ မီးကျိုးမောင်းပျက် Broken English ကို သူ အတော်လေး သတိထားနားထောင်နေပုံရသည်။ ရုတ်တရက်ဆိုသလို သူ၏လက်ဖဝါးတစ်စုံက ခင်မိုး၏ပခုံးနှစ်ဖက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ချိန်မှာတော့ ခင်မိုး အသက်ရှူဖို့ မေ့သွားရအောင်ပင်။ ရုတ်တရက် ထိုသူက ဝါကျင်ကျင်မီးရောင်အစား အခန်းတစ်ခန်းလုံး ထိန်လင်းစေမည့် မီးချောင်းအား အစားထိုးလင်းစေခဲ့သည်။ အနည်းငယ် စိတ်ရှုပ်ထွေးသွားပုံဖြင့် သူသည် ငိုရှိုက်နေသော ခင်မိုးကို အကဲခတ်သလို ကြည့်နေပြန်သည်။

အတော်လေးကြာတော့မှ သူက.....

''ငါ မင်းကို ဘာလုပ်ပေးရမလဲ၊ နီး.....နီး၊ ဘာလုပ်ပေးနိုင်မလဲ''

ဟု ဝေခွဲမရစွာ တစ်ယောက်တည်းဆိုပြန်၏။

''စိတ်အေးအေးထား၊ ဒီကိစ္စက လောလို့မရဘူး၊ သူတို့မှာ အဖွဲ့အစည်း ကြီးကြီးမားမားတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



နောက်ခံမှာရှိရမယ်''

တစ်ယောက်တည်းသုံးသပ်သလို သူဆိုပြန်သည်။

အချိန်တို့ တရွေ့ရွေ့ကုန်ဆုံးလာလေပြီ။ မကြာခင် သူတို့ပေးထားသောအချိန် ပြည့်တော့မည်ပင်။

ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်သလို ပုံစံမျိုးဖြင့် ခင် မိုးကိုကြည့်ကာ.....

''မင်း ငါ့နောက်ကလိုက်ခဲ့၊ တစ်ခုမှတ်ထား၊ အခြေအနေမကောင်းတာပဲဖြစ်ဖြစ် တစ်ခုခုဆို မင်းလွတ်ရာကိုမျက်စိမှိတ်ပြေး ကြားလား၊ ဘယ်တော့မှ နောက်ကိုပြန်လှည့်မကြည့်နဲ့၊ ဒီအနားမှာ သူတို့လူတွေ အပြည့်ရှိနေလောက်တယ်''

ဟုမှာသည်။

''ဟုတ်ကဲ့''

''OK တို့တွေ ဒီကထွက်ကြစို့''

+ + +

ခင်မိုးတစ်ကိုယ်လုံး နာကျင်ကိုက်ခဲနေသည်။ ယောက်ျားရင့်မာကြီးများပင် ဖြစ်လင့်ကစား မိန်းကလေးတစ်ယောက်ကို ညီမသားချင်းမစာနာစိတ်ရှိသလို ထိုးနှက်ကန်ကျောက်ကြသော အနှိပ်စက်ခံဒဏ်ရာများကြောင့် သူမတစ်ကိုယ်လုံး လှုပ်ပင်မလှုပ်နိုင်အောင်ပင်။ မူးရီဝေနေသည့် ဦးခေါင်းကလည်း တဆစ်ဆစ်ထိုးကိုက်နေသည်။

သို့ပေမယ့် သူမ အားမလျှော့နိုင်အား။ ကြိုးစား၍ ပြေးနေမိဆဲ။ သူမကို ကူညီပေးသောသူသည်လည်း ထိုသူတို့၏ လက်ချက်ဖြင့် သေသလား၊ ရှင်သလားမသိ။

သူမကို ပြန်လည်ဖမ်းဆီးခေါ်ဆောင်လာပြီး စိတ်ရှိသလို နှိပ်စက်ပြီးသည့်နောက်မှာတော့ အစောင့်တစ်ယောက်ထားခဲ့ကာ အားလုံးထွက်သွားချိန်တွင် ခင်မိုး ရှိသမျှအားကို အကုန်သုံးပြီး နီးစပ်ရာသစ်သားတုတ်ဖြင့် အစောင့်ကို အားကုန်ရိုက်ခဲ့ကာ ထွက်ပြေးလာခဲ့ခြင်းပင်။ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ထုသာ ကြီးစိုးနေသည်။ ဘယ်အချိန်လောက်ရှိမည်ဆိုသည်ကိုပင် မခန့်မှန်းနိုင်အောင်ပင်။ လမ်းဟုမမည်သော လူသွားရရုံသာရှိသော လမ်းတစ်လျှောက် သူမ ပြေးလာခဲ့သော်လည်း ယခုချိန်ထိ လမ်းမကြီးတစ်ခုခုသို့ အရိပ်အယောင်ပင် မမြင်ရသေး။ ရည်ရွယ်တာက ဘုံနန်း၊ ရောက်သွားတာက ငရဲခန်းဆိုသလိုပင်။

ထိုစဉ်ပဲ သူမနားဆီသို့ အော်ဟစ်သံတချို့နှင့် ပြေးလွှားသံများဝင်ရောက်လာသည်။

''ရှေ့မှာဟေ့၊ တွေ့ပြီ၊ ဒီတစ်ခါ အသေသတ်ပစ်ကွာ၊ ဒီလောက်တောင် ပြဿနာရှာတဲ့ကောင်မ၊ အလွတ်မပေးနဲ့''

တစ်ယောက်တစ်ခွန်းအသံများနှင့် ခင်မိုးကို ကျိန်ဆဲနေသံများသာ ဆူညံလို့နေသည်။

ခင်မိုး အံကိုကြိတ်ကာ ဆုံးဖြတ်ထားသည့်အတိုင်း အသင့်ယူဆောင်လာသောဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။

တဖြည်းဖြည်း နီးကပ်လာသော ပြေးလွှားခြေသံများကလည်း လူခြေတိတ်ချိန်မို့ အတိုင်းသားကြားနေရသည်။ ခင်မိုး ဒီအတိုင်းတော့ ပြန်လည်အဖမ်းခံ၊ အနှိပ်စက်ခံဘဝ၊ ပြည့်တန်ဆာဘဝအဖြစ် အသက်မရှင်ချင်တော့သည်မှာ ပို၍သေချာနေပြီမို့ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချလိုက်သည်။

အချိန်ကြာကြာ ခင်မိုးစဉ်းစားမနေတော့ဘဲ ဓားကို သူမရဲ့နှလုံးသားတည့်တည့်ဆီသို့ သူမကိုယ်တိုင် အားကုန်ထိုးစိုက်လိုက်တော့သည်။

ထိုအခိုက် တိုက်တိုက်ဆိုင်ဆိုင် ခင်မိုးရဲ့နားဆီသို့.....

''ခင်မိုးရေ...''ဆိုသော အမေ၏ စိုးရိမ်တကြီးခေါ်သံလေး ဝင်ရောက်လာခဲ့သည်။

ခင်မိုး ကျေနပ်စွာပြုံးလိုက်ပြီးနောက်.....

''ခင်မိုး ပြန်လာပြီ အမေ''လို့ တိုးတိုးဖွဖွလေး ရေရွတ်ကာ အပြုံးတို့ဖြင့် ကျေနပ်စွာပဲ မျက်လုံးစုံမှိတ်ချလိုက်တော့သည်။

စူးရှနာကျင်သည့် ခံစားမှုတစ်ခုနဲ့အတူ မှောင်မိုက်ခြင်းအတိနဲ့ အရာရာသည် ခင်မိုးအတွက် ငြိမ်းချမ်းခြင်းအတိတို့ဖြင့်သာ။

ဖြိုးမွှေး

www.burmeseclassic.com

www.burmeseclassic.com


စ

## ဘယဆေး နှင့် ဘယဆေးအမှုန့်ဆိုင်

SANDHI

အရောင်းအဝယ်သည် "သဘာဝ"

ဆေးစစ်ဆေးမှန်အာနိသင်

ထက်မြက်ရေးသည် "အဓိက"

အမှတ် - ၂၃၈/၂၄၀၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။


ဖုန်း-၂၅၁၈၁၆၊ ၂၅၁၈၁၇၊ ၃၈၀၄၀၄၊ ၃၈၀၄၀၅

လက်ကားဆိုင် လိုင်းခွဲ- ၂၀၁၊ ၂၀၂ ကုန်ကြမ်းဆိုင်လက်လီ လိုင်းခွဲ- ၄၀၁

အမှုန့်ဆိုင် လိုင်းခွဲ - ၃၀၁၊ ၃၀၂


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


တရိပ်ရိပ်နှင့် ပြောင်းလဲလာသော မြင်ကွင်းများကို ငေးကြည့်ရင်း 'ဘိုးဦးကျော်ဒွန်း'ခေါင်းတညိတ်ညိတ်နှင့် ရှိနေလေသည်။ အမှန်အားဖြင့် ဆိုရပါမူ ဘိုးဦးကျော်ဒွန်း၏ မူလအမည်မှာ ကျော်ဒွန်းဖြစ်ပြီး မောင်အရွယ်၊ ကိုအရွယ်၊ နောက် ဦးအရွယ်၊ အဘိုးအရွယ်တို့ကိုအဆင့်ဆင့်ဖြတ်သန်းပြီးသည့်နောက်တွင် ဘိုးဦးကျော်ဒွန်းဖြစ်လာတော့သည်။ ဘိုးဦးကျော်ဒွန်း၏အသက်မှာ ရှစ်ဆယ်ကျော်၊ ကိုးဆယ်နီးပါးရောက်ခဲ့ပြီမို့ ရှေ့မီနောက်မီ လူကြီးတစ်ယောက်ဆိုလျှင်လည်း မမှားချေ။

ဘိုးဦးကျော်ဒွန်း ခေါင်းတညိတ်ညိတ် လုပ်နေသည်မှာလည်း အကြောင်းရှိသည်။ ခေတ်စနစ်ပြောင်းလဲလာသည်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော လူမှုဝန်းကျင်၊ တိုက်တာအဆောက်အအုံ၊ လမ်းတံတား ခရီးသွားလာရေးများ လွယ်ကူချောမွေ့လာခြင်းကြောင့်ဖြစ်၏။

''အင်းပေါ့လေ၊ မြန်မာနိုင်ငံရဲ့ အထင်ကရမြို့တော်ပဲ၊ တို့ချောက်မြို့နဲ့တော့ ဘယ်ယှဉ်လို့ရမတုံး''

ထိုသို့ ရန်ကုန်မြို့ကိုလည်း အထင်ကြီး၊ မိမိရဲ့မြို့ကိုလည်း ဖာထေးတွေးပေးရဖြင့် ရှိနေစဉ်.....

''ဘိုးရေ..ကားဂိတ်ရောက်ပြီ''

သမီးအငယ်ဆုံးကမွေးသော မြေးမလေး မိသက်က ဦးကျော်ဒွန်း၏လက်မောင်းကို ခပ်ဖွဖွဆုပ်ကိုင်၍ သတိပေးလာသည်။ ကားပေါ်မှ လူများ အလျှိုလျှိုဆင်းလာကြ၏။ ဦးကျော်ဒွန်းတို့ မြေးအဘိုးကမူ လူရှင်းအောင်စောင့်သည်။ ကားဂိတ်ထဲတွင် ခရီးသည်ခေါ်သံများ၊ တက္ကစီငှားသံများ ဆူညံနေသည်။ မြေးမလေးကအရင် ကားအောက်ကိုဆင်းပြီး အဘိုးဖြစ်သူကို ထိန်းပေးဖို့ပြင်သောအခါ အဘိုးဖြစ်သူက လက်ကာပြကာ တောင်ဝှေးဖြင့်ဆင်းပြီး...

''နေပါ မြေးရယ်၊ ဘိုးကိုများ လူမမာမှတ်နေသလား၊ ဒီခရီးလောက်တော့ အပျော့ပါ၊ ဒီထက်မက ခက်ခဲပင်ပန်းမှုတွေတောင် ရင်ဆိုင်ခဲ့ရပြီးပြီပဲ''

အသက်ကြီးသူတို့ရဲ့ ထုံးစံအတိုင်း သူတို့ရဲ့ငယ်ဘဝနှင့်ယှဉ်၍ ပြောပြန်သည်။ ဘိုးဦးကျော်ဒွန်းသည် တော်လှန်ရေးရဲဘော်ဟောင်းတစ်ဦးဖြစ်သည်။ တော်လှန်ရေးကာလတုန်းကလည်း ရှုပ်ရှုပ်ရှုံရှုံပါဝင်ခဲ့သည်။ ခက်ခဲကြမ်းတမ်းမှု၊ ပြုပြင်ပြောင်းလဲမှု လောကဓံတရားများနှင့်လည်း ရင်ဆိုင်ခဲ့ရပြီးပြီ။ သို့သော် ငယ်ဘဝတုန်းက သန်မြန်မှုဆိုသည်မှာ ဇရာသဘောနှင့် နှိုင်းယှဉ်၍ မရချေ။ ငယ်စဉ်တုန်းကဆိုတာ မလုပ်ပေးသူဖြစ်သော်ငြား ငယ်ဂုဏ်နှင့် ကြည့်ပျော်ရှုပျော်ရှိသည်။ အသက်ငယ်ရွယ်မှုသဘောအရ ပင်ပန်းကြမ်းတမ်းမှု၊ ရုန်းကန်လှုပ်ရှားမှုကို ခံနိုင်ရည်ရှိသည်။

မြေးအဘိုးနှစ်ယောက်တွင် မြေးမသည် လက်ဆွဲခြင်းတောင်းနှင့် ဒေသထွက်လက်ဆောင်ပစ္စည်းများ အပြည့်အမောက်ပါသော ခြင်းကို တစ်ဖက်ကိုင်၍ အဝတ်အစားများ ထည့်သည့် သားရေအိတ်ကို တစ်ဖက်လွယ်ထားလေသည်။ ဒါသည် ပင်ပစ္စည်းပစ္စယအကုန်။ မြေးအဘိုးနှစ်ယောက်သည် တက္ကစီငှားဖို့ ဆွဲဆောင်နေသော လူအုပ်ကြားမှတိုးထွက်လာသည်။ လူရှင်းသော တစ်နေရာအရောက်တွင် အဘိုးသည် ဟိုဟိုဒီဒီ လှမ်းကြည့်၍.....

''ဟဲ့.....မိသက်၊ ဘယ်သူမှလည်း လာကြိုတာ မတွေ့ပါလား''

နောက် ညည်းညူသံများပေါ်လာပြန်သည်။ အဘိုးအိုသည် အသက်အရွယ်ရပြီဖြစ်သော်လည်း သန်တုန်း၊ မြန်တုန်း၊ စိတ်ထက်တုန်းပင်ဖြစ်သည်။ ငယ်စဉ်တုန်းက ပင်ပန်းမှုကို ခံနိုင်ရည်ရှိသလောက် ယခု ဇရာထောင်းလာသောကာလနှင့် သူ့ကိုယ်သူ အားမလိုအားမရဖြစ်နေဆဲ။

''လာကြိုမှာပါ ဘိုးရဲ့၊ ဒေါ်ကြီးက သေချာဖုန်းဆက်သားပဲ၊ ဦးကြီးလာမကြိုနိုင်ရင်တောင် အစ်ကိုငယ်လာကြိုမှာပေါ့''

အစ်ကိုငယ်ဆိုသူမှာ ဘိုးဦးကျော်ဒွန်း၏ သားကြီးသြဲ့သက မွေးသည့်သား၊ ဘိုးရဲ့မြေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဦးကျော်ဒွန်းကတော့ ခေတ်မီလွန်းသော သားကြီးတို့မိသားစုရဲ့ နေပုံထိုင်ပုံကို သဘောမကျလှသဖြင့် ရန်ကုန်ကို တစ်နှစ်နေလို့ တစ်ခါမရောက်ပါ။

ဘိုးတွင် သားသမီး ပွားစီးသည်မှာ ရှစ်ယောက်ရှိသည်။ အရွယ်ရောက်လာသောအခါ နယ်ပယ်ဒေသ အသီးသီးသို့ ပြောင်းရွှေ့သွားကြသည့် သားသမီးများလည်း ရှိသည်။ ယခု ဘိုးဦးကျော်ဒွန်းအနီး ချောက်မြို့တွင် အခြေချနေထိုင်သူက သုံးဦး။ ထိုသားသမီးများ၏အိမ်တွင် ပျော်သလိုလှည့်ပတ်နေရင်း ရပ်ဝေးမြေ၌ရှိသော သားသမီးများဆီသို့ မရောက်သည်မှာ ကြာပြီ။

ပြောရဦးမည်။ သားသမီး ရှစ်ယောက်ထဲတွင် ဘိုးက သားကြီးဩရသဖြစ်သူကို အားကိုးသည်၊ အလေးထားသည်။ ပေးထားသည့် နာမည်မှာတောင် အမျိုးကိုချစ်တတ်စေရန် 'မျိုးချစ်ကျော်'ဟု နာမည်ပေးထားသည်။

"အဘိုးရေ....ဟိုမှာ အစ်ကိုငယ်"

ဘိုးသည် သူ့မျက်စိကို သူမယုံနိုင်စွာ အခါခါပွတ်ကြည့်မိသည်။ ဒီမြေးကို ငယ်စဉ်တုန်းအရွယ်သာမြင်ဖူးသည်။ သိပ်မမှတ်မိချေ။ အဘိုးအို မမှတ်မိသည်က ရုပ်ရည်တင်မဟုတ်။ ဝတ်စားဆင်ယင်မှုကိုပါ မမှတ်မိတော့။

"ဟေး.....မိသက်၊ နင့်ပုံက လည်း ဂွမ်းလှချည်လား"

ဂွမ်းလှချည်လားတဲ့။ အဲဒါဘာစကားလဲ။ အမည်းရောင်လူသားရဲ့နောက်တွင် အမည်းရောင်လူငယ်နှစ်ယောက်။ အမည်းရောင်လူသားဟု ပြောရခြင်းမှာ အထက်အောက်အနက်ရောင်တစ်မျိုးတည်းကို ပုံစံအမျိုးမျိုးဖြင့် ဝတ်စားထားခြင်းကြောင့်ဖြစ်သည်။

"ငါ့မြေးရယ် ဘိုးတို့ကိုလာကြိုဖို့ အဲဒီလောက်လောစရာမလိုပါဘူးကွယ်၊ ဘာလို့ခေါင်းမဖြီးခဲ့တာလဲ၊ ဟဲ့.....နေပါဦး၊ ဒီဘက်အခြမ်းက ဆံပင်တွေက ဘာလို့ရှည်နေရတာလဲ၊ တစ်ခြမ်းတို၊ တစ်ခြမ်းရှည်နဲ့၊ မောင်ကျော်ကတော့ ငယ်ငယ်လေးတုန်းကလိုပဲ ကပ်စေးတယ်ကုပ်ပါလား၊ တစ်ခေါင်းလုံးညှပ်တော့ ဘယ်လောက်ထူးကုန်မှာတဲ့လဲ"

ဘိုးရဲ့စကားအဆုံး မြေးဖြစ်သူနှင့်တကွ သူငယ်ချင်းများက ဝါးခနဲရယ်ကြလေသည်။ မိသက်ကတောင် ပြုံးစိစိလုပ်နေသဖြင့် ဘိုးက ဆံပင်တစ်ခြမ်းရှည်နေသည့်မျက်နှာကို နားမလည်စွာကြည့်လိုက်၊ လက်ဖျံရိုးတွင် ဗရုတ်သုတ်ခပုံများ ဆွဲထားသည်ကိုကြည့်လိုက်နှင့် မျက်နှာပျက်နေစဉ်.....

"အဘိုးကလည်း ရေရေလည်လည်ဝေးတယ်ဗျာ၊ ဒါ စတိုင်လ်ဗျစတိုင်လ်၊ အီမိုစတိုင်လ်တဲ့၊ ကျွန်တော်တို့လို ထားရဲတဲ့သူတောင် ဘယ်သူမှ မရှိသေးဘူး"

+++

သားကြီး၏အိမ်သို့ ရောက်သည့်အထိ ဘိုးဦးကျော်ဒွန်းရဲ့ အတွေးများက အမျှင်မပြတ်ချေ။ အသက်အရွယ် ကြီးရင့်လာသောအခါ အမေ့မေ့အလျော့လျော့ဖြစ်တတ်သော်လည်း သတိလက်လွတ်တော့မဟုတ်ချေ။ သက်ဆိုးမရှည်ရှာသော ဘိုးဦးကျော်ဒွန်းရဲ့ ဇနီးကတော့ တရှောင်ရှောင်နှင့် ငယ်တုန်းရွယ်တုန်း ငါးဆယ်နီးပါးတွင် ကွယ်လွန်သွားခဲ့သည်။

"အဖေ.....မျက်နှာလည်း မကောင်းပါလား၊ ဘာအဆင်မပြေလို့လဲဟင်"

ဘိုးရဲ့ချွေးမဖြစ်သူက မျက်နှာရိပ်မျက်နှာကဲကိုကြည့်၍ စိုးရိမ်တကြီး မေးလေသည်။ ချွေးမဖြစ်သူက တိကျပြတ်သားသောယောက္ခမကို ရိုလည်းရိုသေသည်၊ ကြောက်လည်းကြောက်သည်။ ယခုသွားကြိုတာ အဆင်မပြေလျှင် ဦးမျိုးချစ်ကျော်အား ပြန်ပြောပြနိုင်သည်။ ယောက်ျားဖြစ်သူက တစ်ခါတစ်ရံမှ ရောက်လာသော ဖခင်အား စိတ်အနှောင့်အယှက်မဖြစ်စေနဲ့၊ စိတ်ချမ်းသာအောင်ထားဟု မှာထားခဲ့သည်။

ဘိုးက လက်ထဲတွင်ကိုင်ထားသော တောင်ဝှေးကို ဆိုဖာဘေးတွင် ထောင်ပြီး သက်သောင့်သက်သာဖြစ်အောင် ထိုင်လိုက်သည်။ မြေးမက အထုပ်အပိုးများကို မီးဖိုချောင်သို့ ယူသွားလေသည်။

အမှန်တော့ ဘိုးတစ်ယောက် စိတ်မကောင်းဖြစ်မိနေခြင်းသာဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မြေးဖြစ်သူသည် ဤကဲ့သို့ သရုပ်ပျက်သော ဝတ်စားဆင်ယင်မှုများဖြင့် ရှိနေမည်ဟု တစ်ခါမှ မတွေးခဲ့ဖူးချေ။ မြေးဖြစ်သူကို စစချင်း မြင်လိုက်ရကတည်းက ဘိုးသဘောမကျပေ။ ဆံပင်က တိုသည်ကတို၊ ထောင်သည်ကထောင်၊ ရှည်သည်ကရှည်။ အညာမှာဆိုလျှင် ငှက်များတောင် အသိုက်မှားလုပ်ကြမည်။ နားကပ်က ဝတ်ထားသေးသည်။ တစ်ပေါက်မဟုတ်။ နားတစ်လျှောက်လုံး တန်းစီဖောက်ထားသဖြင့် ဘိုးအမြင်တွင်တော့ ကြည့်၍မလှ။ သူတို့လူငယ်တွေကတော့ ဘာကြောင့်လှမှန်း ဘိုးမစဉ်းစားတတ်ချေ။

လက်သည်းကို ရှည်ရှည်ထားပြီး လက်သည်းဆိုးဆေး အမည်းရောင်ကို ဆိုးထားသည်။ ဝတ်ထားသော ရှပ်အင်္ကျီလက်စကအနက်က ကျပ်ထုပ်နေသည်။ ဘောင်းဘီကျပ်ကျပ်၊ အင်္ကျီကျပ်ကျပ်ဖြင့် ချုံး၍ပြောရလျှင် ယောကျ်ားလေးနှင့်တူသော ဝတ်စားဆင်ယင်မှု တစ်ခုလေးမှ မတွေ့ရချေ။

တိုးတက်လာသော ခေတ်ရဲ့ ပြယုဂ်က ဤကဲ့သို့သော ဝတ်စားဆင်ယင်မှုတွေလား။ လမ်းတစ်လျှောက်မှာလည်း မြင်ခဲ့ရပြီးပြီ။ ယောကျ်ားလေး၊ မိန်းကလေးများ၏ ဝတ်စားဆင်ယင်မှုများ။ အင်းပေါ့လေ...သူတို့အမြင်မှာတော့ အဘိုးအိုသည် ခေတ်မမီ၊ ခေတ်နောက်ကျနေပြီဟု ထင်ကောင်းထင်မည်။

အဘိုးအိုထိုင်ပြီး တစ်ယောက်တည်း စဉ်းစားခန်းဝင်နေစဉ် အပေါ်ထပ်မှ မြေးဖြစ်သူဆင်းလာသည်။ အပေါ်က စွပ်ကျယ်အင်္ကျီနှင့် အောက်က ဘောင်းဘီတိုပွပွ လဲလှယ်ခဲ့သည်။ ဘိုးစိတ်ဝင်စားသည်မှာ ထိုအရာမဟုတ်။ မြေးဖြစ်သူရဲ့ လက်မောင်း၊ လက်ဖျံများတွင်ထိုးထားသော အရုပ်များ၊ ပန်းပွင့်များ၊ စာတန်းများကို စိတ်ဝင်စားသဖြင့် မြေးဖြစ်သူကို လှမ်းခေါ်လိုက်သည်။ ဘိုးသည် မြေးဖြစ်သူ၏ သွယ်လျသော လက်ဖျံ၊ လက်မောင်းပေါ်မှ ပုံများကိုကြည့်၍.....

"အဲဒါတွေ ဘာပုံလဲ မြေးရဲ့၊ နေပါဦး၊ ဒီစာတန်းကကော ဘာအထိမ်းအမှတ်နဲ့ ထိုးထားတာလဲ"

အရိုးခေါင်းလိုလို ဘာလိုလိုနှင့် အရုပ်အောက်မှ ထိုးထားသည့်စာတန်းကို စိတ်ဝင်တစားမေးလိုက်သည်။ သူတို့ခေတ်ကလည်း လက်မောင်းပေါ်တွင် သတ္တိ၊ ရဲရင့်ခြင်းအစရှိသဖြင့် ကိုယ့်အထိမ်းအမှတ်နှင့်ကိုယ် ထိုးသဖြင့် စိတ်ဝင်တစားမေးလေသည်။

"အဲဒါ အိုင်လပ်ဖ်ယူတဲ့ ဘိုးရဲ့၊ အဓိပ္ပာယ်က နင့်ကိုငါချစ်တယ်တဲ့"

"ဩော်.....ဩော်"

အဘိုးအိုက ဩော်...ဩော်ဟု ရေရွတ်ရင်း ပြုံးလိုက်သည်ကို မြေးဖြစ်သူက သူ့ကို ချီးကျူးထောမနာပြုသကဲ့သို့ သဘောကျစွာရယ်နေစဉ် အဘိုးဖြစ်သူ၏မျက်နှာမှာ တစ်စထက်တစ်စ တင်းမာလာကာ.....

"တော်စမ်း မြေး.....အဲဒါ သဘောကျစရာမဟုတ်ဘူး၊ ရယ်စရာလည်းမဟုတ်ဘူး မြန်မာတွေအထွတ်အမြတ်ထားတဲ့ ထိုးကွင်းမင်ကြောင်ကို မင်းတို့ရဲ့ခေတ်သစ်ပေါင်းပြီး ထင်ယောင်ထင်မှားလုပ်တာတော့ မကောင်းဘူး မြေး အဲဒါ ဘိုးတို့ရဲ့ မြန်မာ့ပညာကို စော်ကားလိုက်တာပဲ၊ ဒီမှာကြည့်စမ်း... မြေး"

အဘိုးအိုသည် ပြောနေရင်း ဒေါသထွက်လာဟန်တူသည်။ မတ်တတ်ထရပ်ကာ ရင်ကွဲဝတ်ထားသော တိုက်ပုံအင်္ကျီကို ဆွဲချွတ်၊ နောက် အောက်ကခံဝတ်ထားသော ရှပ်အင်္ကျီကို ချွတ်လိုက်သည်။ ပုဆိုးကို ခါးတောင်းကျိုက်လိုက်သော အခါ ပေါင်နှစ်ဖက်စလုံးတွင် လှပစွာထိုးထားသော ထိုးကွင်းမင်ကြောင်များကို တွေ့လိုက်ရသည်။ အပေါ်ဘက်တွင်လည်း ကျောပြင်၊ လည်ပင်း၊ လက်မောင်း၊ လက်ဖျံများတွင် ထိုးထားသော စမများ၊ အင်းကွက်များ၊ အိမ်မြှောင်ရုပ်များကိုတွေ့ရ၏။

"ဘိုးကိုယ်ပေါ်မှာထိုးထားတဲ့ တက်တူးတွေက လှလိုက်တာ"

"ဘာ.....ဘာကွ တက်တူးဟုတ်လား၊ ဘာတက်တူးလဲ၊ ဘိုးတို့နိုင်ငံမှာပဲ အခုနှစ်အနည်းငယ်အတွင်းမှာ ခေတ်စားလာတဲ့ တက်တူးနဲ့ မြန်မာတွေအတွက် နှစ်ပေါင်းများစွာ အစဉ်အလာရှိတဲ့ ထိုးကွင်းမင်ကြောင်ကို မှားတာတော့ ဘိုးစိတ်မကောင်းဘူး မြေး"

အဘိုးအိုသည် ဒေါသတကြီးနှင့် အော်ဟစ်ပြီးမှ သူ့စိတ်သူပြန်

www.burmeseclassic.com

www.burmeseclassic.com

ထိန်းကာ လေသံကိုလျှော့လိုက်သည်။ ဤကဲ့သို့ မာမာထန်ထန် ပြောလျှင် လူငယ်တွေသည် နားထောင်ဖို့ထက် ပြောသူနားက ထွက်ပြေးဖို့သာ ပြေးပေါက်ရှာပေမည်။

ထိုးကွင်းမင်ကြောင်ထိုးခြင်းသည် အလှသက်သက် ထိုးခြင်းမဟုတ်ကြောင်း မြေးဖြစ်သူ သိအောင်၊ နားဝင်အောင် ပြောရမည်။ မြန်မာ့သတ္တိနှင့် ထိုးကွင်းမင်ကြောင်ထိုးခြင်းသည် ယှဉ်တွဲနေကြောင်း ပြောရမည်။

အဘိုးဖြစ်သူသည် အင်္ကျီများကို ပြန်မဝတ်တော့ဘဲ ဆိုဖာပေါ်ပြန်ထိုင်လိုက်သည်။ မြေးဖြစ်သူ၏မျက်နှာကိုလည်း အကဲခတ်လိုက်သည်။ မြေး၏မျက်လုံးများမှာ သူ့ကိုယ်ပေါ်က ထိုးကွင်းမင်ကြောင်များကို သဘောကျကြောင်း ဖော်ပြနေသည်။ အဘိုးဖြစ်သူက နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး.....

''ထိုးကွင်းမင်ကြောင်တွေကို ငါ့မြေး စိတ်ဝင်စားရဲ့လား''

''စိတ်ဝင်စားတာပေါ့ ဘိုးရဲ့''

''ကောင်းပြီ၊ ဒါဆို ထိုးကွင်းမင်ကြောင်နဲ့ ပတ်သက်ပြီး ဘိုးမှာ ပြောစရာအများကြီးရှိတယ်၊ အဲဒါတွေမပြောခင် ဘိုးမေးချင်တာက မြေးတို့ပြောတဲ့ ဘာတဲ့ တက်တူးဟုတ်လား၊ အဲဒီတက်တူးကို ဘာရည်ရွယ်ချက်နဲ့ထိုးသလဲ၊ ဘိုးကို အရင်ပြောပါဦး''

အဘိုးဖြစ်သူရဲ့မေးခွန်းကြောင့် မြေးဖြစ်သူ ငြိမ်သက်သွားသည်။ သူ့လက်ပေါ်က တက်တူးများကိုလည်း ငုံ့ကြည့်နေသည်။

''အဘိုးမေးချင်တာက နံပါတ်တစ် အမှတ်အသားအဖြစ် ထိုးတာလား၊ နံပါတ်နှစ် အလှအပအဖြစ် ထိုးတာလား၊ နံပါတ်သုံး စွဲလမ်းမှုအခြေခံပြီး အဆောင်သဘောအနေနဲ့ ထိုးတာလား၊ နံပါတ်လေး ထုံးတမ်းစဉ်လာအရ ထိုးတာလား''

''ကျွန်တော့်အထင် အလှအပအနေနဲ့ ထိုးတယ်လို့ထင်ပါတယ် ဘိုး''

''ဘိုးတို့ရဲ့ ထိုးကွင်းမင်ကြောင်ကတော့ လေးချက်စလုံးနဲ့ ကိုက်ညီတယ် မြေး၊ ထိုးကွင်းဘာကြောင့် ထိုးရသလဲဆိုတာ ဘိုးပြောပြမယ်၊ နားထောင် မြေး၊ မြေးတို့ရဲ့ တက်တူးက ဘယ်လိုပုံနဲ့ ဘယ်လိုမျိုးထိုးသလဲ ဘိုးမသိဘူး၊ ဘိုးအခုပြောမှာက ထိုးကွင်းအကြောင်းပဲ''

+++

ဘယ်အရာမဆို သူ့၌သမိုင်းရှိသည်။ ရည်ရွယ်ချက်ရှိသည်။ ထိုးကွင်းမင်ကြောင်တွင်လည်း သမိုင်းရှိသည်။ ''မင်ကြောင်အစ မောင်မှန်က''ဟူ၍လည်းကောင်း၊ ''မင်ကြောင်အစ မှင်သေ့က''ဟူ၍လည်းကောင်း အဆိုရှိခဲ့သည်။ သာမန်လူတို့အတွေး၌ ထိုးကွင်းထိုးခြင်းသည် အဓိပ္ပာယ်မဲ့ အချည်းနှီး အသားအနာခံ၍ ပြုလုပ်သည်ဟု ထင်ကောင်းထင်ကြပေမည်။ ထို့ကြောင့်လည်း မျက်နှာဖြူများ အုပ်စိုးစဉ်အခါက မလိုတမာလူတွေက ''ပိုက်ဆံပေး၍ အသားအနာခံသူများ'' အဖြစ် ထိုးကွင်းထိုးသူများကို ကဲ့ရဲ့ပြစ်တင်ကြသည်။

ဦးဖိုးလိမ်၏ ဒွေးချိုးသဖြန်တွင် ''ပျိုတို့မောင် အယဉ်ကြိုက်၊ ခါးစိုက်ကတဲ့ မင်ကြောင်၊ ရွှေလည်တိုင် နှစ်ပြိုင်ထပ်ရဲနီအောင်၊ ခါးတောင်းရယ်မြောင်၊ မည်းမှောင်တဲ့ သျှောင်စောင်း၊ ပျိုလေးတွေရေခပ်ဆင်းကို ခြင်းခတ်လို့ချောင်း''ဟု ဖော်ပြထားသည်။

ဤတွင် ရှေးခေတ်အခါကတည်းက ထိုးကွင်းမင်ကြောင်ထိုးခြင်း၊ သျှောင်ထုံးခြင်း၊ ခြင်းခတ်ခြင်းတို့သည် အတောင်နှစ်ဆယ်ဝတ်မင်းယောကျ်ားတို့၏ ဆင်ယင်ရှုံးဖွဲ့မှုများအနေဖြင့် တွေ့မြင်နိုင်သည်။

ရှေးအခါက ထိုးကွင်းမင်ကြောင်ထိုးသော ယောကျ်ားပျိုများကို မိန်းမပျိုများနှင့်တကွ မိဘများကလည်း အလေးထားကြသည်။ ချစ်ရေးဆိုလျှင်ပင်.....

''အကယ်ပြောသလော၊ အကယ်ပြောသည်မှန်လျှင် မင်ကြောင်ထိုးဦး''ဟုဆို၏။ ဆိုရသော် ထိုးကွင်းမထိုးဘဲ သမီးရည်းစားစကားပြောခြင်းသည် အလုပ်လျှောက်ဖို့ ဖောင်အချက်အလက်မပြည့်စုံကြောင်း သိနိုင်သည်။ သမီးရှင်မိဘများက အလေးထားရခြင်းမှာ ထိုးကွင်းမထိုးသော ယောကျ်ားသည် လောကဓံတရား (၈)ပါးကို ကြံ့ကြံ့မခံနိုင်ချေ။

ထိုးကွင်းထိုးသည့် အနာမှာ မည်မျှနာကြောင်းကို လောကဓံ

www.burmeseclassic.com



တရား (၈)ပါးခံနိုင်ခြင်းနှင့် ဥပမာ ပေးထားသောကြောင့် ထိုးကွင်းထိုးခြင်းသည် မည်မျှနာကြောင်း သိနိုင်သည်။

ဘိုးဦးကျော်ဒွန်း ငယ်စဉ် ကိုးနှစ်သားအရွယ်ကဖြစ်သည်။

မောင်ကျော်ဒွန်းသည် ရွာဦးကျောင်းတွင် ဘုန်းကြီးကျောင်းသားတစ်ဦးဖြစ်သည်။ တစ်နေ့သောအခါ အဖေ၏ညီအငယ်ဆုံး ဘထွေးလေးနှင့် အမေကြီး(အဘွား)တို့ တိုးတိုးတိတ်တိတ်နှင့် ဘာတွေပြောနေမှန်းမသိ။ အခြားသူများဘာပြောပြော စိတ်မဝင်စားသော်လည်း ဘထွေးလေးနှင့် အမေကြီးတို့သည် သူ၏အချစ်တော်များဖြစ်သဖြင့်.....

"ဘထွေးလေးတို့ ဘာပြောနေကြတာလဲ၊ ကျုပ်လည်းပြောဦးလေ"

"မနက်ဖြန် ရွာဦးကျောင်းမှာ စုတ်ထိုးတဲ့ဆရာတွေ လာမှာတဲ့ကွ၊ အဲဒါ ဘထွေးလေးလည်း သွားထိုးမလို့"

"ဟိုးတောင်ပိုင်းက ဦးဖိုးသာလိုလား"

ရွာတောင်ပိုင်းက ဦးဖိုးသာသည် သျှောင်ထုံးကြီးထုံး၍ ခေါင်းဖျားခြေဆုံးထိ ထိုးကွင်းများကို အပြည့်ထိုးထားသည်။ အရပ်ကြီးကလည်း အမြင့်ကြီး၊ အမြဲတမ်း ပင်နီရင်ကွဲ တိုက်ပုံကြီးဝတ်၍ ပုဆိုးကို ခါးတောင်းကျိုက်ပြီး ဝတ်ထားသဖြင့် ပေါင်ကထိုးကွင်းများ၊ ရင်အုပ်ကထိုးကွင်းများနှင့် ကြည့်၍လှသဖြင့် မောင်ကျော်ဒွန်း သဘောကျလှသည်။

"ဟွန့်နော်..မောင်ကောင်း... မောင်ကောင်း၊ မသိရင်ခက်မယ်နော်"

အမေကြီးက ပြောင်းဖူးဖက် ဆေးလိပ်ကို မီးရဲခနဲနေအောင်ဖွာလိုက်ရင်း ထိုကဲ့သို့ ရေရွတ်သောအခါ ဘထွေးလေးမျက်နှာက ရဲသွားကာ "ဟာ.....အစ်မကလည်း"ဟု ပြောလေသည်။ မောင်ကျော်ဒွန်းက မြေးဦးဖြစ်သဖြင့် ဘိုးအေက အချစ်ပိုကာ ခေါ်ထားလေသည်။ ဘွားအေနှင့် ဘထွေးတို့အိမ်တွင်နေသည်။ သို့သော် မောင်ကျော်ဒွန်းမိဘများက ဝေးဝေးလံလံတွင် နေကြသူများ မဟုတ်ပါ။ အဘွားတို့၏ အိမ်ဝင်းအတွင်းတွင်ပင် အိမ်ဆောက်၍နေလေသည်။ ဘထွေးလေးမှာမူ အသက် (၂၀)ကျော် လူပျိုလူလွတ်ဖြစ်လေသည်။

+++

"အောက်..အီး..အီး..အွတ်"

လင်းကြက်တွန်သံကြားသောအခါ မောင်ကျော်ဒွန်းသည် အိပ်ရာထဲမှ လူးလဲထလိုက်သည်။ အမေကြီးနှင့် ဘထွေးလေးတို့ အလုပ်ရှုပ်နေကြသည်။

"ဟဲ့.....လူလေး ဘာလို့စောစောစီးစီးထရသတုံး၊ အေးကအေးသနဲ့၊ ပြန်အိပ်"

"အမေ့ ကျုပ်လည်း ဘထွေးလေးနဲ့ အတူလိုက်သွားမယ်"

"အလိုတော်.....ကြားလား မောင်ကောင်း"

ဘထွေးလေးနှင့် အမေက သူ့စကားကို ကြားသောအခါ ရယ်သွမ်းသွေးကြလေသည်။ ဒီနေ့ ဘုန်းကြီးကျောင်းသွားရမည်။ မသွားလျှင် ရွာဦးကျောင်းဆရာတော် ဦးသုမနက ကြိမ်ဒဏ်ကျွေးပေလိမ့်မည်ဟု ချော့မော့သဖြင့် မလိုက်ရချေ။

မောင်ကျော်ဒွန်းသည်ကျောင်းရောက်သောအခါ ပွဲသဘင်ကိုလာကြည့်သကဲ့သို့သော လူအုပ်ကြီးများကို မြင်ရသည်။ ဇရပ်ရှေ့၌ဖြစ်၏။ ဇရပ်ကိုမူ အဝတ်စများဖြင့် ကာရံထားသဖြင့် အထဲကိုမမြင်ရချေ။ မောင်ကျော်ဒွန်းသည် သင်ပုန်းကြီးများကို အလွတ်ရအောင် မြန်မြန်ကျက်ပြီး ဆရာတော့်ထံတွင် စာအံပြီး လူအုပ်ကြီးရှိရာသို့ တိုးဝှေ့လာခဲ့သည်။

ဇရပ်ရှေ့ သစ်ပင်အောက်၌ လူအုပ်ကြီးမှာ သီချင်းများဆိုလိုက်၊ လက်ခုပ်လက်ဝါးတီးလိုက်နှင့် ဆူညံနေသဖြင့် မောင်ကျော်ဒွန်းသည် နားမလည်သဖြင့် ဘေးမှလူတစ်ယောက်ကို မေးလိုက်သောအခါ 'အထဲတွင် စုတ်ထိုးခံနေရသူသည် နာလွန်း၍ အံကြိတ်ခံနိုင်ခြင်းကြောင့် ဆေးဆရာဆေးပေါက်အောင်၊ စိတ်မြူးအောင် သီဆိုနေခြင်းဖြစ်ကြောင်း ပြောဆိုသောအခါ မောင်ကျော်ဒွန်းသည် စိတ်ဆိုးသွားသည်။

ထိုစဉ် ဇရပ်ထဲမှ လူတစ်[illegible] ပျာယီးပျာယာထွက်လာကာ [illegible] မှအခြေအနေကို ပြော[illegible]

"ကိုစံမောင် [illegible]

ကောင်းကို ပေးလိုက်စမ်းပါ''

''အဲဒါဘာဖြစ်လို့ပေးတာတုန်း မမိ''

မောင်ကျော်ဒွန်းသည် ယောက်ျားလေးတန်မဲ့ အင်မတန် သိချင်၊ စပ်စုချင်သော ကောင်လေး ဖြစ်သည်။ ရွာမှ ချောမောလှပသော ဖက်စိမ်းကွမ်းတောင်ကိုင်အပျိုချော မိမိလက်ထဲမှ ကွမ်းသီးလုံးများကို ကြည့်၍မေးလိုက်သည်။ အားလုံးက သူ့ရဲ့စကားကို သဘောကျကာ ဝါးခနဲရယ်ပြီး မမိနှင့် ဘထွေးလေးကို စနောက်ကြသည်။ မမိက ရှက်ကိုးရှက်ကန်းနှင့် လူအုပ်ကြားထဲ တိုးဝင်သွားသည်။

နောက်မှ ညည်းညူသံ၊ အော်သံများထွက်မည်စိုးသဖြင့် ကွမ်းသီးပြောင်လုံးကို ပါးစပ်ထဲတွင်ခဲထားကြောင်း၊ ကတ်ကြေးနှင့်ကိုက်လျှင် မကွဲသော ကွမ်းသီးသည် အံကြိတ်လွန်းသဖြင့် အစိတ်စိတ်အမြွှာမြွှာကွဲသွားကြောင်း သိရလေသည်။

တော်တော်လေးကြာသွားသည်။ ကျောင်းမှ ဆွမ်းစားအုန်းမောင်းခေါက်သံကြားသောအခါ မောင်ကျော်ဒွန်းသည် ကျောင်းပေါ်သို့ ပြေးမည်ကြံစဉ်.....

''ပြီးပြီ.....ပြီးပြီ''

ကိုစံမောင်က ထွက်လာပြီး ပြောပြန်သည်။ အိုးစည်ဒိုးပတ်များကို မြိုင်ဆိုင်အောင် တီးကြပြန်သည်။ အော်ကြပြန်သည်။ ဇရပ်ပေါ်မှ ခုန်ဆင်းလာသူကိုကြည့်ပြီး ကျော်ဒွန်းသည် ယောက်ျားတန်မဲ့ ငိုလိုက်သည်။ ဘထွေးလေး၏တစ်ကိုယ်လုံးတွင် သွေးများရဲရဲနီနေလေသည်။ လူအားလုံးက သူ့ကို သတ္တိကြောင်သူအနေနှင့် ဝိုင်း၍သရော်ကြသည်။ လှောင်ပြောင်ကြသည်။

ဘထွေးလေးကမူ အင်္ကျီဖလာနှင့် ပုဆိုးကို ခါးတောင်းကျိုက်ကာ လက်သီးလက်မောင်းတန်း၍ လက်ခမောင်းတဖြောင်းဖြောင်းမြည်အောင် ရိုက်ကာ အော်ဟစ်ကြုံးဝါးလေသည်။ ကြောက်ရွံ့နာကျင်ဟန် စိုးစဉ်းမှမရှိသဖြင့် မျက်ရည်စက်လက်ဖြစ်နေသော မောင်ကျော်ဒွန်းသည် ဘထွေးလေးကိုကြည့်ရင်း အံ့သြမှင်တက်သွားလေသည်။

နောက်တော့မှ သိရသည်က 'ထိုးကွင်းထိုးမှ တော့်အချစ်ကိုလက်ခံမယ်'ဟု မမိကပြောသဖြင့် ဘထွေးလေးက မခံချင်စိတ်ဖြင့်ထိုးကြောင်း သိရလေသည်။ မောင်ကျော်ဒွန်းကိုတော့ ထိုနေ့ကငိုသဖြင့် တစ်ရွာလုံးက မင်း ယောက်ျားမဟုတ်ဘူးလား၊ သတ္တိမရှိဘူးလားဟု လှောင်ပြောင်သရော် စနောက်ကြလေသည်။

မင်းယောက်ျားမဟုတ်ဘူးလားဟု အမေးခံရသဖြင့် မောင်ကျော်ဒွန်းသည် ရှက်ရွံ့သဖြင့် မခံချင်စိတ်ဖြင့် အမေကြီးအား သူလည်း ထိုးကွင်းထိုးခံချင်ကြောင်း ပြောသောအခါ အမေကြီးနှင့် ဘထွေးလေးသည် သူ့ကို ရယ်စရာပြောသူလိုကြည့်ပြီး ရယ်ကြသဖြင့် သူပိုပြီးရှက်လာသည်။ အမေကြီးက သူ့ကျောပြင်ကို ခပ်သာသာပွတ်ပြီး ချော့မော့သည့်လေသံဖြင့်.....

''လူလေးအရွယ်က ထိုးကွင်းထိုးရမယ့်အရွယ် မဟုတ်သေးဘူးကွဲ့၊ အရွယ်ရောက်ရင် ထိုးရမှာပေါ့''

''လူတွေက ကျုပ်ကို သတ္တိမရှိတဲ့ကောင်၊ ယောက်ျားမဟုတ်တဲ့ကောင်လို့ပြောတာကို ကျုပ်မခံနိုင်ဘူး''

ထိုခေတ်အခါက ထိုးကွင်းထိုးမှသာ သတ္တိရှိသူ၊ ယောက်ျားပီသသူအဖြစ် အများက သတ်မှတ်ကြသည်။ ထို့ပြင် တစ်ဦးနှင့်တစ်ဦး သူ့ထိုးကွင်းက ပိုများသည်၊ ငါ့ထိုးကွင်းက ပိုများသည်ဟု ပြိုင်ဆိုင်ပြောဆိုကြသည်။ အများကလည်း.....

''စိမ်းမင်ကြောင် ပေါင်ခါးထစ်ကယ်နှင့် မယ်ချစ်လိုက်ပါတဲ့ သျှောင်ဒူးတူငယ်''ဟု ချီးကျူးပြောဆိုကြသည်။ ဆေးမင်ကြောင်မရှိသူများကို မိန်းမပျိုများက အထင်မကြီးတတ်ကြောင်းကို.....

''သျှောင်တွဲနှင့် ပေါင်မည်းနှင့်၊ ပေါင်ဖြူချင်း သေမင်းခေါ်တတ်တယ်''ဟု ပြောစမှတ်ပြုကြသည်။

+++

''အဲဒီစုတ်ထိုးတာက တော်တော်နာမှာပဲနော် ဘိုး''

''မြေးတို့ရဲ့ တက်တူးထိုးပုံကကောကွဲ့''

''ဘိုးပြောသလောက် သွေးသံရဲရဲ မဖြစ်ပါဘူး''

''အင်းပေါ့လေ...မြေးမျက်စိထဲမှာ ကွက်ကွက်ကွင်းကွင်းမြင်ရအောင် ပြောပြဦးမယ်၊ ပထမဦးဆုံး ထိုးကွင်းထိုးခံရမယ့်သူက ဝမ်းလျား

www.burmeseclassic.com


မှောက်နေရတယ်၊ နောက်ဘယ်ဘက်စောင်းလှဲပြီး ဘယ်ဘက်ပေါင်အတွင်းပိုင်း၊ ညာဘက်စောင်းလှဲ ညာဘက်ပေါင်အတွင်းပိုင်း၊ နောက်ဆုံး ပက်လက်အနေအထားပြီးမှ အဆုံးသတ်တာ၊ ထိုးကွင်းထိုးတဲ့ ဆရာက အရုပ်တွေမထိုးခင်မှာ အထိုးခံသူရဲ့ ပေါင်၊ တင်ပါးစတဲ့ နေရာတွေမှာ ဦးစွာ 'စာရံ'မှတ်ရတယ်၊ အဲဒီအချိန်မှာဆို သေလောက်အောင်နာတာကော၊ ထပြေးဖို့ ကြံမယ်ဆိုရင်တောင် မရဘူး၊ ခေါင်းကလူတစ်ယောက်၊ ခြေထောက်က လူနှစ်ယောက်၊ ပခုံးနှစ်ဖက်က လူတစ်ယောက် အသေဖိထားတော့ ထွက်ပြေးလို့လည်းမရ၊ ညည်းညူပြီး အမယ်လေးအော်မိပြန်တော့လည်း မင်းယောကျ်ားမဟုတ်ဘူးလား အပြောခံရတော့ နောက်ဆုံး ကွမ်းသီးပြောင်လုံးကြီး ပါးစပ်ထဲခဲထား မွမွကိုကြေတော့တာပဲ၊ နောက် စာရံထိုးပြီး အတွင်းမှာ အရုပ်တွေထိုးတော့ စာရံထိုးတာလောက် မနာတော့ဘူး၊ သွေးပူသွားလို့နေမှာပေါ့''

မြေးဖြစ်သူရဲ့မျက်နှာက ဘိုးအေရဲ့စကားကို စိတ်အားထက်သန်စွာ နားထောင်နေတာ မြင်သောအခါ ဘိုးဦးကျော်ဒွန်း ကျေနပ်သွားလေသည်။

''ဒါနဲ့ ဘိုးတစ်ကိုယ်လုံး စုတ်ထိုးတာ ဘယ်လောက်ကြာလဲ ဘိုး''

''ပုံမှန်အားဖြင့် တစ်ပတ်မှာ တစ်ပေါင်ပဲ ထိုးပေးကြတာလေ၊ တစ်ဖက်အနာကျက်မှ နောက်တစ်ဖက်ကူးတာကို၊ နောက် အထိုးခံတဲ့သူရဲ့ ခံနိုင်ရည်အားပေါ်မှာလည်း မူတည်နေသေးတယ်လေ၊ ဘိုးကတော့ အခုလည်းနာရမှာ၊ နောက်လည်းနာရမှာ မထူးဘူးဆိုပြီး မနက်တစ်ဖက်၊ ညနေတစ်ဖက် အထိုးခံတော့တာပဲ''

''အခုခေတ်ထိ ဆေးမင်ကြောင်ထိုးတာ ရှိနေဦးမယ်ဆိုရင် ဒီခေတ်ယောကျ်ားလေးတွေ မိန်းမမရတော့မှာ သေချာပြီ ဘိုးရေ''

''အဲဒီလိုလည်း မဟုတ်သေးဘူးလေ၊ ခေတ်စနစ်မှ မတူတော့ဘဲကိုးကွဲ့''

''ဒါပေါ့ ဘိုးရယ်၊ ကျွန်တော်တို့ခေတ်မှာကျတော့ မသန့်တဲ့သွေးပေနေတဲ့ ပစ္စည်းကို အတူတကွ မျှဝေသုံးစွဲရင် အေအိုင်ဒီအက်စ်ရောဂါ၊ နောက် အခြားသော ကူးစက်ရောဂါတွေရမှာ စိုးရိမ်ရတယ်လေ၊ အခုခေတ်ကျတော့ တိုးတက်လာတဲ့ ခေတ်ဖြစ်လာတာနဲ့အညီ ရောဂါတွေကလည်း အမည်စုံလာတယ်၊ ကူးစက်ရောဂါဖြစ်ပွားဖို့လည်း လွယ်ကူတယ်၊ ဆေးပညာအရဆိုရင် ဆေးမင်ကြောင်ထိုးခြင်းဆိုတာ လုံးဝမလုပ်သင့်တဲ့အရာအနေနဲ့ ပြဋ္ဌာန်းထားတယ်လေ''

မြေးဖြစ်သူကို အဝတ်အစား သွင်ပြင်ပုံသဏ္ဌာန်ကြည့်ပြီး ပေါ့ပေါ့နေ ပေါ့ပေါ့စားမည့်ကောင်လေးဟု အထင်မှားလိုက်မိသည်။ ပြီးမှကိုယ့်ကိုယ်ကိုယ်လည်း ဖြေသိမ့်လိုက်သည်။ အဘိုးမှမဟုတ်၊ မည်သူမဆို အပေါ်ယံဝတ်စားဆင်ယင်မှုကိုကြည့်၍ အကဲခတ်လိုက်ကြသူများသာဖြစ်သည်။ လူအထင်ကြီးအောင် ဝတ်စားနေဖို့မဟုတ်ချေ။ လူငယ်ဖြစ်သော်လည်း အချိန်အခါ၊ နေရာအလိုက် ဝတ်စားဆင်ယင်မှသာ ကောင်းမည်။

''တစ်ခုတော့ ကျွန်တော်သိတယ် ဘိုး၊ ရှေးခေတ်က သူရဲကောင်းရွေးချယ်မှုဟာ အရမ်းရက်စက်တယ်ဆိုတာ ဟုတ်လား ဘိုး''

''မြေးတို့အမြင်နဲ့ ကြည့်ရင် ရက်စက်တယ်ပေါ့၊ အမှန်ကို ဘိုးပြောပြမယ်၊ အဲဒါ တောင်ငူခေတ် ဘုရင့်နောင်လက်ထက်ကပေါ့၊ ဘုရင့်နောင်သူရဲကောင်းရွေးချယ်ပုံက 'လက်သည်းကြားမှာ အပ်စိုက်ပြီး တူနဲ့ရိုက်ကာစမ်းသပ်၏၊ နောက်မတွန့်သူကိုသာ သူရဲကောင်းအဖြစ်ရွေးချယ်ရာ၏'ဆိုတာရှိတယ်၊ သာမန်လူအမြင်နဲ့ကြည့်ရင် ခန္ဓာကိုယ်ညှဉ်းပန်းနှိပ်စက်မှုတစ်မျိုးပေါ့၊ သူ့


www.burmeseclassic.com

www.burmeseclassic.com



ခေတ်သူ့အခါနဲ့ကြည့်ရင်တော့တိုက်ပွဲဝင်ရမယ့် သူ့ရဲကောင်းတစ်ဦး ဒီလောက်အနာကိုမှ မခံနိုင်ရင် တိုက်ပွဲဘယ်လိုတိုက်မလဲ၊ အဲဒီတုန်းကလည်း စစ်တိုက်ထွက်တယ်ဆိုတာ မိုင်ပေါင်းထောင်ပေါင်းများစွာခရီးကို လမ်းလျှောက်နှင်ရတာကိုး''

''တိုးတက်လာတဲ့ခေတ်မှ လူဖြစ်ရတာ ကံကောင်းတယ်လို့ ဆိုရမှာပေါ့နော် ဘိုး၊ ဟိုခေတ်တုန်းက ဘိုးဘွားတွေ အပင်ပန်းခံ စိုက်ပျိုးခဲ့တဲ့ အသီးအပွင့်တွေကို ကျွန်တော်တို့တစ်တွေ အဆင်သင့်စားရတယ်ဆိုတာ ကံကောင်းလို့ပေါ့နော့''

ငါတို့က အဆင်သင့်ခူးစားနေရသူတွေပါလား တွေးဖို့နေနေသာသာ ဘိုးဘွားတွေ အပင်ပန်းခံပြုစုခဲ့တဲ့ အရာများကို ဖျက်လိုဖျက်ဆီးလုပ်၊ စော်ကားမော်ကား ပြုလုပ်နေသည့် အကြောင်းများကိုတော့ ဘိုးဦးကျော်ဒွန်း မပြောလိုတော့ပါ။

ဖွံ့ဖြိုးတိုးတက်မှုမရှိသောခေတ်တွင် လက်ရုံးကိုအားကိုး၍ အပင်ပန်းခံ ရုန်းကန်ကြရသည်။ တိုးတက်လာသောခေတ်တွင် နှလုံးရည်ဖြင့် ဦးနှောက်သုံးကာ မပင်မပန်းပြုလုပ်၍ရသော နည်းစနစ်များ အများအပြား ပေါ်ထွက်လာသည်။ ဥပမာ လမ်းတံတား ဆောက်တာပဲကြည့်။ စက်ပစ္စည်းနည်းသောကာလက ကျောက်စရစ်၊ မြေ၊ ခဲသယ်တာကအစ လူရာပေါင်းများစွာ အလီလီသယ်နေရသည်။ တိုင်ကြီးများကိုလူများစွာ ခက်ခက်ခဲခဲသယ်ရသည်။ စက်ကိရိယာပစ္စည်းများ စုံလင်လာသောအခါ စက်နှင့်ဖျော်၊ စက်နှင့်လောင်း၊ စက်နှင့်သယ်၊ စက်နှင့်တူး နေရာတကာမှာ စက်များအစားထိုးဝင်ရောက်လာခြင်းသည် ကောင်းသောတိုးတက်မှုဟုပင်ဆိုချင်ပါသေးသည်။

ဆိုးသောဆုတ်ယုတ်မှုမှာ ဝတ်စားဆင်ယင်မှု၊ ဓလေ့ထုံးစံများ အပယ်ခံနေရခြင်းဖြစ်သည်။ 'ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်းမကြွယ်နှင့်' ဟု ဆိုရိုးရှိခဲ့သည်။ ယခုကဲ့သို့သော ဆေးမင်ကြောင်ထိုးခြင်းသည် ကူးစက်ရောဂါ ဖြစ်ပွားလွယ်သဖြင့် မထိုးခြင်းသည်မှန်၏။ သို့သော် ဆေးမင်ကြောင်စုတ်ထိုးခြင်းသည် မြန်မာ့ယဉ်ကျေးမှုတစ်ခုပါလား၊ ဓလေ့ထုံးစံတစ်ခုပါလားဆိုတာကိုတော့ လေ့လာမှတ်သားသင့်သည်။ မပျောက်ပျက်သင့်သည်ကို မပျောက်ပျက်ရအောင်၊ မပျက်စီးသင့်သည်ကို မပျက်စီးရအောင် ထိန်းသိမ်းစောင့်ရှောက်သင့်သည်။

သို့မဟုတ်လျှင်တော့ အိတ်ပေါက်နှင့် ဖားကောက် ဖြစ်ပေလိမ့်မည်။

''ဘိုးက သားတက်တူးထိုးထားတာ သဘောမကျဘူးလား''

မြေးရဲ့မေးခွန်းကြောင့် အတွေးများနှင့် ငြိမ်သက်နေသော ဘိုးဦးကျော်ဒွန်း အသိဝင်သွားသည်။ မြေးရဲ့လက်ဖျံပေါ်က ကျက်သရေမရှိသော အရိုးခေါင်းပုံနှင့် စာတန်းကို ကြည့်၍.....

''မကြိုက်တာတော့ မဟုတ်ပါဘူးကွယ်၊ ဒါပေမဲ့.....''



''စိတ်ချပါ ဘိုး၊ ဘိုးတို့လိုသတ္တိသွေးအတွက် အစမ်းသပ်မခံနိုင်ရင်တောင် အပေါ်ယံလောက်နဲ့ တက်တူးမထိုးတော့ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပြီ၊ ကျွန်တော် တက်တူးတွေကို ဖျက်လိုက်ပါ့မယ်၊ ထိုးမယ်ဆိုရင်လည်း ဘိုးတို့လို ထိုးကွင်းမင်ကြောင်ပီသစွာ တစ်ကိုယ်လုံးပေါ့၊ မထိုးဘူးဆိုမှတော့လည်းအရှင်းဘာမှ မထိုးတော့ပါဘူး၊ ဘိုးပြောတဲ့ထိုးကွင်းမင်ကြောင်ရဲ့ ရဲရင့်မှု၊ သတ္တိရှိမှုတို့ကို ကျွန်တော့်ရဲ့ သူငယ်ချင်းတွေကို ပြောပြလိုက်ပါ့မယ် ဘိုး''

''ပြောပြရမှာပေါ့ကွယ်၊ အရိုးပေါ် အရွက်မဖုံးစေချင်တဲ့ စေတနာတစ်ခုနဲ့ မြေးရဲ့သူငယ်ချင်း လူငယ်မှန်သမျှ နီးစပ်ရာအသိုင်းအဝိုင်းအားလုံးကို ပြောပြရမှာပေါ့ကွယ်၊ ဒီလိုတက်တူးမထိုးပေမယ့်လည်း မြန်မာ့သတ္တိ၊ မြန်မာ့ယဉ်ကျေးမှုကို သိပြီးသားပါ၊ လေးစားအထင်ကြီးပြီးသားပါကွယ်''

**(မှတ်ချက်။ ။ ထိုးကွင်းမင်ကြောင်နှင့်ပတ်သက်၍ ဆရာဆင်ဖြူကျွန်းအောင်သိန်း၏ မြန်မာ့ထိုးကွင်းမင်ကြောင်စာအုပ်မှ ကောက်နုတ်ထားပါသည်။)**

ရှင်လွန်းမေ

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



သူခိုးရွှေရ တပြုပြုတဲ့။ ဘယ်ပညာရှိတွေက ပြောတာလဲတော့ မသိပါဘူး။ သူခိုးဆိုတော့လည်း ဘယ်သိက္ခာရှိပါ့မလဲလေ။ ရွှေရဲ့တန်ဖိုးကို နားမလည်တော့လည်း လုပ်မိလုပ်ရာတွေ လုပ်မိမှာပေါ့။

သူခိုးလည်း ပုထုဇဉ်လူသားပဲ ဥစ္စာ။ ကြွားချင်ဝါချင်တဲ့စိတ်တော့ရှိမှာပေါ့။ ဒါက သဘာဝပါပဲ။ သဘာဝကို ဘယ်သူမှ လွန်ဆန်လို့ရတာမျိုး မဟုတ်ဘူး။

သူခိုးလို့ဆိုလိုက်ကတည်းကိုက သူ့လုပ်ရပ်တွေက မကောင်းတော့ပါဘူး။ ချောင်လို့ပဲခိုးခိုး၊ ကြပ်လို့ပဲခိုးခိုး နောက်ဆုံးမှာတော့ ခိုးတာဟာ ခိုးတာပါပဲ။ သူခိုးဆိုတာကလည်း အကုသိုလ်အမျိုးအစားထဲမှာ တစ်ခုအပါအဝင်ဖြစ်တယ်။

သည်အလုပ်ကို မကောင်းဘူးဆိုတာ သိထားပေမယ့် အရချောင်တော့လည်း ချောင်တဲ့အလျောက် လုပ်ခဲ့မိတာ ကျုပ်အမှားပါ။ ကျုပ်ခိုးတာကို ဘယ်သူမှ မသိစေရဘူး။

ယုတ်စွအဆုံး ကိုယ်လုပ်နေတဲ့အလုပ်ကိုတောင် ငါလုပ်တာမှ ဟုတ်ပါလေစလို့တောင် ကျုပ်ကိုယ်ကျုပ် သံသယဖြစ်မိသေးတယ်။ ဒါမှလည်းနောက်ကြောင်းရှင်းမှာ။ ဘယ်လိုပဲဖြစ်နေပါစေ။ မကောင်းမှုဆိုတာ အကုသိုလ်ရဲ့ အန္တယ်ပွားတွေပါ။ ပြီးတော့ ဆိတ်ကွယ်ရာလည်းမရှိဘူးလေ။

ဆိတ်ကွယ်ရာမရှိတဲ့ အလုပ်မျိုးတွေကို သွားလုပ်ခဲ့မိရင် ခံရမှာက ကိုယ်ကလွဲပြီး ဘယ်သူမှရှိတတ်တာမဟုတ်ပါဘူး။

ဆိုတော့ ကျုပ်က ဆိုက်ကားနင်းစားရတဲ့သူပါ။ တစ်နေကုန်အောင်နင်းပါမှ ငွေလေးက နှစ်ထောင်ကျော်လောက်ရတတ်တာမျိုး။ ဒါကလည်း ကံကောင်းတဲ့နေ့တွေမှသာ ရတတ်တာပါ။

ကံမကောင်းခဲ့ရင် ကိုယ့်ဆိုက်ကား ကိုယ်နင်းပြီး အိမ်ပဲပြန်ရုံရှိတော့တာပေါ့။ ဆိုက်ကားနင်းတယ်ဆိုတာ ကြည့်တော့သာ လွယ်လွယ်လေးရယ်။ တကယ့်တကယ်တမ်းနင်းကြည့်မှ မလွယ်မှန်းသိရတဲ့ အလုပ်ပါ။

ကိုယ်တင်နင်းလာတဲ့ ခရီးသည်က ခပ်ဝဝကြီးဆိုခဲ့ရင် ကုန်းအတက်တွေမှာ သေပြီလို့သာ မှတ်လိုက်ပေရော့။ သည်ကြားထဲမှာ သင်းတို့က ခပ်မြန်မြန်လေး နင်းပါလို့တောင်ဆိုလိုက်သေးတယ်။

သည်လိုအခါမျိုးကျတော့ကျုပ်ကလည်း ဘယ်ခံပါ့မလဲ။ မောမောနဲ့ ပြောမိပြောရာတွေ ပြောချလိုက်တာပေါ့။

"ဒီ့ထက်မြန်စေချင်ရင် လေယာဉ်ပျံစီးလုံးငှားပြီးသွားလိုက်ပါလား၊ ဘာဖြစ်လို့ ဆိုက်ကားလာစီးရတာတဲ့တုံး"

ခွင်ကလည်း မိနေတော့ သင်းတို့ မလှုပ်သာပါဘူး။ အဲသည်လိုခရီးသည်မျိုးကို မကြာခဏ ကြုံဘူးပါရဲ့။

ကြာတော့ ဆိုက်ကားနင်းရတာကြီးကို စိတ်ကုန်လာတယ်။ အိမ်မှာကလည်း မိန်းမနဲ့ ကလေးတွေကရှိနေတော့ သူတို့မျက်နှာတွေကိုထောက်ပြီး ဆိုက်ကားသာနင်းနေရတာ။ စိတ်ထဲကတော့ သိပ်ပါလှတယ်မဟုတ်ဘူး။

ပင်ပန်းတယ်ဆို ပင်ပန်းတယ်ပေါ့လေ။

ရှင်လန်းတာမှမဟုတ်တာ။

ဟုတ်တယ်နော်။ ကျုပ်ဘက်ကနေ ဘာတွေများ ထူးထူးထွေထွေလုပ်ပြီး ပြောလို့ရမှာတဲ့လဲ။

သည်လိုနဲ့ စားပေါက်ချောင်

www.burmeseclassic.com

မယ့်လမ်းတွေကိုပဲ တစ်ယောက်တည်း ကျိတ်ပြီးစဉ်းစားခဲ့တယ်။ လစ်ရင်တိုမယ်၊ ချောင်ရင်ဆွဲမယ်၊ ဘယ်သူသိတာမှတ်လိုက်လို့။

အရေးကြီးတာက ကိုယ်လုပ်တဲ့အမှုနဲ့ကိုယ် ပြေလည်နေဖို့ကိုပါပဲ။

+ + +

နေ့ရက်ကိုတော့ဖြင့် မမှတ်မိတော့ပါဘူး။ ဒါတွေက အရေးမကြီးပါဘူး။ ညဥ့်နက်ပိုင်းအချိန်မှာ ခရီးသည်တစ်ယောက်ကို တစ်ခုသောရပ်ကွက်ထဲကို လိုက်ပို့ခဲ့ရတယ်။

အပြန်ကျတော့ အဲဒီရပ်ကွက်ထဲမှာရှိတဲ့ အိမ်တစ်အိမ်ကနေ အိမ်ရှင်တွေ အိပ်မောကျနေတဲ့အခိုက်မှာ



တန်ဖိုးရှိတဲ့ ပစ္စည်းတွေကို ကျုပ်ခိုးယူခဲ့တယ်။ သည်တော့လည်း ကျုပ်အတွက် စားပေါက်ချောင်သွားတာပေါ့။

ရခဲ့တဲ့ပစ္စည်းတွေကလည်း မိန်းမစီးဂျပန်စက်ဘီးတစ်စီး၊ အဝတ်အထည်တွေထည့်ထားတဲ့ လက်ဆွဲအိတ်တစ်လုံး၊ ရောင်စုံပိတ်စတွေထည့်ထားတဲ့ ပလတ်စတစ်ဆွဲခြင်းတစ်လုံးဆိုတော့ ကာလပေါက်ဈေးကတော့တော်တော်များပါလိမ့်မယ်။ ခန့်မှန်းပြီးပြောဖို့တော့ခက်တယ်။

အကုသိုလ်တွေက အကျိုးပေးလာတော့လည်း ကျုပ်လုပ်တာကို ဘယ်သူမှသိကြတာမဟုတ်ပါဘူး။ မသိလေ ကောင်းလေပဲပေါ့။

နောက်တစ်ခါ ဆောက်လုပ်ရေးဝင်းအတွင်းမှာရှိတဲ့ အိမ်တစ်အိမ်ကနေ လူမရှိတုန်းမှာ အဲသည်အိမ်က ဗွီစီဒီစက်တစ်လုံး၊ ဆောင်းဘောက်စ်အသေးတစ်လုံး၊ ဗွီစီဒီရီမုတစ်ခုကို ခပ်တည်တည်နဲ့ပဲ ကျုပ် ခိုးလာခဲ့တယ်။

လုပ်တိုင်းတင့်တယ်နေတော့လည်း သည်အလုပ်ကိုထပ်ပြီး လုပ်ချင်ကြတာ ဆန်းတယ်လို့တော့ မထင်ပါဘူး။

လူကြီးသူမတွေ ပြောတာကို ကြားဘူးပါတယ်။

မဖြစ်စလောက်သော အပြစ်ကလေးသည် အကျိုးပေးလာမည်မဟုတ်ဟု မကောင်းမှုကို မထီမဲ့မြင်မပြုရာ၊ ရေစက်ကလေးများ ကျဖန်များလာသောအခါ ရေအိုးကြီးပြည့်သကဲ့သို့ လူမိုက်သည် နည်းနည်းစီ၊ နည်းနည်းစီ ဆည်းပူးထားသော မကောင်းမှုဖြင့် ပြည့်လာတတ်သည်တဲ့။

သည်စကားတွေကို ဆိုက်ကားဂိတ်က ဦးမြသိန်းဆိုတဲ့လူကြီးက အမြဲတမ်းပြောနေကျစကားပါ။

ခုတလောမှာဖြင့် ကျုပ်ရဲ့ဝတ်ပုံစားပုံတွေကိုကြည့်ပြီး သည်လူကြီးစိတ်ထဲမှာ မနာလိုရှိလာတယ်နဲ့ ပြောပုံရတယ်နဲ့တူပါတယ်။ ကျုပ်ကတော့ သည်လိုပဲထင်တယ်။

ကျုပ်တို့ဆိုက်ကားဂိတ်မှာ သူက ဂိတ်မှူးဖြစ်လေတော့ ဆိုက်ကားနင်းတဲ့ကောင်လေးတွေ အချိုးမပြေခဲ့ရင် တစ်ဖက်လူ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဦးမြသိန်းအနေနဲ့ ထည့်မစဉ်းစားတော့ပါဘူး။ သူ့ဆန္ဒရှိတဲ့အတိုင်း နှုတ်ကနေ ဆိုပါလေရော။

"တို့က ဆိုက်ကားနင်းနေရတဲ့သူတွေဆိုတော့ လူ့ပါးစပ်ကနေ နတ်စကားထွက်တယ်လို့ ဆိုချင်ဆို၊ ကိုယ်ကိုယ်တိုင်က မကောင်းတဲ့အမှုကို မပြုပေမယ့် မကောင်းတဲ့အမှုကို ပြုတဲ့သူနဲ့ ပေါင်းခဲ့ရင် မကောင်းတဲ့အမှုမှာ ကိုယ်ပဲအထင်မှားခံရတတ်တယ်၊ နာမည်လည်းပျက်၊ ဂုဏ်သတင်းတွေလည်းပျက်သပေါ့လေ"

သူပြောတဲ့စကားတွေက တစ်ခါလာလည်းဒါ၊ တစ်ခါလာလည်းဒါဆိုတော့ သူပြောတဲ့စကားတွေကို

www.burmeseclassic.com

www.burmeseclassic.com

အရေးလုပ်ပြီး ဘယ်သူမှ နား မထောင်ကြပါဘူး။

အရေးအကြီးဆုံးက သည်နေ့ အတွက် ငွေရှာရဖို့ပဲသိတယ်။ ငွေ ရခဲ့ရင် အိမ်ပြန်မယ်၊ မိသားစုတွေနဲ့ ပျော်ပျော်ရွှင်ရွှင်နေမယ်၊ စားမယ်၊ သောက်မယ်။ ဒါပဲမဟုတ်လား။

တစ်ခါတစ်ရံကျတော့ ဦးမြ သိန်းတို့လို ခေါင်းစားစေတဲ့အတွေး တွေ ခေါင်းထဲမှာ ထည့်မထားချင် ပါဘူး။ ခေါင်းရှုပ်တယ်။

ကျုပ်ကတော့ တစ်ဖက်က လည်း ဆိုက်ကားနင်းတာကို အယောင်ပြပြီး လစ်တဲ့အိမ်မှန်သမျှ ကို လွတ်လွတ်လပ်လပ်ကြီး အလစ် သုတ်လိုက်တာပါပဲ။

သည်အချိန်မှာ နယ်ထိန်းရဲ တပ်ဖွဲ့ဝင်တွေက ကျုပ်နောက်ကို နောက်ယောင်ခံပြီး လိုက်နေတာကို မသိခဲ့ပါဘူး။ အေးပေ့ါလေ။ ကျုပ် ခိုးခဲ့တဲ့အိမ်တွေကလည်း နည်းမှ မနည်းတာ။

ကိုယ့်ပစ္စည်းပေါ်မှာတော့ သံ ယောဇဉ်ရှိကြပေမပေ့ါ။ သံယောဇဉ် ရှိလာတော့လည်း ရဲကိုတိုင်လား တောလား လုပ်လာကြပြီလေ။ အဲ သည်တော့လည်း တာဝန်ရှိတဲ့ နယ် ထိန်းရဲတပ်ဖွဲ့ဝင်တွေခမျာ အလုပ် ရှုပ်သွားရတာပေ့ါ။

အကုသိုလ်နဲ့ အကျိုးပေးနေ တော့ ဒါတွေကိုလည်း ထည့်မစဉ်း စားခဲ့ပါဘူး။ မစဉ်းစားဘူးဆို အာရုံ ထဲတောင်မှ ထည့်မထားတာ။

ပြောခဲ့သလို ကျုပ်ကလည်း လူငယ်ဆိုတော့ ကြွားချင်ဝါချင်တဲ့ စိတ်ကလေးကလည်း ရှိသပေါ့။ ပြောခဲ့သလို သူခိုးရွှေရ တပြပြ လုပ်ချင်တာလည်းပါတယ်။

အဲသည်စိတ်တွေက တစ်နေ့ နေ့မှာ ကျုပ်ကိုပြန်ပြီး ဒုက္ခပေးတာ ပဲလေ။ ကျုပ်ကလည်း လူသားပဲ လေ။ အိမ်ထောင်ကျချင်လို့သာကျ တာ။ အရွယ်ကလေးကလည်းငယ် တော့ မာန်ကလေးကလည်း ရှိ သပေ့ါ။

ကောင်းတဲ့မာန်တွေဆိုခဲ့ရင် မပြောသာပေမယ့် မကောင်းတဲ့မာန် တွေနဲ့ တွဲဖက်လိုက်တော့ ကျုပ်ပဲ ဘဝပျက်ခဲ့ရတယ်။

သည်ကြားထဲမှာ အိမ်ကမိန်းမ ကလည်းတစ်မျိုး့။ လက်ထဲငွေရှိ တုန်းမှာနတ်ပွဲလေးကျင်းပချင်သတဲ့။ ကျုပ်ကလည်း မိန်းမကိုချစ်တတ်တဲ့ သူဆိုတော့ သူ့အလိုကို လိုက်လျော ရတာပေ့ါ။

သုံးရက်သုံးလီပါပဲ။ ကျုပ်အိမ် မှာ နတ်ပွဲတွေ အကြီးအကျယ်ပေး ပစ်လိုက်တယ်။ ကျုပ်ဘက်မှာက အဖေလည်းမရှိ၊ အမေလည်းမရှိ၊ ဆွေမျိုးဆိုတာတောင်မှ ဘယ်သူ့ကို ခေါ်ရမှန်းမသိတဲ့အဖြစ်။

နတ်ပွဲပေးတော့ မိန်းမဘက်က ဆွေမျိုးအုပ်စုတွေ အိမ်ကိုလာလိုက် ကြတာ တင်းကျမ်းပြည့်နှက်နေတာ ပါပဲ။ ဒါတောင်မှ နတ်ကတော်လုပ် တဲ့ သားသားကြီးကတောင် ကျုပ် ကို သူ့အနားခေါ်ပြီး ယစ်ရွှေရည် နံ့သင်းနေတဲ့ နှုတ်ခမ်းလေးနဲ့ တိုး တိုးပြောရှာတယ်။

''ဒီထက်မက စီးပွားတွေ ကိုး တက်ဦးမှာ၊ ကိုယ်လုပ်ရမယ့်အလုပ် ကို ဆက်သာလုပ်''တဲ့။

ကျုပ်ရဲ့အဖြစ်မှန်တွေကိုမသိ လို့ သားသားကြီးကပြောတာပါ။

သိများသိခဲ့ရင်တော့ ဘာတွေ ဖြစ်လို့ ဘာတွေပြောဦးမယ်မသိပါ ဘူး။

မိန်းမကတော့ သူ့အလိုကျဖြစ် နေတော့ နတ်ပွဲနေ့က ကလိုက်ခုန် လိုက် မြူးနေလိုက်တာမှ တအား ကြီးပါပဲ။

ဒါတွေကိုကြည့်ပြီး ကျုပ် ပျော် ရမယ့်အစား စိတ်တော်မှုညစ်လာ တယ်။ ရပ်ကွက်ထဲက အကြောင်း မသိတဲ့လူတွေကတော့ ကျုပ်ကို ကြည့်ပြီး ချီးမွမ်းခန်းဖွင့်ကြကယ်။

''ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ဆိုက်ကားနင်းပြီး ဒီလိုမျိုး နတ်ပွဲ ပေးတာ ဒီတစ်ခါပဲ မြင်ဖူးသေး တယ်၊ တော်လိုက်တဲ့သူငယ်နှယ်''


ကျုပ်ကလည်းကျုပ်အကြောင်း ကို သိနေတော့ ရေငုံနှုတ်ပိတ်ဆိတ် ဆိတ်ပဲနေလိုက်တယ်။ ရယ်တာ တောင်မှ မချိသွားဖြဲရယ်ရတဲ့အဖြစ် မျိုး။

အိမ်ကမိန်းမကလည်း အရိပ် သုံးပါးကိုမှ နားမလည်လိုက်တာ။ နတ်ပွဲပြီးသွားတော့ ကျုပ်ခိုးလာတဲ့ ဗွီစီဒီစက်ကြီးကို ဆောင်းဘောက်စ် နဲ့တွဲလို့တစ်ရပ်ကွက်လုံးကြားအောင် သီချင်းတွေဖွင့်နေလိုက်တာ။

သည်ကြားထဲမှာ မေခလာ့ရဲ့ မပြောချင်လို့ကြည့်နေတာကြပြီဆို တဲ့သီချင်းတောင် ပါသေးတယ်။ သူ ကသည်လိုပျော်နေပေမယ့်မေခလာ

www.burmeseclassic.com





ရဲ့သီချင်းကိုနားထောင်ရင်း ငါရော ဘယ်နေ့ဘယ်ရက်မှာ မပြောချင်လို့ ကြည့်နေတာအထဲမှာ ပါလိမ့်မလဲဆို တာကို ကျုပ် တွေးနေမိတယ်။

မစားကောင်းတဲ့အသီးကို စား ခဲ့မိရင် သည်လိုပဲဖြစ်တတ်ပါတယ်။ ကျုပ်ကလည်း ဆိုက်ကားသာနင်း နေရပေမယ့် ငွေရေးကြေးရေးကျ တော့ ကိုယ့်အခြေအနေနဲ့ ကိုယ်သုံး စွဲတာနဲ့ ကိုက်ညီရဲ့လား၊ မကိုက်ညီ ဘူးလားဆိုတာတွေကို မတွေးတော ဘဲနဲ့ စိတ်ထဲရှိသလို သုံးဖြုန်းတော့ တာပါပဲ။

+ + +

ငွေဆိုတာသုံးဖန်များခဲ့ရင် သူ့ အလိုလို ပျောက်ပျက်သွားတဲ့ပစ္စည်း ပါ။ အခုတလောမှာဖြင့် ကျုပ်လုပ် ငန်းကလည်း ကျုပ်လုပ်ငန်းဆိုတာ ဆိုက်ကားနင်းတာကို ပြောတာ မဟုတ်ပါဘူး။ ပေါ်ချောင်ကောင်း လုပ်တဲ့ကိစ္စတွေက မချောင်တော့ အရင်ကလို ငွေရေးကြေးရေး မပြေ လည်တာကဖြင့်အမှန်။

ငွေရေးကြေးရေး ကျပ်လာ တော့လည်း အိမ်ကမိန်းမကလည်း ပူညံပူညံ လုပ်လာပြီလေ။

ဒါနဲ့ပဲ ကျုပ်ခိုးလာတဲ့ ပစ္စည်း တွေထဲက ဂျပန်စက်ဘီးတစ်စီးကို သူများတွေ ဝယ်လိုဝယ်ငြားနဲ့လိုက် ပြီးရောင်းပါသေးတယ်။ တကယ် တမ်းကျတော့ စက်ဘီးကိုဝယ်မယ့် သူ တစ်ယောက်မှမရှိပါဘူး။

ဘယ်မှာလာလို့ ဝယ်သူရှိပါ့ မလဲ။ ငွေရေးကြေးရေးမှ အဆင် မပြေကြတာ။ သည်နေ့မရောင်းရ လည်း နောက်နေ့တော့ ရောင်းချင် ရောင်းရလိမ့်မယ်ဆိုတဲ့ အတွေးမျိုး နဲ့ နောက်နေ့တွေမှာလည်း စက်ဘီး ကိုနင်းပြီး ဝယ်မယ့်သူကို မျှော်လင့် နေရတာပေါ့။

တကယ်တမ်းလာဝယ်တဲ့သူ တွေကျတော့ ကျုပ် ဘယ်လိုမှမျှော် လင့်မထားတဲ့ ပုဂ္ဂိုလ်တွေ။ ကျုပ်က လည်း ဂျပန်စက်ဘီးလေးနဲ့ ကွမ်း ယာဆိုင်မှာ ကွမ်းယာဝယ်နေတုန်း ဖြုန်းဆို သည်ပုဂ္ဂိုလ်တွေရောက်ချ လာတာ။

ဘယ်သူတွေရှိရမှာတဲ့တုန်း။ နယ်ထိန်းရဲတပ်သားတွေပေါ့။ ကျုပ် ကိုလက်တို့ခေါ်ပြီး စက်ဘီးပိုင်ဆိုင် မှုနဲ့ပတ်သက်လို့ စစ်လားဆေးလား လုပ်ကြတယ်။

တကယ်တမ်းကြုံတွေ့လိုက်ရ တော့ ကျုပ်မှာဖြင့် ခေါင်းနားပန်း ကြီးသွားလိုက်တာ။ ကျုပ်ကလည်း စက်ဘီးနဲ့ပတ်သက်လို့ ခိုင်လုံတဲ့ အထောက်အထား မပြနိုင်ခဲ့ဘူး လေ။

သူတို့ကလည်း ဥပဒေနဲ့ပတ် သက်ခဲ့ရင် နားလည်နိုင်စွမ်းရှိတဲ့သူ တွေဆိုတော့ စက်ဘီးကနေစလိုက် တဲ့ကိစ္စဟာ နောက်ဆုံး ကျုပ်လုပ် ခဲ့တဲ့ အမှုတွေ အကုန်လုံးပေါ်တော့ တာပါပဲ။

လူဆိုတာ ကိုယ့်ဘဝကိုယ် မမေ့ကောင်းပါဘူး။ ဘဝမေ့တဲ့သူ ဟာ ဘဝပျက်ဖို့ ကိုယ့်ကိုယ်ကိုယ် ဖန်တီးတာပါပဲ။

အမှန်ကတော့ အပြစ်ရှိတဲ့သူ က ကျုပ်ပါ။ သည်အချိန်မှာ ဦးမြ သိန်းရဲ့စကားက ကျုပ်နားထဲ ရောက်ချလာတယ်။

''မည်သည့်မကောင်းမှုကိုမှ မပြုလုပ်ခဲ့ရင် ဒုက္ခဆိုတာလည်း တွေ့ရတတ်တာမျိုးမဟုတ်ဘူး''

လွန်ကာမှ သည်အသိတရား တွေကို သိလာရတော့လည်း ကျုပ် အနေနဲ့ ဘာလုပ်လို့ရတော့မှာလဲ။ သည်တော့လည်း ဟုတ်ပါတယ်၊ သည်တော့လည်း သွားပေဦးတော့ အချုပ်ထဲကိုပေါ့။

အောင်[illegible]

www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတကာသတင်း

## အင်တာနက်မှ ဝေဖန်မှုများကို ဖတ်လေ့မရှိသည့် အဆိုတော်

အင်တာနက်ပေါ်တွင် ပြောဆိုဝေဖန်မှုများသည် ကိုယ်ပိုင်ယုံကြည်ချက်များကို တိုးပွားလာစရာမရှိသည့်အတွက် အဆိုတော် Katy Perry (ကက်တီပယ်ရီ)သည် သူမနှင့်ပတ်သက်သည့် သတင်းများကို ဖတ်လေ့မရှိကြောင်း အင်တာဗျူးတစ်ခုတွင် ပြောကြားသွားသည်။

အင်တာနက်တွင်ပါရှိသည့် သတင်းများသည် တည်းဖြတ်ထားခြင်းမရှိ၊ ဆင်ဆာဖြတ်တောက်မည့်သူမရှိ၊ ဘုရားသခင် အဆုံးအမလည်းမရှိ၊ တာဝန်ယူမှုလည်းမရှိသည့်အတွက် အင်တာနက်ရေးသားချက်စကားများကို အတည်မယူကြောင်း ပြောကြားခဲ့သည်။

Ref: BBC News



www.burmeseclassic.com

www.burmeseclassic.com



## မီယာမီကမ်းခြေတွင် ပြည်သူများအား နှောင့်ယှက်ခဲ့သည့် ဂျက်စတင်ဘီဘာ

အဆိုတော် ဂျက်စတင်ဘီဘာသည် Lamborghini Gallardo LP 550-2 Spyder ကားဖြင့် မီယာမီကမ်းခြေ 600 blockရှိ Pine Tree ဧရိယာတွင် မူးယစ်သောက်စားကာ သူ၏ကားအား လူအများအနှောင့်အယှက်ဖြစ်အောင် တရှုတ်ဆွဲမောင်းနှင်မှု၊ ယာဉ်မောင်းလိုင်စင် သက်တမ်းကုန်ဆုံးမှုတို့ဖြင့် ကမ်းခြေစောင့်ရဲများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရသည်။

ထိုအချိန်တွင် ဘီဘာမှာ အရက်နှင့် မူးယစ်ဆေးဝါး သုံးစွဲထားကြောင်း သိရှိရပြီး ဖမ်းဆီးခံ ဘီဘာသည် ရဲများအား ဆဲဆိုခဲ့ကာ ပြန်လည်ခုခံခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

Ref: International News

## ကွန်ပျူတာအခိုးခံလိုက်ရသော မင်းသမီး လင်ဆေးလိုဟန်



မင်းသမီး လင်ဆေးလိုဟန်သည် တရုတ်နိုင်ငံတွင်ကျင်းပသော Sohu Fashion Achievement ဆုကို လက်ခံရယူရန် တရုတ်နိုင်ငံသို့ ရောက်ရှိနေခဲ့သည်။

လေဆိပ်တွင် သူမ၏ Laptop ကွန်ပျူတာမှာ အခိုးခံလိုက်ရပြီး ထိုကွန်ပျူတာထဲတွင် သူမ၏ဝတ်လစ်စလစ်ပုံများ၊ Woody Allen နှင့် Lady Ga Ga အပါအဝင် သူမ၏ နာမည်ကြီးမိတ်ဆွေများ၏စာများ ပါဝင်သွားခဲ့သည်။

ထိုကွန်ပျူတာကို ပြန်ယူပေးနိုင်မည့်သူအား ဆုကြေးငွေ ပြန်ပေးမည်ဟု ကြေညာခဲ့သည်။

Ref: Star Plus

www.burmeseclassic.com

www.burmeseclassic.com



## ရွှေ့ပြောင်းအလုပ်သမားနှစ်ဦးကို လိမ်လည်လှည့်ဖြားခေါ်ဆောင်ကာ လက်ဖြတ်သူများ


အိန္ဒိယနိုင်ငံ၊ ဘိုလန်ဂါခရိုင်တွင် ရွှေ့ပြောင်းလုပ်သားနှစ်ဦးအား လှည့်ဖြားခေါ်ဆောင်ကာ ၎င်းတို့၏ လက်ကို ရက်စက်စွာ ခုတ်ဖြတ်ခဲ့သော အလုပ်သမားခေါင်းဆောင်တစ်ဦးနှင့် အပေါင်းပါလေးဦးကို ဖမ်းဆီးနိုင်ရန် ရဲတပ်ဖွဲ့က ရှာဖွေလျက်ရှိသည်။

၎င်းတို့သည် အခင်းဖြစ်ပွားပြီး နှစ်ရက်အကြာ ဘာဘနီပါကာမြို့အတွင်းရှိ အစိုးရဆေးရုံသို့ လာရောက်၍ ဆေးဝါးကုသမှု ခံယူခဲ့ရာမှ အာဏာပိုင်များက ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။ အလုပ်သမားခေါင်းဆောင်သည် အလုပ်သမား ၁၂ ဦးကို အလုပ်လုပ်ကိုင်ရန် တစ်ဦးလျှင် ရူပီး ၁၄၀၀၀ ပေးအပ်ခဲ့သည်။ အလုပ်သမားများအား ပြောဆိုထားသော လုပ်ငန်းတွင် မခိုင်းစေဘဲ အုတ်ဖိုတစ်ခုတွင် ခိုင်းစေခဲ့သောကြောင့် အလုပ်သမား ၁၀ ဦးမှာ ထွက်ပြေးသွားခဲ့သည်။ အလုပ်သမားများ ထွက်ပြေးသွားသည်ကို စိတ်ဆိုးဒေါသထွက်နေသော အလုပ်သမားခေါင်းဆောင်မှာ ကျန်ရှိနေသော အလုပ်သမားနှစ်ဦးထံမှ ငွေများကို ပြန်လည်တောင်းယူ၍ ၎င်းတို့၏ ညာလက်များကို ဖြတ်ပစ်ခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့ဝင်များက အလုပ်သမားခေါင်းဆောင်နှင့် အပေါင်းပါများကို ဖမ်းဆီးနိုင်ရန် လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။

Ref: International News

## ငွေကြေးအလွဲသုံးစားပြုလုပ်ခဲ့သည့် လွှတ်တော်အမတ်ဟောင်း



ဗြိတိန်နိုင်ငံ၏ လွှတ်တော်အမတ်ဟောင်းတစ်ဦးဖြစ်သူ အသက် (၆၅)နှစ်အရွယ် ဒန်းနစ်မတ်ရှိန်းအား ငွေအလွဲသုံးစားမှုနှင့် တရားရုံးက ထောင်ဒဏ်ချခဲ့သည်။ ဒန်းနစ်မတ်ရှိန်းသည် ဗြိတိသျှပေါင်ငွေ (၁၂၉၀၀)ရှိ ငွေပြေစာအတု ၂၉ ခု တင်ပြကာ အသုံးစရိတ် လိမ်လည်မှုနှင့် ထောင်ဒဏ် ၆ လ ချမှတ်ခံခဲ့ရသည်။ ၎င်းသည် ငွေအလွဲသုံးစားမှုဖြင့် ထောင်ဒဏ်အပြစ်ပေးခံရသော ငါးယောက်မြောက် လွှတ်တော်အမတ်တစ်ဦးလည်းဖြစ်သည်။

မတ်ရှိန်းသည် ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အကြား ဝန်ကြီးချုပ်တိုနီဘလဲ၏လက်အောက်တွင် ဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့ပြီး လေဘာပါတီတွင် ၁၀ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

Ref:International News

www.burmeseclassic.com

www.burmeseclassic.com



# ကားမတော်တဆမှုသတင်းကို လူမှုကွန်ရက်၌ ဖြန့်ဝေခဲ့သည့် အမျိုးသမီးတစ်ဦးရဲ့ မမျှော်လင့်တဲ့ဖြစ်ရပ်

အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်ပြည်နယ်တွင်နေထိုင်သော အမျိုးသမီးတစ်ဦးသည် ရဲတပ်ဖွဲ့သုံး ရေဒီယိုဖမ်းစက်တစ်ခုမှ သတင်းတစ်ခုကို နားထောင်ပြီးနောက် ယာဉ်တိုက်မှုသတင်းကို အင်တာနက်သတင်းကွန်ရက်၌ ဆိုးဝါးသည့် ယာဉ်တိုက်မှုတစ်ခု မည်သို့မည်ပုံဖြစ်ပွားကြောင်း၊ လူတစ်ဦးသေဆုံးကြောင်းကို တိုက်ရိုက်တင်ဆက်ခဲ့သည်။

နောက်ပိုင်းတွင် ထိုယာဉ်တိုက်မှု ဖြစ်ပွားရာနေရာသည် မိမိခင်ပွန်းသည် နေအိမ်သို့ပြန်လာသည့်လမ်းပေါ်တွင်ဖြစ်ပွားကြောင်း သိရှိသွားပြီး စုံစမ်းခဲ့ရာ ယာဉ်တိုက်မှုတွင် သေဆုံးသူမှာ သူမ၏ခင်ပွန်းဖြစ်နေခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက သူမ၏နေအိမ်သို့သွားကာ သူမ၏ခင်ပွန်းယာဉ်တိုက်မှုကြောင့် သေဆုံးခဲ့သည်ကို အတည်ပြုခဲ့သည်။ ယာဉ်တိုက်မှုအတွင်း တခြားကားပေါ်မှ အမျိုးသမီးတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

Ref: International News



ဆောင်းမဟာမန်

www.burmeseclassic.com

# ပြည်တွင်းသတင်း

## ထန်းရည်မူးပြီး စကားများရာမှ ဓားထိုးမှုဖြစ်ပွား

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်တွင် အမျိုးသားတစ်ဦး ဓားထိုးခံရ၍ တိုက်ကြီးဆေးရုံတွင် တက်ရောက်ကုသနေရာမှ ရန်ကုန်ဆေးရုံကြီးသို့ ရွှေ့ပြောင်း၍ ဆေးဝါးကုသမှုခံယူခဲ့ရသောဖြစ်ရပ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၂-၂-၂၀၁၄ ရက်နေ့၊ ည ၇ နာရီခွဲအချိန်ခန့်က တိုက်ကြီးဆေးရုံတွင် ဓားထိုးခံရသော လူနာအမျိုးသားတစ်ဦး ရောက်ရှိနေကြောင်း တိုက်ကြီးမြို့မရဲစခန်းက ဖုန်းသတင်းလက်ခံရရှိခဲ့သည်ဆို၏။

သတင်းအရ တာဝန်မှူး ဒုရဲအုပ် တင်မျိုးဇော်က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဒဏ်ရာရရှိသူမှာ ကျော်ဦး (၃၂ နှစ်)၊ (အုတ်လုပ်သား)၊ ဒေါနလမ်း၊ ဥပ္ပုံစုရပ်ကွက်၊ တိုက်ကြီးမြို့နယ်နေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။

၎င်းနှင့်အလုပ်အတူလုပ်ကိုင်သူ မောင်နိုင် (ခ) ထွန်းထွန်းနိုင် (၃၂ နှစ်)၊ (ကျပန်း)၊ ရတနာ(၁)လမ်း၊ ဘူတာရပ်ကွက်၊ တိုက်ကြီးမြို့နယ်နေသူတို့သည် တိုက်ကြီးမြို့နယ်၊ ဥပ္ပုံစုရပ်ကွက်ရှိ အုတ်ကွင်းအတွင်း ထန်းရည်အတူတူသောက်စဉ် စကားများရန်ဖြစ်ခဲ့ကြရာ မောင်နိုင် (ခ) ထွန်း

## ဆိုင်ကယ်ငှားရမ်းသွားပြီး ပေါင်နှံသုံးစွဲခဲ့တဲ့ဖြစ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်အတွင်း ဆိုင်ကယ်ကယ်ရီမောင်းနှင်သူက ခရီးသည်စောင့်ဆိုင်းနေစဉ် မိတ်ဆွေလင်မယားက ဆိုင်ကယ်အား ငှားရမ်း၍ သုံးစွဲရန် ယူဆောင်သွားပြီးနောက် ပေါင်နှံသုံးစွဲခဲ့သည့် လိမ်လည်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၉-၁၀-၂၀၁၃ ရက်နေ့၊ ညနေ ၆ နာရီအချိန်ခန့်က ဦးဉာဏ်ဝင်း (၃၃ နှစ်)၊ (ဆိုင်ကယ်ကယ်ရီမောင်း)၊ ဝဲပြုဝန်ကျောင်းလမ်း၊ ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့နယ်နေသူသည် ကျောက်တန်းမြို့နယ်၊ ဆင်ကန်ရပ်ကွက်၊ပဲလှော်ဖိုကားမှတ်တိုင်တွင် ဆိုင်ကယ်ကယ်ရီ အငှားလိုက်ရန် ခရီးသည်စောင့်ဆိုင်းနေခဲ့သည်ဆို၏။

ထိုသို့စောင့်ဆိုင်းနေစဉ် ကိုဆန်းဝင်းနှင့် မသန်းသန်းဝေ ရွှေကုန်းရပ်ကွက်၊ ကျောက်တန်းမြို့နယ်နေသူ) တို့ ရောက်ရှိလာခဲ့ပြီး ဦးဉာဏ်ဝင်းမောင်းနှင်သော ၃၄ယ/၄၄၂၀၈ Kenbo 110 အစိမ်းရောင်ဆိုင်ကယ်အား ခေတ္တပေးလိုက်ပါရန် ငှားရမ်းခဲ့ကြသည်ဆို၏။

ဦးဉာဏ်ဝင်းက ငှားရမ်းလိုက်ပြီး သုံးရက်ခန့်ကြာသည်အထိ ဆိုင်ကယ်အား ပြန်လည်ပေးအပ်ခြင်းမရှိခဲ့၍ စုံစမ်းကြည့်ရာ ကိုဆန်းဝင်းနှင့် မသန်းသန်းဝေတို့က ဆိုင်ကယ်အား ရွှေကုန်းရပ်ကွက်နေ မနီလာထံ ပေါင်နှံထားကြောင်း သိရှိခဲ့ရသည်။

ဦးဉာဏ်ဝင်းက တရားလိုပြုလုပ်၍ ကျောက်တန်းမြို့မရဲစခန်းတွင် ၁၂-၂-၂၀၁၄ ရက်နေ့က အမှုဖွင့်တိုင်ကြားခဲ့ရာ (ပ)၂၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၄၂၀ ဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ် သန်းဇော်မြင့်က ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးစစ်ဆေးနိုင်ရန် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



# အမေကိုအထိမခံတဲ့ သားငယ်ကို အစ်မဖြစ်သူက ဓားနဲ့ထိုးသတ်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်အတွင်း မိခင်ဖြစ်သူနှင့် အစ်မဖြစ်သူတို့ စကားများရန်ဖြစ်ခဲ့ကြရာ သားဖြစ်သူက ငါ့အမေကို ဘာလုပ်တာလဲဟု ပြောဆိုပြီး အစ်မဖြစ်သူနှင့် လုံးထွေးသတ်ပုတ်ကြစဉ် အနီးရှိ ထရံ၌ထိုးထားသော ဓားနှင့် အစ်မဖြစ်သူက ထိုးလိုက်သဖြင့် သေဆုံးသွားခဲ့သည့် လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၂-၂-၂၀၁၄ ရက်နေ့၊ ည ၉ နာရီခွဲအချိန်ခန့်က မသီတာလွင် (၃၃ နှစ်)၊ ဒရယ်လူးကျေးရွာ၊ ကွမ်းခြံကုန်းမြို့နယ်နေသူသည် သူငယ်ချင်းဖြစ်သူ၏ မင်္ဂလာဆောင်သို့သွားရောက်ပြီး နေအိမ်သို့ပြန်လည်ရောက်ရှိစဉ် နေအိမ်ချင်းကပ်လျက်ရှိ ယောက္ခမဖြစ်သူ ဒေါ်ထွေးကြည်၏နေအိမ်တွင် ခင်ပွန်းဖြစ်သူ မျိုးမင်းထွန်း (၃၅ နှစ်)၊ ထော်လာဂျီမောင်းမှာ ဝရင်အုံအောက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရသည်ဆို၏။

မသီတာလွင်က ပတ်ဝန်းကျင်အား မေးမြန်းခဲ့ရာ ၁၂-၂-၂၀၁၄ ရက်နေ့၊ ည ၉ နာရီခွဲ အချိန်ခန့်က ယောက်မဖြစ်သူ မတင်မာညိုနှင့် ယောက္ခမဖြစ်သူ ဒေါ်ထွေးကြည်တို့ စကားများရန်ဖြစ်နေကြသည်ကို ခင်ပွန်းဖြစ်သူ မျိုးမင်းထွန်းက ငါ့အမေကို ဘာလုပ်တာလဲဟု ပြောဆိုပြီး ၎င်း၏အစ်မ မတင်မာညိုနှင့် လုံးထွေးသတ်ပုတ်စဉ် မတင်မာညိုက အနီးရှိ ထရံ၌ထိုးထားသော အရိုးအသွား (၁၀)လက်မခန့်ရှိ ဓားမြှောင်ဖြင့်ထိုးလိုက်သဖြင့် ဒဏ်ရာရရှိ သေဆုံးခြင်းဖြစ်ကြောင်း သိရှိခဲ့ရသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ မသီတာလွင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ကွမ်းခြံကုန်းမြို့မ ရဲစခန်းက (ပ) ၂၉/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုရေးဖွင့်၍ အမှုစစ် စခန်းမှူး ဒုရဲမှူး ထွန်းနိုင်က ပြစ်မှုကျူးလွန်သူအားဖမ်းဆီးပြီး သက်သေခံပစ္စည်းများ သိမ်းဆည်းကာ တရားစွဲဆိုနိုင်ရန် အမှုတည်ဆောက်လျက်ရှိကြောင်း သိရသည်။

# စိတ်ညစ်လွန်းလို့ သေကြောင်းကြံစည်ခဲ့တဲ့ အမျိုးသမီး

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်တွင် အမျိုးသမီးတစ်ဦး ပိုးသတ်ဆေးသောက်၍ အင်းစိန်ဆေးရုံသို့ ရောက်ရှိနေသည့် မိမိကိုယ်ကိုမိမိ သေကြောင်းကြံစည်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၂-၂-၂၀၁၄ ရက်နေ့၊ မွန်းလွဲ ၁ နာရီခွဲအချိန်ခန့်က အမျိုးသမီးတစ်ဦး ပိုးသတ်ဆေးသောက်၍ အင်းစိန်ဆေးရုံသို့ရောက်ရှိနေကြောင်း လှိုင်သာယာမြို့မရဲစခန်းက အကြောင်းကြားမှုသတင်း ရရှိခဲ့သည်ဆို၏။

သတင်းရလျှင်ရချင်း စခန်းမှူး ဒုရဲမှူး သောင်းစိန်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ပိုးသတ်ဆေးသောက်သူမှာ မသီတာ(၂၆ နှစ်)၊အမှတ်--၊ အခန်း (--)၊ မြခင်းသာလမ်း၊ (၃) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နေသူဖြစ်ပြီး ၎င်းသည် အင်းစိန်ဆေးရုံတွင် သတိရသော်လည်း စကားမပြောနိုင်၍ ရန်ကုန်ဆေးရုံကြီးသို့ အတွင်းလူနာအဖြစ် တင်ပို့ကုသစေခဲ့သည်။

ဒုရဲအုပ် ရဲနိုင်က တရားလိုပြုလုပ်တိုင်ကြားခဲ့၍ လှိုင်သာယာမြို့မ ရဲစခန်းက (ပ) ၁၅၄/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၉ ဖြင့် အမှုဖွင့်ပြီး အမှုစစ်၊ တရားလိုက စစ်ဆေးအမှုတည်ဆောက်နေကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

## လူကြီးမရှိခိုက် ကလေးငယ်ကို ရွှေငွေရှိတဲ့နေရာ ချော့မေးပြီး ခိုးယူသွားခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တွင် တစ်ရပ်ကွက်တည်းနေသူမှာ လူကြီးများအလစ်တွင် နေအိမ်ပေါ်သို့တက်ပြီး ၉ နှစ်အရွယ် ကလေးငယ်အားချော့၍ ပြည်သူ့ရင်ပြင်သို့ သွားရောက်မည်ဖြစ်ကြောင်း ပြောဆိုလျက် ရွှေထည်ပစ္စည်းများ ထားသည့်နေရာအား မေးမြန်းပြီး ငွေစက္ကူရေရာကျပ် ၁၂၅၀၀၀ နှင့် ၁၅ ပဲရည် ရွှေလက်ကောက် လေးကွင်းတို့အား ခိုးယူသွားခဲ့ကြောင်း သတင်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ ၁၀-၂-၂၀၁၄ ရက်နေ့၊ နံနက် ၁၀ နာရီအချိန်ခန့်က ဒေါ်ကြူကြူလွင် (၃၀ နှစ်)၊ ဇာထိုးပန်းထိုးလုပ်ငန်း၊ အမှတ် ၅/၂၉၊ ချမ်းသာပြည့်စုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူသည် နေအိမ်ရှိ ဘုရားစင်ပေါ်တွင်တင်ထားသည့် ရွှေထည်ထည့်ထားသည့် ကော်ဘူးအား စစ်ဆေးရာ အတွင်းရှိ ၁၅ ပဲရည် ရွှေလက်ကောက်လေးကွင်း၊ ဆလင်းဘက်အိတ်ဖြင့် ထည့်ထားသည့် ငွေစက္ကူရေရာကျပ် ၁၂၅၀၀၀ တို့မှာ ပျောက်နေကြောင်း သိရှိခဲ့ရသည်ဆို၏။

အဆိုပါပျောက်ဆုံးခဲ့မှုအား သမီးဖြစ်သူ (၉ နှစ်)အရွယ် မမေမြင့်မြတ်သူအား မေးမြန်းရာ ၁-၂-၂၀၁၄ ရက်နေ့ နံနက် ၁၁ နာရီခွဲ အချိန်ခန့်တွင် တစ်ရပ်ကွက်တည်းနေ မသီသီလွင် (၄၈ နှစ်)၊ ချမ်းသာပြည့်စုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူမှာ နေအိမ်သို့ ရောက်ရှိလာခဲ့သည်ဆို၏။

၎င်းမှာ ပြည်သူ့ရင်ပြင်သို့သွားရောက်မည်ဖြစ်ကြောင်းနှင့် ရွှေထည်ပစ္စည်းများ ထားသည့်နေရာအား မေးမြန်းခဲ့၍ သမီးဖြစ်သူ မမေမြင့်မြတ်သူက ပြောပြခဲ့သဖြင့် မသီသီလွင်က ဆလင်းဘက်အိတ်အတွင်းမှ ငွေစက္ကူရေရာကျပ် ၁၂၅၀၀၀ နှင့် ဘုရားစင်ပေါ်တွင် တင်ထားသည့် ၁၅ ပဲရည် ရွှေလက်ကောက် လေးကွင်းတို့အား ယူဆောင်သွားခဲ့ကြောင်း ပြောပြသိရှိခဲ့ရသည်ဆို၏။

ဒေါ်ကြူကြူလွင်က တရားလိုပြုလုပ်တိုင်တန်းမှုအား မရမ်းကုန်းမြို့မရဲစခန်းက (ပ)၃၉/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်၍ အမှုစစ် ဒုရဲအုပ် ကျော်ဆန်းလင်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## လူနာတစ်ဦးသေဆုံးမှုကြောင့် ဆရာဝန်အားအမှုဖွင့်စစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင် ဆရာဝန်တစ်ဦးက ဆေးများယွင်းထိုးသည်ဟု ယူဆရသည့် အမျိုးသားတစ်ဦးအား အင်းစိန်ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၅-၁-၂၀၁၄ ရက်နေ့၊ ည ၁၀ နာရီအချိန်ခန့်က ဒေါ်ခင်ခင်ထွေး (၄၄ နှစ်)၊ အမှတ် ၁၂၁၊ ပြည်တော်သာလမ်း၊ လှော်ကားကျေးရွာ၊ ရွှေပြည်သာမြို့နယ်နေသူ၏ ခင်ပွန်းဖြစ်သူ ကိုမိုးဇော်သူ (၄၂ နှစ်)မှာ ရင်ခေါင်းပူ၍ ဗိုက်အောင့်သဖြင့် ကိုယ်တိုင်ကားမောင်းပြီး အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်ရှိ ပုဂ္ဂလိကဆေးရုံတစ်ရုံသို့ သွားရောက်ပြသခဲ့သည်ဆို၏။

ထိုသို့ပြသစဉ် ၎င်းဆေးရုံမှ ဆရာဝန် ဒေါက်တာထက်အောင်က အကြောဆေးတစ်လုံးထိုးပေးပြီး တစ်မိနစ်ခန့်အကြာ၌ ပါးစပ်မှ အမြှုပ်ထွက်၊ နှုတ်ခမ်းပြာ၊ လျှာခေါက်၊ မျက်လုံးပြူး ဆီး၊ ဝမ်းများ ထွက်ကျခဲ့သဖြင့် အင်းစိန်ဆေးရုံသို့ ဆက်လက်၍ ဆေးကုသမှုခံယူရန် တက်ရောက်ခဲ့သည်ဆို၏။

ထိုကဲ့သို့ အင်းစိန်ဆေးရုံ၌ ဆေးကုသမှုခံယူနေစဉ် ည ၁၁ နာရီ ၁၅ မိနစ်အချိန်တွင် ကိုမိုးဇော်သူမှာ သေဆုံးသွားခဲ့သည်။

ဒေါ်ခင်ခင်ထွေးက ဆရာဝန် ဒေါက်တာထက်အောင်အား အရေးယူပေးပါရန် တရားလိုပြုလုပ်၍ တိုင်ကြားခဲ့သဖြင့် အင်းစိန်မြို့မရဲစခန်းက (ပ) ၁၅၀/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုရေးဖွင့်၍ ခန်းမှူး ဒုရဲမှူး မောင်မောင်ဦးက အမှုအား ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com





## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘာပဲလုပ်လုပ် အနှောင့်အယှက်၊ အဟန့်အတားများတတ်သည်။ မိမိဇာတာက ရန်ရှိမှ အောင်မြင်တတ်သည်။ မဟုတ်မခံစိတ်၊ ဒေါသစိတ်ကို သမာဓိနှင့် ထိန်းသိမ်းထားပါ။ ပညာရေး အထူးကြိုးစားပါ။ ဂုဏ်ထူးနှင့် အောင်မြင်တတ်ပါသည်။ ကျန်းမာရေးကောင်းပြီး လူမှုရေးညံ့မည်။

**ကံကောင်းအရောင်။** ခွာညိုပန်းရောင်၊ သနပ်ခါးရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** စန်းပွင့်လွန်နေသည်။ မိန်းကလေးများကို အရောမဝင်သင့်ပါ။

**ကျန်းမာရေး။** နှလုံးတုန်၊ ရင်ခုန်၊ မကြာခဏ မူးဝေတတ်သည်။

**ထီထိုးရန်။** (က) ၅-၅၊ (ခ) ၅-၇၊ (ဂ) ၅-၉။

**ယတြာ။** မွေးနံထောင့်တွင် ပီကေ၊ ကွာစိ စေတနာရှိသလောက်လှူပါ။

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ခရီးဝေးသွားရခြင်း၊ နိုင်ငံခြားသွားရခြင်းကြုံမည်။ ဝန်ထမ်းဖြစ်ပါက ရာထူး၊ နေရာ၊ ဌာန တိုးတက်ပြောင်းရွှေ့ရမည်။ အိမ်ပတ်ဝန်းကျင်ရှိလူတို့နှင့် မသင့်မြတ် ရန်ဖြစ်ပြီး အမှုအခင်းကြုံတတ်သည်။ သတိ ထားပါ။ ကျန်းမာရေးကောင်းပါသည်။

**ကံကောင်းအရောင်။** ပိတ်အဖြူထဲတွင် ပဒုမ္မာကြာပန်းပုံ ဒီဇိုင်းဆွဲဝတ်ဆင်ပါ။

**အချစ်ရေး။** အချစ်ရေးကံကောင်းပါသည်။ သူငယ်ချင်းနှင့် ချစ်သူဖြစ်တတ်သည်။

**ကျန်းမာရေး။** အစာအိမ်၊ လေအောင့်၊ ဆီးရောဂါဖြစ်တတ်သည်။

**ထီထိုးရန်။** (ဃ) ၆-၃၊ (င) ၆-၄၊ (စ) ၆-၉။

**ယတြာ။** အိမ်ဘုရားတွင် ကော်ဖီ၊ ပေါင်မုန့်ထောပတ်သုတ် ကပ်လှူပေးပါ။

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း အကြံထူး၊ အကြံသစ်၊ ရည်ရွယ်ချက်အသစ်တို့ကြောင့် လုပ်ငန်းစီးပွား တိုးတက်ကြီးပွား အောင်မြင်ကိန်းရှိသည်။ မိသားစုဘဝ စိတ်ချမ်းသာမှုရမည်။ သိန်းသန်းဝင်ငွေရနိုင်သည်။ မိဘကျေးဇူးဆပ်ရမည်။ ပညာရေး အထူးကြိုးစားရန်လိုသည်။

**ကံကောင်းအရောင်။** ပန်းရောင်၊ ဆီးရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** ချစ်သူ၏အထင်အမြင်လွဲခြင်းခံရတတ်သည်။ စကားပြောဆင်ခြင်ပါ။

**ကျန်းမာရေး။** အာရုံကြော၊ နောက်ကြော၊ ဇက်ကြောတက်မည်။

**ထီထိုးရန်။** (တ) ၂-၈၊ (ထ) ၂-၅၊ (ဒ) ၂-၇။

**ယတြာ။** မွေးနံထောင့်တွင် နှင်းဆီပန်း နီနီရဲရဲ (၉)ပွင့် ကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း အတွင်းရန်၊ အပြင်ရန်များနှင့် တွေ့ကြုံမည်။ အရာရာတိုင်းမှာ မေတ္တာရှေ့ထားပါ။ စေတနာ၊ သဒ္ဓါ ဦးဆောင်ပါ။ ဒေါသကိုပယ်ပါ။ တိုက်၊ ကား၊ ခြံ၊ မြေ အရောင်းအဝယ် ဈေးတည့်မည်၊ လာဘ်ရွှင်မည်။ ရွှေ၊ ငွေ၊ စိန် ဝယ်ယူရတတ်သည်။

**ကံကောင်းအရောင်။** မိုးပြာရောင်၊ မီးခိုးရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** ဆန္ဒချင်းမတူ၊ သဘောထားချင်း တိုက်ဆိုင်မှုမရှိပါ။

**ကျန်းမာရေး။** အသည်းအဆီဖုံးရောဂါ၊ သရက်ရွက်ရောင်ရောဂါဖြစ်တတ်သည်။

**ထီထိုးရန်။** (က) ၄-၂၊ (ဃ) ၅-၉၊ (စ) ၂-၈။

**ယတြာ။** အိမ်ရှေ့တည့်တည့်မှာ မှန်အစိမ်းရောင် ချိတ်ဆွဲထားပါ။

---

## သိဟ်၊ ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာနှင့် ပြည့်စုံတတ်သည်။ ဘဝရှေ့ရေး ရင်လေးစရာမရှိပါ။ အစဉ်အေးတတ်ပါသည်။ လုပ်ငန်းခွင်စာမေးပွဲ၊ ရာထူးတိုးရန် အင်တာဗျူးတို့ ဖြေဆိုရမည်။ အောင်မြင်မှုရမည်။ အလုပ်ကို ရိုသေပါ။ ကျေးဇူးရှင်ကို ကျေးဇူးဆပ်ပါ။

**ကံကောင်းအရောင်။** ဖင်ပြာ၊ နက်ပြာထဲမှာ အနီပန်းပွင့်ပါသောအရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** အချစ်စ၊ အလယ်၊ အဆုံး အားလုံးကောင်းသည်။

**ကျန်းမာရေး။** အဆုတ်ရောဂါ၊ သွေးတိုးရောဂါတို့ဖြစ်တတ်သည်။ သတိထားပါ။

**ထီထိုးရန်။** (န) ၂-၄၊ (ပ) ၂-၈၊ (ဗ) ၂-၅။

**ယတြာ။** သက်ကြီးရွယ်အိုတို့ကို စတုမဓုဆေး၊ အားဆေးလှူဒါန်းပေးပါ။

---

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း မိမိဌာနအတွင်းရှိ မသင့်မြတ်သူလူအုပ်စုက ချောက်တွန်းခြင်းခံရတတ်သည်။ သတိအမြဲရှိပါ။ စီးပွားရေးကောင်း၍ လူမှုရေးညံ့ပြီး ပညာရေးသင့်မည်။ မင်းပြစ်မင်းဒဏ်ကြုံတတ်သည်။ ဘေးကင်းရန် ရတနသုတ် ရွတ်ဖတ်ပါ။ နဘာယံ၊ နဝေရီ လွတ်ပြီကွဟု ပြောဆိုပါ။

**ကံကောင်းအရောင်။** စကားဝါရောင်၊ နုံ့သာရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** အဆင်မပြေနိုင်ပါ။

**ကျန်းမာရေး။** အာရုံကြော၊ နောက်ကြော၊ ဇက်ကြော ဒုက္ခပေးမည်။

**ထီထိုးရန်။** (ပ) ၂-၄၊ (ယ) ၂-၈၊ (ရ) ၂-၉။

**ယတြာ။** မိမိအိမ်တွင် သံဃာတော် သုံးပါးကို ဆွမ်းအလှူဒါနပြုပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



## တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဓနဥစ္စာ လာဘ်ကောင်းဝင်မည်။ အပူပျောက်ကင်းပြီး ဂုဏ်သတင်းအဖြာဖြာနှင့် နိုင်ငံခြား သွားရခြင်း၊ မင်းစိုးရာဇာ အကြီးအကဲတို့နှင့် တွေ့ဆုံခြင်းကြုံတွေ့တတ်သည်။ ကံကောင်းခြင်းများ စတင်လာပြီဟု မှတ်ပါ။ စီးပွားရေးသင့်ပြီး လူမှုရေးကောင်း၍ ပညာရေးတွင် လုံ့လစိုက်ထုတ်မှုလိုနေပါသည်။

**ကံကောင်းအရောင်။** လိမ္မော်ရောင်၊ ကြက်သွေးရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** ချစ်သူပတ်လည်ဝိုင်းနေ၍ ဝေခွဲမရဖြစ်နေတတ်သည်။


**ကျန်းမာရေး။** ခန္ဓာကိုယ်တစ်ခုလုံး ယားနာအဖုအပိမ့်ထွက်တတ်သည်။

**ထီထိုးရန်။** (ဋ) ၁-၈၊ (ဌ) ၁-၇၊ (ဍ) ၁-၅။

**ယတြာ။** အိမ်အနီးမှ ဘုရားတစ်ဆူဆူတွင် ရွှေသင်္ကန်းကပ်လှူပါ။

---

## ဗြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း စီးပွားရေးတွင် အခက်အခဲ၊ အနှောင့်အယှက် တွေ့ကြုံတတ်သည်။ အိမ်ဆိုင်၊ စာအုပ်ဆိုင်၊ ဂိမ်းဆိုင်ဖွင့်က အကျိုးအမြတ်ရမည်။ စိတ်ပန်း၊ လူပန်းပြီးမှ ဝင်ငွေတိုးမည်။ လွယ်လွယ်နှင့် မရတတ်ပါ။ ပညာရေး ကြိုးစားပါ။ စိတ်လေလွင့်မနေနှင့်။ အောင်မြင်မှုရမည်။ မိဘနှစ်ပါးကို ကျေးဇူးဆပ်ရကိန်းမြင်သည်။

**ကံကောင်းအရောင်။** အစိမ်းနုထဲတွင် အပြာပွင့်ရိုက်၊ အဝါနုရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** ချစ်သူကို သစ္စာမဖောက်နှင့်၊ သံသယမဝင်ပါနှင့်။ သင်မှားနေသည်။

**ကျန်းမာရေး။** ကျောက်ကပ်ရောဂါဖြစ်တတ်သည်။

**ထီထိုးရန်။** (တ) ၇-၂၊ (ထ) ၅-၄၊ (ဒ) ၆-၃။

**ယတြာ။** အိမ်အနီးရှိ ဘုရားတစ်ဆူတွင် သာသနာ့ပွဲ၊ပန်း၊ဆီမီး၊ရေချမ်း ကပ်လှူပါ။

---

## ဓနု၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း လမ်းပေါ်မှာလမ်းလျှောက်ရင်း လမ်းပျောက်တတ်သည်။ တရားမဝင်လောင်းကစားများမပြု လုပ်ပါနှင့်။ အဖမ်းအဆီးခံရကိန်းရှိသည်။ သူတော်ကောင်းတရားနာယူပါ။ ဘာသာရေးလိုက်စားပါ။ ဒါန၊ သီလ၊ ဘာဝနာ ကြိုးစားအားထုတ်လိုက်ပါ။ ကံအထူးကောင်းလာမည်။

**ကံကောင်းအရောင်။** အဖြူထဲတွင် အဝါပန်းခက်၊ အနီထဲတွင် ဘော်ကြယ်ထိုးဝတ်ဆင်ပါ။

**အချစ်ရေး။** စေ့စပ်ကြောင်းလမ်း တောင်းရမ်းကိန်းမြင်သည်။

**ကျန်းမာရေး။** ဒူးနာ၊ ခါးနာ ရောဂါဝေဒနာဖြစ်တတ်ပါသည်။

**ထီထိုးရန်။** (ဈ) ၄-၆၊ (ည) ၄-၈၊ (ဓ) ၄-၇။


**ယတြာ။** ဗိုလ်တထောင်ဘုရားရှိ နဂါးမယ်တော်ထံတွင် နို့နဂါးစာဆက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## မကာရ၊ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း တိုက်ဆိုင်တစ်လီ၊ ကုမ္ပဏီတစ်ဖက် လုပ်ငန်းများ ဖယ်ဆက်သလို လုပ်ရတတ်သည်။ မကောင်းတာကို မကောင်းမှန်းသိလျှင်ရှောင်ပါ။ မိန်းမအဖျက် အခဲသားမြင်သည်။ ပညာရေးသင့်၊ လူမှုရေးညံ့၍ စီးပွားရေး အထူးကောင်းပါသည်။

**ကံကောင်းအရောင်။** အဖြူထဲတွင် ကနုတ်ပန်းဆွဲ ဝတ်ဆင်ပါ။ အနီ၊ အပြာ ဝတ်ဆင်ပါ။

**အချစ်ရေး။** သံယောဇဉ်ရှိလျှင် ဖွင့်ပြောလိုက်ပါ။ လက်ခံပါလိမ့်မည်။

**ကျန်းမာရေး။** နှလုံးရောဂါ သတိထားပါ။

**ထီထိုးရန်။** (န) ၅-၈၊ (တ) ၅-၉၊ (ဒ) ၅-၄။

**ယတြာ။** ကျောင်းအလှူ၊ သိမ်အလှူထဲသို့ နဝကမ္မငွေလှူပေးပါ။

## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘာပဲလုပ်လုပ် တကယ်ဖြစ်မည်။ မနက်ကောင်းမည်။ ဘေးကင်းမည်၊ ရန်ရှင်းမည်။ နယ် မြို့ဒေသ၊ ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသို့ သွားရကိန်းမြင်သည်။ ပညာရေးတွင် လုံ့လ၊ ဝီရိယ၊ ဇွဲ လိုနေသည်။ အင်္ဂါနံ၊ စနေနံစီးပွားရေး ကံကောင်းတတ်သည်။ ထီပေါက်ကိန်းရှိသည်။ အလှူကြီးပေးလှူရမည်။

**ကံကောင်းအရောင်။** စကားဝါရောင်၊ အစိမ်းနုရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး။** အနီးအနားမှချစ်သူပဲကောင်းပါသည်။ အဝေးမှချစ်သူ ရှောင်လိုက်ပါ။

**ကျန်းမာရေး။** နှလုံးတုန်၊ ရင်တုန်၊ ပျို့အန်ရောဂါဖြစ်တတ်သည်။

**ထီထိုးရန်။** (က) ၄-၉၊ (ဈ) ၅-၄၊ (စ) ၇-၂။

**ယတြာ။** ရွှေတိဂုံစေတီတော်ရှိ နေလဘုရားတွင် ရွှေသင်္ကန်းကပ်လှူပါ။

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း လုပ်ငန်းရာထူးတိုး နေရာရွှေ့ပြောင်းရခြင်း တွေ့ကြုံတတ်သည်။ ဘေးရန်မရှိ စိတ်ချမ်းသာ မှုများမည်။ ရွှေ၊ ငွေ၊ စိန်၊ ရတနာ ရောင်းဝယ်ပါ။ ကားကုမ္ပဏီ တည်ထောင်ပါ။ ခရီးဝေးလုပ်ငန်း ဆောင်ရွက်ပါ။ ချမ်းသာခြင်းသုခနှင့် ပြည့်စုံလိမ့်မည်။ သာသနာပြုလုပ်ငန်း အဓိဋ္ဌာန်အောင်မည်။

**ကံကောင်းအရောင်။** အနက်ထဲတွင် အဖြူစံပယ်ပန်းပွင့်များစွာပါသောအရောင် ဝတ်ဆင်ပါ။

**အချစ်ရေး။** လုံးဝမကောင်းသေးပါ။ စီးပွားရှာ ငွေစုပါ။

**ကျန်းမာရေး။** အားလုံးကောင်းသော်လည်း နားရောဂါတော့ သတိထားပါ။

**ထီထိုးရန်။** (န) ၉-၁၊ (သ) ၉-၄၊ (ဟ) ၉-၇။

**ယတြာ။** အိမ်ဘုရားတွင် အုန်းနို့ခေါက်ဆွဲ ကပ်လှူပေးပါ။

စမ်းလိုအား၍ ပန်းလိုမွှေးပါစေ

သစ္စာမေတ္တာ ဆရာထွန်းလင်းကျော် (နက္ခတ် ဗေဒင်၊ လက္ခဏာပညာရှင်)

www.burmeseclassic.com